

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI

LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၁၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၁၁ ၊ ၂၀၁၄)


# ပြန်သုံးသပ်ရမယ့် ရာထူးဝန်စာမေးပွဲ

**ရဲနောင်**

"ဖြေခိုင်းတဲ့ စာမေးပွဲက ဆရာဝန်တွေရဲ့ကျွမ်းကျင်ရာ သက်ဆိုင်တဲ့ ဘာသာရပ်တွေ မဟုတ်ဘဲ သမ္မတမိန့်ခွန်းနဲ့ တောင်တရုတ်ပင်လယ်အရေးကို သုံးသပ်ခိုင်းတယ်။ အစိုးရအလုပ်ဝင်ချင်လို့ဝင်ဖြေလည်း မအောင်လို့ စိတ်ဓာတ်ကျနေတဲ့ ဆရာဝန်တွေ အများကြီးပဲ" ဟု ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီမှ ဒေါက်တာ ဒေါ်သန်းငွေက ရာထူးဝင်စာမေးပွဲနှင့်ပတ်သက်၍ပြောသည်။


စာမျက်နှာ ၃ ››


# ဦးရန်ဝေးလိုဝန်ကြီး အလိုရှိသည်


စာမျက်နှာ ၂၆ ››


# နဂါးနှင့်အပြိုင် ကကြိုးညှိရမည့်အချိန်

**မောင်တာ၊ အေးမွန်ရာပြည့်**

"အနောက်သို့ ခရီးသွားခြင်း" တရုတ်ရုပ်သံဇာတ်လမ်းတွဲမှ မြန်မာပရိသတ်အသည်းစွဲ မျောက်မင်းဝူခုန်းသည် ပြီးခဲ့သည့် မေလအတွင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ ဝူခုန်းမင်းသားမှာ မြန်မာသို့ ပထမဆုံးလာရောက်သော မြန်မာကြိုက်တရုတ်မင်းသားမဟုတ်ပါ။ သူ့အရင် နာမည်ကြီးမင်းသားဂျက်ကီချန်းလည်းလာရောက်ခဲ့သည်။ ယခုနှစ်ပိုင်းအတွင်း တရုတ်တို့၏ မြန်မာအပေါ် မူဝါဒပြောင်းလဲမှု၏ ပြကွက်အချို့လည်းဖြစ်သည်။




အချပ်ပို A4 ››


# ယမ်းငွေ့များကြား ကြေလွင့်ဘဝများစွာ

**အောင်ခိုင်၊ မရန်**

တပ်မတော်တွင် တာဝန်ထမ်းဆောင်စ မောင်ဖြစ်သူမှာ ကချင်စစ်မြေပြင်၌ကျဆုံးခဲ့ပြီးနောက် မိသားစုဝင်အနည်းငယ်သာရှိသောအိမ်တွင်သူ့အကြောင်း မပြောဖြစ်အောင်သတိထားကြသည်။

"အိမ်မှာဆိုမောင်လေးအကြောင်းကို မပြောမိအောင်နေကြတယ်။ စစ်ကားတွေကြည့်မိရင်လည်း ရင်ထဲဆို့တက်လာတယ်" မနွေးနွေး(အမည်လွှဲ)တစ်ယောက် သူ့အရမ်းချစ်ရသောတစ်ဦးတည်းသောမောင်လေး ရှေ့တန်းတွင်ကျဆုံးသွားပြီးနောက် အတွေ့အကြုံကို မျက်ရည်ဝဲရင်း ရင်ဖွင့်နေခြင်းဖြစ်သည်။


စာမျက်နှာ ၅ ››




*ကချင်ပြည်နယ်ရှိ ရှေ့တန်းစစ်မျက်နှာတစ်နေရာမှ ကေအိုင်အေတပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။ တစ်ကျော့ပြန်စစ်ပွဲများမှာ သုံးနှစ်ကြာမြင့်ပြီဖြစ်သော်လည်း နှစ်ဖက်ခေါင်းဆောင်များမှာ ငြိမ်းချမ်းရေးရယူပေးနိုင်ခြင်း မရှိသေးပေ*

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# ကေအင်န်ယူ စရှေ့လိုက်တဲ့ နိုင်ငံရေးကျားကွက်

**အောင်သူရ**

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဒုတိယ သက်တမ်းဆက်လက် ထမ်းဆောင်ရန် ကရင်အမျိုးသား အစည်းအရုံး (KNU) က အကြံပြုလိုက်သဖြင့် နိုင်ငံရေးလောကအတွင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။


စာမျက်နှာ ၁၄ ››









CP
“စီပီကြက်အူချောင်းများက ပျော်ရွှင်ခြင်းများ
သင့်ဆီ ယူဆောင်လာမှာပါ”
SAUSAGE & HAM

# ပြန်သုံးသပ်ရမယ့် ရာထူးဝန်စာမေးပွဲ



ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

*ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် မေတ္တာမွန်ဂိုဒေါင်တွင် ဓာတုပစ္စည်းများပေါက်ကွဲမီးလောင်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆရာဝန်နှင့်သူနာပြုက ဆေးကုသမှုပေးနေစဉ်*

**ရဲနောင်**

ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ဆေးပညာဘွဲ့ရ ပေါင်း တစ်သောင်းရှစ်ထောင်ကျော် မွေးထုတ်ပေးနိုင်ခဲ့သော်လည်း အဆိုပါ အရေအတွက်၏ သုံးဆယ်ရာခိုင်နှုန်းဖြစ်သော ငါးထောင့်လေးရာကျော်ကိုသာ အလုပ်ခန့်အပ်ပေးနိုင်သေးသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ကျင်းပဆဲ ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

ဆေးရုံများတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန် မလုံလောက်ကြောင်း ဆေးရုံအုပ်အချို့၏ ပြောကြားမှုများ၊ ဝန်ဆောင်မှုအပြည့်အဝ မပေးနိုင်ခြင်းကြောင့် ပြည်သူလူထု၏ညည်းတွားသံများ ထွက်ပေါ်နေခြင်းက အာဆီယံဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု အနိမ့်ကျဆုံး သုံးနိုင်ငံတွင် မြန်မာပါဝင်လျက်ရှိသည်ဆိုသော အဆိုကို သက်သေပြလျက်ရှိသည်။

အလုပ် ခန့်အပ်ရေးတွင် မလျော်ညီသော ဝင်ခွင့်စာမေးပွဲပုံစံဖြင့် ကန့်သတ်ထားခြင်းနှင့် ဝန်ကြီးဌာနအတွက် အသုံးစရိတ် (ဘတ်ဂျက်) နည်းပါးနေခြင်းက ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်များအား အလုပ်မပေးနိုင်သည့် အကြောင်းအရာများ အဓိကဖြစ်နေသည်။

"ဖြေခိုင်းတဲ့ စာမေးပွဲက ဆရာဝန်တွေရဲ့ ကျွမ်းကျင်ရာ သက်ဆိုင်တဲ့ ဘာသာရပ်တွေ မဟုတ်ဘဲ သမ္မတမိန့်ခွန်းနဲ့ တောင်တရုတ်ပင်လယ်အရေးကို သုံးသပ်ခိုင်းတယ်။ အစိုးရအလုပ်ဝင်ချင်လို့ ဝင်ဖြေလည်း မအောင်လို့ စိတ်ဓာတ်ကျနေတဲ့ ဆရာဝန်တွေ အများကြီးပဲ" ဟု ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီမှ ဒေါက်တာ ဒေါ်သန်းငွေက ရာထူးဝင်စာမေးပွဲနှင့်ပတ်သက်၍ ပြောသည်။

ဝန်ကြီးဌာနအတွက် နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်ပေးမှု နည်းပါးနေခြင်းကလည်း အဆိုပါ ဆရာဝန်ခန့်အပ်ရေး ကွက်လပ်အား မဖြည့်ဆည်းနိုင်သေးခြင်း၏ အကြောင်းအရာတစ်ခုဖြစ်သည်ဟု ၎င်းက ဆိုသည်။

၂၀၁၃ ခုနှစ် ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ တစ်နိုင်ငံလုံးတွင် ဆေးပညာဘွဲ့ရ နှစ်သောင်းခန့်ရှိပြီး အစိုးရ၏ ဝန်ကြီးဌာန စီကိုက်ဖွဲ့စည်းပုံတွင် တစ်သောင်းနှစ်ထောင်ခန့် ခန့်

စာမျက်နှာ ၈ ››



# လေးစားတန်ဖိုးထားရပါသော ဝယ်ယူသူများနှင့် လူနာများ ခင်ဗျား ...


လူကြီးမင်းတို့၏ ရောဂါသက်သာပျောက်ကင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Switzerland နိုင်ငံ Roche Co., Ltd မှ ထုတ်လုပ်ပြီး DKSH Co., Ltd မှ တရားဝင်တင်သွင်းဖြန့်ချိသော အရည်အသွေးစစ်မှန်ပြီး ယုံကြည်စိတ်ချရသည့် ဆေးဝါးများနှင့် တရားမဝင်ဖြန့်ချိပြီး အရည်အသွေးမစစ်မှန်သည့် ဆေးဝါးများကို အလွယ်တကူ ခွဲခြားနိုင်ရန် အောက်ပါအချက်များကို အထူးသတိပြု စစ်ဆေးဝယ်ယူကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

## စစ်ဆေးကြည့်ရှုရန်အချက်များ


(၁) Roche Hologram ( Roche ရောင်ပြန်တံဆိပ်ပြား )
(၂) Myanmar Registration Number (မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်)
(၃) DKSH မှ တိုက်ရိုက်ဝယ်ယူပါက တရားဝင် DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်

## Roche ရောင်ပြန်တံဆိပ်ပြား

ရောင်ပြန်တံဆိပ်ပြား ပါရှိသော ဆေးအစစ်အမှန်





ရောင်ပြန်တံဆိပ်ပြား မပါရှိသော ဆေးအတု




## မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်

မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် ပါရှိသော ဆေးအစစ်အမှန်




မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသော ဆေးအတု




## DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဖုန်းနံပါတ်

**Customer Care Center Ph : 707181** INVOICE DKSH

**DIETHELM & CO., LTD.**

No.13, Thitsar Road, Yankin Township, Yangon.

Commercial Tax Registration No. Ka Tha / 1569

Print Date At: 1/16/2014 1:56:04 PM

*YP14016004693*

Life
7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ယမ်းငွေ့များကြား ကြွေလွင့်ဘဝများစွာ

**အောင်ခိုင်၊ မရန်**

တပ်မတော်တာဝန်ထမ်းဆောင်စမောင်ဖြစ်သူမှာ ကချင်စစ်မြေပြင်၌ကျဆုံးခဲ့ပြီးနောက် မိသားစုဝင်အနည်းငယ်သာရှိသောအိမ်တွင်သူ့အကြောင်း မပြောဖြစ်အောင် သတိထားကြသည်။

"အိမ်မှာဆို မောင်လေးအကြောင်းကိုမပြောမိအောင်နေကြတယ်။ စစ်ကားတွေကြည့်မိရင်လည်း ရင်ထဲဆို့တက်လာတယ်"

မနွေးနွေး(အမည်လွှဲ)တစ်ယောက် သူအရမ်းချစ်ရသောတစ်ဦးတည်းသော မောင်လေး၏အကြောင်းကိုမျက်ရည်ဝဲရင်းကပြောပြနေခြင်းဖြစ်သည်။

မနွေးနွေး၏မောင်ဗိုလ်သီဟမှာ ကလေးဘဝကတည်းကပင် ကြီးလာရင်ဘာလုပ်မလဲမေးပါက စစ်ဗိုလ်လုပ်မည်ဟုအမြဲပြောခဲ့သူတစ်ဦးဖြစ်သည်။

မိသားစုတွင် တစ်ဦးတည်းသောသားဖြစ်သည့် မောင်သီဟမှာ ဆယ်တန်းအောင်မြင်ပြီးနောက် သူအလွန်တရာတက်ချင်ခဲ့သော စစ်တက္ကသိုလ်သို့တက်



*တိုက်ပွဲအတွင်းကျဆုံးခဲ့သော ကေအိုင်အေတပ်သားများကို မြှုပ်နှံရာ လိုင်ဇာမြို့ အနီးရှိ သင်္ချိုင်း* ဓာတ်ပုံ – မရန်

ရောက်ခွင့်ရခဲ့သည်။ ၂၀၁၀ခုနှစ် ကုန်ခါနီးတွင် စစ်တက္ကသိုလ်မှ ဆင်းပြီးနောက် နုပျိုတက်ကြွသော တပ်မတော်အရာရှိတစ်ဦးအဖြစ် မိသားစုနှင့် ခေတ္တတွေ့ဆုံခွင့်ရရှိခဲ့သည်။ သူတို့မောင်နှမသုံးဦး၏ ရည်မှန်းချက်ဆန္ဒများကိုအမြဲအားပေးခဲ့သော မိဘနှစ်ဦး၊ ညီမငယ်တို့နှင့် ဗိုလ်သီဟရက်ပိုင်းမျှနေထိုင်နိုင်ခဲ့သည်။ သို့သော် ထိုအချိန်က မနွေးနွေးတစ်ယောက်အဝေးတစ်နေရာသို့ ရောက်နေသောကြောင့် မောင်ဖြစ်သူနှင့် မတွေ့ဆုံခဲ့ရပါ။

ယင်းနောက်တွင်တော့ တာဝန်ကျရာ ကချင်ပြည်နယ်သို့ ဗိုလ်သီဟတစ်ယောက်ထွက်ခွာ သွားခဲ့သည်။ ထိုအချိန်ကတော့ ဗိုလ်သီဟတစ်ယောက်ယခုကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု သူ့ကိုသိပ်ချစ်ရသောမိသားစုဝင်များက ထင်မှတ်မထားခဲ့ပါ။

၂၀၁၂ခုနှစ်မေလဆန်းပိုင်းတွင်တော့ ဗိုလ်သီဟ တစ်ယောက် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေ ရာတွင် အသက်ပေးလှူသွားပြီဖြစ်ကြောင်း တပ်မတော်က သူ့မိသားစုသို့အကြောင်းကြားခဲ့သည်။

"အိမ်မှာ အမေဆိုရင်အရူးတစ်ပိုင်းကိုဖြစ်သွားခဲ့တာ"ဟု မနွေးနွေးကပြောသည်။

စစ်မှုထမ်းသက် ၂နှစ်မပြည့်မီ ဗိုလ်အဖြစ်ရာထူးတိုးခါစမှာပင် ဆွန်ပရာဘွမ်မြို့နယ်အတွင်း ကျဆုံးသွားခဲ့ခြင်းဖြစ်သည်။

ကချင်စစ်ပွဲအတွင်း ကျဆုံးသွားခဲ့သော သူ့မောင်လေးအကြောင်းကို ပြောပြနေသည့် မနွေးနွေးကိုယ်တိုင်မှာလည်း တပ်မတော်အရာရှိတစ်ဦး၏ ဇနီးဖြစ်သည်။

စာမျက်နှာ (၇)သို့



7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# မြန်မာပြည်တွင် လုပ်သည်



*မြန်မာနိုင်ငံတွင် ထုတ်လုပ်တော့မည့် ကမ္ဘာကျော်အမှတ်တံဆိပ်တစ်ခုဖြစ်သော GAP ၏ OLD NAVY အင်္ကျီ*

**နေလင်းထွန်း၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇွန်-၉**

မြန်မာပြည်တွင်ထုတ်လုပ်သည့် (Made in Myanmar)ဟု ရေးသားထားသော ကမ္ဘာကျော်အမေရိကန်အဝတ်အထည်လက်လီကုမ္ပဏီကြီး GAP၏အဝတ်အထည်များကိုလာမည့်နွေရာသီတွင်စတိုးဆိုင်များ၌ ဝယ်ယူနိုင်တော့မည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းနေသောမြန်မာနိုင်ငံ၏ဈေးကွက်သို့ ပထမဆုံးဝင်ရောက် လာသောအမေရိကန်လက်လီကုမ္ပဏီသည်ရန်ကုန်မြို့ရှိစက်ရုံနှစ်ရုံတွင် Old Navyနှင့် Banana Republicအမှတ်တံဆိပ် အဝတ်အထည်များထုတ်လုပ်ရန် ဇွန် ၇ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

**စာမျက်နှာ (၈)သို့**




## ဆာဒါးဟင်းချို

ဒီတစ်ပတ်တော့ ဝိုက်ဖီက အလွယ်ကူဆုံးဟင်းချိုတစ်ခွက် ချက်ပြုတ်ထားပါတယ်။ ဆာဒါးဟင်းချိုဖြစ်ပါတယ်။ ဟိုတုန်းကတော့ စားသောက်ဆိုင်လေးတွေသွားရင် အဆင်သင့်တည်ထားတဲ့ ရေနွေး၊ ဒါမှမဟုတ် ကြက်ပြုတ်ရည်အိုးထဲကနေ အရည်နည်းနည်းခပ်ထည့်၊ လှီးထားပြီးသား အရွက်တွေကိုထည့်၊ ဆားခပ်၊ သံပရာညှစ်ပြီး ဟင်းချိုရည်အလကားချပေးလေ့ရှိပါတယ်။ ဒါကြောင့်“အပိုဆာဒါး” ဆိုတဲ့ဘန်းစကားက အဲဒီဆာဒါးဟင်းချိုကနေ ဆင်းသက်လာတယ်လို့ ဆိုပါတယ်။ ဆာဒါးကတော့ ချက်လို့လွယ်သလောက် စားလို့လည်း ခံတွင်းမြိန်ပါတယ်။ ခုလိုမိုးဦးကျ မိုးအေးအေးလေးနဲ့ဆို ပိုလိုက်ဖက်ပါတယ်။ အရင်ဆုံးကြက်ရိုးတစ်ထောင်ဖိုးလောက်ပြုတ်ထားပါ။ စားခါနီးမှာ ကြက်ပြုတ်ရည်ကို နွေးပြီး အိမ်မှာလွယ်လွယ်ကူကူရှိတဲ့ အသီးအရွက်တွေကိုထည့်နိုင်ပါတယ်။ ကြက်ပြုတ်ရည်မဟုတ်ရင်လည်း ရေနွေးနဲ့ပဲလည်းရပါတယ်။ ကြက်ဥတစ်လုံးကို ခေါက်ထည့်၊ ဆားအနည်းငယ် ထည့်ပြီး ငရုတ်သီးစိမ်းလေးတွေ ဓားပြားရိုက်ထည့်လိုက်ရုံပါပဲ။ ဝိုက်ဖီကတော့ ကြက်အသည်းလေးတွေ လှီးထည့်ထားပါသေးတယ်။ ပန်းကန်ထဲထည့်ပြီးမှ သံပရာသီးတစ်စိတ်ညှစ်ထည့်လိုက်ရုံပါပဲ။









စာမျက်နှာ (၅)မှ

## ယမ်းငွေ့များကြား ကြွေလွင့်ဘဝများစွာ

ပြီးခဲ့သည့် နှစ်ဆန်းပိုင်းက မနွေးနွေးတစ်ယောက်သူ့ချစ်သူနှင့်လက်တွဲခဲ့ခြင်းဖြစ်သည်။ သူ့လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့သည့် တပ်မတော်သားတစ်ဦးနှင့် မင်္ဂလာမဆောင်မီ ကြုံတွေ့ခဲ့ရပုံများကိုလည်းမနွေးနွေးက ယခုကဲ့သို့ ပြောပြသည်။

"မနက်ဖြန်မင်္ဂလာဆောင်မယ်ဆိုရင် ရှေ့တန်းကနေ ဒီညနေမှ ရောက်တယ်။ ဖိတ်စာတွေလည်းဝေပြီးပြီ။ လူဆိုအရှုးမီးဝိုင်းဖြစ်နေတာ"ဟု ဆိုသည်။

မိမိအိမ်ထောင်ဖက်မှာတပ်မတော်သားတစ်ဦးဖြစ်နေသောကြောင့် မနွေးနွေးတစ်ယောက်မင်္ဂလာဦးနေ့ရက်များကိုအတူကြာရှည်မဖြတ်သန်းနိုင်ခဲ့ပါ။

"ရက်ပိုင်းပဲနေလိုက်ရတယ်။ သူရှေ့တန်းပြန်ထွက်သွားတာအခုထိပဲ။ နှစ်လတစ်ခါလောက်တော့ ဖုန်းပြောရတယ်"ဟု မနွေးနွေးကဆိုသည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်သားတစ်ဦး၏ ပါရမီဖြည့်ဖက်ဖြစ်ရသည့်အတွက် ဂုဏ်ယူမိကြောင်း မနွေးနွေးကအဝေးတစ်နေရာသို့ ငေးရင်းကပြောသည်။

ကချင်ပြည်နယ် ဒေါဖုန်းယန်မြို့နယ်ခွဲ ဒွန်မုန်းကျေးရွာမှ အသက်(၃၉)နှစ်အရွယ် ဒေါ်ခါးဒင့်မှာ သူ့ကိုအရမ်းချစ်မြတ်နိုးသည့် ခင်ပွန်းဦးတိန်ဘောမ့်၊ ရင်သွေးသုံးဦးနှင့်အတူ တောင်ယာလုပ်ငန်းကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုသည့် မိသားစုတစ်စုမှ ဖြစ်သည်။

ဦးတိန်ဘောမ့်မှာသူ့အတွက် အစစအရာရာလို လေသေးမရှိအောင် ဆောင်ရွက်ပေးသည့် အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ပြီး သားသမီးသုံးဦးကိုလည်းအမြဲစိတ်ချမ်းသာအောင် ထားနိုင်သူဖြစ်သည်။ ရွာတွင်လူငယ် ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး အသင်းတော်တွင်လည်းတက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။ မချမ်းသာသော်လည်း ဒေါ်ခါးဒင့်တို့မိသားစုမှာ ပျော်ရွှင်စွာနေတတ်သော မိသားစုတစ်စုဖြစ်သည်။ သို့သော်သူတို့မိသားစု၏ ပျော်ရွှင်မှုများမှာ ယခုအချိန်တွင် အိပ်မက်သဖွယ် ဖြစ်ခဲ့ရပြီဖြစ်သည်။

၂၀၀၉ခုနှစ်ခန့်က ဦးတိန်ဘောမ့်ကိုရွာလူကြီးများကလိုင်ဇာမြို့တွင်အစည်းအဝေးရှိသည်ဟုဆိုကာ ခေါ်ဆောင်သွားခဲ့သည်။ ယင်းနောက် စစ်သင်တန်းသို့ပို့ဆောင်ခဲ့၍ သူ၏ခင်ပွန်းမှာ ကေအိုင်အေတွင် တာဝန်မထမ်းဆောင်ချင်ဘဲတပ်သားအဖြစ် လုပ်ခဲ့ရသည်ဟု ဒေါ်ခါးဒင့်ကဆိုသည်။ ၂၀၁၂ခုနှစ်အတွင်းမှာတော့ ဦးတိန်ဘောမ့်တစ်ယောက် မြစ်ကြီးနား–ဗန်းမော်လမ်းရှိရှေ့တန်းတစ်နေရာတွင်အသက်ဆုံးရှုံးခဲ့ရသည်။

"သူသေပြီကြားကတည်းက ကျွန်မတစ်နှစ်လောက်ဖျားသွားတယ်။ ရူးတောင် ရူးသွားမလိုပဲ" ဟု ဒေါ်ခါးဒင့်က မျက်ရည်များကိုသုတ်ရင်းကဆိုသည်။

သူ့အမျိုးသားသေဆုံးသွားချိန်တွင် အလောင်းကို မမြင်တွေ့ခဲ့ရသည်သာမက ယခုအချိန်အထိ မြုပ်နှံထားသည့် နေရာကိုပင် မတွေ့ရှိသေးသည့်အတွက်စိတ်မကောင်းဖြစ်နေကြောင်းလည်း ဒေါ်ခါးဒင့်ကပြောပါသည်။ အားကိုးရာ အိမ်ထောင်ဦးစီးမရှိတော့သည့်နောက်ပိုင်း ဒေါ်ခါးဒင့် အစိုးရိမ်ဆုံးမှာ သားသမီး သုံးဦး၏ ရှေ့ရေးပင်ဖြစ်လာသည်။ ယခုအချိန်တွင် သားသမီး သုံးဦးကို လိုင်ဇာမြို့ရှိ မိဘမဲ့ဂေဟာတွင် ထား၍ ပညာသင်ကြားပေးနေရသည်။ သားသမီးများမှာလည်း ဖခင်ဖြစ်သူကို သတိရကြောင်း ပြော၍ မကြာခဏငိုကြွေးနေကြသည်ဟု ဒေါ်ခါးဒင့်က တုန်ယင်နေသောအသံဖြင့်ပြောသည်။

ဒေါ်ခါးဒင့်တစ်ယောက်ကြုံတွေ့နေရသော အခြေအနေများကြောင့် ကျန်းမာရေးချို့ယွင်းလာသော်လည်း သားသမီးများ မျက်နှာကို ကြည့်၍ ရုန်းကန်လှုပ်ရှားနေရဆဲဖြစ်ပါသည်။

အခြေအနေ၊ ယုံကြည်ချက်ချင်းမတူညီသော်လည်း ဗိုလ်သီဟ၊ ကေအိုင်အေ ရဲဘော်တိန်ဘော့မ်တို့သည် တစ်ကျော့ပြန်စစ်ပွဲအတွင်း အသက်စတေးခဲ့ရသော မြန်မာနိုင်ငံမှ တိုင်းရင်းသားများဖြစ်သည်။ သူတို့နှစ်ဦးကဲ့သို့ တစ်ကျော့ပြန်စစ်ပွဲများကြောင့် မြေစာပင် ဖြစ်သွားသော ဘဝများ ထောင်သောင်းချီနေပြီဖြစ်သည်။

၁၇ နှစ်ကြာအပစ်အခတ်ရပ်စဲပြီးနောက် အစိုးရနှင့် ကေအိုင်အေတို့ကြား ၂၀၁၁ ခုနှစ် ဇွန်လဆန်းတွင်တိုက်ပွဲများတစ်ကျော့ပြန်ဖြစ်ပွားခဲ့သည်။ သုံးနှစ်တာကာလအတွင်းတိုက်ပွဲနှင့် ထိတွေ့မှုအကြိမ်ပေါင်း ၂၅၀၀ ခန့်ပြန်လည်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများအတွင်း နှစ်ရာကျော်သေဆုံးပြီး ရှစ်ရာခန့် ဒဏ်ရာရရှိကာ ဒုက္ခိတဘဝရောက်ခဲ့ရကြောင်း ကေအိုင်အိုဘက်မှ ပြောကြားထားသည်။ အစိုးရဘက်မှ ထိခိုက်ကျဆုံးစာရင်းထုတ်ပြန်မှုမရှိခဲ့သော်လည်း ကေအိုင်အေထက် ဆုံးရှုံးမှုပိုမိုများပြားနိုင်ကြောင်း စောင့်ကြည့်လေ့လာသူများက တညီတညွတ်တည်းဆိုသည်။

နိုင်ငံတကာစစ်ရေးများ သုံးသပ်ရေးသားဖော်ပြသော JHS–Jane ဂျာနယ်အဆိုအရ အစိုးရတပ်မတော်မှ တပ်ဖွဲ့ဝင်ငါးထောင်ဝန်းကျင်ကျဆုံးခဲ့သည်ဟု ဆိုပါသည်။

နှစ်ဖက်ခေါင်းဆောင်များကြား ငြိမ်းချမ်းရေးရအောင် မစွမ်းဆောင်သောကြောင့် နိုင်ငံ့သားကောင်းများစွာ အသက်စတေးနေရခြင်းဖြစ်သည်။

သုံးနှစ်တာကာလအတွင်း အလွတ်သဘောအပါအဝင် ဆွေးနွေးပွဲများကို အစိုးရနှင့် ကေအိုင်အိုတို့ကြား ၁၀ ကြိမ်ကျော်ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ပြည်သူများလိုလားနေသော ငြိမ်းချမ်းရေးမှာ ဝေဝါးနေဆဲဖြစ်သည်။

၂၀၁၂ခုနှစ်စက်တင်ဘာ ၂၇ ရက်က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ သည်။

"လက်နက်ကိုင် ပဋိပက္ခကြောင့် မည်သည့်ဘက်က ဖြစ်စေ အသက်နှင့် အိုးအိမ်ပစ္စည်း ဆုံးရှုံးမှုရှိရင် မြန်မာနိုင်ငံအတွက် ဆုံးရှုံးခြင်းပဲဖြစ်တယ်လို့ ခံယူပါတယ်"

သို့သော်ငြိမ်းချမ်းရေးက မရရှိနိုင်သေးဘဲ စစ်ပြေးဒုက္ခသည် ပြည်သူ သိန်းဂဏန်းမှာ ယာယီစခန်းများတွင် ခိုလှုံနေဆဲဖြစ်သည်။

ထို့အတူပင် ဗိုလ်သီဟ၊ ကေအိုင်အေရဲဘော် တိန်ဘောမ့်တို့မှာလည်း တစ်ကျော့ပြန်စစ်ပွဲများအတွင်း မြေစာပင်ဖြစ်ခဲ့ရပြီဖြစ်သည်။ သူတို့ကဲ့သို့ အသက်ပေါင်းမည်မျှ ဆုံးရှုံးသွားခဲ့ရပြီဆိုသည်ကိုတော့ မသိနိုင်သေးပါ။




7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

## ၂၀၁၄ ဇွန် ၁၁ မှ ၁၇ ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းတို့မှာ မုတ်သုံလေ အားအသင့်အတင့် ရှိနေပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေဆက်လက်ဝင်ရောက်နေပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏ မှုန်လှိုင်းကြီးနိုင်ကာ လှိုင်းအမြင့် ၇ ပေမှ ၉ ပေခန့်ရှိပါတယ်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေဟာ တစ်နာရီကို ၃၅ မိုင်မှ ၄၀ မိုင်ခန့် တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် ၄ ပေမှ ၅ ပေခန့်နဲ့ ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် ၂ ပေမှ ၃ ပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များဟာ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်ဟာ ၃၆–၃၈ ဒီဂရီစင်တီဂရိတ်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ၃၄–၃၅ ဒီဂရီစင်တီဂရိတ်ခန့်နဲ့ ကျန်ပြည်နယ်များအားလုံးတို့တွင် ၂၉–၃၃ ဒီဂရီစင်တီဂရိတ်ခန့် ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအခြေအနေ**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း အမြင့်ဆုံးတန်ဖိုးဖြစ်သော လွန်ကဲအဆင့်ရှိသည့် ၁၁ ထက်ကျော်လွန်နေသော တန်ဖိုးများကို ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်မှလွဲ၍ မြန်မာတစ်နိုင်ငံလုံး ကျရောက်နိုင်ပါသည်။ အထူးသဖြင့် ကော့သောင်းမြို့ ၁၁ ဒသမ ၈၊ ထားဝယ် ၈ ဒသမ ၁ ၊ မော်လမြိုင် ၇ ဒသမ ၀ ၊ ရန်ကုန် ၈ ဒသမ ၅ ၊ နေပြည်တော် ၁၁ ဒသမ ၂၊ မကွေး ၁၂ ဒသမ ၀ ၊ မန္တလေး ၁၁ ဒသမ ၆ နဲ့ မြစ်ကြီးနား ၁၂ ဒသမ ၂ တို့တွင်လည်းကောင်း ရောက်ရှိနေနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နဲ့ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ညနေ ပိုင်းအချိန်များတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကွက်ကျားနဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

စာမျက်နှာ (၆)မှ

# မြန်မာပြည်တွင် လုပ်သည်

ကမ္ဘာကျော်အမေရိကန်အဝတ်အထည်လက်လီဖြန့်ချိသော ကုမ္ပဏီများထဲတွင် GAPက မြန်မာနိုင်ငံသို့ ပထမဆုံးဝင်ရောက်လာသော ကုမ္ပဏီဖြစ်သည်။

"GAP ဝင်ရောက်လာတာက တာဝန်သိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံကိုဝင်ရောက်ဖို့ စောင့်ကြည့်နေတဲ့ တခြားရင်းနှီးမြှုပ်နှံမှုတွေကို တွန်းအားဖြစ်စေပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေလည်း ဒီနေ့ထိ လုပ်ကိုင်နိုင်ခြင်းမရှိသေးတဲ့ တာဝန်သိရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်လာစေဖို့တွန်းအားဖြစ်စေပါတယ်။ GAP ကုမ္ပဏီက ထုတ်ကုန်တွေက တစ်နှစ်ကိုဝင်ငွေအမေရိကန်ဒေါ်လာ ၁၆ဘီလီယံကျော်ရှိတဲ့အတွက် သူတို့လာရောက်ရင်းနှီးမြှုပ်နှံတာက အလုပ်သမားတွေအတွက် အခွင့်အလမ်းကောင်းတွေဖြစ်လာနိုင်ပါတယ်" ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးကပြောသည်။

"အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (USAID)အနေနဲ့ အမေရိကန်ထိပ်တန်းစီးပွားရေးအဖွဲ့ အစည်းနဲ့ လက်တွဲပြီးတော့ ဒီနိုင်ငံက ပြည်သူတွေစီးပွားရေးတိုးတက်ဖို့ဆောင်ရွက်ရတာကို ဝမ်းသာပါတယ်။ ဒီလို လက်တွဲဆောင်ရွက်မှုကနေ နိုင်ငံတကာဈေးကွက်ထဲကို စီးပွားရေးပြန်ဦးတည်သွားမယ်။ အကျိုးဖြစ်စေဖို့ ကျွန်တော်တို့ အတူတကွလုပ်ကိုင်နေပါတယ်"ဟု USAID၏ ညွှန်ကြားရေးမှူးခရစ်မီလီဂန်က ပြောသည်။

အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုတွင် ကမ္ဘာ့တစ်လွှားထိပ်တန်းမှ ဦးဆောင်နေသောGAP Incကုမ္ပဏီသည်နိုင်ငံပေါင်း ၉၀တွင် ကုမ္ပဏီပေါင်းသုံးထောင်ကျော်ဖြင့် လုပ်ငန်းလည်ပတ်နေပြီး ၂၀၁၃ဘဏ္ဍာရေးနှစ်တွင် အသားတင်ရောင်းချရမှု အမေရိကန်ဒေါ်လာ ၁၆ဒသမ ၁ဘီလီယံရှိခဲ့သည်။

စာမျက်နှာ ၃ မှ

# ပြန်သုံးသပ်ရမယ့် ရာထူးဝန်စာမေးပွဲ

အပ်ပေးထားသည်ဟု သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ လက်ထောက်ဆရာဝန်ရာထူးအတွက် ခွင့်ပြုဦးရေမှာ ၇၉၀၀ ဖြစ်ပြီး ခန့်အပ်ပြီးသူပေါင်း ၅၄၀၀ သာ ရှိသည်။ ဝန်ထမ်းဖွဲ့စည်းပုံအရ တစ်သောင်းနှစ်ထောင်ခန့် ရှိသော်လည်း အမှန်တကယ် ခန့်အပ်ထားနိုင်မှုမှာ ၉၀၀၀ ခန့်သာ ရှိနေပြီး လစ်လပ်နေရာပေါင်း သုံးထောင်ကျော်အထိ ရှိနေသည်။

ပျမ်းမျှတွက်ချက်မှုများအရ မြန်မာနိုင်ငံတွင် လူဦးရေ သန်းခြောက်ဆယ်ခန့်ရှိသည်ဟု ခန့်မှန်းထားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အလုပ်ခန့်အပ်ထားမှု ၉၀၀၀ အရ စောင့်ရှောက်ပေးနိုင်မှုမှာ ဆရာဝန်တစ်ဦးလျှင် လူနာ ခုနစ်ထောင်ခန့်အထိ ရှိနေသည်။

"ဆေးရုံမှာ ဆရာဝန်မလုံလောက်ဘူး။ ကျေးလက်ဒေသတွေမှာ ဆရာဝန်မရှိဘူးလို့ ပြောကြတယ်။ ဒါပေမဲ့ အလုပ်မဝင်ချင်လို့မှ မဟုတ်တာ။ တစ်နှစ်ကိုငါးထောင်၊ ခြောက်ထောင်လောက်ဝင်ခွင့်ဖြေနေပေမယ့် တကယ်ခန့်တာက တစ်ထောင်မပြည့်ဘူး။ ပြည်သူအတွက် လုပ်မယ်ဆိုရင် ဒီစနစ်ကြီး ပြင်သင့်ပြီ" ဟု အမည်မဖော်လိုသည့် အထူးကုဆရာဝန်ကြီးတစ်ဦးက ဝေဖန်လိုက်သည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် အနိမ့်ဆုံးသတ်မှတ်ချက်မှာ ဆရာဝန်တစ်ဦးလျှင် လူနာငါးထောင်နှုန်းဖြစ်ကြောင်း ၁၉၉၀ လွန်ခေတ်များက သတ်မှတ်မှုရှိခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့အချိန်တွင် စောင့်ရှောက်ပေးနိုင်မှုမှာ လူနာခုနစ်ထောင်လျှင် ဆရာဝန်တစ်ဦးနှုန်းဖြစ်သည်။

"ဆရာဝန်နဲ့ လူနာအချိုးမမျှလို့ အလုပ်ဝန်ပိရင်း ဆရာဝန်တွေရော၊ လူနာတွေရော နှစ်ဖက်လုံး ဆုံးရှုံးနစ်နာစရာတွေ တွေ့နေရတယ်။ သူငယ်ချင်းတစ်ယောက်ဆိုရင် ဆေးကျောင်းမှာ စာအရမ်းတော်ပေမယ့် ရာထူးဝင်စာမေးပွဲမအောင်လို့ အခုထိ ပိုစတင်မဝင်ရသေးဘူး။ တကယ်လုပ်နိုင်မယ့် သူတွေ အပြင်မှာ အလုပ်မရှိဖြစ်နေတယ်" ဟု လက်ထောက်ဆရာဝန်တစ်ဦးဖြစ်သည့် ဒေါက်တာဝတ်ရည်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းခန့်အပ်ရေးတွင် စံကိုက်ဖွဲ့စည်းပုံရှိသောကြောင့် အဆိုပါ ဖွဲ့စည်းပုံ၏ ခွင့်ပြုသလောက်သာ ခန့်ထားနိုင်ကြောင်း၊ လူနာနှင့် ဆရာဝန်အချိုးတွင် ဆေးပညာသင်ကျောင်းများမှ ဆရာဝန်မွေးထုတ်နိုင်မှုနှင့်သာ တိုင်းတာ၍ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ဆိုပါသည်။

ကျန်းမာရေးဝန်ဆောင်မှု တိုးတက်ကောင်းမွန်စေရန် ဝန်ကြီးဌာနအား ဘတ်ဂျက်အသုံးစရိတ်ကို တိုးမြှင့်ပေးရေးမှာ အဓိကဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆေးပညာဘွဲ့ရများ ပြည်သူလူထု၏ လိုအပ်ချက် ပြည့်မီအောင် ခန့်အပ်ပေးနိုင်ရန် လိုအပ်သည်ဟု ပညာရှင်များ၏ သုံးသပ်မှုများလည်း ရှိသည်။

"ဆရာဝန်ဦးရေ တိုးအောင်လုပ်တယ်။ ပြဿနာက ဆရာဝန်တွေကို အလုပ်မပေးနိုင်တာပဲ။ ပြည်သူတွေလည်း လိုအပ်တယ်လို့ ပြောနေတယ်။ ဆရာဝန်တွေလည်း အလုပ်လုပ်လို့ရမယ့် ဆေးရုံဆေးခန်းတွေ မဆောက်ပေးနိုင်ဘူး။ ငွေ (ဘတ်ဂျက်)မရှိလို့ဆိုတဲ့ အကြောင်းပြချက်က အရင် မဆလ လက်ထက်ကတည်းက အခုထိ အတူတူပါပဲ" ဟု ၁၉၉၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒေါက်တာတင့်ဆွေက မှတ်ချက်ပြုသည်။

ဒီမိုကရေစီ အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ်များကို တဖြည်းဖြည်း မြှင့်ပေးခဲ့ပြီး ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အသုံးစရိတ်၏ ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ သို့သော် ကာကွယ်ရေး အသုံးစရိတ်၏ လေးပုံတစ်ပုံသာ ရှိနေခြင်းက ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုများအပေါ် မျှော်လင့်ချက်မှာ အားတက်စရာ မဟုတ်ခဲ့ကြောင်း ဝေဖန်မှုများ ရှိခဲ့သည်။

နိုင်ငံတစ်ခုတွင် အရေးကြီးဆုံးဖြစ်သော ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ၏ အသုံးစရိတ်မှာ အာဆီယံနိုင်ငံများတွင် အနည်းဆုံးဖြစ်နေသော်လည်း ကာကွယ်ရေးအသုံးစရိတ်မှာ စစ်အင်အားကြီးအမေရိကန်နိုင်ငံကဲ့သို့ သုံးစွဲနေခြင်းမှာ အံ့ဩသင့်စရာကောင်းသည်ဟု မတ်လ ၂၁ ရက်တွင် ပြည်သူ့လွှတ်တော်၌ ဘတ်ဂျက်ခွဲဝေပေးမှုများ ပြုလုပ်စဉ် မင်းကင်းမဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်မွေးလွင်က ပြောခဲ့သည်။

WHO ၏ ဆရာဝန်နှင့် လူနာအချိုး စံနှုန်းမှာ ၁၉၉၀ ပြည့်နှစ်များကဲ့သို့ မဟုတ်တော့ပါ။ ဆရာဝန်တစ်ယောက်လျှင် လူနာခြောက်ရာနှုန်းဟု သတ်မှတ်လိုက်သည်။ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက စာရင်းပြုစုထားသော ဘွဲ့လက်မှတ်ရ ဆရာဝန်အရေအတွက် (သေဆုံး၊ နိုင်ငံခြားထွက်၊ ဆရာဝန်မလုပ်ကိုင်များအပါအဝင်) နှင့် လူဦးရေ အချိုးချလျှင်ပင် ဆရာဝန်တစ်ယောက်လျှင် လူနာ သုံးထောင်ခန့်သာ စောင့်ရှောက်မှုပေးနိုင်သေးသည်။

ဆေးပညာဘွဲ့ရ ဆရာဝန်များ မခန့်အပ်နိုင်မှုသည် မြန်မာနိုင်ငံ၏အကြီးဆုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှသည် ဝေးလံခေါင်ဖျားသော နယ်မြို့များအထိ ကြုံတွေ့နေရသော ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေသည်။

"ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ ဆရာဝန်ချမပေးနိုင်တဲ့ဆေးရုံတွေ ရှိတယ်။ ဒီလိုအဖြစ်အပျက်မျိုးတွေက မြန်မာနိုင်ငံရဲ့ နယ်ဆေးရုံလေးတွေမှာ လတ်တလောကြုံတွေ့နေရတာပဲ" ဟု ရခိုင်ပြည်နယ် လွှတ်တော်အမတ်တစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ မြန်မာနိုင်ငံတွင်း ဆေးရုံများသို့ လှည့်လည်ကြည့်ရှုရာတွင်လည်း ကျွမ်းကျင်ဆရာဝန်အရေအတွက် နည်းပါးနေကြောင်းကိုသာ အကြိမ်ကြိမ်ပြောဆိုမှု ပြုခဲ့သည်။



# Health

7DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014


# အစားအစာများနှင့် အစာအဆိပ်သင့်မှု

**ရဲနောင်**

ပြီးခဲ့သည့်နှစ် စက်တင်ဘာမှ ယနေ့အချိန်ထိ အစာအဆိပ်သင့်မှု ၁၀ ကြိမ်ကျော် ဖြစ်ပွားခဲ့ရာ ကျောင်းများတွင် လေးကြိမ်နှင့် အလှူမင်္ဂလာဆောင်များတွင် ငါးကြိမ်အထိ ပါဝင်နေသည်။

အစာအဆိပ်သင့်သူပေါင်း ခြောက်ရာနီးပါးအထိ ရှိခဲ့ပြီး ငါးဦးခန့် သေဆုံးခဲ့ရသည်။

လူဦးရေအများအပြား တစ်စုတစ်စည်းတည်း ဖြစ်ပွားခဲ့သည့် အစာအဆိပ်သင့်မှုများ၌ အစားအသောက်အပြင်အဆင် စနစ်မကျမှုနှင့် ချက်ပြုတ်သူများ၏ သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် အများဆုံး ဖြစ်ပွားရခြင်းဖြစ်သည်ဟု ကျန်းမာရေးပညာရှင်များက မှတ်ချက်ပြုကြသည်။

"အလှူ မင်္ဂလာပွဲတွေ၊ ကျောင်းတွေမှာ ဒီလိုမျိုးဖြစ်ကြတယ်ဆိုတာ သန့်ရှင်းမှုမရှိလို့ ဖြစ်တာများပါတယ်။ အစားအသောက်တွေရော၊ ပြင်ဆင်ပေးတဲ့သူတွေရော သန့်ရှင်းနေဖို့ အရေးကြီးပါတယ်" ဟု အထွေထွေရောဂါကုဆရာဝန် ဒေါက်တာ ပြည့်စုံက ပြောသည်။



*အစားအစာများ ပြင်ဆင်ပုံ မသန့်ရှင်းခြင်းကလည်း အစာအဆိပ်သင့်မှုကို ဖြစ်ပွားစေနိုင်သည်။* ဓာတ်ပုံ – နစ်ကီ

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မန္တလေးတိုင်း၊ မြစ်သားမြို့နယ်တွင် အလှူမှကျွေးသော အစားအသောက်များကြောင့် လူပေါင်း ၁၀၀ ကျော် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီး မေလအတွင်းကလည်း တောင်ငူသီလရှင် စာသင်တိုက်မှ ကလေးငယ် ၇၀ ခန့်မှာ ဆန်ပြားသုပ်စားပြီးနောက် မူးဝေအော့အန်မှုများ ဖြစ်ပွားခဲ့သောကြောင့် တောင်ငူဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ရသည်။

ထို့အပြင် မုံရွာမြို့တွင် အမျိုးအမည်မသိသော အသီးစားခဲ့သောကြောင့် ငါးနှစ်အောက်ကလေးငယ်နှစ်ဦး အစာအဆိပ်သင့် သေဆုံးခဲ့ပြီး ရှမ်းပြည်နယ်လဲချားမြို့နယ်တွင်လည်း ပန်းရံလုပ်ကိုင်နေသော အမျိုးသမီးနှစ်ဦးမှာ အမျိုးအမည်မသိသော အရွက်များ စားမိသောကြောင့် အစာအဆိပ်သင့် သေဆုံးခဲ့ရသည်။

ပူပြင်းစိုစွတ်သော ရာသီဥတုတွင် အဆိပ်ဖြစ်စေသော ဘက်တီးရီးယားပိုးမွှားများ ပေါက်ဖွားတတ်ပြီး စနစ်တကျ သိမ်းဆည်းမှုမရှိသော အစားအစာများကြောင့် အစာအဆိပ်သင့်ခြင်း ဖြစ်ပွားနိုင်သည်ဟု ကျန်းမာရေးပညာရှင်များက ပြောသည်။

အစာအဆိပ်သင့်မှု အများဆုံးဖြစ်ပွားတတ်သော ရောဂါပိုးမွှား ၁၃ မျိုးအထိ ရှိနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စာရင်းပြုစုထားပြီး တောင်ငူသီလရှင်စာသင်တိုက် ကလေးငယ်များ အစာအဆိပ်သင့်မှု၌ စစ်ဆေးတွေ့ရှိခဲ့သောပိုးနှစ်မျိုးမှာအဆိုပါ ၁၃ မျိုးထဲတွင် ပါဝင်နေသည်။

**စာမျက်နှာ (၁၉)သို့**

# အရက်ကြောင့်တစ်ကိုယ်လုံးဖောရောင်လာပါက အချိန်မီကုသရန်လို

**ယမင်း**

**ရန်ကုန်၊ ဇွန်-၇**

အရက်ကြောင့်တစ်ကိုယ်လုံး ဖောရောင်ခြင်းကို အချိန်မီမကုပါက ရုတ်တရက်အသက်ဆုံးရှုံးနိုင်ကြောင်း ဆရာဝန်အချို့ကပြောကြားသည်။

"တစ်ကိုယ်လုံးဖောလာမယ်။ နှလုံးကြီးသွားမယ်။ ခြေထောက်တွေဖောမယ်။ အသည်းကြီးသွားမယ်။ မျက်နှာတွေအန်းလာပြီဆိုရင် အချိန်မီကုသရမယ်။ မြန်မြန်ဆန်ဆန်မကုသရင် ရုတ်တရက်သေတတ်တယ်"ဟုအထွေထွေရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာစိုးမင်းကဆိုသည်။

အရက်အလွန်အကျွံသောက်ပါက ကင်ဆာရောဂါများ၊ ပန်ကရိယရောင်ရမ်းခြင်း၊ နှလုံးသွေးကြောရောဂါကြောင့် ရုတ်တရက်သေဆုံးခြင်း၊ နှလုံးကြွက်သားပျက်စီးခြင်းနှင့် နှလုံးလုပ်ငန်း ပျက်စီးခြင်း၊ လေဖြတ်ခြင်း၊ သွေးတိုး၊ အသည်းမာ၊ အသည်းခြောက်တို့အပြင် နောက်ဆက်တွဲဆိုးကျိုးအဖြစ် မတော်တဆမှု၊ သေဆုံးမှုနှင့် သေကြောင်းကြံစည်မှုများ ဖြစ်ပွားလာနိုင်သည်။

ထို့ပြင် အရက်ကို တာရှည်စွာ စွဲသောက်သူများသည် အကြောသေရောဂါဖြစ်ခြင်းနှင့် ဗီတာမင် ဘီဝမ်းချို့တဲ့ပြီး တစ်ကိုယ်လုံးဖောရောင်ခြင်းများ စသည့်ဝေဒနာများ ခံစားရမည့်အပြင် လူမှုပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးပေးနိုင်သည့် နာတာရှည်ရောဂါလည်း ဖြစ်နိုင်သည်ဟုဆိုသည်။


"အကြောသေရောဂါဖြစ်လို့ရှိရင် ချည့်နဲ့ပြီး ဝဋ်နာကံနာသဘောမျိုး နာတာရှည်ခံစားရမှာ။ သူလည်းနှစ် ၂၀ လောက် ဝေဒနာခံစားရရုံမကဘူး။ ဘေးပတ်ဝန်းကျင်ကလူတွေလည်း သူ့အတွက်နဲ့အလုပ်ပျက်၊ အကိုင်ပျက်နဲ့ လူမှုဆိုးကျိုးတွေခံစားရမှာပါ။ဒါကြောင့် နှစ်ရှည်လများစွာ စွဲစွဲလမ်းလမ်း မသောက်သုံးသင့်ပါဘူး"ဟုအဆိုပါဆရာဝန်ကြီးက ဆက်ပြောသည်။

လက္ခဏာများမှာ အသားအရေနီစပ်စပ်ဖြစ်လာခြင်း၊ အရေပြားများအလွှာလိုက်ကွာကျခြင်း၊ လမ်းမလျှောက်နိုင်ဘဲ ချည့်နဲ့လာခြင်း၊ တစ်ကိုယ်လုံးချည့်ကာ အကြောကုတ်သွားခြင်း၊ လေဖြတ်ပြီး အိပ်ရာထဲလဲသွားခြင်း စသည်တို့ ဖြစ်လာနိုင်သည်။

အရက်အရိုင်း(ခေါ်)အရက်ကြမ်းထဲ၌ မသန့်စင်သောအရက်များပါဝင်နေခြင်းကြောင့် တန်ဖိုးနည်းအရက်များ သောက်သူများနှင့် ရေမရောဘဲ အရက်ချည်း သောက်သုံးသူများမှာ အထက်ပါရောဂါများပိုမိုခံစားရနိုင်သည်ဟု ဆရာဝန်အချို့ကဆိုသည်။

မြန်မာတစ်နိုင်ငံလုံး၌အရက်သောက်နှုန်းမှာ ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီး အမျိုးသား ၃၃ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၀ ရာခိုင်နှုန်းရှိသည်။ ၎င်းထဲမှ တစ်နေ့လျှင် အရက်ငါးကြိမ်အထက် သောက်သုံးနှုန်းမှာ အမျိုးသား ၂၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

ကမ္ဘာတစ်ဝန်း၌ အရက်သောက်သုံးမှုကြောင့် တစ်နှစ်လျှင် လူဦးရေနှစ်သန်းခွဲကျော်သေဆုံးနေရကာ အမျိုးသားဦးရေတစ်ရာလျှင် ခြောက်ဦးနှုန်း၊ အမျိုးသမီးဦးရေတစ်ရာလျှင် တစ်ဦးနှုန်း သေဆုံးလျက်ရှိပြီး မသန်စွမ်းဖြစ်စေမှုမှာ အဆင့်(၃)တွင်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စစ်တမ်း၌ဖော်ပြထားသည်။

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ရက်ကြာနေသည့် အသင့်စားခေါက်ဆွဲခြောက်များ အသည်းနှင့် အစာအိမ်အူလမ်းကြောင်း ကင်ဆာများဖြစ်ပွားနိုင်

**ယမင်း**

**ရန်ကုန်၊ ဇွန်-၇**

ရက်ကြာမြင့်နေသော အသင့်စားခေါက်ဆွဲခြောက်ထုပ်များကို စားသုံးမိပါက အသဲခြောက်ခြင်း၊ အသဲ ကင်ဆာအပါအဝင် အစာအိမ်နှင့် အူလမ်းကြောင်း ကင်ဆာများ ဖြစ်ပွားနိုင်ခြင်းကြောင့် ဂရုပြုစားသုံးသင့်ကြောင်း အထွေထွေရောဂါကု ဆရာဝန်အချို့က ပြောကြားသည်။

"ပိုးသတ်ပြီး ထုတ်လုပ်ထားတယ်ဆိုပြီး ဓာတုပစ္စည်းတွေ ပါနေတဲ့အတွက် သူ့အလိုလို သက်တမ်းကုန်မှာပဲ။ အဲဒီဓာတ်ကို ပိုထည့်ရင် အသက်အန္တရာယ်ပါ ထိခိုက်နိုင်တယ်။ ရက်မလွန်တဲ့ခေါက်ဆွဲခြောက်တွေဆိုရင်လည်း အခြောက်လုပ်ထားတဲ့အတွက်ဗီတာမင်က ကုန်ဆုံးနေတာမို့ ဆင်ခြင်စားသင့်တယ်"ဟုအထွေထွေရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးမင်းက ဆိုသည်။

အဆိုပါ ခေါက်ဆွဲခြောက်များတွင် လူ့ကျန်းမာရေးအတွက် အကျိုးရှိသည့် အမျှင်ဓာတ်၊ ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်များ မပါဝင်သလောက် နည်းပါးနေပြီး အန္တရာယ်ပေးနိုင်သော သကြားဓာတ်၊ အချို့မှုန့်ဓာတ်နှင့် ဆိုဒီယမ်ဓာတ်များ ပါဝင်နှုန်းမြင့်မားနေသည့်အတွက် ရေရှည်စားသုံးပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း သိရသည်။

လူတစ်ဦးလျှင် နေ့စဉ် ပုံမှန် ပရိုတိန်း ၂၃၊ အဆီ ၂၈၊ ကာဗိုဟိုက်ဒြိတ် ၅၅ ရာခိုင်နှုန်း မျှတအောင်စားသုံးပေးရမည်ဖြစ်သော်လည်း ခေါက်ဆွဲခြောက်တွင် ပရိုတိန်းဓာတ်နည်းပြီး ကာဗိုဟိုက်ဒြိတ်နှင့် အဆီပမာဏ များပြားမှုကြောင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိကြောင်း သိရသည်။

"ပရိုတိန်းက နည်းပြီး ကာဗိုဟိုက်ဒြိတ်နဲ့ အဆီတွေ များလွန်းနေတယ်။ ခေါက်ဆွဲခြောက်က Junk Food လို့ခေါ်တဲ့ အစားအစာမျိုးထဲမှာ ပါဝင်နေတဲ့အတွက် ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ ဒါကြောင့် စားမယ်ဆိုရင်လည်း တခြားလတ်ဆတ်တဲ့ အသား၊ ငါး၊ အရွက်တွေနဲ့ ရောစားပေးရမယ်။ အဝလွန်ရောဂါဖြစ်လာနိုင်လို့ ရေရှည်စွဲပြီး မစားသင့်ပါဘူး" ဟု အလုံမြို့နယ်မှ ဒေါက်တာမြင့်ဦး (ဂျီပီ) က အကြံပြုပြောဆိုသည်။



*ခေါက်ဆွဲခြောက်များတွင် အာဟာရဓာတ် အလွန်နည်းပါးစွာ ပါဝင်သည်။*

ဓာတ်ပုံ – ကျော်ဇင်သန်း

ထို့ပြင် ဆိုဒီယမ်ဓာတ်မှာ လူတစ်ဦးအတွက် လိုအပ်သည့် ပမာဏ ၁၅၀၀ မီလီဂရမ်ထက် ကျော်လွန်ကာ ၂၇၀၀ မီလီ ဂရမ်ပါဝင်နေခြင်းကြောင့် ရေရှည်စားသုံးပါကအဝလွန်ရောဂါလာနိုင်ပြီးသွေးတိုး၊ နှလုံးနှင့် ကျောက်ကပ်ဝေဒနာရှင်များ စားသုံးရန် မသင့်လျော်ကြောင်း ဆရာဝန်ကြီးက ပြောကြားသည်။

အသင့်စားခေါက်ဆွဲခြောက်များအား ၁၉၅၈ ခုနှစ်တွင် ဂျပန်နိုင်ငံရှိခေါက်ဆွဲခြောက်ထုတ်လုပ်သည့် Nissin Foods ကုမ္ပဏီ တည်ထောင်သူ မိုမိုဖူကူအန်တိုက စတင်တီထွင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်၌ ကမ္ဘာတစ်ဝန်း ခေါက်ဆွဲခြောက်ထုပ် ရောင်းအားမှာ ၁၀၁ ဒသမ ၄ ဘီလီယံရှိကြောင်း ဂျပန်အခြေစိုက် ကမ္ဘာ့ခေါက်ဆွဲခြောက်အသင်း (World Instant Noodels) က သတင်းထုတ်ပြန်ထားသည်။

"သူများနိုင်ငံကတည်းက ထုပ်ပိုးပြီးသားပဲလာတဲ့အပြင် Expire Date လည်း မပါဘူး။ အထဲမှာ ရက်လွန်နေလား၊ မလွန်လားဆိုတာမသိနိုင်ဘူးလေ။ဘယ်အစားအသောက်ပဲဖြစ်ဖြစ် အစိုးရရော၊ ထုတ်လုပ်သူရော၊ ရောင်းတဲ့သူရော ဈေးကွက်ထဲမှာ အမြဲစစ်ဆေးပေးသင့်ပါတယ်။ ဒါမှ စားသုံးသူတွေ စိတ်ချလက်ချစားနိုင်မှာပါ" ဟု လှိုင်မြို့နယ်နေ ကိုအောင်က ပြောသည်။



# Regional

7DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014


## စစ်ကိုင်းတိုင်းရှိ မြစ်ချောင်းများ ကမ်းပါးပြိုခြင်း ကာကွယ်ရန် ကျပ်သန်း ၁,၈၀၀ ကျော် သုံးစွဲမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်- ၇**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြစ်ချောင်းများကမ်းပါးပြိုခြင်းကို ကာကွယ်ထိန်းသိမ်းရန် ငွေကျပ်သန်းပေါင်း ၁,၈၀၀ ကျော် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ကမ်းပါး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအနေနဲ့ ခြောက်ခု၊ လုပ်ငန်းစီမံကိန်းသစ်များအနေနဲ့ ၂၉ ခုရှိပါတယ်။ မြစ်ရေကျဆင်းချိန်မှာ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနေနဲ့ ချင်းတွင်းမြစ်၊ ရောဝတီမြစ်နဲ့ မူးမြစ်အတွက် လျာထားပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄–၁၅ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများအဖြစ် မြင်းမူမြို့နယ်၊ မူး၀–ရွာထောင်ကျေးရွာရှိ လောကမာရဇိန်စေတီတော်အနီးကမ်းပြိုကာကွယ်ရေး လုပ်ငန်း၊ စစ်ကိုင်း–မင်းကွန်း ကားလမ်းအနီး ကမ်းပြို ကာကွယ်ရေးလုပ်ငန်း၊ ဖောင်းပြင်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကနီမြို့နယ်၊ ဝက်ချောင်းလေးကျေးရွာကမ်းပြိုကာကွယ်ရေး လုပ်ငန်း၊ မြောက်ယမားချောင်းကမ်းပါး ကာကွယ်ရေးထိန်းသိမ်းရေးလုပ်ငန်း၊ ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့အတွက် ကျပ်သန်း၂၇၀ ကျော် အကုန်အကျခံတည်ဆောက်မည်ဖြစ်ကြောင်း သိရှိရသည်။

အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်နှင့် ချင်းတွင်းမြစ်အတွင်း စီးဝင်သော ချောင်းများ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း အတွက် ကျပ်သန်း ၅၀၊ မူးမြစ်အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်သန်း ၃၀၊ ရောဝတီမြစ် အရေးပေါ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများအတွက် ကျပ်သန်း ၅၀ သုံးစွဲရန် လျာထားကြောင်း သိရှိရသည်။



ချင်းတွင်းမြစ်တစ်နေရာကိုတွေ့ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

## မန္တလေးတိုင်းဝန်ကြီးချုပ် လူမှုအဖွဲ့အစည်းများနှင့် နှစ်လတစ်ကြိမ် တွေ့မည်ဟုဆို

**အေးမွန်ရာပြည့်**

**ရန်ကုန်**-မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးမြို့မှ လူမှုရေး အသင်းအဖွဲ့များနှင့် နှစ်လတစ်ကြိမ် တွေ့ဆုံရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

မေလက မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် လူငယ်ဖိုရမ်၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်စဉ်က တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မြို့ခံလူမှုရေး အဖွဲ့အစည်းများနှင့် မကြာခဏ တွေ့ဆုံရန် တိုက်တွန်းခဲ့၍ နှစ်လတစ်ကြိမ်စီ တွေ့ဆုံပြီး လူထုအကြားကြုံတွေ့နေရသည့် အခက်အခဲများ ဝိုင်းဝန်း ဖြေရှင်းသွားမည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က လူမှုရေး အသင်းများအား ကတိပြုပြောကြားခဲ့ကြောင်း မြို့ခံလူမှုရေး အသင်းအချို့ထံမှ သတင်းရရှိသည်။

ပြည်သူများအကြားတွင် လူမှုရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့များအနေဖြင့် အခက်အခဲများကို တိုင်းဒေသကြီး တာဝန်ရှိသူထံသို့နှစ်လအတွင်းတင်ပြနိုင်တော့မည်ဖြစ်၍လုပ်ငန်းများ လုပ်ဆောင်ရာ၌ ပိုမိုမြန်ဆန်လာနိုင်မည်ဖြစ်ကြောင်း ပရဟိတအခမဲ့ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတင့်ဆွေက ပြောသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့ခံလူမှုရေးအသင်းများနှင့် အနည်းဆုံးနှစ်လတစ်ကြိမ်တွေ့ဆုံမည်ဟု ပြည်ထောင်စု ဝန်ကြီးများအရှေ့တွင် နှုတ်ကတိပြု ပြောကြားခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်မှသာ ပြည်သူများအတွက် အမှန်အကျိုးဖြစ်ထွန်းနိုင်မည်ဟု လူမှုအဖွဲ့အစည်းတစ်ခုမှ အမျိုးသားတစ်ဦးက သုံးသပ်သည်။




7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014



*စိန်တစ်လုံးသရက်သီးများခူးဆွတ်နေစဉ်* ဓာတ်ပုံ– မျိုးမင်းဦး

# စိန်တစ်လုံးသရက်များကို ရွာအထိဆင်းကာ ကြိုပွဲ့ပိုင့်စနစ်ဖြင့်ဝယ်ယူ

**မျိုးမင်းဦး**

**မုံရွာ**– စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စိုက်ပျိုးထုတ်လုပ်သော စိန်တစ်လုံးသရက်သီးများကို ကြိုပွဲ့ပိုင့် စနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားမြင့်တက်ခဲ့၍ အသီးကုန်သည်အထိရောင်းချ နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီများက ရွာများအထိဆင်းကာ ကြိုပွဲ့ပိုင့်စနစ်ဖြင့် ဝယ်ယူနေခြင်းဖြစ်ပြီး ထိုသို့ဝယ်ယူသဖြင့် တရုတ်ဈေးကွက်ကိုသာ အားကိုးနေရသည့် အနေအထားမရှိတော့ဘဲ ဈေးကောင်းလာခြင်းဖြစ်ကြောင်း ဒီပဲယင်းကွဲရွာမှ စိန်တစ်လုံးစိုက်သူတစ်ဦးက ပြောသည်။

"အရင်နှစ်တွေတုန်းက ဈေးကွက်ပျက်တဲ့နှစ်တွေဆို စိန်တစ်လုံးသရက်သီးတွေ နွားစာအဖြစ် ကျွေးခဲ့တဲ့အထိ ကြုံခဲ့ရတယ်။ မနှစ်ကစပြီး တရုတ်နယ်စပ်ဈေးကွက်သာမက ထိုင်းနိုင်ငံနဲ့ စင်ကာပူစတဲ့နိုင်ငံတွေက ကုမ္ပဏီတွေ ကြိုပွဲ့ပိုင့်စနစ်နဲ့ ဝယ်ယူခဲ့တဲ့နောက်ပိုင်းစိန်တစ်လုံးသရက်ဈေးကွက်မှာဝယ်လိုအား မြင့်တက်ခဲ့တယ်။ ဒီနှစ်ဆို မေလအတွင်းရက် ၂၀ ဝန်းကျင်နဲ့ သရက်ခြံတွေ အသီးပြတ်တဲ့အထိအရောင်းသွက်သွားတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မြင့်က ပြောသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စိန်တစ်လုံးသရက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော မြေဧက ၅,၀၀၀ ကျော်ရှိပြီး တရုတ်နယ်စပ်မှုဆယ်ဈေးကွက်သာမက ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ၂၀၁၃ ခုနှစ် သရက်သီးရာသီတွင် စတင်တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်သော စိန်တစ်လုံးသရက်သီးများ လှိုင်လှိုင်ပေါ်သော မေလအတွင်း စိန်တစ်လုံးသရက်သီး ၁၅ ကီလိုမှ ၁၆ ကီလိုအတွင်း တစ်ခြင်းလျှင် ကျပ်တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းခွဲဝန်းကျင်အထိအရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တန်လျှင် ကျပ်ရှစ်သိန်းမှ ကျပ် ၁၂ သိန်းထိ အရောင်းဝယ်ဖြစ်ခဲ့သည်။

# တနင်္သာရီသဘာဝသစ်တောများ ကာကွယ်ရေးဆွေးနွေး

**စိုးမိုးအောင်**

**ထားဝယ်၊ ဇွန်–၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝသစ်တောများ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ သဘာဝသစ်တော ထိန်းသိမ်းရေးများ ဆက်လက်ပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသော WWF (မြန်မာ)၊ Fauna and Flora International ၊ Eco Dev ၊ DDA ၊ ထားဝယ်သုတေသနအဖွဲ့နှင့် တာကပေါလူငယ်များအဖွဲ့မှ တာဝန်ရှိသူများသည် ဇွန်လ ၇ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားရင်ပြင်အနီးရှိ Edu Park ခန်းမ၌ တွေ့ဆုံခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တော ၁၅ ခုအပါအဝင် သစ်တောဧရိယာ ဧက ၃၄ သိန်းရှိပြီး အရည်အသွေးကောင်းသော သဘာဝနယ်မြေများစွာ ရှိနေသေးကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှဦးကျော်ကျော်က ပြောသည်။တိုင်းဒေသကြီးတွင် စုစု ပေါင်း သစ်တောဧရိယာ ဧက ၁၀ သန်းရှိပြီး ၃၂ ရာခိုင်နှုန်းကို ကာကွယ်ထိန်းသိမ်းထားပြီးဖြစ်သည်။

ထားဝယ်ဒေသအတွင်းတွင် တရားဝင် ထိန်းသိမ်းထားသည့် နယ်မြေများရှိသကဲ့သို့ ဒေသခံတိုင်းရင်းသားများမှာလည်းငင်းတို့ ဒေသအနီး ပတ်ဝန်းကျင်များကို ကြိုးဝိုင်းဧရိယာမဟုတ်ဘဲ သဘာဝနယ်မြေများအဖြစ် သတ်မှတ်ထားကြကြောင်း သိရသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းဆက်စပ်ဧရိယာမှ ခုနစ်မိုင်ခန့်အကွာတွင် ရှိသော ကျေးရွာပေါင်း ၁၅ ရွာမှ သတ်မှတ်ထားသော သဘာဝနယ်မြေ ၅၄ ခုကို ဖယ်ထားပေးသည်ဟု ဆိုသည်။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကြောင့် သဘာဝသစ်တောအများအပြား ပျက်စီးနေကြပြီး ရွှေ့ပြောင်းကျေးရွာများလည်းရှိနေ၍ ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရာတွင် ၎င်းတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း WWF မှ မစ္စတာ Eari Saxon က ပြောကြားခဲ့သည်။ တနင်္သာရီ သဘာဝကြိုးဝိုင်းဧရိယာသည် ထားဝယ်ခရိုင်အစွန်းရှိ မြင့်မိုရ်လက်ခတ်တောင်အထိ ဆက်စပ်ပါဝင်သော်လည်း ဧရိယာအားလုံးကို သတ်မှတ်ထားခြင်း မရှိသေးပေ။

ကော့သောင်းခရိုင်အတွင်း ဆောင်ရွက်နေသည့် ဆီအုန်းစိုက်ပျိုးရေး ကုမ္ပဏီများကြောင့် သစ်တောများ ပျက်စီးမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်၊ တနင်္သာရီသဘာဝကြိုးဝိုင်း ဧရိယာအတွင်း ဖြတ်သန်းသွားသော သဘာဓာတ်ငွေ့ပိုက်လိုင်းများ၏ ကုမ္ပဏီများက သစ်တောများကို စီမံဆောင်ရွက်မှုများ၊ တနင်္သာရီ အမျိုးသား အဆိုပြုဥယျာဉ်ဆက်လက်အကောင်အထည်ဖော်ရေးနှင့် ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် အကောင်ထည်ဖော်နိုင်ရန် အဖွဲ့အစည်းများက ဆောင်ရွက်သွားမည်ဖြစ်သည်။

## ဝန်ထမ်းအလိုရှိသည်

**အင်တာနက် ဂျာနယ်သည် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကဏ္ဍများ၊ အီလက်ထရောနစ်ပစ္စည်းများ ဖော်ပြပေးလျက်ရှိသော အပတ်စဉ်ထုတ်ဂျာနယ် ဖြစ်ပါသည်။**

အင်တာနက်ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန်ရိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

- Marketing Executive M/F (2) posts
  - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး၊ အသက် (၁၉) နှစ်မှ (၂၅) နှစ်အတွင်းရှိရမည်။
  - အိုင်တီနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူဖြစ်ရမည်။
  - သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။
  - ကွန်ပျူတာ နှင့် အင်္ဂလိပ်စာ အခြေခံအဆင့် နားလည်တတ်ကျွမ်းရမည်။
  - ရုပ်ရည်အသင့်အတင့်ရှိပြီး၊ အပြောအဆို ချိုသာရမည်။
  - အကျင့်စာရိတ္တ နှင့် ကျန်းမာရေး ကောင်းမွန်ရမည်။
  - ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
  - လုပ်ငန်းအတွေ့အကြုံရှိသူများ လစာညှိနှိုင်းပေးမည်။
- External Relations M (1) post
  - အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
  - အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းရှိရမည်။
  - ပုံနှိပ်မီဒီယာလုပ်ငန်းကို ကောင်းစွာ နားလည်ရမည်။
  - သွက်လက်ထက်မြက်၍ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
  - ကျန်းမာသန်စွမ်း၍ ရန်ကုန်မြို့တွင်း သွားလာနိုင်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၁၄.၆.၂၀၁၄) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ပထမထပ် ၊ တိုက် (E)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၅၁၂၈၈၇, ၅၁၃၅၁၅~၅၁၉ဖက်(စ်) - ၅၁၃၅၁၉ Email: hr@informationmatrix.com

## စိုက်ပျိုးရန်အသင့် မြန်မာ့မျိုးကောင်းမျိုးသန့်

(၁) ကျွန်းပျိုးပင်
(၂) ကျွန်းငုတ်တက်
(၃) ကျွန်းမျိုးစေ့များ ရောင်းရန်ရှိသည်။

Adress : Royal Tree Services Company Limited
Building 7+1D, Room 308, Parami Condo, Hlaing Township,
Yangon, 11051, Myanmar.
Tel : 951 654857, 959 450046440, 959 8640326
Website : www.royaltreeservices.biz

GOLDEN DRAGON



# တက္ကသိုလ်ဝင်တန်းအောင်ချက်အနိမ့်ဆုံး ချင်းပြည်နယ်ကိုဆန်းစစ်ခြင်း

**ကိုစိုင်း**



*ချင်းတောင်တန်းပေါ်ရှိ အခြေခံမူလတန်း ကျောင်းသားသုံးဦးကို တွေ့ရစဉ်*

ဓာတ်ပုံ - ကိုစိုင်း

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို ဇွန်လ ၇ ရက် နံနက်တွင် ထုတ်ပြန်ကြေညာလိုက်ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အောင်ချက်အနည်းဆုံးအဖြစ် ချင်းပြည်နယ်က မှတ်တမ်းဝင်သွားသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်၏ ယခုနှစ်အောင်ချက်မှာ ယခင်နှစ်ကထက် အောင်ချက်ထက်ဝက်ကျော် နိမ့်ကျသွားသည်။

ချင်းပြည်နယ်၏ ၂၀၁၃ အောင်ချက်မှာ ၁၆ ဒသမ ၅၂ ရာခိုင်နှုန်းရှိပြီး ယခုနှစ်အောင်ချက်မှာ ၈ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိခဲ့သည်။ ယခင်နှစ်ကလည်း မြန်မာတစ်နိုင်ငံလုံးတွင် အနည်းဆုံးဆိုသောစံချိန်ကို ပိုဆိုးသောစံချိန်ဖြင့် မှတ်တမ်းသစ်ထိုးခဲ့ခြင်းဖြစ်သည်။ ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက်အနည်းဆုံးဖြစ်ခဲ့ရသည်နှင့်ပတ်သက်၍ ကျောင်းဆရာ လုပ်သက် (၂၉) နှစ်ကျော်ရှိနေပြီဖြစ်သော ထန်တလန်မြို့နယ်မှ ဆရာလျန်နောင်က "ဒီနှစ် ကျောင်းသား ၄၁၁ ဦး ကျော်ဖြေရာမှာအယောက်၄၀ဝက မအောင်ဘူး။ အဲဒါဘာကြောင့်လဲဆိုရင် မနှစ်က ကျွန်တော်တို့ကျောင်းမှာ ကျောင်းအုပ်မရှိဘူး။ ဓာတုဗေဒဘာသာရပ်ကို သင်ပေးမယ့်ဆရာမရှိဘူး။ ဒါကြောင့် ဒီနှစ်အောင်စာရင်းထွက်ပေါ်လာရာမှာ အောင်မြင်မှု နည်းခဲ့တယ်" ဟု ပြောသည်။ ချင်းပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက်နည်းပါးခြင်းနှင့်ပတ်သက်၍လည်း ချင်းပြည်နယ် ကျေးရွာများရှိ ကလေးငယ်များသည်မြို့နေကလေးများထက်ပို၍ စာမေးပွဲကျခဲ့သည်။

ချင်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာတတ်အသိုင်းအဝိုင်း ချင်းတိုင်းရင်းသားများက ချင်းပြည်နယ်ပညာရေးဌာန၏စွမ်းဆောင်ရည်ညံ့ဖျင်းမှုကြောင့်ဖြစ်သည်ဟု ဝေဖန်ထောက်ပြကြသည်။

ထိုသို့ဖြစ်ရသည်မှာ မူလတန်းအဆင့်ကတည်းက အခြေခံမပါခဲ့ခြင်းကြောင့်ဖြစ်သည်။ အတန်းငါးတန်းရှိသော မူလတန်းလွန်ကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာနှစ်ဦး (သို့မဟုတ်) တစ်ဦးတည်းက စာသင်ပြနေရပြီး စာသင်ပြရာတွင်လည်း ကလေးငယ်များက မြန်မာစကားနားမလည်သောအခါ သင်ကြားပေးသော ဆရာ၊ ဆရာမများက မိမိတာဝန်ကျသော မြို့နယ်ကျေးရွာ၏ တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြားပြသပေးကြခြင်း၊ ချင်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင်လည်း မြန်မာစကားကျွမ်းကျင်သော ကျောင်းဆရာများ နည်းပါးခြင်းကြောင့်လည်းဖြစ်သည်ဟု ပညာတတ်ချင်းတိုင်းရင်းသားများက ထောက်ပြပြောဆိုကြသည်။ ချင်းပြည်နယ်အနေဖြင့် ၂၀၁၃-၁၄ တက္ကသိုလ် ဝင်တန်းစာမေးပွဲဖြေဆိုသူ ၈,၇၂၁ ဦးရှိခဲ့ရာ အောင်မြင်သူ ၇၀၄ ဦးသာရှိခဲ့သည်။

ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ စုစုပေါင်းမှာ ငါးဘာသာဂုဏ်ထူးရသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူလေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၂၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၂၆ ဦးရှိခဲ့သည်။ ဘာသာစုံဂုဏ်ထူးရှင်တစ်ဦးမှ ထွက်ပေါ်မလာခဲ့ပေ။

လက်ရှိတက္ကသိုလ်ဝင်တန်းပြဋ္ဌာန်းစာအုပ်များ သင်ကြားရမှု အခြေအနေသည် မိမိတို့ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သချင်္ချာကဲ့သို့ ဘာသာရပ်အား အလွတ်ကျက်ဖြေကြရခြင်း၊ မြန်မာစာဘာသာရပ်နှင့်ပတ်သက်၍လည်း မြန်မာစကားကျွမ်းကျင်စွာ မတတ်မြောက်ခြင်းကြောင့် စာ၏အဓိပ္ပာယ်ကိုမသိဘဲ အလွတ်ကျက်မှတ်ထားသည့်အတိုင်း ဖြေဆိုကြရခြင်း၊ အင်္ဂလိပ်စာ ဘာသာရပ်တွင်လည်း များစွာအားနည်းလျက်ရှိကြောင်း ချင်းတိုင်းရင်းသားကျောင်းသား၊ကျောင်းသူများက တညီတညွတ်တည်းဆိုကြသည်။

"ကလေးတွေက မြန်မာလိုပြောရင် နားမလည်ကြဘူး။ ကလေးတွေကို သနားတာနဲ့ ဒီကတိုင်းရင်းသားဘာသာစကားနဲ့ သင်ပြကြတဲ့အခါ ကလေးတွေမှာ မြန်မာစကားအားနည်းလာတယ်။ ကျောင်းမှာ မြန်မာကျောင်းဆရာ တစ်ယောက်လောက်ရှိရင် သိပ်ကောင်းမှာပဲ"ဟု ဖလမ်းမြို့နယ်မှ ကျောင်းဆရာ ကိုထန်းငါက သူ၏ အတွေ့အကြုံကို ပြောသည်။

၂၀၁၃-၁၄ ပညာသင်နှစ် ချင်းပြည်နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၃၇ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၃ ကျောင်း၊ အလယ်တန်းကျောင်း ၈၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၆၅ ကျောင်း၊ မူလတန်းကျောင်း ၁,၀၇၅ ကျောင်း၊ မူလတန်းကျောင်းခွဲ ၅၇ ကျောင်း၊ တွဲဖက်မူလတန်းကျောင်း ၃၇ ကျောင်းရှိသည်။ အဆိုပါကျောင်းများတွင် သင်ကြားပေးနေသော ဆရာ၊ ဆရာမဦးရေမှာ ၂၀၁၃-၁၄ ပညာသင်နှစ်အတွင်း အထက်တန်းကျောင်းအုပ် ၃၇ ဦး၊ အလယ်တန်းကျောင်းအုပ် ၈၄ ဦး၊ မူလတန်းကျောင်းအုပ် ၉၉၁ ဦး၊ အထက်တန်းပြ ၅၃၁ ဦး၊ အလယ်တန်းပြ ၉၅၇ ဦးနှင့် မူလတန်းပြ ၁,၆၀၆ ဦး ချင်းပြည်နယ်ရှိ စာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟု ပြည်နယ် မှတ်တမ်းများက ဖော်ပြထားသည်။

ထို့အပြင် ချင်းပြည်နယ်အတွင်း ကျောင်းဆရာ၊ ဆရာမ ဝန်ထမ်းဦးရေမြင့်တက်လာစေရန်အတွက် ၂၀၁၃-၁၄ ပညာသင်နှစ် အစောပိုင်းကာလတွင် နေ့စားလပေး ကျောင်းဆရာ၊ ဆရာမ ပေါင်းတစ်ထောင်ကျော်အား အလုပ်ပေးခဲ့သေးသည်။

ချင်းပြည်နယ်အတွင်း နှစ်စဉ်အောင်ချက်နိမ့်ပါးမှုအား "သင်ကြားမှု၊ သင်ယူမှု နှစ်ပိုင်းစလုံးမှာ အားနည်းချက်တွေရှိခဲ့လို့ အခုလို အောင်ချက်နည်းတယ်လို့ ထင်ပါတယ်"ဟု ချင်းပြည်နယ် ပညာရေးမှူးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ချင်းပြည်နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်နှင့်ပတ်သက်၍ ချင်းပြည်နယ်ရှိ ပညာရေးဝန်ထမ်း အားလုံး အဘယ့်ကြောင့် ထိုကဲ့သို့ဖြစ်ရသည်ကိုစုပေါင်းအဖြေရှာသင့်ကြောင်း၊ ထိုကဲ့သို့ အဖြေရှာပြုပြင်ပြောင်းလဲမှုမလုပ်နိုင်သရွေ့ ချင်းပြည်နယ်အနေဖြင့် အောင်ချက်များ နှစ်စဉ်နည်းပါးနေဦးမည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြသည်။

"နယ်ကနေအောင်တာဘယ်လောက်ရာခိုင်နှုန်းလဲ။ မြို့ကနေအောင်တာ ဘယ်လောက်ရာခိုင်နှုန်းလဲ။ အဆောင်တွေကနေအောင်တာ ဘယ်လောက်ရာခိုင်နှုန်းလဲဆိုတာ စိစစ်ရမယ်။ အဖြေရှာရမယ်။ မြန်မာစကားက တော့ ချင်းပြည်နယ်က နေရာတိုင်း မြန်မာစကားအားနည်းတာပဲ။ အဲဒါကို မြန်မာလို မသင်ဘဲ ကိုယ့်ဘာသာစကားနဲ့ သင်နေရင်တော့ အဆင်မပြေဘူးလေ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

ချင်းပြည်နယ်အတွင်း ၂၀၁၁-၁၂ ဘဏ္ဍာနှစ်ပညာရေးကဏ္ဍအတွက် ငွေကျပ် ၁,၃၁၅ သိန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ပညာရေးအတွက် ကျပ်သန်းနှစ်ထောင်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပညာရေးအတွက် ငွေကျပ်သိန်း ၄,၉၄၀ အားပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့သည်။ ချင်းပြည်နယ်၏ ပညာရေး ကဏ္ဍအခြေအနေတွင် ပြည်နယ် အစိုးရပိုင်းမှ ဆောင်ရွက်နေမှု အခြေအနေများကို စာသင်ကျောင်းများ နှစ်စဉ်တိုးမြှင့်တည်ဆောက်ပေးနေခြင်းကျောင်းဆောင်ဟောင်းများ အသစ်တည်ဆောက်ပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမ တိုးမြှင့်ခန့်ထားခြင်းများပြုလုပ်လျက်ရှိသည့်အပြင် တစ်နှစ်ထက်တစ်နှစ် ပညာရေး အသုံးစရိတ်သုံးဆခန့် ပိုမိုအသုံးပြုခဲ့သည်ဟု ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်က ရှင်းပြသည်။

လွန်ခဲ့သော သုံးနှစ်ခန့်မှ စတင်၍ အစိုးရဝန်ထမ်း လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှုမြင့်တက်လာသော ချင်းတိုင်းရင်းသားလူငယ်များ အဖို့ ပညာရေးဘက်တွင် ယခင်ကထက် စိတ်ဝင်စားမှု ပိုမိုများပြားလာခဲ့သည်။ သို့သော်၎င်းတို့၏ စိတ်ဝင်စားမှုကို အကောင်အထည်ဖော်ပေးနိုင်သောပညာရေးကဏ္ဍတွင်မူ အခြေခံအဆင့်မှ စတင်၍ထိရောက်သောသင်ကြားမှုများပြုလုပ်ရန်မှာ လိုအပ်နေပြီဖြစ်သည်။

" လုပ်ငန်းအတွေ့အကြုံရှိရန်မလို"
* လွတ်လပ်မှုရှိသောအလုပ်ချိန်
*ကျေနပ်ဖွယ်ကောင်းသော ဝင်ငွေနှင့်အကျိုးခံစားခွင့်
* ခရိုင်မန်နေဂျာရာထူး
* အမျိုးသမီး အသက် (၂၀)နှစ်နှင့်အထက်
* ပုံမှန်လစာ+လစဉ်ဆုကြေး+ခရီးစရိတ်+ကော်မရှင်+နှစ်စဉ်Bonus+ပြည်တွင်းပြည်ပခရီးစဉ်
* (ကုမ္ပဏီမှ အခမဲ့သင်တန်းပို့ချပေးပါမည်။)
ဦးရာလူစနစ်မို့ ကိုယ်ရေးရာဇဝင်အပြည့်အစုံနှင့်အတူ အမြန်ဆုံးလာလျှောက်ကြပါနော် !
Mistine Direct
Mistine မစ်စထင်းလာပါပြီရှင်
"MK Group of Companies" မှကုမ္ပဏီတစ်ခုဖြစ်တဲ့
Thiri Cosmetic Co.,Ltd.
**ရန်ကုန်**။ ။ ၁၂/၁၄ ၊ လသာလမ်း (အောက်ဘလောက်) ၊လသာမြို့နယ်၊ရန်ကုန်။
ဖုန်း ။ ။၀၁-၃၇၇၄၆၇ လိုင်းခွဲ။ ။ ၁၀၄ ၊ ၀၉-၄၃၀၉၈၆၄၃ သို့ စုံစမ်းနိုင်ပါသည်။
**မန္တလေး**။ ။၂၆၉/ခ ၊ ၈၃ လမ်း ၊ ၂၉ × ၃၀ ကြား ၊ ချမ်းအေးသာဇံမြို့နယ် ၊ မန္တလေး။
ဖုန်း ။ ။၀၉-၉၁၀၂၂၄၀၁ ၊ ၀၁-၁၂၀၃၉၁၄ ၊၀၂-၃၀၀၅၇ (လိုင်းခွဲ-၁၁၄)

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ကေအင်န်ယူ စရွှေ့လိုက်တဲ့ နိုင်ငံရေးကျားကွက်

■ အောင်သူရ



*သမ္မတဦးသိန်းစိန်နှင့် ကေအင်န်ယူဥက္ကဋ္ဌတို့ တွေ့ဆုံစဉ်* ဓာတ်ပုံ – သမ္မတရုံး

**သမ္မတ** ဦးသိန်းစိန်အား ဒုတိယ သက်တမ်းဆက်လက် ထမ်းဆောင်ရန် ကရင်အမျိုးသား အစည်းအရုံး (KNU) က အကြံပြုလိုက်သဖြင့် နိုင်ငံရေးလောကအတွင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။

"တွေ့တဲ့လူတိုင်းက ကိုယ့်ကို အဲဒါပဲ လာပြောနေတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ကရင်ပြည်နယ်တာဝန်ခံ ဒေါ်နန်းခင်ထွေးမြင့်က ပြောသည်။

ကရင်အမျိုးသား အစည်းအရုံး (KNU) သည် အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဒုတိယ လူဦးရေအများဆုံး တိုင်းရင်းသားဖြစ်ပြီး အစိုးရအား နှစ်ခြောက်ဆယ်ကျော်ကြာ လက်နက်စွဲကိုင် တော်လှန်ခဲ့သည်။

သို့သော် ၂၀၁၂ ခုနှစ် ဇန်နဝါရီတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲ လုံးဝမဖြစ်ပွားတော့ဘဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ခြောက်ကြိမ်၊ သမ္မတနှင့်ငါးကြိမ် တွေ့ဆုံဆွေးနွေးနိုင်အောင် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည့် တစ်ခုတည်းသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကိုဦးဆောင်နေသော အဖွဲ့လည်းဖြစ်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် UWSA နှင့် TNLA တို့ကိုပင် သွားရောက်စည်းရုံးခဲ့သောအဖွဲ့ဖြစ်သည်။ ထိုကဲ့သို့သော အဖွဲ့က သမ္မတ ဦးသိန်းစိန် ဒုတိယသက်တမ်း ထမ်းဆောင်ရန် အကြံပြုလိုက်သော ကစားကွက်မှာ နိုင်ငံရေးလောက၊ နိုင်ငံရေးလေ့လာသူများကို အံ့ဩစေခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီ ၆၅ ခုနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၆ ဖွဲ့ရှိသော်လည်း မည်သည့်အဖွဲ့အစည်းကမှ ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။ ကရင်အမျိုးသားအစည်းအရုံးကသာ ပထမဦးဆုံးပြောဆိုခြင်းဖြစ်သည်။

"ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို စ၊ လယ်၊ ဆုံး သမ္မတကြီးက အသိဆုံးဖြစ်တယ်။ သမ္မတကြီးက ဒုတိယသက်တမ်း ဆက်ပြီး ခေါင်းဆောင်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ မလွဲမသွေရရှိမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်တို့ အကြံပြုတာဖြစ်တယ်" ဟု ဖဒိုမန်းငြိမ်းမောင်က အကြံပြုရခြင်း၏ အကြောင်းရင်းကို ပြောသည်။

ထို့ကြောင့် ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် သမ္မတဦးသိန်းစိန်လက်ထက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကာ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နောက်ကြောင်းပြန်မလှည့်နိုင်သည့် အခြေအနေထိ ဆောင်ရွက်သွားစေလိုသည်ဟု ဖဒိုမန်းငြိမ်းမောင်က ဆိုသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ပုဂ္ဂိုလ်ရေး ယုံကြည်မှုနှင့် တည်ဆောက်ရပြီး မြန်မာနိုင်ငံကဲ့သို့ အဖွဲ့အစည်းများ အားမကောင်းသေးသော အခြေအနေတွင် အဖွဲ့အစည်းအပေါ် ယုံကြည်မှုထက် လူပုဂ္ဂိုလ်အပေါ်ယုံကြည်မှုက ပိုများကြောင်း နိုင်ငံရေးလေ့လာသူ ကိုဝင်းမင်းက ဆိုသည်။

"အနီးဆုံး ဥပမာပြောရရင် ဗိုလ်ချုပ်ခင်ညွန့် ပြုတ်သွားတဲ့အချိန်မှာ တိုက်ပွဲတွေ ပြန်ဖြစ်တာပဲ" ဟု နိုင်ငံရေးလေ့လာသူ ကိုဝင်းမင်းက ၁၉၉၄ မှစ၍ အစိုးရနှင့် တိုင်းရင်းသားအဖွဲ့များ သဘောတူခဲ့သော အပစ်အခတ်ရပ်စဲရေးမှာ ဗိုလ်ချုပ်ခင်ညွန့် ပြုတ်ကျပြီးနောက် ပျက်ပြယ်ခဲ့ခြင်းကို နမူနာပေးကာ ပြောသည်။

KNU ၏ အကြံပြုချက်အပေါ် သမ္မတဦးသိန်းစိန်က သူ့အနေဖြင့် ကျန်းမာရေးမကောင်းသော်လည်း တိုင်းပြည်နှင့် ပြည်သူလူထုက လိုအပ်ပါက ဆက်လက်ထမ်းဆောင်မည်ဟု ရယ်ရယ်မောမောဖြင့် ဖြေကြားခဲ့သည်။ ထိုကဲ့သို့ ပြောဆိုခြင်းမှာ ဒုတိယအကြိမ် ပြောဆိုခြင်းဖြစ်သည်။

ထို့ကြောင့် သမ္မတဦးသိန်းစိန်အနေဖြင့် ဒုတိယသက်တမ်း ဆက်လက်ထမ်းဆောင်လေမလား စဉ်းစားစရာဖြစ်လာသည်ဟု နိုင်ငံရေးလေ့လာသူများက ဆိုသည်။

"KNU အနေနဲ့လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို သမ္မတလုပ်တာဖြစ်တဲ့အတွက် သမ္မတဆက်လုပ်သင့်တယ်ဆိုတာကတော့ တစ်နည်းအားဖြင့် သမ္မတကြီးအတွက် ကြိုပြီး ကမ်ပိန်းလုပ်ပေးတဲ့သဘော၊ အားပေးတဲ့သဘောပေါ့" ဟု ချင်းအမျိုးသားတပ်ဦး အဓိပတိကောင်စီဝင်ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက သုံးသပ်သည်။

သို့သော် မြန်မာနိုင်ငံ၏ သမ္မတရွေးချယ်သော စနစ်မှာ ပြည်သူတိုက်ရိုက်ရွေးချယ်သော စနစ်မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ကြခြင်းဖြစ်သည်။

လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ဒုသမ္မတတစ်ဦးစီရွေးချယ်ရပြီး ထိုလွှတ်တော်နှစ်ရပ်ပေါင်းရှိ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ဒုသမ္မတတစ်ဦး ရွေးချယ်ရသည်။ ထိုဒုသမ္မတသုံးဦးမှ တစ်ဦးအား ပြည်ထောင်စုလွှတ်တော်က သမ္မတအဖြစ် ပြန်လည်ရွေးချယ်ရသည်။

သမ္မတဦးသိန်းစိန်အနေဖြင့် သမ္မတရာထူး လက်ခံပြီးနောက် ပါတီဥက္ကဋ္ဌနေရာကို လက်ရှိပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက တာဝန်ယူလျက် ရှိသည်။ သူရဦးရွှေမန်းအနေဖြင့်လည်း ၂၀၁၅ ခုနှစ်တွင် သမ္မတလုပ်လိုကြောင်း တရားဝင်ပြောဆိုထားသည်။ ဦးသိန်းစိန်အနေဖြင့် ဒုတိယသက်တမ်း ဆက်လက်တာဝန်ထမ်းဆောင်မည်ဆိုပါက ပြည်ခိုင်ဖြိုးပါတီအတွင်း သူရဦးရွှေမန်းနှင့် အပြိုင် သမ္မတလောင်း ပြန်လည်ရွေးချယ်ရတော့မည် ဖြစ်သည်။

"ရွေးကောက်ပွဲနီးလာရင်တော့ ဦးသိန်းစိန် ပြန်ဝင်၊ မဝင် ဆွေးနွေးကြလိမ့်မယ်။ ဘာကိုကြည့်မလဲဆိုရင် လုပ်ရပ်ကိုပဲကြည့်ရမှာပေါ့။ နှစ်ယောက်စလုံးက ဖြစ်နိုင်ခြေရှိတယ်" ဟု ပြည်ခိုင်ဖြိုးပါတီ ဗဟိုကော်မတီဝင် ဦးလှဆွေက သုံးသပ်သည်။

လက်ရှိပြည်ခိုင်ဖြိုးပါတီတွင်လည်းအုပ်စုနှစ်စုကွဲလျက်ရှိကြောင်း လွှတ်တော်အမတ်များက သုံးသပ်ကြသည်။ ယခင်အစိုးရလက်ထက်ဝန်ကြီးများက ဦးသိန်းစိန်ဘက်မှာရှိပြီး ခရိုနီဟုခေါ်ဆိုကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်လွှတ်တော်အမတ်များက ဦးရွှေမန်းအား ထောက်ခံကြသည်။

ပြည်ခိုင်ဖြိုးပါတီမှ ဒေသခံစီးပွားရေးလုပ်ငန်းရှင် အများစုမှာ မိမိမြို့ရွာဒေသတွင် နာမည်ကောင်းများ ရရှိလာသူများဖြစ်ကြသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ပြည်သူ့လွှတ်တော်အမတ် ဦးရဲထွန်းက ဆိုသည်။

ထို့အပြင် ဘာသာရေး၊ လူမျိုးရေးလှုပ်ရှားမှုများ ရှိနေသဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင်လည်း ပြည်ခိုင်ဖြိုးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီတို့ ပြည်မဒေသများတွင် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူများက ဆိုသည်။

ပြည်မဒေသတွင် နိုင်ခြေများသော NLD ပါတီအနေဖြင့်လည်း လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၅၉ (စ) အား မပြင်နိုင်ပါက ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရန် မလွယ်ကူပေ။

လက်ရှိအနေအထားတွင် NLD လွှတ်တော်အမတ်များအနေဖြင့် ဦးရွှေမန်းနှင့် ပိုမိုနီးစပ်သည့် အနေအထားဖြစ်နေသည်။

တိုင်းရင်းသားဒေသများတွင်မူ NLD ရော ပြည်ခိုင်ဖြိုးပါတီပါ အနိုင်ရဖို့ အခွင့်အလမ်းနည်းသည်။ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် လားရှိုးမြို့နယ်၌ NLD ပါတီ ရှုံးနိမ့်ခဲ့ခြင်းကို သုံးသပ်နိုင်သည်။

"လက်ရှိ လွှတ်တော်ထဲမှာရှိတဲ့ တိုင်းရင်းသားလွှတ်တော် အမတ်တွေ ပြန်အရွေးချယ်ခံရမယ်ဆိုရင် အဲဒီအမတ်တွေက ဦးရွှေမန်းကို ထောက်ခံကြလိမ့်မယ်" ဟု နိုင်ငံရေးလေ့လာသူ ကိုဝင်းမင်းက ဆိုသည်။

သို့သော် လက်ရှိတပ်မတော်ခေါင်းဆောင်များကမူ သူရဦးရွှေမန်းထက် လက်ရှိသမ္မတ ဦးသိန်းစိန်အား ပိုမိုနှစ်သက်ကြသည်ဟု တပ်မတော်အရာရှိအချို့က ဆိုသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် သမ္မတဦးသိန်းစိန်ဆက်လက်ထမ်းဆောင်မည်ဆိုပါက တပ်မတော်အနေဖြင့် ဦးသိန်းစိန်အား ရွေးချယ်နိုင်ကြောင်း တပ်မတော်အရာရှိအချို့က ဆိုသည်။

"တပ်မတော် ပြည်ခိုင်ဖြိုးက ပြည်မမှာ ၂၀ ရာခိုင်နှုန်းပဲနိုင်ရင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းနဲ့ပေါင်းလိုက်ရင် ဦးသိန်းစိန်က သမ္မတ ဖြစ်လာနိုင်တယ်" ဟု ဦးလှဆွေက သုံးသပ်သည်။

**ဆိုင် ၃၀၀ ကျော် တစ်ဆင်အောင်မြင်ပြီး**

**စက်သုံးဆီ ပန့်ဆိုင်သုံး**

**အင်ဗိုစ်မြန်မာ**

**ကွန်ပျူတာစနစ်**

**01-291442, 09-73203624**

**တစ်နိုင်ငံလုံးသို့ လိုက်လံတပ်ဆင်ပေးနေပါပြီ**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

နွားထိုးကြီးမြို့၊ အမှတ်(၅)ရပ်ကွက်ဦးစိန်ညွန့်+ဒေါ်တင်လှိုင်တို့၏ သားထွေး

**မောင်ဝေဖြိုးမောင် (AGTI-Mechanical)**

အမှတ်(၁) သံမဏိစက်ရုံ–မြင်းခြံနှင့်

မြင်းခြံမြို့ အမှတ် (၁၆) ရပ်ကွက်နေ ဦးမြင့်ဆွေ (အမက–ပျော်ခင်းသာ) + ဒေါ်နီနီသန်း (အထက ၁–မြင်းခြံ) တို့၏ သမီးကြီး

**မငြိမ်းအိဆွေ (B-Tech-IT)**

တို့သည်

(၇.၆.၂၀၁၄) တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ ဆွေမျိုး မိတ်သင်္ဂဟများ ဖိတ်ကြားပြီး စေ့စပ်ကြောင်းလမ်းပြီးစီး ပါကြောင်း။

**ဝန်ထမ်းအလိုရှိသည်**

❖ ယာဉ်မောင်း ကျား (၂) ဦး

- အသက် (၄၀) နှစ်အောက်၊ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။ အော်တိုဂီယာမောင်းနိုင်ရမည်။
- အိမ်စီးကားမောင်းဖူးသူဖြစ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး ကောင်းမွန်ရမည်။ ကွမ်းမစားသူဖြစ်ရမည်။
- ထမင်းစရိတ်၊ လမ်းစရိတ် နှင့် အချိန်ပိုကြေးများ ထပ်မံ ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ (၁၅.၆.၂၀၁၄) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

Education

7 DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014

# လေးတန်းနှင့် ရှစ်တန်းအစိုးရစစ်ပြန်ဖြစ်သောအခါ

■ဇော်မျိုးလှိုင်



*ယခုပညာသင်နှစ်မှစ၍ လေးတန်းနှင့် ရှစ်တန်းကို အစိုးရစစ်အဖြစ် ပြန်လည်ပြောင်းလဲလိုက်သည်*

ဓာတ်ပုံ – နစ်ကီ

ယခု ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများ၏ စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ၏ အတန်းတင်စာမေးပွဲများကို ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ဦးဆောင်စစ်ဆေးမည့်အစိုးရစနစ်သို့ပြောင်းလဲ စစ်ဆေးသွားတော့မည်ဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် ပြီးမြောက်ခြင်းစာမေးပွဲ(စတုတ္ထတန်း)ကို သက်ဆိုင်ရာခရိုင်ပညာရေးမှူးဦးဆောင်သည့်စာစစ်အဖွဲ့က စစ်ဆေးသွားမည်ဖြစ်ပြီး အလယ်တန်းအဆင့် ပြီးမြောက်ခြင်းစာမေးပွဲ(အဋ္ဌမတန်း)ကိုပြည်နယ်နှင့် တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးက ဦးဆောင်သည့်စာစစ်အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဖြစ်သည်။

“အခု ပညာရေးက စနစ်အမျိုးမျိုးနဲ့လုပ်နေတာတွေရှိတယ်။ လေးတန်းနဲ့ရှစ်တန်းကို ခရိုင်နဲ့ တိုင်းက စစ်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနရဲ့ဗဟိုချုပ်ကိုင်စရာမလိုတော့ဘဲ ခရိုင်တွေကနေ လုပ်ပိုင်ခွင့်တွေပိုရလာမယ်။ ပိုလုပ်ချင်ကိုင်ချင်စိတ်တွေဖြစ်လာမယ်။ ပညာရေးစနစ်ဘက်မှာ ပိုပြီးအကျိုးရှိသွားသလို ကလေးတွေအတွက်လည်းပိုပြီးခက်ခဲလာနိုင်တယ်။ အဓိကအရည်အသွေးကပိုအရေးကြီးတယ်”ဟု နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေးဒေါက်တာအောင်ထွန်းသက်ကပြောသည်။

ယခင်က ပညာရေးဝန်ကြီးဌာနသည် မူလတန်းမှ နဝမတန်းအထိကျောင်းတွင်းစစ်ဆေး၍ သတ္တမတန်းအထိ အအောင်ပေးနေသောစနစ်ကိုကျင့်သုံးနေပြီး ဒသမတန်းသို့ရောက်ရှိမှသာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအမည်ဖြင့် ပညာရေးဝန်ကြီးက တာဝန်ပေးသူက ဦးဆောင်သော စာစစ်အဖွဲ့က ပြည်တွင်းစာစစ်ဌာနများအတွက် မေးခွန်းတစ်စုံနှင့် ပြည်ပစာစစ်ဌာနအတွက် မေးခွန်း၁၀စုံ စုစုပေါင်း ၁၁ စုံထုတ်ဝေပြီး ဖြေဆိုရသည့်အစိုးရစစ်စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်တွင် အခြေခံပညာအဆင့်စာမေးပွဲကို အခန်းဆုံးစနစ်ဖြင့် စစ်ဆေးနေခြင်းဖြစ်ပြီး ယခုလို အစိုးရစစ်စနစ်ပြောင်းလဲကျင့်သုံးပါကသင်ခန်းစာအားလုံးထဲမှ မေးခွန်းထုတ်၍စစ်ဆေးသော စနစ်ကို ဆောင်ရွက်မည်ဖြစ်သည်။

“ဟိုတုန်းက စဉ်ဆက်မပြတ်အကဲဖြတ်တာ မူအားဖြင့်ကောင်းတယ်။ လက်တွေ့မလုပ်နိုင်တဲ့အတွက် အရည်အသွေးကျတယ်။ အခုလိုမျိုး စစ်ဆေးတာက တတ်မြောက်မှုအရည်အသွေးကို မြှင့်တင်ချင်တဲ့အတွက်စစ်ဆေးတာ။ စာမေးပွဲကို ဗဟိုပြုတာမဟုတ်ဘဲနဲ့ အလွတ်ကျက်ရုံနဲ့မရတဲ့ စဉ်းစားတွေးခေါ်ရတဲ့ မေးခွန်းတွေပါလာတော့ ပိုခက်လာမယ်။ အအောင်၊ အကျတွေရှိလာပေမယ့် ကလေးတွေအတွက်တတ်မြောက်မှု အရည်အသွေးက ပိုမြင့်လာမယ်”ဟု အမှတ်(၁)အခြေခံပညာ ဦးစီးဌာန (အောက်မြန်မာပြည်)ဒု–ညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းက ပြောသည်။

စာမေးပွဲစနစ်ပြောင်းလဲသွားသည့်အတွက် ယခင်ကဲ့သို့အတန်းတင်စနစ်ဖြင့် ရာနှုန်းပြည့်အောင်ချက်များမရှိနိုင်တော့ဘဲ အောင်ခြင်း၊ ကျခြင်းရှိလာနိုင်ပြီး စာမလိုက်နိုင်သည့် ကျောင်းသားများအနေဖြင့် ကျောင်းကိုစွန့်ခွာ၍လုပ်ငန်းခွင်သို့ဝင်ရောက်သွားနိုင်ခြေရှိလာနိုင်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူး ဦးလှစိန်ထွန်းကသုံးသပ်သည်။

“တစ်ဖက်မှာ အရည်အသွေးကောင်းမွန်တဲ့ကျောင်းသားတွေထွက်လာနိုင်သလို ကျောင်းထွက်သွားရတဲ့ အလေအလွင့်ကလေးတွေလည်း ပိုများလာနိုင်တယ်။ လေးတန်းကနေ တစ်ခါ ကန့်၊ ရှစ်တန်းကနေတစ်ခါကန့် လိုက်ရင် ဆယ်တန်းကိုရောက်ဖို့တော်တော်ခက်သွားပြီ။ ကျောင်းသားတိုင်းက ဆယ်တန်းပညာကို သင်ဖူးတဲ့လူနည်းသွားမယ်”ဟု ဦးလှစိန်ထွန်းကပြောသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ပြန်ခဲ့သော စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းပေါင်းလေးသောင်းကျော်ရှိပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ငါးသန်းကျော်၊ အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူနှစ်သန်းကျော်နှင့်အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူခြောက်သိန်းခွဲကျော်သာကျန်ရှိတော့သည်။

“ဒီစနစ်က အရင်စနစ်ထက်ထိရောက်တယ်။ အစပိုင်းတော့ နည်းနည်းအခက်တွေ့နိုင်တယ်။ အခုသွားနေတဲ့ပုံစံက အတန်းတင်ပေးတာဆိုတော့လေ။ တချို့ကလေးတွေကလည်း မိဘတွေတောခေါ်သွားတာမျိုး။ အိမ်အလုပ်ကိုလုပ်ကိုင်ပေးရတဲ့အခါကျတော့ ကျောင်းပျက်တာများတာမျိုးတွေဖြစ်လာပြီး အခက်တွေ့နိုင်တယ်။ သူတို့ ကိုယ်တိုင်ကလည်း အချိန်တန်ရင် အောင်မှာပဲဆိုတာမျိုးနဲ့ ကြိုးစားအားထုတ်မှုအားနည်းတဲ့ကလေးတွေအခက်တွေ့နိုင်တယ်”ဟု မကွေးတိုင်း ဒါန်းပင်ကန် ကျေးရွာရှိ အမှတ်(၂၉)မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင့်ထူးဦးကပြောသည်။

၁၉၈၀ပြည့်နှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)ခေတ်တွင် အခြေခံပညာကျောင်းများ၌ စတုတ္ထတန်း၊ သတ္တမတန်း၊ နဝမတန်းနှင့် ဒသမတန်းကို အစိုးရစစ်အနေဖြင့် စစ်ဆေးခဲ့ပြီး တက္ကသိုလ်ဝင်တန်းဖြစ်သည့် ဒသမတန်းအောင်စာရင်း၏ တစ်နိုင်ငံလုံးအတိုင်းအနေဖြင့်အောင်ချက်ရာခိုင်နှုန်းမှာ ၁၄ရာခိုင်နှုန်းအောက်တွင်သာရှိခဲ့သည်။ အောင်မြင်သည့်ကျောင်းသားများအနေဖြင့် တတ်မြောက်မှု အရည်အသွေးမြင့်မားပြီးတက္ကသိုလ်တက်ရောက်ပြီးစီး၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် ပိုမိုအဆင်ပြေခဲ့သည်။

“ဟိုးအရင်တုန်းကဆိုရင် တက္ကသိုလ်တက်နေတဲ့ ကျောင်းသားတွေကို လူတိုင်းကလေးစားအားကျကြတယ်။ တစ်မြို့နယ်လုံးမှ ဆယ်တန်းကိုတစ်ယောက်အောင်ဖို့ ခဲယဉ်းတယ်။ အခုကျတော့ ဆယ်တန်းအောင်၊ တက္ကသိုလ်တက်တဲ့ ကလေးတွေကလည်း အရမ်းများ၊ ကျောင်းပြီးတော့အလုပ်အကိုင်တွေရှာမရလို့ ယောင်ချာချာဖြစ်နေတဲ့ လူငယ်တွေ အများကြီးတွေ့နေရတယ်”ဟု ဒဂုံမြို့နယ်မှ အသက်(၆၀)အရွယ်ဦးကျော်မင်းကပြောပြသည်။

**စာမျက်နှာ (၁၆) သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# အခြေခံပညာကျောင်းများတွင် ထောက်ပံ့ကြေးပေးထားပြီးဖြစ်၍ စာသင်နှစ်အတွင်း မည်သည့်အလှူငွေမျှ မကောက်ရဟုဆို

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဇွန်-၇**

အခြေခံပညာကျောင်းများသို့ ထောက်ပံ့ကြေးများပေးထားသောကြောင့် ယခုပညာသင်နှစ်အတွင်း ကျောင်းသူ၊ ကျောင်းသားများထံမှ အလှူငွေကောက်ခံမှုများရှိပါက ထိထိရောက်ရောက်အရေးယူသွားမည်ဖြစ်ကြောင်းအမှတ်(၁) အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ သတင်းရရှိသည်။

"အခုနှစ်ကစပြီး မူလတန်း၊ အလယ်တန်းကျောင်းသူ၊ ကျောင်းသားတွေ ကျောင်းကို အခမဲ့တက်လို့ရပြီ။ မနှစ်ကလည်း မူလတန်းသင်တဲ့ ကျောင်းတွေကို ကျောင်းသားဦးရေအလိုက် ထောက်ပံ့ပေးထားတယ်။ ဒီနှစ်လည်း ဒီထက်မြှင့်ပြီး ထောက်ပံ့ပေးသွားဖို့အစီအစဉ်ရှိတယ်။ ဒါကြောင့်ကျောင်းသားတွေဆီက နေထပ်ပြီးမကောက်စေချင်တော့ဘူး။ ကောက်တယ်လို့ အထောက်အထား တိတိကျကျနဲ့ လာတိုင်ရင် အဲဒီကျောင်းကို ထိထိရောက်ရောက်အရေးယူသွားမယ်" ဟု အမှတ် (၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ပြောသည်။

ပြီးခဲ့သည့် ပညာသင်နှစ်တွင် မူလတန်းသင်ကြားပေးနေသည့် အခြေခံပညာကျောင်းများအားကျောင်းရှိကျောင်းသားဦးရေအလိုက် ထောက်ပံ့ကြေးငွေကျပ်တစ်သိန်းမှလေးသိန်းအထိထောက်ပံ့ပေးနေပြီး ယခုနှစ်တွင် အလယ်တန်းရှိသည့် ကျောင်းများကိုပါ အသေးသုံးထောက်ပံ့ကြေး ငွေများပေးရန် အစီအစဉ်ရှိကြောင်း အမှတ် (၁) အခြေခံ ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှသိရသည်။

ပြီးခဲ့သည့် နှစ်ကပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးထားခြင်းဖြစ်ပြီး ယခုနှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ထောက်ပံ့ကြေးများပေးသွားမည်ဖြစ်သည်။

"ကျောင်းတက်နေတုန်း ဘာဖိုး၊ ညာဖိုးတွေ မကောက်ရတော့ဘူးဆိုတော့ကောင်းပါတယ်။ စုပြီး ထည့်ရမယ်ဆိုတော့ တစ်ယောက်ကို ဘယ်လောက်နှုန်းဆိုတာထက်စာရင် ကိုယ်ထည့်ချင်တဲ့ အလှူငွေကို ထည့်လို့ရသွားတာပေါ့"ဟု ကြည့်မြင်တိုင်မြို့နယ်ရှိ ကျောင်းသားမိဘတစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းက ပြောသည်။

အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ကြေးပေးရာ၌ ကျောင်းဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် အသေးသုံးငွေများဖြစ်ပြီး မိမိကလေးများကို ပိုမိုလေ့ကျင့်ပေးစေလိုသည့် မိဘများအနေဖြင့် ကိုယ်တိုင်စုဖွဲ့၍ ကျောင်းသို့ တရားဝင်လှူဒါန်းနိုင်ပြီး အဆိုပါငွေကြေးများကို တရားဝင်လက်ခံ၍ ပွင့်လင်းမြင်သာစွာ စာရင်းရှင်းလင်းပြသပေးရမည်ဖြစ်သည်။

ထို့အပြင် ပညာရေးပြက္ခဒိန်တွင် ပါဝင်သော လုပ်ငန်းများဖြစ်သည့်ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဆရာကန်တော့ပွဲကျင်းပခြင်း၊ ကထိန်ပွဲ၊ စုံညီပွဲတော်စသည့် ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ် ဖွံ့ဖြိုးရေးအတွက် ပြုလုပ်သည့် ပွဲတော်များတွင်လိုအပ်သည့်ငွေကြေးများကို ကျောင်းကော်မတီ နှင့်တိုင်ပင်၍ ကောက်ခံခွင့်ရရှိမည်ဖြစ်ကြောင်း ဦးစိုးဝင်းက ပြောသည်။

"ဒီလိုထောက်ပံ့ပေးခြင်းအားဖြင့် ကျောင်းနေနှုန်းတွေ တိုးလာမယ်။ ကျောင်းထွက်နှုန်းတွေလျော့ကျသွားမယ်။ မိဘတွေရဲ့ အစီအစဉ်၊ NGO က အစီအစဉ်လှူတာမျိုးကို လက်ခံတယ်။ ကျောင်းက လုပ်ချင်လို့ တောင်းတာမျိုးတော့ မရဘူး။ ဝန်ကြီးဌာနကလည်း တာဝန်ယူထောက်ပံ့ပေးတယ်။ မိဘများကလည်း ဝိုင်းဝန်းစုပေါင်း ပံ့ပိုးကြပါ" ဟု ဦးစိုးဝင်းက ပြောသည်။

အောက်မြန်မာပြည်ရှိ မြို့နယ် ၉၈ မြို့နယ်ထဲမှ ဆင်းရဲနွမ်းပါးပြီးမိခင်တစ်ဦးတည်းတာဝန်ယူပြုစုစောင့်ရှောက်ရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မောင်နှမများပြားသည့် မိသားစုများမှ ကျောင်းသား၊ ကျောင်းသူများအား ရွေးချယ်၍ ပညာသင်ထောက်ပံ့ကြေးများ ပေးသည့်အစီအစဉ်ကိုလည်း ယခုနှစ်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ သိရသည်။

စာမျက်နှာ (၁၅) မှ

## လေးတန်းနှင့် ရှစ်တန်းအစိုးရစစ်ပြန်ဖြစ်သောအခါ

ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ စစ်ဆေးသည့်အစိုးရစစ်စနစ်သို့ ကူးပြောင်းသွားသောကြောင့် ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းကိုအလွတ်ကျက်မှတ်ပြီး ဖြေဆိုရသည့်စနစ်မျိုးနည်းပါးသွားကာ အတန်းပိုင် ဆရာ၊ ဆရာမများထံတွင် ဝိုင်း၊ ကျူရှင်တက်ရသည့်စနစ်များ လျော့ပါးသွားနိုင်ကြောင်း ကျောင်းသားမိဘများထံမှသိရသည်။

"ကလေးကတော့ ပိုပင်ပန်းမှာပေါ့။ အရင်ကလို ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေလို အလွတ်ကျက်စနစ်မျိုးမဟုတ်တော့ဘူး။ အကုန်သင်ပြီး အကုန်ကျက်ရတော့မယ်။ အရင်ကလို အတန်းပိုင်ဆရာမဆီမှာ မေးခွန်းရအောင်၊ အဆင့်တက်အောင် ကျူရှင်တို့၊ ဝိုင်းတို့ သွားတက်စရာမလိုတော့ဘူး။ တကယ်စာသင်ပေးမယ့် ကျူရှင်မျိုး၊ ဆရာမျိုးကို အဲဒီလို ကိုယ်ကြိုက်တဲ့ဆရာ၊ ဆရာမဆီမှာသွားတက်လို့ရနိုင်မယ်ထင်တယ်"ဟု ကြည့်မြင်တိုင်မြို့နယ်မှ ကျောင်းသားမိဘတစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းကပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်လက်ထက်တွင် အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်မှ ပညာရေးကဏ္ဍအတွက်ချမှတ်ပေးသည့် ဘဏ္ဍာငွေပမာဏမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးမြှင့်ချထားပေးလာသည့်အပြင် ပညာရေးမူဝါဒများကိုလည်း ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နေသည်။

"ဒါတွေ အားလုံး လုပ်ရင်ရတဲ့ ရလဒ်ကဘာလဲ။ ကိုယ်လိုချင်တဲ့ အရည်အသွေးရှိတဲ့ ကလေးတွေဖြစ်ဖို့လိုတယ်။ ကျောင်းပြီးတာနဲ့ လုပ်ငန်းခွင်ကို ချက်ချင်းတန်းဝင်နိုင်တဲ့ ကလေးမျိုးတွေဖြစ်ရမယ်။ စနစ်ဆိုတာထက်ကို ရတဲ့ရလဒ်က ပိုအရေးကြီးတယ်။ ဦးတည်ချက်ကို မမေ့သင့်ဘူး။ ပြီးတော့ မကြိုးစားလို့မဟုတ်ဘဲနဲ့ ကျောင်းဆက်မတက်နိုင်တော့တဲ့ ကလေးတွေကို ဘာလုပ်ပေးနိုင်မလဲဆိုတာကိုလည်း ပြန်စဉ်းစားဖို့လိုတယ်"ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်ကပြောသည်။



# ကိုရီးယားသို့ တရားဝင်လုပ်သားစေလွှတ်မှု စာချုပ် နှစ်ကုန်တွင် သက်တမ်းတိုးမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၇**

ကိုရီးယားသို့မြန်မာအလုပ်သမားစေလွှတ်မှုနှစ်နိုင်ငံ သဘောတူ စာချုပ်ကို ယခုနှစ်ကုန်တွင် အသစ်ပြန်လည်ချုပ်ဆိုမည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမန်နေဂျင်း ဒါရိုက်တာဦးဝင်းမြင့်က ပြောသည်။

ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်မှုကို ၂၀၁၀ ပြည့်နှစ်မှစ၍ ကိုရီးယားလူသားအရင်းအမြစ်ဌာန (HRD Korea–n Center)နှင့် မြန်မာအစိုးရ နှစ်နိုင်ငံလေးနှစ်သဘောတူစာချုပ် (MOU)ကို လက်မှတ်ရေးထိုးပြီး လုပ်သား စေလွှတ်လျက်ရှိသည်။ ယခုစာချုပ်မှာ ယခုဒီဇင်ဘာလတွင် ကုန်ဆုံးသွားမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ MOU စာချုပ်ကို ဒုတိယအကြိမ် ပြန်လည်ချုပ်ဆိုရန် နိုဝင်ဘာလတွင် စတင် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*EPS-TOPAK* ***စာမေးပွဲအောင်စာရင်းကြည့်ရှုနေသူများ***　ဓာတ်ပုံ – ကျော်ဇင်သန်း

"MOU သက်တမ်းထပ်တိုးဖို့က ပြန်ညှိရဦးမယ်။ ညှိပြီးမှ ထိုးရမှာပေါ့။ ညှိနေတုန်း အရင် MOU သက်တမ်းကုန်ချိန်ရောက်နေပေမယ့်လည်း ဆက်ပို့နေလို့ရတယ်။ ညှိနေတုန်း MOU သက်တမ်းကုန်သွားလို့ လုပ်သားပို့လို့မရတော့ဘူးဆိုတာတော့ မရှိပါဘူး"ဟု ဦးဝင်းမြင့်ကပြောသည်။

ကိုရီးယားနိုင်ငံက ၁၁ နိုင်ငံမှ အလုပ်သမားများကို ၎င်းတို့နိုင်ငံအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းတို့တွင် အလုပ်လုပ်ကိုင်ရန် လုပ်သားခေါ်ဆိုနေရာ မြန်မာအလုပ်သမားများသည် အလုပ်ရှင်သဘောကျ၍ နှစ်စဉ်ခေါ်ယူမှုနှုန်းမြင့်တက်လာခဲ့သည်။ ထိုသို့လုပ်သားခေါ်ယူမှုနှုန်းမြင့်တက်လာသည်နှင့်အမျှ တရားမဝင်နေထိုင်သည့် လုပ်သားအရေအတွက်မှာလည်း တဖြည်းဖြည်းမြင့်တက်လာသည်။

အဆိုပါတရားမဝင်လုပ်သားအရေအတွက်မြင့်တက်လာခြင်းသည် နှစ်နိုင်ငံသဘောတူစာချုပ်အပြင်လုပ်သားစေလွှတ်မှု အပိုင်းတွင် ထိခိုက်လာနိုင်ဖွယ်များရှိသည်။ ထို့ကြောင့်အစိုးရမှ ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ခံဝန်ကတိစာချုပ်စပေါ်ငွေအဖြစ် ကျပ် ၁၅ သိန်းယာယီပေးသွင်းရမည်ဖြစ်သည်။

ထို့အပြင် သတ္တမအကြိမ် ကိုရီးယားဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ (EPS TOPIK)စာမေးပွဲအောင်စာရင်းသည်ဇွန်လ ၁၁ရက်တွင် ထွက်ရှိမည် ဖြစ်သည်။ အဆိုပါစာမေးပွဲဖြေဆိုအောင်မြင်သည့် မြန်မာအလုပ်သမားများသည် ဇူလိုင် ၂၉ရက်မှစ၍အလုပ်လျှောက်လွှာနှင့်အတူ ၎င်းတို့ဘဏ်စာရင်းစာအုပ်ပါ ပူးတွဲ၍အလုပ်လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ယင်း ကဲ့သို့ ဘဏ်စာအုပ်တောင်းခံရခြင်းသည် ကိုရီးယားတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး နေရပ်သို့ပြန်သည့်အခါ ၎င်းတို့အကျိုးခံစားခွင့်အာမခံကြေးများကို အလုပ်သမားများက ထုတ်ယူသွားခြင်း မရှိခြင်းကြောင့် ဖြစ်သည်။

ကိုရီးယားနိုင်ငံရောက် မြန်မာများအနက်စာချုပ်အတိုင်းမလုပ်ဘဲအလုပ်ပြောင်းသွားသောကြောင့်၊ ပြန်မလာသောကြောင့် စသဖြင့် တရားမဝင်ဖြစ်သွားသော မြန်မာလုပ်သားအရေအတွက် ၆၀၀ ကျော်ရှိသည်။ထိုကဲ့သို့တရားမဝင်လုပ်သားအရေအတွက်မြင့်တက်လာခဲ့၍ ၂၀၁၄ နှစ်ဆန်းပိုင်းက ကိုရီးယားအစိုးရဘက်မှ မြန်မာအလုပ်သမားများ အားဗီဇာထုတ်ပေးခြင်းကို ဆိုင်းငံ့ခဲ့သည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
ကုမ္ပဏီကားမောင်းရန် ယာဉ်မောင်း အမြန်အလိုရှိသည်။ လစာ–ညှိနှိုင်း
ဖုန်း– ၀၉–၂၀၂၁၂၉၅

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Manager (1) Post
Manager (1) Post
ယာဉ်မောင်း (2) Posts
စတိုစာရေး (2) Posts
Yellow Hand ကွန်ကရစ်အုတ်ရိုက်စက်
ဖုန်း–၀၉ ၇၃၁၉၉၄၁၀

---

**အလိုရှိသည်**
AutoCAD, 3dsMax, Revit Full Time/Part Time သင်ကြားပြသနိုင်သူ ဆရာ/ဆရာမများအလိုရှိပါသည်။
Email:ctmyanmar@gmail.com
ဖုန်း–၀၉ ၂၅၀၆၅၁၀၇၄

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းစာရေးမ (၃) ဦး
ယာဉ်မောင်း (၃) ဦး
ဖုန်း–၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**
Project Manager M (1) Post
Project Architect M/F (2) Posts
BE(Civil Engineer) M (1) Post
QS (Quality Surveory) M/F (2) Posts
Driver M (5) Posts
Email:hr@beavergroup.net
PH:09 31587221

---

**ဝန်ထမ်းအလိုရှိသည်**
ဆိုင်ဝန်ထမ်း ကျား (၁) ဦး
အလုပ်ချိန် နံနက် (၁၀) နာရီမှ ည (၉နာရီခွဲ)အထိ အခြေခံလစာ ငါးသောင်းကျပ်+ရက်မှန်ကြေး၊ တစ်လ ခွင့် နှစ်ရက်၊ သဃ်န်းကျွန်း၊ သုဝဏ္ဏနေထိုင်သူ ဦးစားပေးမည်။
ဖုန်း–၀၉ ၄၂၀၀၉၄၂၈၅

---

**ဝန်ထမ်းအလိုရှိသည်**
စိုက်ပျိုးရေးခြံလုပ်သား (၁၀) ဦး
(စရိတ်ငြိမ်း–ခြောက်သောင်းကျပ်)။
ဖုန်း–၀၉၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**
Admin Staff M (3) Posts
၁၀ တန်းအောင်(သို့) ဘွဲ့ရ၊ စာရင်းဇယားများ ကျွမ်းကျင်။
အခန်းအမှတ် (၃၀၂)၊ ၃ လွှာ၊ တိုက်ဘီ၊ ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၅၄၆၃၀၆

---

**ဝန်ထမ်းအလိုရှိသည်**
Office Secretary (1) Post
Tele Marketing F (3) Posts
Marketing M/F (3) Posts
ဖုန်း–၀၉ ၄၂၁၀၆၂၀၀၀

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် မ (၁) ဦး
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
Email:chunchunlim@gmail.com
ဖုန်း–၀၉ ၇၃၀၅၈၇၄၄

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist F (4) Posts
Housekeeping M/F (6) Posts
Waiter M (1) Post
နေစရိတ်၊ စားစရိတ်အပြီးအစီး။
ဖုန်း–၀၉ ၄၂၀၀၈၄၅၅၅
APPLIED ENGINEERING Group
Air Con Leader M (1) Post
Air Con Helper M (2) Posts
PH:09 73056441
Famous Land Travel Co.,Ltd
Office Staff M/F (3) Posts
PH:09 73630974

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၁) ဦး
Graphic Designer ကျား (၁) ဦး
အမှတ် (15/A5)၊ ပြည်လမ်း၊ ၉ မိုင်/အေဝမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၄၃၂၀၅၀၁၈

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing M/F (4) Posts
နယ်ထွက်နိုင်ရမည်။ အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ (၂၀.၆.၂၀၁၄) နောက်ဆုံး။
တိုက် (၈၈၈)၊ အခန်း (၀၀၄)၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
Civil Engineer M/F (1) Post
Above 2year experience.
လစာအပြင် % ခံစားခွင့်ရှိသည်။
ဖုန်း–၀၉ ၄၂၁၀၀၂၈၉၆

---

**အလိုရှိသည်**
Japan စာသင်ရန် ဆရာ၊ ဆရာမများအလိုရှိသည်။ Japan စာ N4,N3 အောင်မြင်ထားသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ UFL ကျောင်းဆင်းဖြစ်ပါက ဦးစားပေးမည်။
No.125/A,Bogyoke Aung San Road,
Bothaung Township,Yangon.
PH:01 200391,397245

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးအတွင်းရေးမှူး (၁) ဦး
ရုံးဝန်ထမ်း မ (၂) ဦး
Marketing ဝန်ထမ်း ကျား/မ (၃) ဦး
Driver ကျား (၂) ဦး
၁၅.၆.၂၀၁၄ နောက်ဆုံး။
ဖုန်း–၀၉ ၃၃၄၇၉၅၅၈

---

**ဝန်ထမ်းအလိုရှိသည်**
အထည်ညှပ်သမား (၂) ဦး
ကလေးဝတ်အထည်ချုပ်ရုံ (သို့) တစ်ဦးချင်းယူချုပ်လိုသူများ
အရောင်းဝန်ထမ်း မ (၂) ဦး
စာရေးမ (ကွန်ပျူတာအခြေခံကျွမ်းကျင်) မ (၁) ဦး
ဖုန်း–၀၉ ၅၁၈၇၁၃၂

---

**ဝန်ထမ်းအလိုရှိသည်**
IT & Mobile အရောင်းဝန်ထမ်း
ကျား/မ (၃) ဦး
Computer & Mobile Technician
ကျား (၅) ဦး
အထွေထွေရုံးအကူဝန်ထမ်း
ကျား/မ (၂) ဦး
အမှတ်–၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်း၊ တောင်ဘက်ခြမ်း( ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်)။

---

**ဝန်ထမ်းအလိုရှိသည်**
Site Engineer (3) Posts
B.E/B.Tech/AGTI (Civil)၊ လုပ်ငန်းအတွေ့အကြုံ ၂ နှစ်နှင့်အထက်။ Site ကို တာဝန်ယူဆောင်ရွက်နိုင်ရမည်။
Email:knkmahar@gmail.com
ဖုန်း–၀၁ ၄၃၀၈၈၇

---

**ဝန်ထမ်းအလိုရှိသည်**
Marketing (1) Post
Able to Communicate in English with Hotel Background. At lease 2 Year Experience.
Bahan Township.
PH:01 553700

---

**ဝန်ထမ်းအလိုရှိသည်**
Sales & marketing Manager
M/F(1) Post
Sales & marketing Staff M/F (10) Posts
Graphic Designer M/F (1) Post
Android Developer M/F (2) Posts
Email:hr.directoryservice@gmail.com
PH:95–9–8635828

---

**ဝန်ထမ်းအလိုရှိသည်**
**အမြတမ်းစံ အိမ်ခြံမြေအကျိုးဆောင်**
အမျိုးသမီး marketing ဝန်ထမ်းအလိုရှိသည်။ Commission ကောင်းကောင်းရပါမည်။
C–119,GF,မုဒိတာ ကွန်ဒို၊ ဗဟိုလမ်း၊ သမိုင်းလမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်။
ဖုန်း–၀၉ ၃၁၇၇၆၄၇၇

---

**ဝန်ထမ်းအလိုရှိသည်**
အငယ်တန်းအင်ဂျင်နီယာ (JE) ကျား (၁) ဦး၊ AGTI (Civil),B.Tech (Civil) တောင်ငူ လုပ်ငန်းခွင်ရုံး၌ နေထိုင်ရမည်။
အမှတ် (၃၈)၊ ငါးလွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်။
ဖုန်း–၀၁ ၅၃၀၇၁၃

---

**အလိုရှိသည်**
Foreign Mission တွင် တာဝန်ထမ်းဆောင်ရန် အတွင်းရေးမှူး (Secretary) အမျိုးသမီး တစ်ဦးအလိုရှိသည်။ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်ပြီး၊ လုပ်သက် သုံးနှစ်ရှိရမည်။ CV နှင့် ဓာတ်ပုံကို Email: tztztz78@gmail.comသို့ ပေးပို့ရန်။

---

**ဝန်ထမ်းအလိုရှိသည်**
ကားပစ္စည်းဖြန့်ချိခြင်းစိတ်ပါဝင်စားသူ အမျိုးသားဝန်ထမ်း (၂) ဦးအလိုရှိသည်။ အသက် ၂၅ မှ ၃၀ နှစ်အတွင်းဖြစ်ရမည်။ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူ ဦးစားပေးမည်။
ဖုန်း–၀၉ ၄၅၀၀၆၃၄၃၅

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးလုပ်ငန်းစာရေး မ (၁) ဦး
အဆောင်မှူး မ (၁) ဦး
ဒရိုင်ဘာ(အချိန်ပိုင်း) (၁) ဦး
တစ်ပတ်လေးရက်)
အထွေထွေလုပ်သား ကျား (၁) ဦး
ဖုန်း–၀၉ ၇၃၀၃၂၉၃၁

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# စေတနာကျောင်းများ တကယ် အဆင့်မြှင့်တင်လိုသည်ဆိုလျှင်

**နေလင်းထွန်း**

အစိုးရသစ်က အခမဲ့မူလတန်းနှင့် အလယ်တန်းပညာရေးစနစ်ဟု ကြွေးကြော်နေချိန်တွင် အခမဲ့ဟုဆိုသော အစိုးရကျောင်းများတွင် ပညာသင်ယူရန် မတတ်နိုင်သောကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်ပညာသင်ယူသော ကလေးဦးရေမြင့်တက်လာနေပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း ဘုန်းတော်ကြီးသင်ပညာရေး မူလတန်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း စုစုပေါင်း ၁,၅၉၇ ကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ အရေအတွက်မှာ နှစ်သိန်းခုနစ်သောင်းခန့်ရှိနေပြီဖြစ်သည်။

အမေ့လျော့ခံဖြစ်နေသော ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများရှိ ကလေးငယ်များ၏ ပညာရေးအတွက် နိုင်ငံတော်နှင့် နိုင်ငံသားများအနေဖြင့် ပိုမိုအလေးထားဂရုပြုမှုနှင့် ကူညီပံ့ပိုးထောက်ပံ့မှုများ တိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ယူသော ကျောင်းသားဦးရေမြင့်တက်လာမှုနှင့်အတူ မူလတန်းကျောင်းများကို အလယ်တန်းအဆင့်၊ အလယ်တန်းကျောင်းများကို အထက်တန်းအဆင့်သို့ တိုးမြှင့်ပေးရန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းထိုင်ဆရာတော်များက တောင်းဆိုနေကြသည်။

ယခုနှစ်များတွင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အရေအတွက် မြင့်တက်လာခဲ့သော်လည်း အထက်တန်းကျောင်းနှစ်ကျောင်းနှင့်အလယ်တန်းကျောင်း ၁၀၉ ကျောင်းသာ တည်ထောင်ဖွင့်လှစ်ခွင့်ပြုထားခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့နှစ်ကတော့ တောတိုက်ဘက်မှာ အလယ်တန်းရယ်၊ အထက်တန်းရယ်တွဲပြီး သင်ရတယ်။ ဒီနှစ်ရောက်တော့ သင်ခွင့်မရတော့ပါဘူး။ အခက်အခဲတွေဖြစ်လာတာပေါ့။ တွဲကျောင်းတွေကို တစ်နှစ်နားပြီးတော့မှ ပြင်ပဖြေဖို့ပြောပါတယ်။ နောက်တစ်ခါပြန်စည်းဝေးလိုက်တဲ့အခါမှာ ကိုယ့်ကျောင်းကနေကိုယ့်ဘာသာကားငှားပြီး ဆရာတော်ကျောင်းကို သွားသင်ရမယ်"ဟု မင်္ဂလာဒုံမြို့နယ်ရှိ မြသိင်္ဂီသီလရှင်ပညာရေးကျောင်းမှ ဆရာလေး ဒေါ်သီလဝတီက ပြောသည်။

ယခင်နှစ်က သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၈၈၀ ဦးကို ပညာသင်ကြားပို့ချခဲ့သော်လည်း ယခုနှစ်တွင် နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားခွင့် ကန့်သတ်ခံ လိုက်ရကြောင်း ဒေါ်သီလဝတီက ဆိုသည်။

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့ရှိ နောင်တောင်းပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် မေလ ၂၉ ရက်မှ ၃၁ ရက်အထိ ပြုလုပ်ခဲ့သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ညီလာခံတွင်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်မြှင့်တင်ရေးကို ဦးစားပေးတောင်းဆိုခဲ့ကြသည်။

သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် အလယ်တန်းနှင့် အထက်တန်းအဆင့်သို့ တိုးမြှင့်နိုင်ရန် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်နေပြီး လက်ရှိတွင် အဆင့်တိုးမြှင့်သတ်မှတ်နိုင်ရန် နှောင့်နှေးမှုများရှိနေသည်။

"အထက်တန်းအဆင့် ၆ ကျောင်းနဲ့ အလယ်တန်းအဆင့် ၃၅ ကျောင်းကို တိုးမြှင့်ဖို့ ၂၀၁၂ ခုနှစ်ကတည်းက ဒေါက်တာမြအေးနဲ့အတူ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း လက်ရှိအချိန်ထိ အကောင်အထည်မပေါ်သေးဘူးဆိုတာလည်း ဝန်ခံပါရစေ။ သို့သော်လည်း အလင်းရောင်ခြည်လေးတော့ သန်းလာပါပြီ။ အလယ်တန်းအဆင့်ကို တိုးမြှင့်နိုင်ရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေတဲ့အတွက်ရလဒ်ကိုစောင့်စားပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင် ဆောင်ရွက်သွားမယ်"ဟု သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများညီလာခံတွင် သံဃာတော်များအား လျှောက်ထားသည်။

မြန်မာနိုင်ငံတွင် ရပ်ကွက်၊ ကျေးရွာများ၏ ၆၀ ရာခိုင်နှုန်းနီးပါးတွင်သာအခြေခံပညာကျောင်းများ ဖွင့်လှစ်ထားနိုင်ပြီး အခြေခံပညာအထက်တန်းကျောင်း အရေအတွက် ပိုမို နည်းပါးနေကြောင်း မြန်မာနိုင်ငံဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးစာတမ်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် ကျေးလက်ဒေသ ၄၀ ရာခိုင်နှုန်းတွင်နေထိုင်သော ကလေးငယ်များသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အဓိကအားကိုးနေရပြီးဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်းပညာသင်ယူပြီးဆုံးချိန်တွင် မြို့ပေါ်သို့ ဆက်လက်သွားရောက်ပညာသင်ယူရန် အခက်အခဲများ ရင်ဆိုင်နေရသည်။

"လက်ရှိမှာ အခက်အခဲဖြစ်နေတာက ကျောင်းသားတွေ စာဆက်သင်နိုင်ရေးအတွက်ကို အလယ်တန်းကျောင်းပြီးရင် ကိုးတန်း၊ ဆယ်တန်းကို ဘယ်မှာသွားနေရမလဲပေါ့။ ဆင်းရဲတဲ့ကျောင်းသားတွေက မြို့ပေါ်သွားမသင်နိုင်ဘူး။ ကိုယ့်နေရာ၊ ကိုယ့်ဒေသမှာ ဘယ်လိုသင်ရမလဲဆိုတော့ အထက်တန်းကျောင်းပေးလိုက်ရင် ရပြီပေါ့။ အဲဒါဆို ကျောင်းသားတွေ အများကြီးသက်သာသွားမယ်"ဟု ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြိန်းချောင်းကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးဝရသာမိကမိန့်သည်။

အဆိုပါဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းတွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၅၅၆ ဦး ပညာသင်ယူနေပြီး ချို့တဲ့သော ကျောင်းသားများအနေဖြင့် အဋ္ဌမတန်းပြီးဆုံးပါက နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းသို့တက်ရောက်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

အစိုးရကျောင်းနှင့် အလှမ်းဝေးသောဒေသများမှ ကလေးငယ်များ၊ အစိုးရကျောင်းနှင့်နီးသော်လည်း ငွေကြေးမတတ်နိုင်သော ကလေးငယ်များအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အဆင့်မြှင့်တင်ပေးရန် လိုအပ်နေကြောင်း ပညာရေးကျွမ်းကျင်သူများက ထောက်ပြနေကြသည်။

"ဘုန်းကြီးတွေအနေနဲ့ လွတ်လွတ်လပ်လပ်လုပ်နိုင်မယ့် အခွင့်အလမ်းတွေရှိဖို့ လိုအပ်တယ်။ ဘုန်းကြီးတွေ လုပ်နိုင်စွမ်းရှိပေမယ့် အတားအဆီးတွေ ရှိနေတယ်။ အဲဒါက အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးဖြစ်တယ်။ အဓိက,က ကလေးတွေမြို့မှာကျောင်းတက်ဖို့ အခက်အခဲရှိတဲ့အတွက် ကိုးတန်း၊ ဆယ်တန်းကို ကိုယ်တိုင်စာသင်ချင်တယ်။ စာသင်လည်းပေးနေတယ်။ ဒါပေမဲ့ အဲဒီကလေးတွေ စာမေးပွဲဖြေဖို့ အခက်အခဲဖြစ်နေတယ်။ ဘုန်းကြီးကျောင်းတွေက အလယ်တန်းဖွင့်ခွင့်မရှိ၊ အထက်တန်းဖွင့်ခွင့်မရှိ ဖြစ်နေတယ်။ အစိုးရဘက်က ပိတ်ပင်တားဆီးတာတွေဖြစ်နေတဲ့ အတွက် ဘုန်းကြီးတွေ လုပ်ရကိုင်ရခက်နေတယ်။ ဘုန်းကြီးတွေခက်တဲ့အတွက် ကလေးတွေမှာသွားခက်နေတယ်"ဟု ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) မှ ဒေါက်တာသိန်းလွင်က ပြောသည်။

အစိုးရက အခမဲ့မူလတန်းနှင့် အလယ်တန်းပညာရေးစနစ်ဟု ခေါ်ဝေါ်သုံးစွဲနေသော်လည်း ကျူရှင်စရိတ်ထောင်းနေသော ပညာရေး စနစ်ကြောင့် ချို့တဲ့သော ကလေးငယ်များအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအဆင့်မြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်။

"အခုခေတ်က စာမေးပွဲစနစ်ကြီးစိုးမိုးနေတဲ့အတွက် စာမေးပွဲအောင်ဖို့ကျူရှင်တွေတက်ရတယ်။ မိဘတွေမှာ အရမ်းအခက်အခဲဖြစ်နေတယ်။ မြို့ပေါ်ပို့ရမယ်။ ကျူရှင်စရိတ်ကုန်မယ်။ ဘုန်းကြီးတွေက မိဘတွေရဲ့ ဝန်ထုပ်ဝန်ပိုးပေါ့ပါးသွားအောင် သူတို့ကျောင်းနေရာမှာ ကလေးတွေကို စာသင်ပေးချင်တယ်။ စာသင်နိုင်တဲ့အစွမ်းလည်းရှိတယ်။ အဓိက,ကတော့ လုပ်ခွင့်ရဖို့ပဲဖြစ်တယ်"ဟု ဒေါက်တာသိန်းလွင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အဆင့်မြှင့်တင်ရန် ထောက်ခံပြောဆိုသည်။

ဘုန်းတော်ကြီးကျောင်းများသည် တိုင်းပြည်အခြေအနေ၏ လိုအပ်ချက်အရ ပေါ်ထွက်လာသော ပညာရေးကျောင်းများဖြစ်သောကြောင့် ဆရာ၊ ဆရာမအများစုသည် စေတနာ့ဝန်ထမ်းများဖြစ်နေခြင်း၊ အလှူငွေဖြင့်ရပ်တည်နေရခြင်းတို့ရှိနေသည်။

လွန်ခဲ့သည့် ပညာသင်နှစ်က စတင်၍ သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ဆရာ၊ ဆရာမများ၏ လစာငွေအတွက် ကျပ်သန်းနှစ်ထောင်ကို နိုင်ငံတော်အသုံးစရိတ်ဖြင့် ထောက်ပံ့ပေးခဲ့ပြီး ယခုနှစ်အတွက်လည်း အလားတူထောက်ပံ့မည်ဖြစ်သည်။


ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးထွားလာမှုနှင့်အတူ ကျောင်းသား၊ ကျောင်းသူအရေအတွက် မြင့်တက်လာခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီထောက်ပံ့မှုများ တိုးမြှင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဒေါက်တာသိန်းလွင်က ဆိုသည်။

''ဘကကျောင်းတွေဟာ စေတနာနဲ့ ထူထောင်တာဖြစ်တဲ့အတွက် များသောအားဖြင့် ဆရာတွေက စေတနာပေါ်အခြေခံတဲ့ လုပ်အားပေးဆရာတွေဖြစ်တယ်။ ဒါပေမဲ့ သူတို့မှာ ဘဝရပ်တည်မှုလည်း လိုအပ်တယ်လေ။ အဲဒီအတွက် လုံလောက်တဲ့ထောက်ပံ့ကြေးလိုတယ်။ နိုင်ငံသားကလေးတွေရဲ့ ပညာတတ်မြောက်ဖို့မှာ နိုင်ငံတော်မှာ တာဝန်ရှိတယ်။ ကလေးတွေ ပညာတတ်ဖို့ ဘုန်းကြီးတွေဆောင်ရွက်နေတာကို အစိုးရက လျစ်လျူရှုမထားသင့်ဘူး။ ဒီကလေးတွေအတွက် လိုအပ်တာကို နိုင်ငံတော်ဘဏ္ဍာနဲ့ ထောက်ပံ့သင့်တယ်။ ဘကကျောင်းတွေက အလှူငွေတွေနဲ့ ကလေးတွေကျောင်းအိပ်၊ ကျောင်းစား ပညာသင်ယူနိုင်အောင် ဆောင်ရွက်ပေးနေတယ်။ ဆရာ၊ ဆရာမတွေကို စေတနာရှင်တွေနဲ့ ရပ်ရွာရဲ့ဝိုင်းဝန်းပံ့ပိုးမှုနဲ့ရှိတဲ့ငွေနဲ့ မလုံလောက်တဲ့ လစာပေးနေရတယ်''ဟု အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ရေရှည်တည်တံ့မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ပညာရေးအဆင့် အတန်းမြှင့်တင်ရေး၊ ဆရာ၊ ဆရာမများအား လစာငွေတိုးမြှင့်ပေးရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ကျောင်းတွင်းစီမံခန့်ခွဲမှုပုံစံပြောင်းလဲရေး စသည့်အချက်များကို ရေရှည်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ရမည်ဖြစ်သည်။

လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့်အချက်မှာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းများတွင် ပညာသင်ယူပြီးဆုံးပြီး အစိုးရကျောင်းများသို့ ဆက်လက်သွားရောက်ပညာသင်ယူရန် အခက်အခဲရှိသောကျောင်းသားများအတွက်စဉ်းစားအဖြေရှာပေးရန် လိုအပ်နေခြင်းဖြစ်သည်။

"ဆရာလေးတို့အတွက်ကတော့ မပြည့်စုံတဲ့ကလေးတွေကို စာသင်ကြားရဖို့က အဓိကသော့ချက်ပဲ။ အေးအေးချမ်းချမ်းနဲ့ သင်ကြားပေးနိုင်တယ်။ ဆရာ၊ ဒကာလက်တွဲပြီး ဆရာ၊ ဆရာမအရေအတွက်လည်း လိုအပ်သလို ဖြည့်ဆည်းနိုင်ပါတယ်"ဟု ဆရာလေး ဒေါ်သီလဝတီက ပြောသည်။



ရှမ်းပြည်နယ် ဟိုပုံးမြို့တွင် ကျင်းပသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ညီလာခံသို့ တက်ရောက်လာသော ကျောင်းအုပ်ဆရာတော်များ ဓာတ်ပုံ – နေလင်းထွန်း

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# Commodity Watch

စာမျက်နှာ (၉)မှ

## အစားအစာများနှင့် အစာအဆိပ်သင့်မှု



*ရန်ကုန်မြို့လယ်ရှိ လမ်းဘေးစားသောက်ဆိုင်အချို့* ဓာတ်ပုံ – နစ်ကီ

အစာအဆိပ်သင့်မှုများ၌ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် သက်ကြီးရွယ်အိုများ ရောဂါပိုမိုခံစားရလေ့ရှိပြီး မူးဝေအော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်းနှင့် ကိုယ်အပူချိန်တက်ခြင်းတို့မှာ အများစု ခံစားရသောလက္ခဏာများဖြစ်သည်။

“အစားအသောက် တစ်ခုတည်းကိုစားပြီးလူသုံးလေးယောက် အနည်းဆုံး တူညီတဲ့ ရောဂါလက္ခဏာတွေစပြီး ခံစားရတယ်ဆိုရင် အစာအဆိပ်သင့်တာ ဖြစ်ဖို့များတယ်” ဟု တောင်ဥက္ကလာ ဆေးရုံကြီးမှ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးက ပြောသည်။

အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် ရေဖြင့်စင်ကြယ်အောင် ဆေးကြောခြင်း၊ ပြင်ဆင်ချက်ပြုတ်သူ၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အသီးအရွက်နှင့် သားငါးများကို ရောနှောမထားရန်နှင့် စနစ်တကျ သန့်ရှင်းစွာ သိမ်းဆည်းထားရန် လိုအပ်သည်ဟု သတ်မှတ်ထားပြီး ချက်ပြုတ်ရာတွင်လည်း ဥပမာအားဖြင့် ဝက်သားချက်လျှင် အပူချိန် ၁၆၀ ဒီဂရီဖာရင်ဟိုက်၊ ကြက်သားနှင့် ငါးတို့အတွက် အပူချိန် ၁၆၅ ဒီဂရီဖာရင်ဟိုက် အနည်းဆုံးရှိရမည်ဟု သတိပေးမှုများလည်း ရှိနေသည်။

ပြီးခဲ့သည့်နှစ်အတွင်းရန်ကုန်မြို့၌ စင်ကာပူနိုင်ငံမှ လေ့လာရေးလာရောက်ခဲ့သော ကျောင်းသား ၃၀ ကျော် အစာအဆိပ်သင့်မှုအပြင် ရေဝတီတိုင်း ဇလွန်အထကကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော် အစာအဆိပ်သင့်ခဲ့မှု၊ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကန်ကြီးထောင့်မြို့နယ်၌ တက္ကသိုလ်ဝင်တန်း စခန်းသွင်းလေ့ကျင့်နေသော ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော် အစာအဆိပ်သင့်မှုများ ဖြစ်ပွားခဲ့သည့် သာဓကများကလည်း ကျောင်းသားမိဘများ ၎င်းတို့၏ သားသမီးများအပေါ် စိုးရိမ်မှုများ ပိုမိုလာစေသည်။

“အပြင်က ဝယ်စားတဲ့ မုန့်ပဲသရေစာတွေနဲ့ ကျောင်းတွေမှာ တစ်ခါတစ်ခါ ကျွေးတတ်တဲ့ အစားအသောက်တွေက သန့်ရှင်းမှု ဘယ်လောက်ရှိလဲ။ ကျွန်မကတော့ ကလေးနှစ်ယောက်လုံးအတွက် စိတ်မချဘူး” ဟု မတင်တင်က တက္ကသိုလ်ဝင်တန်းနှင့် သတ္တမတန်း တက်နေသော ၎င်း၏ ကလေးငယ်နှစ်ဦးအပေါ် စိုးရိမ်မှုကို ပြောသည်။

အစာအဆိပ်သင့်မှု ပြဿနာများက ယခုနှစ်မှ စတင်ခဲ့ခြင်း မဟုတ်ဘဲ ပြီးခဲ့သည့်နှစ် အစောပိုင်းစာရင်းများအရလည်း အစာအဆိပ်သင့်သူပေါင်း ၄၅၀ ကျော်ရှိခဲ့ပြီး ၁၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အဆိုပါ ပြဿနာများနှင့် အစားအသောက်များ သန့်ရှင်းမှုအားနည်းခြင်းအပြင် ပိုးသတ်ဆေးဖျန်းထားသော အသီးအရွက်များ စားသုံးမိမှုကြောင့် ဖြစ်ပွားခဲ့မှုများလည်း ရှိပြီး ပိုးသတ်ဆေးကြောင့် အစာအဆိပ်သင့်မှုများ ယခုနှစ်အတွင်း ပိုမိုများပြားလာကြောင်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) မှ ပညာရှင်တစ်ဦးက ပြောသည်။ ဈေးများတွင် ရောင်းချနေသော ဟင်းသီးဟင်းရွက်အချို့ကို သုတေသနပြုလုပ်ရာတွင်လည်း ဓာတုပစ္စည်း ပါဝင်နှုန်းသည် အန္တရာယ်ဖြစ်စေသည်အထိ များပြားနေသည်ဟု ဆိုသည်။

“ဒီလိုမျိုး လက္ခဏာတွေက မူဝါဒရေးရာအရ ကိုင်တွယ်ရမယ့် အပိုင်းပါ။ လက်ရှိပြည်သူတွေ လုပ်နိုင်တာကတော့ အသီးအရွက်တွေ၊ အသားငါးတွေကို ရေနဲ့စင်ကြယ်အောင် အထပ်ထပ် ဆေးပေးဖို့နဲ့ အစားအသောက်ပြင်ဆင်သူတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားဖို့ပါ” ဟု ဒေါက်တာဖြိုးအောင်က မှတ်ချက်ပြုသည်။

အစာအဆိပ်သင့်မှုများအတွက် ဓာတ်ခွဲစစ်ဆေးမှုများ၊ သုတေသနများကို သက်ဆိုင်ရာဌာနများက ပြုလုပ်ကြသော်လည်း မည်သို့ကာကွယ်နိုင်သည်ဆိုသည့် ကျန်းမာရေးအသိပညာ အားနည်းသောကြောင့် ပြည်သူများ၏ စိုးရိမ်မှုများက မြင့်တက်နေဆဲဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 245,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 342,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 382,000 |
| Xperia J | 158,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 772,000 |
| iPhone 5s(16GB) | 672,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 128,000 |
| G 610c (CDMA) | 145,000 |
| Y 300c (CDMA) | 93,000 |

ဇွန်လ (၇) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၃၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ်(ဂပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၅၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| ထုံး(ဂပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၁၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၄၁၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၇) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၇၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၅၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၃၀–၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၁,၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားပီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

ဇွန်လ (၇) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun (4) | 815 | 940 | 920 | 950 |
| Jun (5) | 815 | 940 | 920 | 950 |
| Jun (6) | 815 | 940 | 920 | 950 |
| Jun (7) | 815 | 940 | 920 | 950 |
| Jun (8) | 815 | 940 | 920 | 950 |
| Jun (9) | 815 | 940 | 920 | 950 |
| Jun (10) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# “နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ဒုက္ခတွေကို ငွေနဲ့ဖြေရှင်းလို့မရဘူး။ နိုင်ငံရေးနဲ့ ဖြေရှင်းမှရမယ်”

## ကေအိုင်အို စစ်ဘေးဒုက္ခသည်များ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲပီဆာနှင့် တွေ့ဆုံခြင်း

**မရန်**



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တို့အကြား (၁၇) နှစ်ကြာ အပစ်အခတ်ရပ်စဲရေးယူထားပြီးမှ တစ်ကျော့ပြန်တိုက်ပွဲ များဖြစ်ပွားခဲ့သည်မှာ ဇွန်လ ၉ ရက်တွင် သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် စားပွဲဝိုင်းများပေါ်တွင် အကြိမ်ကြိမ်တွေ့ဆုံနေကြသော်လည်း မြေပြင်ထက်တွင် အသက်စတေးသွားသူများ၊ အိုးပျောက်၊ အိမ်ပျောက်သွားသူ အရေအတွက်မှာ လျော့မသွားသည့်အပြင် တိုး၍တိုး၍သာ လာပါသည်။ အကူအညီပေးနေသူများ၏ ခန့်မှန်းချက်က စစ်ပွဲများကြောင့် စစ်ဘေးဒုက္ခသည် ဘဝရောက်ခဲ့ရသူဦးရေမှာ တစ်သိန်းခွဲနီးပါးအထိရှိလာပြီဟု ခန့်မှန်းနေကြသည်။ စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသူများတွင် အစိုးရထိန်းချုပ် နယ်မြေတွင်း တိမ်းရှောင်လာသူများရှိသလို ကေအိုင်အိုထိန်းချုပ်နယ်မြေအတွင်းသို့ ထွက်ပြေးကာ ဒုက္ခသည်စခန်းများတွင် နေထိုင်သူ များလည်း ရှိသည်။ ကေအိုင်အို ထိန်းချုပ်နယ်မြေအတွင်းတွင် ဒုက္ခသည်များကို အကူအညီပေးနေသည့် ကေအိုင်အို စစ်ဘေး ဒုက္ခသည်များ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲပီဆာကို ဒုက္ခသည်များ၏ အခြေအနေများနှင့် ပတ်သက်ပြီး လိုင်ဇာမြို့တွင် သီးသန့်တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**စစ်ပွဲလည်း သုံးနှစ်ပြည့်လာပြီဆိုတော့ သုံးနှစ်တာကို ပြန်ပြီး သုံးသပ်ပေးပါဦး။**

အခြေအနေကို ပြန်ကြည့်လိုက်ရင် စစ်ပွဲကသုံးနှစ်ပြည့်တော့မယ်။ ဒုက္ခသည်တွေအနေနဲ့လည်း အစကတော့ တိုက်ပွဲမဖြစ်အောင် ဆွေးနွေးပွဲတွေလုပ်နေတယ်လို့ ယုံကြည်ကြတယ်။ အစပိုင်းကတော့ ရွာကိုမကြာခင် ပြန်နိုင်မှာပဲလို့ တွေးကြတယ်။ ဒါပေမဲ့ ဆွေးနွေးပွဲပြီးတိုင်း တိုက်ပွဲတွေက ပိုပိုပြင်းထန်လာတယ်။ သုံးနှစ်လည်း သူ့ဟာသူ ကုန်သွားပြီ။ ဒုက္ခသည်တွေ ကိုယ်တိုင်ကလည်း ရွာကိုလွယ်လွယ်နဲ့ ပြန်ရမယ်ဆိုတာကို စဉ်းစားလို့ မရတော့တဲ့ အခြေအနေဖြစ်နေပြီ။ လွယ်လွယ်နဲ့ ပြန်လို့ မဖြစ်နိုင်တဲ့ အခြေအနေဆိုတာ ဒုက္ခသည်တွေ ကိုယ်တိုင်သိနေကြပြီ။

**အခုထိဆိုရင် ကေအိုင်အေ ထိန်းချုပ်နယ်မြေမှာ ဒုက္ခသည် အရေအတွက် ဘယ်လောက်ရှိနေပြီလဲ။**

ဒုက္ခသည် ငါးမျိုးလောက်ရှိတယ်။ တချို့က စခန်းကို ဝင်လာတယ်။ တချို့က အမျိုးအိမ်တွေမှာ နေတယ်။ တချို့ တရုတ်ပြည်ကို သွားတယ်။ တချို့အိမ်ငှားနေတယ်။ အမျိုးမျိုးရှိတယ်။ အားလုံးပေါင်းရင် တစ်သိန်းကျော်လောက်တော့ ရှိတယ်။

**ဒုက္ခသည်တွေရဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းရင် ရနိုင်မလဲ။**

ဒုက္ခသည်ဆိုတာ အမျိုးမျိုးရှိတယ်။ သဘာဝဘေးအန္တရာယ် ဒုက္ခသည်တွေ ရှိတယ်။ သဘာဝဘေးအန္တရာယ် ဒုက္ခတွေကို ငွေနဲ့ ဖြေရှင်းလို့ရတယ်။ နိုင်ငံရေးကြောင့် ဖြစ်လာတဲ့ဒုက္ခတွေ ဖြစ်တဲ့အတွက် ငွေနဲ့ဖြေရှင်းလို့ မရဘူး။ နိုင်ငံရေးနဲ့ ဖြေရှင်းမှ၊ လုံခြုံရေးရှိမှ အားလုံးပြန်လာနိုင်မယ်ဆိုတာ အားလုံး ယုံကြည်ကြတယ်။

**ဒုက္ခသည် စခန်းတွေမှာ မူးယစ်ဆေးဝါးပြဿနာတွေကဘယ်လောက်ကြီးမားနေလဲ။**

ကေအိုင်အိုထိန်းချုပ်နယ်မြေမှာ ဘိန်းစိုက်တဲ့သူ မရှိတော့ဘူး။ စိုက်တဲ့သူမရှိလည်း ရှမ်းပြည်မြောက်ပိုင်းက ရောင်းဝယ်တဲ့သူတွေရှိတော့ သုံးတဲ့သူတွေလည်း ရှိတယ်။ ဒုက္ခသည်တွေလည်း ရှိတယ်။ မူးယစ်မှုဆိုရင် ဒုက္ခသည်ဆိုလည်း မငဲ့ညှာဘူး။ အစပိုင်းက ပိုများတယ်။ ဒါပေမဲ့ အခုတော့ မရှိသလောက် ဖြစ်လာပြီ။ ဆဒ့်ဘက်မှာ နည်းနည်းရှိသေးတယ်။ ဖမ်းမိတဲ့သူတွေကို ထောင်ချထားတယ်။ ဘိန်းဖြတ်ပေးတယ်။

**သုံးနှစ်အတွင်းမှာ ဒုက္ခသည်ကလေးတွေ စစ်ဘေးတိမ်းရှောင်နေရတဲ့အတွက် ပညာရေးနောက်ကျသွားတာတွေ ရှိခဲ့လား။**

ဒုက္ခသည် စခန်းစဖွင့်ကတည်းက ဒုက္ခသည် ကလေးများ ကျောင်းမတက်နိုင်တဲ့သူ မရှိအောင် စခန်းတိုင်းမှာ ကျောင်းရှိရမယ်။ ဆေးခန်းရှိရမယ်ဆိုတဲ့ ပေါ်လစီရှိတယ်။ ဒါကြောင့် စစ်ပြေးပြီး ကျောင်းမတက်နိုင်တာ မရှိအောင် စခန်းတိုင်းမှာ ကျောင်းဖွင့်တယ်။

မကြာခဏ ထွက်ပြေးရလို့ ကျောင်းစာသင် ပျက်တာတွေတော့ ရှိတယ်။ မုန်ဒိန်းပါ၊ နန်လင်းပါတို့ ဘက်က ကလေးတွေပေါ့။ သူတို့က လနာဇွပ်ဒုက္ခသည်စခန်းမှာ ပြန်ထားတော့ ကျောင်းသားကလေးတွေ ပိုများသွားတယ်။

ကျောင်းမတက်ချင်တော့လို့ မတက်တဲ့လူတွေ ရှိရင်ရှိမှာ။ ကျောင်းမတက်ရတဲ့သူတွေတော့ မရှိဘူး။

**သုံးနှစ်တာကာလအတွင်းမှာဒုက္ခသည်တွေကို စောင့်ရှောက်ခဲ့ရတာ ဘယ်လို အခက်အခဲတွေ တွေ့ခဲ့လဲ။**

အရမ်းခက်တဲ့ အချိန်တွေ ရှိခဲ့တယ်။ ဖားကန့်တပ်ရင်း ၆ (ကေအိုင်အေ)က အခြေအနေကောင်းတော့ သူတို့ဆီက အကူအညီတောင်းတယ်။ အခုက အဆင်မပြေတော့ဘူး။ ဒီနားတစ်ဝိုက်က နာမည်ထွက်တဲ့ သူဌေးတွေကိုလည်း စာနဲ့ အကူအညီတောင်းတယ်။ တချို့ကူညီကြတယ်။အရမ်းခက်လာတော့တခြားဘာမှ မလုပ်တတ်တော့ အခုလို အကူအညီတောင်းခဲ့ရတယ်။

**စစ်ပွဲတွေအချိန် ထပ်ရှည်ကြာနေမယ်ဆိုရင် ဒုက္ခသည်တွေရဲ့ အနာဂတ်က ဘယ်လိုဖြစ်လာနိုင်လဲ။**

စားဖို့က အပြင်က အကူအညီ မလာရင် ဒုက္ခရောက်မှာပဲ။ တိုက်ပွဲစဖြစ်ချိန်က ဒုက္ခသည်တွေရွာပြန်ပြီး တောင်ယာ လယ်ယာတွေ ပြန်လုပ်လို့ရတယ်။ အခုက မရတော့ဘူး။ စားဖို့ဆန်တွေ၊ စပါးတွေ ဒီအတိုင်းပစ်ထားတာတွေ အများကြီးပဲ။ သွားသယ်လို့ မရဘူး။

နောက်နှစ်ဆိုရင် ပိုက်ဆံခက်တာမပြောနဲ့ ထမင်းချက်စရာ ထင်းပြဿနာက အစခက်လာမယ်။ ထင်းခွေစရာနေရာတွေ မရှိတော့ဘူး။ တောင်ယာလယ်ယာ စိုက်စားစရာ နေရာလည်း မရှိဘူး။ ဝင်ငွေရတဲ့ အလုပ်အကိုင် မရှိဘူး။ ဒါကြောင့်အပြင်က အကူအညီတွေ မလာဘူးဆိုရင် ဒုက္ခသည် အရေးကိစ္စတွေ ဖြေရှင်းရတော်တော်ခက်သွားမယ်။

**ဒုက္ခသည်တွေထဲမှာ စစ်ပွဲတွေကြောင့် စိတ်ဒဏ်ရာရခဲ့သူတွေကော ရှိပါသလား။**

လူတိုင်းတော့ သူ့ဟာနဲ့သူတော့ စိတ်ဒဏ်ရာရနေကြတဲ့ ဒုက္ခသည်တွေချည်းပဲ။ အသက်ကြီးတဲ့သူတွေလည်း ငါနေရပ်ကိုကော ပြန်နိုင်ပါဦးမလား။ မပြန်နိုင်ဘဲ ဘဝဆုံးသွားမလားဆိုပြီး တွေးတဲ့လူတွေလည်း များတယ်။ တွေးရင်းနဲ့ တကယ် ဒုက္ခသည်စခန်းမှာ အသက်ဆုံးသွားတဲ့ သူတွေလည်း ရှိတယ်။ တချို့တွေက ရွာကိုပြန်ပြီးဘယ်အချိန်မှ ကောင်းကောင်းမွန်မွန် ပြန်လုပ်စားနိုင်မလဲဆိုတာကို စဉ်းစားကြတယ်။ လူငယ်တွေလည်း သူ့ဟာနဲ့သူရှိတယ်။ အစတုန်းက ဒုက္ခသည်တွေကိုမနောကွင်းမှာပဲအရင်ထားတယ်။ ကလေးတွေက မနောကွင်းမှာ နေတာကြာလာတော့ မိဘတွေကိုမေးကြတယ်။ “အမေမနောပွဲ ဘယ်အချိန်မှ ပြီးမလဲ”တဲ့။

ကျွန်တော်တို့က ခရစ်ယာန်တွေဖြစ်တဲ့အတွက် ကျမ်းစာတွေ၊ ဘာသာရေးဆရာတွေရဲ့ ပြောဆိုမှုတွေကြောင့် အခုလို နည်းနည်းသက်သာတာ။ ဒါမဟုတ်ရင် မလွယ်လောက်ဘူး။

**ဒုက္ခသည်စခန်းတွေမှာ လူကုန်ကူးမှု ပြဿနာတွေကော ရှိလား။**

ရှိတယ်။ ကျွန်တော်တို့လည်း တတ်နိုင်သလောက်တော့ စခန်းတွေမှာ ပညာပေးတဲ့ အစီအစဉ်တွေ လုပ်တယ်။ ဒါပေမဲ့ ဒါက တခြားကုန်ပစ္စည်းနဲ့ မတူဘဲ စိတ်ကိုဖြားယောင်းပြီး ခေါ်ယူတာဖြစ်တဲ့အတွက် လုံးဝတားမြစ်ဖို့က မလွယ်ဘူး။ တရုတ်ပြည်ကို ပိုက်ဆံသွားရှာရင်း အိမ်ထောင်ပြုသွားသူတွေလည်း ရှိတယ်။ တချို့တွေကိုကျတော့ ငွေနဲ့ မျှားပြီးခေါ်ယူကြတယ်။ ဂျေယန်စခန်းမှာတောင် တော်တော်များပြီ။ တရုတ်ယောကျ်ားရဲ့ မိန်းမလုပ်ပြီး ပြန်လာတဲ့သူတွေလည်း ရှိတယ်။ ဒုက္ခသည်စခန်းတာဝန်ခံတွေနဲ့ မိဘတွေကိုလည်း မကြာခဏ ပညာပေးအစီအစဉ်တွေ လုပ်တယ်။ ဒါမှမဟုတ်ရင် မလွယ်လောက်ဘူး။

# Technology

7 DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014




အင်တာနက်ဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်

ဓာတ်ပုံ – ကျော်ဇင်သန်း

## ADSL အင်တာနက်ဝန်ဆောင်ခ ပြောင်းလဲကောက်ခံရန် စီစဉ်

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၇**

တယ်လီဖုန်းလိုင်းဖြင့် ချိတ်ဆက်သုံးစွဲရသည့် ADSL အင်တာနက် ဝန်ဆောင်မှုကို လက်ရှိ ပုံသေကောက်ခံသည့် စနစ်နှင့်သုံးစွဲသည့် အချိန်အလိုက် ကောက်ခံမည့်စနစ်နှစ်ခုကို ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ ADSL အင်တာနက်အသုံးပြုခကို သုံးစွဲမှုအလိုက် ပြောင်းလဲကောက်ခံရန် တပ်ဆင်မည့် စက်ပစ္စည်းများအတွက် ကုန်ကျငွေများကို တွက်ချက်ပြီး ရန်ပုံငွေရရှိရန် ဆောင်ရွက်နေခြင်းဖြစ်ရာ ပစ္စည်းကိရိယာများ တပ်ဆင်ပြီးပါက သုံးစွဲသည့်အချိန်အလိုက် ကောက်ခံမည့် စနစ်ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီးဦးဝင်းသန်းက ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

လက်ရှိဆောင်ရွက်နေသည့် ပုံသေကောက်ခံသည့် စနစ်ကိုလည်း ဆက်လက်အသုံးပြုသွားမည်ဖြစ်ရာ သုံးစွဲသူများအနေဖြင့် ကြိုက်နှစ်သက်သည့် စနစ်ကို ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဒုဝန်ကြီးဦးဝင်းသန်းက ပြောကြားသည်။

ADSL လိုင်းတပ်ဆင်သူများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့် Bill Center များတွင် ငွေတောင်းခံလွှာများထုတ်၍သုံးစွဲသူများထံပေးပို့ပြီး ကျသင့်ငွေပေးသွင်းခြင်းကို ဆောင်ရွက်နေရခြင်းဖြစ်ပြီး ADSL ဝန်ဆောင်မှုကို 512 Kbps မှ 2.5 Mbps အထိ Service Plan ငါးမျိုးခွဲခြားထားပြီးနှုန်းထား ငါးမျိုးဖြင့် ကောက်ခံနေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ADSL အင်တာနက် ချိတ်ဆက်အသုံးပြုသည့် ကနဦးတပ်ဆင်ခကို ယခင်ခြောက်သိန်းကောက်ခံနေရာမှ ငါးသောင်းဖြင့် ပြောင်းလဲကောက်ခံခဲ့ပြီး လစဉ်ကြေးများကိုလည်း ယခင်ဈေးနှုန်းများထက် ၃၈ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချပေးထားခြင်းဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

လက်ရှိတွင် ADSL စနစ်တပ်ဆင်ပေးထားသည့် မြို့ပေါင်း ၇၂ မြို့ရှိပြီဖြစ်သော်လည်း ထိုမြို့များအတွင်းရှိ အချို့သော မြို့များများတွင်ပင် ADSL တပ်ဆင်၍မရသည့် မြို့နယ်များလည်းရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

## Googel နှင့် Microsft ထုတ်ကုန်များတွင် မြန်မာစာစနစ်ထည့်သွင်းနိုင်ရန်ဆောင်ရွက်မည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇွန်-၇**

ကမ္ဘာ့ထိပ်တန်းနည်းပညာအဖွဲ့အစည်းများဖြစ်သည့် Googel, Microsft တို့၏ ဝန်ဆောင်မှုများတွင်မြန်မာဘာသာစနစ်များပါဝင်လာရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ယင်းသို့မြန်မာစာစနစ်ထည့်သွင်းနိုင်ရန် ပြည်တွင်းရှိ Unicode Standard ၏ Language Res–ourceများကိုယင်းအဖွဲ့များသို့ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

"မကြာခင်မှာ Gmail တို့၊ Facebook တို့ကို မြန်မာ Version နဲ့ အသုံးပြုနိုင်အောင် လုပ်သွား ဖို့ စီစဉ်နေတယ်။ လက်ရှိမှာလည်း Google နဲ့ Microsoft တို့ရဲ့ ထုတ်ကုန်တွေမှာ မြန်မာစာစနစ်ကို တရားဝင်ပါလာဖို့အတွက် အသင်းချုပ်နဲ့ ညှိနေပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးဇော်ထွဋ်ကပြောသည်။

လက်ရှိတွင် Unicode Stan–dard စနစ်၏ Launguage Re–souce များဖြစ်သည့် မြန်မာဘာသာစကားဖြင့် မြို့နာမည်၊ လူနာမည်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်စကားလုံးများ၊ ဘာသာပြန်စကားလုံးများ၊ အဓိပ္ပာယ်ရှိသော မြန်မာစကားလုံးများ၊ ဝါစင်များစသည့် ဘာသာစကားအရင်းအမြစ်များကို Google နှင့် ထိပ်တန်းနည်းပညာကုမ္ပဏီများသို့ ပေးသွားရန် စီစဉ်လျက်ရှိသည်။

"လက်ရှိကျွန်တော်တို့သုံးနေတဲ့ မြန်မာစာစနစ်က စာဖတ်လို့ရမယ်။ စာရိုက်လို့ရမယ်ဆိုတဲ့ စနစ်ပဲ ရှိနေသေးတယ်။ အဆင့်မြင့်မြင့်ကွန်ပျူတာစနစ်တွေကို အသုံးပြုမယ်။ လေ့လာမယ်ဆိုရင် အဲဒီစနစ်တွေကိုမြန်မာစာနဲ့အသုံးပြုလို့ရအောင် လုပ်ဖို့လည်း လိုအပ်တယ်။ ဒါပေမဲ့လူတွေက စိတ်ဝင်စားမှုနည်းနေသေးတယ်" ဟု ဦးဇော်ထွဋ်ကဆိုသည်။

ပြည်တွင်း၌ အသုံးပြုနေသည့် မိုဘိုင်းဖုန်းနှင့် လက်ပ်တော့များကဲ့သို့ အိုင်တီပစ္စည်းများတွင် မြန်မာစာစနစ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အသုံးပြုနိုင်ရန်အတွက် ပြည်တွင်း၌ ဆော့ဖ်ဝဲများရေးသားနေသည့် Developer များအနေဖြင့်လည်း Unicode စနစ်အားယခုထက်ပို၍အသုံးပြုရန် လိုအပ်ပြီး Non–Unicode စနစ်များအသုံးပြုခြင်းကို Unicode ဘက်သို့ပြောင်းလဲအသုံးပြုရန် ဝိုင်းဝန်း၍ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းကဆိုသည်။

Unicode Standard စနစ်ကို အိုင်တီပစ္စည်းများတွင် အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ရာတွင် မြန်မာစာ Font တစ်ခုကို သတ်မှတ်ပြီးပြုလုပ်ခြင်းမဟုတ်ဘဲ Unicode ဖြင့်ပြုလုပ်ထားသော Fontအားလုံးတွင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။












Thet Paing Soe Co., Ltd.
01-660 923, 02-35 412
SUNLIFE®
Vitamins & Minerals
orange flavour
Multivitamin
SUGAR FREE
www.thetpaingsoe.com
ThetPaingSoeCompany




KIA Official Partner
www.kia.com.mm
2014 FIFA World Cup Brazil™
12 June 2014 ~ 13 July 2014
KIA BIG SALE
10 သိန်း မှ 25 သိန်း ထိ လက်ငင်းလျှော့ဈေး နှင့်အတူ
KIA အဖိုးတန်အသင်းဝင် ကဒ် အားရယူလိုက်ပါ။
KiaMyanmar
အမှတ်(၂၂ အေ၊ ၂၃ ဘီ)၊ ကမ္ဘာအေးဘုရားလမ်းနှင့် သီရိမင်္ဂလာရိပ်သာလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
Hot Line : 09 731 80000, 09 86 12828

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ကျိုင်းကောင် မြန်မာပြည်

ဇော်မင်း




ကချင်ပြည်နယ်ထဲမှာ၊ ရှမ်းပြည်ထဲမှာ သစ်တွေခုတ်နေတာ တောပြုန်းလုနီးပါး ဖြစ်နေပြီဆိုသည့် အသံများ၊ ရွှေတူးသည့်ကုမ္ပဏီများက ပြဒါးရည်များ၊ ဆိုင်ရာနိုက်ကဲ့သို့ အက်စစ်အဆိပ်ရည်များကို သုံး၍ ရွှေကျင်နေသောကြောင့် မြစ်ညာဘက်ဒေသများတွင် ငါးများမျိုးတုံးလုနီးပါး ဖြစ်နေပြီဆိုသော အသံများ ကြားနေရသည်မှာ အတော်ကြာခဲ့ပါပြီ။ နှစ်ပေါင်းမနည်းတော့ပါ။ သတ္တုတွင်းများ၊ မိုင်းတွင်းများကြောင့်လည်း သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းနေရသလို လယ်မြေ၊ ယာမြေတွေလည်းဆုံးရှုံးနေရပါတယ်။ လက်ပံတောင်းကြေးနီတောင် စီမံကိန်းကို ကြည့်ရင် သိသိသာသာ မြင်နိုင်ပါတယ်။ သစ်တောများပြုန်းတီးကုန်တဲ့ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ အနှံ့အပြားမိုးခေါင်ရေရှားခြင်းကို ရင်ဆိုင်နေရသလကို လိုအပ်တာထက် ပိုပြီး ရေကြီးတာကြောင့် လယ်ယာခြံမြေများပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရပါတယ်။ သစ်တွေကို အလုံးလိုက်ခုတ်ပြီး ရောင်းချတာမျိုး မလုပ်ရတော့ဘူးလို့လက်ရှိအစိုးရက ပြောနေပေမယ့် သစ်တင်တဲ့ ကားတွေ တရုတ်ပြည်ထဲကို ဝင်နေတာ သတင်းများ အရသိနေရပါတယ်။

မိုင်းတွင်းတွေ၊ ရွှေတူးတာတွေကြောင့် ရေစီးကြောင်းတွေ၊ မြစ်ကြောင်းတွေ ပြောင်းလာတဲ့ အကျိုးဆက်ရဲ့ နောက်ဆက်တွဲကတော့ တချို့ရွာများ ရေတိုက်စားခံရတာကြောင့် ရွာလုံးကျွတ်ပျက်စီးကုန်တာလည်း မြင်နေရပါတယ်။ ဒါ့အပြင်မလိုအပ်တဲ့ နေရာများမှာဆည်များတည်ဆောက်နေတဲ့ အကျိုးဆက်ကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးရုံမက ဒေသခံကျေးရွာများပါ ရွှေ့ပြောင်းခံရပါတယ်။ ပြည်သူများ ဘဝပျက်ရသည်မှာ ဝမ်းမြောက်ဖွယ်ကိစ္စမဟုတ်ပါ။ ဝမ်းနည်းဖွယ်ရာကိစ္စသာဖြစ်ပါတယ်။

တရုတ်ပြည်ဟာ နောင်လာမယ့် အနှစ် (၂၀) မှာ အမေရိကန်၊ ဂျပန်တို့ထက် စီးပွားရေးပိုပြီး ဖွံ့ဖြိုးလာတော့မယ်လို့ ပညာရှင်များထောက်ပြပြောဆိုနေကြပါတယ်။ အခုလည်း စီးပွားရေး တိုးတက်လာနေတာ သူ့အရင်စက်မှုဖွံ့ဖြိုးပြီး ချမ်းသာနေတဲ့ နိုင်ငံတွေကတောင် အသိအမှတ်ပြုနေရပါတယ်။ သို့သော်တရုတ်ပြည်မှာ သဘာဝပတ်ဝန်းကျင်တွေ ညစ်ညမ်းပျက်စီးနေတာကိုလည်း တစ်ဖက်မှာ တွေ့နေရပါတယ်။ တရုတ်ပြည်က မြစ်ကြီးတွေ ပျက်စီးညစ်ညမ်းလာတာ အချို့မြစ်ကြီးတွေမှာဆိုရင် ငါးတောင် မရှိသလောက်ဖြစ်နေပါတယ်။ မြစ်ရေဟာသုံးမရလောက်အောင်ဖြစ်နေတာကိုလည်း ဒေသခံများ ရင်ဆိုင်နေရပါတယ်။ တရုတ်ပြည်အနောက်မြောက်ဒေသက ပြည်နယ်အချို့မှာဆိုရင် သစ်ပင်တွေ၊ မြက်ပင်တွေ တစ်စတစ်စပါးလာပြီးသဲကန္တာရအဖြစ် အသွင်ပြောင်းလာနေပါတယ်။ ဒါ့အပြင်မွန်ဂိုလီးယားနဲ့ ဆက်နေပြီး တရုတ်တွေက “ရှမ်မို”လို့ခေါ်တဲ့ ဂိုဘီသဲကန္တာရကြီးဟာလည်း ပိုလို့ကျယ်ပြန့်လာပါသတဲ့။ ဂိုဘီသဲကန္တာရကြီးဟာ အခုဆိုရင် အရှည်မိုင်ပေါင်း ၁၀၀၀ ကျော်ရှိလာနေပြီး အကျယ်က မိုင်ပေါင်း ၆၅၀ ရှိတယ်လို့ဆိုပါတယ်။ ပီကင်းမြို့တော်နဲ့ အဲဒီသဲကန္တာရအစပ်ဟာ အခုဆိုရင် ကီလိုမီတာခုနစ်ဆယ်လောက်ပဲ ဝေးပါတော့တယ်။ အဲဒါရဲ့ အကျိုးဆက်အဖြစ် ပီကင်းမြို့တော်ဟာ သဲမုန်တိုင်းဒဏ်ကို မကြာခဏရင်ဆိုင်နေရပါတယ်။ မြန်မာပြည်ဟာ တောင်နဲ့မြောက် အရှည် ၁၂၉၉ မိုင်ရှိပြီး အရှေ့နဲ့ အနောက်မိုင် ၅၇၀ ကျော်ရှိတဲ့ နိုင်ငံငယ်လေးသာဖြစ်ပါတယ်။ နှိုင်းယှဉ်ကြည့်နိုင်အောင်ပါ။

မဟတ္တမဂန္ဒီတစ်ခါက ဒီလိုမျိုးတင်စားသတိပေး ပြောကြားခဲ့ပါတယ်။ “ဘုရားသခင်က အိန္ဒိယနိုင်ငံကို အနောက်တိုင်းနည်းနာတွေအတိုင်း ပုံသေကူးချပြီး စက်မှုဖွံ့ဖြိုးတိုးတက်အောင် မလုပ်သင့်ဘူးလို့ တားမြစ်ထားပါတယ်။ အင်္ဂလန်ကျွန်းသေးသေးလေးရဲ့ ကနေ့ နယ်ချဲ့စီးပွားရေးစနစ် အောက်မှာ ကမ္ဘာကြီးဟာ သံကြိုးခတ်ခံထားနေရပါတယ်။ တကယ်လို့များ လူဦးရေသန်းပေါင်း ၃၀၀ ကျော်ရှိတဲ့ အိန္ဒိယဟာ အင်္ဂလန်လို နယ်ချဲ့စီးပွားရေးစနစ်အတိုင်း ကျင့်သုံးအမြတ်ထုတ်မယ်ဆိုရင် ကမ္ဘာကြီးဟာ တစ်စစီဖွဲ့ယူခံရတဲ့ ကျိုင်းကောင်တစ်ကောင်လို အခွန်သက်သက်ပဲကျန်ရစ်ခဲ့ပါ လိမ့်မယ်”။ ဒီစကားစုကို လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ့်ခြောက်နှစ်၊ ၁၉၂၈ ခုနှစ်က ဂန္ဒီကြီးပြောခဲ့တာ ဖြစ်ပါတယ်။ သူထောက်ပြချင်တာက ကမ္ဘာကြီးရဲ့ သဘာဝအရင်းအမြစ်များကိုလက်လွတ်စပယ်အသုံးချနေတာ တွေ့နေရတဲ့အတွက် အဲသလိုဆိုခဲ့တာ ဖြစ်ပါတယ်။ ကနေ့ခေတ် အစိုးရများ၊ အုပ်ချုပ်သူများ သင်ခန်းစာယူဖို့ နောက်တစ်ချက်ကိုလည်း ဂန္ဒီကြီးပြောခဲ့ပါတယ်။ အဲဒါကတော့ကမ္ဘာကြီးဟာလူသားတွေရဲ့လို အပ်ချက်ကို ဖြည့်ဆည်းပေးဖို့ သဘာဝအရင်းအမြစ်အလုံအလောက်ရှိပါတယ်တဲ့။ ဒါပေမဲ့ လူသားတွေရဲ့ လောဘကို ဖြည့်ဆည်းပေးဖို့တော့ သဘာဝအရင်းအမြစ် အလုံအလောက်မရှိလို့ ပြောခဲ့ခြင်းပါ။

အဲဒီခေတ်တုန်းက ကိုလိုနီနယ်ချဲ့ဆိုတာကတော့ ရှင်းပါတယ်။ သူ့နိုင်ငံမဟုတ်တဲ့အတွက် အမြတ်ထုတ်တာက လွယ်လို့ ဘာအကျိုးဆက်အကြောင်းဆက်ကိုမှ ကိုလိုနီကျွန်ပြုခံလူတွေအတွက် စဉ်းစားမှာမဟုတ်ပါဘူး။ သို့သော် မြန်မာနိုင်ငံနဲ့အိန္ဒိယနိုင်ငံ နှစ်နိုင်ငံစလုံးကို အခုအချိန်မှာ လူမျိုးခြားတွေ မအုပ်ချုပ်တော့ပါ။ ကိုယ့်လူမျိုးအစိုးရများသာ အုပ်ချုပ်နေပါတယ်။ အိန္ဒိယနိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ကို လက်လွတ်စပယ်အသုံးပြုခဲ့တဲ့အကျိုးဆက်ကြောင့် မိုးခေါင်ရေရှားတဲ့ ဒဏ်ကိုခံနေရသလို မြစ်ကြီးတွေဟာလည်း စက်ရုံများကြောင့် ညစ်ညမ်းလာပါတယ်။ ဂင်္ဂါမြစ်လို ရောမမြစ်ကြီးတွေဆိုရင်လည်း ရေကို အလွန်အကျွံကဲ့ယူတဲ့စနစ်နဲ့ ဆည်တွေပိတ်ဆောက်ထားတဲ့ အကျိုးဆက်ကြောင့် နေရာတော်တော်များများဟာ သဲချောင်း ချောင်းချောက်တွေလို ဖြစ်ကုန်ပါတယ်။ တစ်ချိန်တည်းမှာပဲ လိုအပ်တာထက် ပိုကြီးတဲ့ မိုးဒဏ်ကြောင့် တချို့ပြည်နယ်များမှာ နှစ်တိုင်းဆိုသလို ရေလွှမ်းမိုးမှုကို ခံရပြန်ပါတယ်။

မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝပြီး စပါးဆန်ရေ အလုံအလောက် ထွက်တဲ့နိုင်ငံဖြစ်လို့ ထမင်းငတ်သေတဲ့သူမရှိတဲ့ နိုင်ငံဖြစ်ကြောင်း ခေတ်အဆက်ဆက် အစိုးများ ဂုဏ်ယူပြောကြားလေ့ရှိပါတယ်။ သို့သော်ယနေ့ပစ္စုပ္ပန်ကာလမှာ ပြည်သူတွေဟာ ဆင်းရဲနွမ်းပါးမှုကို ကြီးမားစွာ ရင်ဆိုင်နေရပါတယ်။ ကလေးသူငယ်များ အာဟာရပြည့်ဝအောင် မစားသောက်နိုင်သလို စောစောစီးစီး ကျောင်းထွက်ရတာတွေလည်း များသထက် များလာပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေး ဆရာများ ပြောလေ့ရှိတဲ့ စကားတစ်ခုရှိပါတယ်။အဲဒါကတော့တိုင်းပြည်တစ်ပြည်ဟာ ဘယ်လောက်ပဲ သယံဇာတတွေ ပေါကြွယ်ဝပါစေ၊အဲဒါတွေကို အကျိုးရှိအောင် စီမံခန့်ခွဲနိုင်တဲ့ လူသားရင်းမြစ်မရှိလို့ကတော့ နိုင်ငံသားတို့ ဒီအပေါ်မှာ အကျိုးခံစားရမှာ မဟုတ်ဘူး ဆိုတာပါပဲ။

တရုတ်နဲ့အိန္ဒိယနိုင်ငံတွေမှာ လူသားရင်းမြစ်အလုံအလောက်ရှိပါတယ်။ သို့သော်စီးပွားရေးတိုးတက်လိုဇောနဲ့ တခြားသော အကြောင်းကြောင်းများအတွက် သူတို့ရဲ့ သဘာဝရင်းမြစ်များကို အလွန်အကျွံ သုံးစွဲခဲ့ပါတယ်။ တစ်ဖက်မှာ ပြန်ကြည့်ရင်လည်း စီးပွားရေးကောင်းလာတယ်၊ ဖွံ့ဖြိုးလာတယ်လို့ ဆိုပေမယ့် အဲဒီကောင်းကျိုးကို မခံစားရတဲ့ လူထုတွေ ပြည်နယ်အများအပြားမှာ ကျန်ရှိနေပါသေးတယ်။ ဒါ့အပြင် တရုတ်နိုင်ငံမှာ လိုအပ်နေတဲ့ စွမ်းအင်အပါအဝင် တခြားသော သဘာဝ အရင်းအမြစ်တွေအတွက် အိမ်နီးချင်းဖြစ်တဲ့ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ မွန်ဂိုလီးယား နိုင်ငံစတာတွေကနေ တင်သွင်းအမြတ်ထုတ်ပါတယ်။

အဲဒါကြောင့် ပြီးခဲ့တဲ့ နှစ်များအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအတွင်းက သစ်တောတွေကို တရုတ်ကုမ္ပဏီများက စည်းမရှိ၊ ကမ်းမရှိ ခုတ်ချင်တိုင်း ခုတ်ယူသွားခဲ့ပါတယ်။ သတ္တုတွင်းတွေလည်း အလျှံပယ်ပေါလွန်းလှပါတယ်။ ရခိုင်ကမ်းလွန်က ထွက်ရှိလာတဲ့ သဘာဝဓာတ်ငွေ့ကိုလည်း တရုတ်ကို အဓိကထားတင်ပို့ပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းဖို့ သစ်တောတွေ အခုတ်ခံရသလို လယ်ယာမြေများလည်း အသိမ်းခံရပါတယ်။ လူဦးရေ သန်း ၁၃၀၀ ရှိတဲ့ တရုတ်ပြည်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာပြည်ဟာကျိုင်းကောင်တစ်ကောင်လို တစ်စစီဖွဲ့ယူခြင်း ခံနေရပါတယ်။

တစ်ချိန်က အင်္ဂလိပ် နယ်ချဲ့ အရင်းရှင်များ လုပ်ခဲ့သလို တရုတ်ကုမ္ပဏီများက တစ်ထပ်တည်းလုပ်ဆောင်နေပါတယ်။ ပိုဆိုးတာက တရုတ်အပါအဝင် အင်အားကြီးနိုင်ငံအချို့ဟာ သူတို့နိုင်ငံများမှာလိုအပ်နေတဲ့သဘာဝ အရင်းအမြစ်များရရှိဖို့အခြားနိုင်ငံတွေကနေ တင်သွင်းရပါတယ်။ အဲသလိုတင်သွင်းရင်းနဲ့ ထိုနိုင်ငံများမှာ အုပ်ချုပ်နေသော အာဏာရှင်အစိုးရများကို သက်တန်းရှည်အောင် ကျားကန်ပေးနေပါတယ်။ ပြီးခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း တရုတ်အစိုးရဟာ သူတို့လိုအပ်တဲ့ အရင်းအမြစ်များရဖို့အတွက် အပြန်အလှန်အားဖြင့် မြန်မာစစ်အာဏာရှင်များကို စစ်လက်နက်ပစ္စည်းအမြောက်အမြားရောင်းချပေးခဲ့ပါတယ်။ အဲဒီလက်နက်များနဲ့ ကိုယ့်အချင်းချင်းသတ်ကြပါတယ်။

အဲဒါအပြင် တရုတ်နိုင်ငံဟာ သူတို့လိုအပ်တဲ့ အထူးသဖြင့် လောင်စာစွမ်းအင်ကို မြန်မာနိုင်ငံကသာမက တခြားနိုင်ငံများကပါ ထပ်မံဝယ်ယူရပါတယ်။ ဥပမာအားဖြင့် နိုင်ငံတချို့ကို ထောက်ပြရရင် နိုင်ဂျီးရီးယား၊ အင်ဂိုလာ၊ ဆူဒန်စတဲ့ နိုင်ငံများကနေ ရေနံတင်သွင်းပါတယ်။ အပြန်အလှန်အားဖြင့် ထိုနိုင်ငံများမှ အာဏာရှင်အုပ်ချုပ်သူများကို စစ်လက်နက်များ ပြန်ရောင်းပေးပါတယ်။ ဆူဒန်မှာ ဖြစ်နေတာက အဆိုးဆုံးလို့လေ့လာသူများက ဆိုကြပါတယ်။ ဆူဒန်နိုင်ငံမှာ အာဏာကိုချုပ်ကိုင်ထားတာက အာရပ်မျိုးနွယ်တွေဖြစ်ပါတယ်။ အုပ်ချုပ်ခံအာဖရိကလူမည်းများကိုရက်ရက်စက်စက် ဖိနှိပ်တိုက်ခိုက်တာကြောင့် လူမျိုးပါ တုံးအောင်လုပ် နေသလားလို့ မေးခွန်းတွေမေး လာပါတယ်။ ရေနံအရောင်းအဝယ်နဲ့ လက်နက်အပေးအယူကိစ္စဟာ လူသတ်ပွဲတွေကို သွယ်ဝိုက်အားပေးသလို ဖြစ်နေပါတယ်။

မြန်မာပြည်မှာ စစ်အာဏာရှင်များ အာဏာကို ရယူထားတဲ့အချိန်ကစလို့ သဘာဝအရင်းအမြစ်တွေကနေရရှိတဲ့ အကျိုးအမြတ်ကို မြန်မာနိုင်ငံသားများ မခံစားရပါ။ မြန်မာပြည်တစ်ခုလုံးအတွက် အသာထား ရခိုင်ပြည်နယ်ကမ်းလွန်ပင်လယ်ပြင်က ထွက်တဲ့ သဘာဝဓာတ်ငွေ့ကို ရခိုင်ပြည်သူများ သုံးစွဲခွင့်ရ၊မရ ဆိုတာကလည်း အခုထိ မသေချာလှပါ။

တစ်ခါမုတ္တမပင်လယ်ကွေ့က ထွက်နေတဲ့ သဘာဝဓာတ်ငွေ့များသည်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံကို တင်သွင်းနေပါတယ်။ လူထုအတွက် ဘာမှမကျန်ပါ။ တနင်္သာရီတိုင်းနဲ့ မွန်ပြည်နယ်အတွင်းက ဒေသခံပြည်သူများပင်လျှင် ထိုသဘာဝဓာတ်ငွေ့ကို သုံးစွဲခွင့်မရပါ။ အကျိုးစီးပွားဟာ ဘေးက နိုင်ငံကြီးများ၊ နိုင်ငံတကာမှ စီးပွားရေးကုမ္ပဏီကြီးများနဲ့ အုပ်ချုပ်သူလူတစ်စုဆီသို့သာ စီးဆင်းသွားနေပါတယ်။

မြန်မာနိုင်ငံအပါအဝင် အဆိုပါအာဖရိကနိုင်ငံများက ပြည်သူများအနေနဲ့ လူသားဆန်စွာ ရပ်တည်နေထိုင်ခြင်းဆိုတဲ့ အရသာကို အခုထက်ထိ ဘယ်သူမှ မခံစားရပါဘူး။

**စာမျက်နှာ(၃၂) သို့**

# Novel

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.14 ▪ JUNE 11 , 2014

(ယခင်အပတ်မှအဆက် . . . )

## မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်

### အခန်း(၃၈)
### ဖူးခက်ဗမာ့ပုံပြင်များ

ဖူးခက်ကျွန်း၏ပိုက်နက်နယ်နိမိတ်သည် ရန်ကုန်မြို့အကျယ်အဝန်းနှင့် အတော်နီးစပ်သည်ဟု အကြမ်းဖျင်းအားဖြင့် ကျွန်တော်ခန့်မှန်းမိသည်။ စင်စစ်ဖူးခက်သည် ပင်လယ်ထဲသို့ တသီးတခြားထိုးထွက်နေသော ကျွန်းငယ်တစ်ခုဖြစ်၍ စင်ကာပူနိုင်ငံနှင့် နှိုင်းစာလျှင်လည်း ရွယ်တူနီးနီးခန့်ပင် ရှိနိုင်၏။ ၂၀၁၃ ခုနှစ် သန်းခေါင်စာရင်းအရ ဖူးခက်တွင် နေထိုင်သော ထိုင်းလူမျိုးလူဦးရေ စုစုပေါင်းသည် ငါးသိန်းသုံးထောင်ရှိသည်ဟု စာရင်းဇယားများတွင်ဖော်ပြသည်။ ကာလရက်ရှည် (long stay) နေထိုင်သည့် နိုင်ငံခြားသားတို့ကား နှစ်သိန်းဝန်းကျင်ဖြစ်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားဦးရေ တစ်သိန်းကျော်ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။ ဖူးခက်သို့ အလည်အပတ်ခရီးအဖြစ် လာရောက်ကြသော နိုင်ငံတကာဧည့်သည်အရေအတွက်မှာ တစ်လလျှင် လေးသိန်းခန့်ရှိ၍ ဖူးခက်မြို့ရှိလူဦးရေ စုစုပေါင်းမှာ တစ်သန်းဝန်းကျင်ရှိနိုင်သည်။

ဤမျှစည်ကားဖွံ့ဖြိုးလှသော ဖူးခက်မြို့ကြီးဆီသို့ မြန်မာနိုင်ငံအနှံ့မှ ရေကြည်မြက်နုသည့်အရပ်အဖြစ်၊ ဗမာ ရွှေ့ပြောင်းအလုပ်သမားတို့ တစ်စတစ်စရောက်ရှိလာခဲ့ကြသည်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ဝန်းကျင်က စတင်ခဲ့သည်။ အဆိုပါအချိန်ကာလအတွင်း များပြားလှသော ဗမာအလုပ်သမားတို့အကြား မှတ်တမ်းမတင်လိုက်နိုင်သော ဇာတ်လမ်းများ ရှိနေခဲ့မည်မှာ သေချာလှသော အချက်တစ်ရပ်ဖြစ်လေသည်။ ကိုယ့်မြေကိုယ့်ရေမဟုတ်၊ ရာဇဝင်ထဲက ရန်သူတိုင်းပြည်လည်းဖြစ်လေသဖြင့် တစ်ဝမ်းတစ်ခါးအလို့ငှာ ဤတစ်နယ်တစ်ကျေးတွင် မြန်မာပြည်သားတို့၏ လူမသိသူမသိ၊ အလိုအလျောက်ပျောက်ကွယ်သွားလေသော ရင်နာဖွယ်၊ စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်အချို့ကို မထင်မှတ်ဘဲ ကျွန်တော်သိရှိခွင့်ရခဲ့သည်မှာ ကိုသက်ခိုင်၏ ကျေးဇူးကြောင့်ဟု ဆိုနိုင်လေသည်။

တစ်ခုသောနေ့တွင် ကိုသက်ခိုင်၏ရှေ့၌ ကျွန်တော့်အခက်အခဲတစ်ခုကို ဖွင့်ဟညည်းတွားမိလေရာ ထိုအခက်အခဲမှာ ချဉ်သီးပင်အောက်ချဉ်သီးရှားသည့်ကိစ္စဟု ဆိုနိုင်သည်။ ဗမာရွှေ့ပြောင်းလုပ်သားဦးရေ သိန်းချီရှိနေသည့် ဖူးခက်မြို့တွင် ကျွန်တော့်အိမ်မှ မီးဖိုချောင်နှင့် အခန်းတံခါးသော့အချို့ကိုပြင်ဆင်ရန် ဗမာလက်သမားတစ်ဦးရှာမရ၊ ဖွေမရဖြစ်နေခြင်းအတွက် အသံထွက်ညည်းမိခြင်းဖြစ်၏။

"ဗမာအလုပ်သမားတွေရိုက်သတ်လို့မကုန်နိုင်အောင်များ နေတဲ့မြို့ကြီးမှာ ဗမာလက်သမားတစ်ယောက်ရှာရတာသေချင်စော်နံတယ်ဗျာ"

"ဒါတော့ မဟုတ်သေးဘူးထင်တယ် ကိုမင်းဒင်။ လက်သမားလိုရအောင် ဘာတွေများကြီးကြီးကျယ်ကျယ်ပြင်မှာဆင်မှာမို့တုံးဗျာ"

"အသေးအဖွဲ့ပါဗျာ။ မီးဖိုချောင်က မီးဖိုတင်တဲ့ စားပွဲကို သွပ်ပြားအသစ်ကပ်ချင်တယ်။ အခန်းသော့သုံးလုံးလောက် အသစ်လဲချင်တယ်။ ကျွန်တော်လူရှာနေတာ တစ်လပြည့်တော့မယ်ဗျာ"

"သြော်.. မခက်ပါဘူးဗျ။ ကျွန်တော့်လူတစ်ယောက် လွှတ်လိုက်ပါ့မယ်။ အမှန်က သူတို့ဘဝ သူတို့အကြောင်း ခင်ဗျားမသိသေးလို့ပါ။ ဒီကိုရောက်နေတဲ့ ဗမာအလုပ်သမားအများစုဟာ သူတို့လုပ်ငန်းခွင်တွေထဲမှာ လေးငါးဆယ်နှစ် နေ့မှန်း၊ ညမှန်းမသိဘဲ အချိန်ကုန်နေကြရတာဗျ။ ပတ်စ်ပို့နဲ့ ဝေါ့ခ်ပါမစ်တွေရှိနေပေမယ့် "နင်မဟုတ်ရင် နင့်အဖေပဲ"ဆိုပြီး တွေ့ရာနေရာမှာ ဥပဒေပုဒ်မမပါဘဲဖမ်းပြီး ငွေညှစ်နေတဲ့ ထိုင်းရဲရန်ကလည်း တစ်မျှောင့်မို့ သူတို့ဟာ အပြင်ထွက်ပြီး ဂျလမ်းမနေနိုင်ဘူးဗျ။ အားလပ်တဲ့ရက်တွေမှာ အပြင်အလုပ်လိုက်လုပ်ဖို့ဆိုတာကလည်း ကိုယ်ပိုင်လက်သမား၊ ပန်းရန်သမားသုံးပစ္စည်းကိရိယာတွေ အဆင်သင့်ရှိဦးမှ။ ကဲပါဗျာ။ ခင်ဗျားအခုလုပ်ချင်တဲ့ ပျံကျကိစ္စမျိုးအတွက် ထိုင်းဂျပိုးမှ ဖြစ်မှာမို့ ခင်ဗျားဆီကို ဂျပိုးထက်ကြီးတဲ့ လိပ်တစ်ကောင် ကျွန်တော်ပို့ပေးလိုက်ပါ့မယ်။ စိတ်အေးချမ်းသာစွာနေပါတော့"

ထိုမှ နှစ်ရက်မြောက်သည့်နေ့တွင် အမ်မခန်အရပ်ရှိ ကျွန်တော့်နေအိမ်သို့ အသက် (၄၀) ဝန်းကျင်လူလတ်ပိုင်းကုလားဒိန်ရုပ်နှင့် လူရွယ်တစ်ဦးပေါက်ချလာပါသည်။ သူ့အမည်ကား အလီမောင်မောင်ဟု ဆိုသည်။ စင်စစ်သူသည်အိန္ဒိယသွေးပါသူမဟုတ်။ သူ၏ အသားအရည်နှင့် မျက်နှာပေါက်ကြောင့် သူ့နာမည်ရင်း "မောင်မောင်"၏ရှေ့မှာ "အလီ" ဟူသောအပိုစာလုံးပါလာခြင်းဖြစ်ကြောင်း သူ့ကို တရင်းတနှီးမေးမြန်းရာမှ သိလာရသည်။

အလီမောင်မောင်သည် အရပ် ၅ ပေ ၁၀ လက်မခန့်၊ ညှဉ်းသိုးသိုးနှင့် ပြောပုံဆိုပုံမှာ လူရည်လည်သောပုံစံဖြစ်၍ ကိုသက်ခိုင်ပြောဆိုထားသည့် ထိုင်းဂျပိုးဟူသော အမည်နှင့် လိုက်ဖက်လှသည်။ သူပြောသည့်စကားအတော်များများမှာ ထိုင်းစကားညှပ်၍ သုံးလေ့ရှိသော်ငြား သူကား မွန်ပြည်နယ်၊ ကျိုက်မရောဇာတိ၊ မွန်မြန်မာစစ်စစ်ဖြစ်၍ သူ့မိဘများသည် အင်္ဂလိပ်နယ်ချဲ့ခေတ်အခါက နာမည်ကျော်မွန်သူဌေးကြီးဦးနာအောက်၏ဇာတိရွာဖြစ်သော ကတိုးကော့နှပ်ရွာမှဖြစ်ကာ သူ့အစ်မတစ်ဦးမှာ မော်လမြိုင်တက္ကသိုလ်တွင် ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည်ဟု ဆို၏။ ထိုင်းနိုင်ငံတွင်းသို့ သူစတင်ခြေချခဲ့သည်မှာ ၁၉၈၈ ခုနှစ်၊ ဗမာပြည်အရေးအခင်းကာလမှ စတင်ခဲ့သည်ဖြစ်၍ ယိုးဒယားမြန်မာနယ်စပ်၊ ဝမ်ခစခန်းသို့ပင် အဝင်အထွက်ရှိခဲ့ဖူးပြီး မြန်မာကျောင်းသားလက်နက်ကိုင်အဖွဲ့ (ABSDF) မှ ဒေါက်တာနိုင်အောင်နှင့် မိုးသီးဇွန်တို့ကို သူတွေ့မြင်ခဲ့ဖူးသည်။ အလီမောင်မောင်သည် ကျွန်တော်ညွှန်ပြစေခိုင်းသမျှအလုပ်တို့ကို ကျွမ်းကျင်သေသပ်စွာလုပ်ကိုင်နေရင်း ကျွန်တော်နှင့်အဖွဲ့ကျနေခဲ့၏။ မီးဖိုခုံပေါ်က သွပ်ပြားဟောင်းကို ခွာသည်။ သွပ်ပြားအသစ်ကို သံဖြတ်ကတ်ကြေးတစ်ချောင်းဖြင့် ဖြတ်နေသော သူ့ဘေးတွင် ကျွန်တော်သည် စကားပြောဖော်အဖြစ် ရှိနေခဲ့၏။ သူက ကျွန်တော့်ကို "ဦး"ဟု နာမ်စားသုံးခေါ်ဝေါ်သည်။ သူနိဒါန်းပျိုးသော စကားတစ်ခွန်းသည်ပင် ကျွန်တော်စိတ်ဝင်စားမိသည့် အကြောင်းအရာတစ်ခုဖြစ်သွားချေသည်။

"ဦးက စာရေးတယ်ဆိုတော့ ထိုင်းနဲ့ကမ္ဘောဒီးယားစစ်ဖြစ်တုန်းက ဖူးခက်ရောက်နေတဲ့ မွန်ဗမာအလုပ်သမားတွေ ထိုင်းစစ်တပ်ထဲဝင်ပြီး တိုက်ခဲ့တာကို ဦးသိလား"

"ဟ.. ဘယ့်နှယ့်မွန်ဗမာတွေက ထိုင်းစစ်တပ်မှာ စစ်ဝင်တိုက်ရသတုံး၊ မဟုတ်သေးဘူး ထင်တယ်"

"ဟုတ်တယ်ဦးရ၊ ၁၉၉၀ ခုနှစ်လောက်တုန်းက ကမ္ဘောဒီးယားနဲ့ ယိုးဒယားတွေစစ်ဖြစ်ကြတုန်းမှာ ဖူးခက်က မွန်ဗမာတွေကို တစ်လဘတ်သုံးထောင်လခပေးပြီး စစ်တိုက်ခိုင်းတာ၊ ကျွန်တော့်အသိ မွန်ဗမာတွေပါသွားခဲ့ကြဖူးတယ်။ နှစ်လ၊ သုံးလလောက်ကြာတော့ သူတို့ပြန်ရောက်လာကြတယ်။ ခေါ်သွားတုန်းကတော့ ထိုင်းနိုင်ငံသားမှတ်ပုံတင်ထုတ်ပေးမလိုလိုပါပဲ။ ပြန်ရောက်တော့လည်း ဘာမှမဟုတ်ပါဘူး"

သူ့စကားကြောင့် ကျွန်တော်တွေခနဲ ဖြစ်သွားမိသည်ကား အမှန်။ ဆက်စပ်စဉ်းစားသည့်အခါ ထိုင်းနှင့် ကမ္ဘောဒီးယားသည် မကြာခဏနယ်စပ်ပြဿနာပေါ်လေ့ရှိရာ ထိုင်းစစ်တပ်သည် စစ်မြေပြင်လုပ်သား (ပေါ်တာ)အဖြစ် မွန်ဗမာတို့ကို အခကြေးငွေပေး၍ ခေါ်ယူခဲ့ခြင်းဖြစ်နိုင်သည်။ လွန်ခဲ့သော ၂ နှစ်ခန့်က ထိုင်းမှတ်ပုံတင်အတုကိုင်ဆောင်မှုဖြင့် ဖမ်းဆီးခံရသည့် မွန်ဗမာတစ်ဦးမှာ ကမ္ဘောဒီးယား စစ်ပြန်တစ်ဦးဟုလည်း သတင်းသဲ့သဲ့ကြားမိသည်။ အလီသည် အခြေခံပညာအလယ်တန်းအဆင့်အထိသာ ပညာသင်ကြားဖူးသည်။ သူပြောသမျှ ကျွန်တော်မယုံကြည်သော်ငြားသူပြောဆိုနေသည့် ဖူးခက်နောက်ကြောင်းရာဇဝင်ကြည့်ဖြစ်တယ်ဦးရ။ အခုပါတောင်မှာ အမြင့်ဆုံးနှစ်ဆယ့်ငါးထပ် ပါရာဒိုက် (Paradise) ဟိုတယ်ကြီးဟာ အဲဒီတုန်းက စဆောက်တာပေါ့။ ကျန်တဲ့အထပ်မြင့်တိုက်တွေ၊ ဟိုတယ်တွေမရှိသေးဘူး။ ဟိုအရင်တုန်းက ဖူးခက်က ထိုင်းလူမျိုးတွေဟာမွန်ဗမာတွေကိုမမြင်ဖူးကြဘူးတဲ့။ မွန်တွေနဲ့ ထိုင်းလူမျိုးတွေဟာပြောတဲ့စကား၊ ရေးတဲ့စာမှာ နည်းနည်းနီးစပ်လို့လားတော့မသိဘူး။ မွန်တွေဟာ ထိုင်းတွေနဲ့အတော်နားလည်မှုရှိခဲ့ကြတယ်။ မွန်ပြည်နယ်လမိုင်းရွာသား မွန်လူမျိုးတွေ ဖူးခက်ကို စပြီးရောက်ကြတာ။ ရောက်စက မွန်ဗမာတွေလုပ်ရတာ ပန်းရန်လုပ်ငန်းတစ်ခုပဲရှိတယ်။ အဲဒီတုန်းက ဖူးခက်အလုပ်သမားလောကမှာ မွန်တွေကြီးစိုးနေခဲ့တာပေါ့။ လာအိုနဲ့ ကမ္ဘောဒီးယားအလုပ်သမားတွေရောက်လာကြတယ်ဆိုပေမယ့် အရမ်းနည်းပါတယ်။ အညာသားတွေ ဖူးခက်ကိုရောက်လာကြတာ ခုနစ်နှစ်လောက်ပဲရှိဦးမယ်။ အခုတော့ မကွေးတိုင်းထဲက ပေါက်၊ မြိုင်၊ ချောင်းနားဆိုတဲ့ရွာတွေကပါ ရောက်လာကုန်ကြတာ။ တစ်နိုင်ငံလုံးအနှံ့ကပါပဲ"

အလီမောင်မောင် ဖူးခက်သို့ စတင်ရောက်ရှိချိန်မှာ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် အရေးအခင်းကြီးပေါ်ပေါက်နေချိန်ဖြစ်၍ မြန်မာပြည်ကြီးဝရုန်းသုန်းကားဖြစ်နေချိန်တွင် ထိုင်းနိုင်ငံ ဖူးခက်မြို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အတွက် ခြေလှမ်းသွက်သွက်ဖြင့် ပြင်ဆင်နေချိန် ဖြစ်လေသည်။ ယင်းအချိန်တွင် မြန်မာပြည်လူထုအများစုမှာ စားဝတ်နေရေးကျပ်တည်းကျဉ်းမြောင်းကြလေသဖြင့် မွန်ဗမာအလုပ်သမားများသည် အလုပ်အကိုင်နှင့် ဝင်ငွေအထိုက်အလျောက်ကောင်းမွန်သည့် ထိုင်းနိုင်ငံအနှံ့အပြားသို့ စတင်ရောက်ရှိနေကြရာ လစ်ဟာနေသော လုပ်အားလိုအပ်ချက်ကို ယိုးဒယားတို့ လွယ်ကူစွာ ဖြည့်ဆည်းနိုင်ခဲ့ကြသည်။ အမှန်တော့ အလီမောင့်အကြောင်းကို ကိုသက်ခိုင်တစ်စွန်းတစ်စကြိုပြောထားသဖြင့် သူ၏ကိုယ်ရေးကိုယ်တာ ကိစ္စအချို့ကိုကြိုသိနေသည်။ ဖူးခက်မှာ အနေကြာပြီဖြစ်သော အလီသည် ပတ်စ်ပို့၊ ဝေါ့ခ်ပါမစ်မရှိဘဲ ဖူးခက်မှာ ဂျလန်းနေနိုင် သူဖြစ်၏။

ထိုင်းစကားကို ထိုင်းလူမျိုးရှုံးအောင်ပြောတတ်ရုံမျှမက ထိုင်းရဲအတော်များများနှင့်ပါ သူရင်းနှီးသည်။ ခွင်းချက်အနေဖြင့် သူသည် အာစီယံခေါ် မူးယစ်ဆေးရည်တစ်မျိုးစွဲနေသူဖြစ်ပြီး သူအာစီယံမူးနေသည့်အချိန်များတွင် နှစ်ရက်ဆက်တိုက်အိပ်မောကျနေတတ်သည်ဟုဆို၏။ အာစီယံကို သူကိုယ်တိုင် စွဲစွဲလမ်းလမ်းသောက်သည့်အပြင်၊ ကိုယ်တိုင်ကျိုချက်ရောင်းလေ့ရှိသည်။ ထို့အပြင် အာစီယံကျိုချက်ရာတွင် အဓိကအခြေခံပစ္စည်းဖြစ်သည့် ဘိုင်ကထော့ခေါ် ဘိန်းစာရွက်ကို လက်လီလက်ကားဖြန့်သည်အထိ ခြေလှမ်းကျဲသူဖြစ်၏။

အာစီယံကို စတင်တီထွင်သူတို့မှာ ထိုင်းနိုင်ငံရနောင်းမြို့မှ မွန်ဗမာငါးဖမ်းလုပ်သားများဟု ဆိုသည်။ **အချပ်ပို** (A6) **သို့**



7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# သစ္စာတွေ မေတ္တာတွေ ချစ်သဒ္ဒါတွေနဲ့ ပညာရေး

မောင်သာချို




(တစ်)

စာရေးဆရာမ နုနုရည် (အင်းဝ) မြန်မာစာပေလောကထဲသို့ စတင်ဝင်ရောက်လာစဉ်က တော်တော်ကလေး ဂယက်ထသည့် ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားတင်ဆက်ခဲ့ဖူးပါသည်။ "နမ်းမှာလား မောင်ရဲ့ မွှေးတယ်ရှင်" ဟူသော ဝတ္ထု။ ခေတ်ပြိုင်ဝေဒနာကိုဖွဲ့သည့် ဝတ္ထုတိုတစ်ပုဒ်။

ဝတ္ထုဇာတ်လမ်းက အယူအကောက်ရှေးရိုးဆန်လွန်းသော စာဖတ်သူတို့ကြားထဲမှာ မကြားဝံ့မနာသာ အကြောင်းအရာတစ်ရပ်ဖြစ်သွားပုံရပါသည်။ အပြင်းထန်ဝေဖန်တုံ့ပြန်လိုက်ကြပုံတွေများ။

ဝတ္ထုထဲရှိ အဓိကဇာတ်ဆောင်က တက္ကသိုလ်ကျောင်းသူတစ်ဦး။ သူ့မှာ ချစ်သူရှိပါသည်။ သူ့လိုပဲ တက္ကသိုလ်ကျောင်းတော်သားတစ်ယောက်။ ဘွဲ့ရပြီးလျှင် ဘဝတစ်ခုကို ထူထောင်တည်ဆောက်ကြဖို့အထိ ရည်မှန်းထားသည့်ချစ်သူ။ သို့သော် ကျောင်းသူမိန်းမပျိုက ဘဝအခြေခံမခိုင်မာ။ မိဘများက စီးပွားရေးယိမ်းယိုင်ပြိုလဲနေသည့်သူများ။

သည်လိုနှင့် တစ်ရက်မှာ ကျောင်းသူမ၏ ဦးလေးဆိုသူပေါ်လာပါသည်။ ဦးလေးက တူမဖြစ်သူအဆောင်၌ စားဝတ်နေမှု ဖွယ်ဖွယ်ရာရာ မရှိမှာကို စိုးရိမ်ပူပန်ကြောင်း ကျောင်းသူမကိုယ်တိုင်က သတင်းထုတ်ပြန်လာပါသည်။ ထို့ကြောင့် သောကြာနေ့ ညနေတွင် ဦးလေးက အဆောင်သို့လာကာ ကားဖြင့်အိမ်သို့ခေါ်သွား။ ဦးလေး၏ အိမ်မှာလိုက်နေ။ တနင်္လာနေ့ ကျောင်းပြန်ဖွင့်တော့မှ ဦးလေးကိုယ်တိုင်အဆောင်သို့ ကားဖြင့် ပြန်ပို့။

စာရေးဆရာမက ဝတ္ထုတိုကို ရေးသောအခါ တက္ကသိုလ်ကျောင်းသူ၏ နေရာမှ ဝင်ရေးခြင်းဖြစ်ပါသည်။ ဦးလေးက တကယ့်ဦးလေးမဟုတ်။ ကျောင်းဆက်တက်ဖို့ရာ အထောက်အပံ့ပေးသည့် ဟန်ဆောင်ဦးလေး။ ကျောင်းသူနှင့် တစ်ပတ်တစ်ခါ အတူတူနေသည့် ဦးလေး။ ဦးလေးက အဆောင်သို့ ကားဖြင့် လာခေါ်စဉ်ဦးလေးမြင်မည်ကိုစိုး၍ သစ်ပင်ကိုကွယ်ကာ နှုတ်ဆက်နေသည့် ချစ်သူတက္ကသိုလ်ကျောင်းသား။ ဘွဲ့ရသည်အထိတော့ စောင့်ပါဦးဟု တိတ်တဆိတ် တောင်းပန်နေသည့် တက္ကသိုလ်ကျောင်းသူ။ ကားပေါ်မှာ မျက်ရည်စတွေနဲ့။

သည်ဝတ္ထုကို ဝေဖန်ကြ၊ တုံ့ပြန်ကြသည့်အသံတွေက စာပေလောကအဝန်းအဝိုင်းကလေးထဲမှာ တစ်ခါက ကျွက်ကျွက်ညံနေခဲ့ဖူးပါသည်။

နောင်တက္ကသိုလ် ဘဝကို လက်တွေ့ဖြတ်သန်းရလေသောအခါ သည်လိုမျိုးဆန်ဆန် အဖြစ်အပျက်တွေက တစ်ကွေ့တစ်ခါများဆီ၌ တိုးမိတိုက်မိကလေးတွေ ရှိလာရပါသည်။အဆောင်တွင်နေကာ အမျိုးသားတစ်ယောက်နှင့် လက်ထပ်ထား၊ ကိုယ့်ခင်ပွန်းဖြစ်ကြောင်းလည်း ပတ်ဝန်းကျင်ကို မိတ်ဆက်၊ ကျောင်းပိတ်ရက်များမှာ ထိုခင်ပွန်းဆိုသူနှင့် လိုက်ပါသွား၊ ဘွဲ့ရပြီးတော့ ကွာရှင်းပြတ်စဲ၊ ပြီးတော့မှ အခြားသောသူနှင့် လက်ဆက်ကာ ဘဝကိုတည်ငြိမ်စွာ တည်ဆောက်သွားကြသည့် သူတို့ကို သိရှိထိတွေ့လာရလေသောအခါ စာရေးဆရာမနုနုရည် (အင်းဝ)၏ ဝတ္ထုတိုကို မအံ့ဩပါလေတော့။

(နှစ်)

အံ့ဩစရာ တက္ကသိုလ်ဆရာမတစ်ဦးကို တွေ့ဖူးပါသည်။

သူက ပြည်ပသို့ထွက်ကာ ပညာသင်ကြားလိုစိတ်ရှိသူ။ သို့သော် ထွက်ခွာသွားဖို့ရာက လွယ်လွယ်နှင့် အဆင်မပြေ။ သည်မှာတွင်သူက နိုင်ငံခြားသား သံရုံးဝန်ထမ်းတစ်ဦးကို လက်ထပ်ပစ်လိုက်ပါသည်။ ထိုသူ၏ဇနီးမယားဘဝကို ခံယူကာ ပြည်ပသို့ အလွယ်တကူလိုက်ပါသွားခဲ့နိုင်ပါသည်။ သူအလိုရှိရာ နိုင်ငံသို့အရောက်တွင်ကား ထိုသူနှင့်ကွာရှင်းပြတ်စဲပစ်လိုက်ကာ သူ့လမ်းကိုသူ ဖြောင့်တန်းစွာ လျှောက်ပစ်လိုက်ပါလေတော့သည်။

ဆန်းလိုက်တာ။

(သုံး)

တစ်ခါက အလျင်စလိုဒရောသောပါးကြီးဆိုသလို မိန်းမယူပစ်လိုက်သည့် တက္ကသိုလ်ဆရာတစ်ဦးနှင့် ဆုံဖူးပါသည်။ သူ့ကို ကြည့်ရသည်မှာ ဆယ်ကျော်သက်လူငယ်ကလေးတစ်ယောက် ပမာချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့၊ ဆွေးလှချည်ရဲ့ လွမ်းလှချည်ရဲ့ဟူသော ပုံစံမျိုးဖြင့် မခွဲနိုင်၊ မခွာရက်သဖြင့် လက်ထပ်သွားခြင်းမျိုး မဟုတ်သောကြောင့် ထူးဆန်းသည်ထင်၍ မေးကြည့်မိပါသည်။

"ထရန်စဖာလေဗျာ ထရန်စဖာကို ရှောင်ဖို့ပညာ" တဲ့။

အံ့ဩဖို့ကောင်းလိုက်တာ။ သမီးရည်းစားရယ်၊ ဘာရယ်လည်း ပီပီပြင်ပြင် မဟုတ်သေးပါဘဲ နည်းနည်းချိတ်တိတ်တိတ်ကလေးဖြစ်ရုံနှင့် လက်ထပ်ဖို့တိုင်ပင်ဆုံးဖြတ်လိုက်ကြသည်မှာ စရန်စဖာကြောင့်တဲ့။ ဩော် ...Transfer။

တက္ကသိုလ်လောကမှာက လင်မယားနှစ်ယောက်အနက် တစ်ယောက်က နယ်တွင်ရှိနေသမျှ ကာလပတ်လုံး ကျန်တစ်ယောက်သည် ရန်ကုန်၊ မန္တလေး မြို့ကြီးများရှိ တက္ကသိုလ်များကနေ မည်သည့်အရပ်ကိုမှ ရွှေ့ပြောင်းစရာမလိုကြ။ သည်စည်းမျဉ်းကို သိထားသူမိတ်ဆွေက ပြောင်းရွှေ့ဖို့ရာ နီးလာသည်နှင့် လက်ထပ်ပွဲကို ဆင်နွှဲပစ်လိုက်ခြင်း ဖြစ်ပါသည်။ ထို့နောက် ဇနီးသည်ကို ရန်ကုန်နှင့် အနီးဆုံးဖြစ်သော ပဲခူး၊ မအူပင်၊ ဟင်္သာတ၊ ပုသိမ်၊ တောင်ငူ၊ ပြည်စသောမြို့များသို့ လျှောက်ခိုင်းလိုက်ပါသည်။ ကိုယ့်သဘောနှင့် ကိုယ် နယ်ကို ဆန္ဒပြုသည် ဆိုတော့လည်း လွယ်လွယ်ကလေးနှင့်ပဲ ရသည်ပေါ့။ ဤတွင် နယ်ရောက်သူ ဇနီးသည်က မည်သည့် အရပ်သို့မှ မရွှေ့ပြောင်းတော့ဘဲ ထိုနယ်၌ အထိုင်ချထားလိုက်ပါသည်။ ခင်ပွန်းဖြစ်သူကား ရန်ကုန်လို မြို့ကြီးပေါ်ကနေ တစ်ဖဝါးဆိုတစ်ဖဝါးမှ ခွဲခွာစရာမလိုတော့ဘဲ မြို့ကြီးပေါ်၌ အရည်အချင်းရှိလျှင် ရှိသလို တစ်လဆယ်သိန်း၊ ဆယ့်ငါးသိန်း အေးအေးဆေးဆေး စုပေတော့။ တစ်ခါတစ်ခါ ကိုယ်က ဇနီးရှိရာဆီသို့ လိုက်သွား။ တစ်ခါတစ်ခါ ဇနီးသည်က ကိုယ့်ဆီလာ။ သုံးလေးငါးနှစ်ဆိုတိုက်ခန်းကလေး၊ ကားကလေးတောင် ဖြစ်သွားနိုင်ပါရဲ့။

နယ်တက္ကသိုလ် တစ်ခုခုဆီသို့ ရောက်မသွားရလေအောင် ဟိုး အဝေးကြီးဆီသို့ လွင့်မသွားရလေအောင် မင်းနဲ့ကိုယ်နဲ့ လက်ထပ်ရအောင်ဆိုလား။

(လေး)

လူတွေဘာကြောင့် လက်ထပ်ကြသလဲ။ ဖိုနဲ့မ ဘာကြောင့် အတူတူနေဖို့ ကြိုးစားကြသလဲဆိုသည့် ကိစ္စများမှာ ဟိုတုန်းကတော့ တော်တော့ကိုပဲ ရိုးစင်းပါသည်။ ချစ်လို့၊ ကြိုက်လို့၊ မြတ်နိုးလို့၊ တွယ်တာလို့၊ သနားလို့၊ အားကိုးလို့၊ တပ်မက်လို့၊ အထင်ကြီးလို့ စသည်စသည်ဖြင့် ခေါင်းစဉ်ကွဲတွေက တစ်ခုခုတော့ ဖြစ်နိုင်ပါသည်။

အခု လူ့အဖွဲ့အစည်း ယန္တရားကြီးက ဆန်းပြားလာလိုက်တာ။ ဘွဲ့ရသည်အထိ အထောက်အပံ့ဖြစ်ဖို့ ပေါင်းသင်းကြတဲ့ အချိန်ပိုင်း အိမ်ထောင်တဲ့။ ယာယီအိမ်ထောင်တဲ့။ နှစ်ချုပ်အိမ်ထောင်တဲ့။ နိုင်ငံခြားထွက်ပြီး ပညာသင်နိုင်ဖို့ ပေါင်းဖက်တဲ့ ဟန်ဆောင်အိမ်ထောင်တဲ့။ နယ်ပြောင်းရမှာကို ကြောက်လို့ကပျာကသီတည်ဆောက်တဲ့ဒရောသောပါးအိမ်ထောင်တဲ့။

"ဃရာဝါသ၊ သမ္မာဟေ ဒုက္ခဖွဲ့နှောင်၊ လူတို့ဘောင်ဝယ် အိမ်ထောင် သားမွေး၊ ခြနယ်မြေး" တဲ့ ။

ကိုးခန်းပျို့ဆရာရှင် မဟာရဋ္ဌသာရက အိမ်ထောင်ရေးဟာ ရှုပ်ထွေးပါတယ်တဲ့။ အိမ်ထောင်ရေးကမှ ရှုပ်ထွေးတာမဟုတ်။ အိမ်ထောင်ပြုပုံပြုနည်းကလည်း ရှုပ်ထွေးလိုက်တာ။ အခုဆို ပညာရေးနဲ့တောင်မှ ကြင်ရာ အရေးက ထွေးယှက်လို့။ ဩော် .. ဆန်းပြားတဲ့ ယန္တရားကြီးပါကလား။ ။



7 DAY NEWS JOURNAL
Vol.13, No.14 ▪ JUNE 11 , 2014


ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငူလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂ်ီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ဦးရန်ဝေးလို ဝန်ကြီးများ အလိုရှိသည်

**မြင့်မိုရ်ဆွေ**




မိတ်ဆွေသဘင်ပညာရှင်တစ်ဦးနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စကားလက်ဆုံကျစဉ် ယနေ့ဇာတ်သဘင်လောက၌ ဝန်ကြီးများ အလွန်ရှားပါးပြီး အပြင်လောက၌ ဝန်ကြီးများ အလွန်များနေကြောင်း မိတ်ဆွေက ညည်းညူပြောကြားရှာလေ၏။ “အပြင်လောကဆိုတာ ဘာကို ပြောတာလဲ” ဟု စာရေးသူက မေးမြန်းရာ “ခင်ဗျားတို့ အစိုးရအဖွဲ့ကို ပြောတာပေါ့ဗျ။ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီး ပေါင်းရင် ၁၀၀ လောက်ရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အစိုးရအဖွဲ့တွေမှာလည်း ဝန်ကြီးချုပ်တွေအပါအဝင် စုစုပေါင်း ၁၀၀ လောက်ရှိ မယ်။ ဒီတော့ လမ်းလျှောက်သွား ရင် ဝန်ကြီးတွေကို မတိုက်မိအောင် သတိထားရှောင်မှ တော်ရုံကျတယ်ဗျ။ ကျုပ်တို့မြန်မာတစ်နိုင်ငံလုံးက ဇာတ်အဖွဲ့တွေမှာတော့ အရည်အချင်းပြည့်ဝတဲ့ ဝန်ကြီးတွေ အလွန်ရှားနေပြီ။ သမားစဉ်မပျက် ထီးသုံးနန်းသုံး ဝေါဟာရတွေနဲ့ ထီးမူနန်းဟန်အမူအရာတွေ ကြွယ်ဝပြီး အပြောပိုင်၊ အဆိုပိုင်တဲ့ ဝန်ကြီးက လက်ချိုးရေလို့ရတယ်ဆရာရေ။ ဒါကြောင့် ဇာတ်ထဲမှာ ဝန်ကြီးရှားပြီး အပြင်မှာ ဝန်ကြီးတွေပေါတယ်လို့ ပြောတာဗျ။ ဟားဟားဟား ...ခင်ဗျားမယုံရင် ဖိုးချစ်ကိုမေးကြည့်” ဟု မိတ်ဆွေက ပြန်လည် ရှင်းပြသည်။

“ခင်ဗျားတို့က ဝန်ကြီးတွေပေါများအောင် အလားအလာရှိတဲ့လူတွေခေါ်ပြီး သင်တန်းတွေဘာတွေပေးပေါ့ဗျ” ဟု စာရေးသူက အကြံပေးလိုက်မိ၏။

“ဇာတ်ထဲမှာ ဝန်ကြီးဆိုတာ အခုသင်တန်းပေးပြီး အခုတာဝန်ပေးလို့ မရဘူးဗျ။ ‘သမ္ဘာ’ က စကားပြောတယ်။ ခင်ဗျားတို့အပြင်မှာလို အရှင်မွေး–နေ့ချင်းကြီးလို့ မရဘူး။ နောက်ပြီး ဇာတ်ထဲက ဝန်ကြီးက ခင်ဗျားတို့ အပြင်က ဝန်ကြီးတွေလို စကားမှားလို့လည်းမရဘူး။ ဇာတ်ထဲမှာ ဝန်ကြီးလုပ်တဲ့သူက တောပြောတောင်ပြော စကားမှားကြည့် ဇာတ်ဆရာက ထုတ်ပစ်မှာ။ ပရိသတ်ကလည်း ခဲနဲ့ထုမှာ သေချာတယ်ဗျ” ဟု စာရေးသူအား အော်ကျယ်ဟစ်ကျယ်နှင့် ပညာပေးစကား ပြန်ကြားပါလေတော့၏။

စာရေးသူ၏ မိတ်ဆွေက သဘင်လောက၏ ဂန္ထဝင်သရုပ်ဆောင်ပညာရှင် ရှားပါးမှုကို ဖော်ထုတ်ရာတွင် ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာရှိအောင် ဝန်ကြီးချင်း နှိုင်းယှဉ်ပြောသွားခြင်းဖြစ်၏။ အမှန်တော့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဆိုသည်မှာ အရှင်မွေးတိုင်း မရနိုင်ဘဲ ပင်ကိုအရည်အချင်း ရှိရန်လည်း လိုအပ်ကြောင်း အထူးပြောရန် မလိုပေ။ မြန်မာနိုင်ငံတွင် ပြည်သူမွေးသော ခေါင်းဆောင်က ရှားပြီး အရှင်မွေးသော ခေါင်းဆောင်ကများနေ၍ ပင်ကိုအရည်အချင်းက ဒုတိယနေရာသို့ ရောက်ရှိနေခြင်းဖြစ်လေ၏။ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး၏ ဒုက္ခကို ကွယ်လွန်သူ န.အ.ဖ ခေတ်ပညာရေးဝန်ကြီး ဦးပန်းအောင်က စာရေးသူအား ပြောပြခဲ့ဖူး၏။ ဦးပန်းအောင်သည် ကဝမြို့နယ်၊ သပြုရွာသား ဖြစ်ပြီး အဆိုပါရွာတွင် အလယ်တန်းအထိ ပညာသင်ခဲ့ရာ သူ၏ ဆရာရင်းဖြစ်သည့် ကျောင်းအုပ်ဆရာကြီးမှာ စာရေးသူ၏ ဘကြီးအရင်းတော်စပ်လေ၏။ ထို့ကြောင့် ခင်မင်ရင်းနှီးမှုများ ရှိခဲ့ပြီး ဝန်ကြီးများရုံးရှိ သူ၏ရုံးခန်း၌ စာရေးသူအား မှတ်မှတ်ရရ ပြောခဲ့သည်ကို ပြန်လည် ဖောက်သည်ချလိုပါသည်။

“ဝန်ကြီးတစ်ဦးကို ဘယ်လိုဝေဖန်ရမလဲဆိုတာ လူတွေက အမြဲကြည့်နေတာ။ ဝေဖန်တာ ခံနိုင်ဖို့ လိုတယ်ကွ။ စိတ်တိုလို့မရဘူး။ ပညာရေးဝန်ကြီးဌာနမှာ ဒေါက်တာညီညီဝန်ကြီးဖြစ်တော့ ‘ဓာတ်ခွဲခန်းဝန်ကြီး’ လို့ခေါ်ကြတယ်ကွ။ သူက ကျောင်းတွေစစ်ရင် သိပ္ပံဓာတ်ခွဲခန်းတွေကို အမြဲဦးစားပေး စစ်ဆေးတာကိုးကွ။ နောက် ဒေါက်တာ ခင်မောင်ဝင်း ဝန်ကြီးဖြစ်တော့ ‘အိမ်သာဝန်ကြီး’ လို့ ခေါ်ကြပြန်ရော။ သူက ကျောင်းတွေစစ်ရင် အိမ်သာသန့်ရှင်းမှုကို အထူးဦးစားပေးစစ်ဆေးတာကွ။ ငါ့ကျတော့ ‘အလံတိုင်ဝန်ကြီး’ လို့ ခေါ်ပြန်ရောကွ။ ငါကနိုင်ငံတော်အလံကို အလေးပြုတာ။ နိုင်ငံတော်သီချင်းဆိုတာကို ကျောင်းတွေမှာ မဖြစ်မနေ လုပ်ရမယ်လို့ အမိန့်ထုတ်ခဲ့တာကိုးကွ။ အလံတိုင်နဲ့ အလံတွေ ဟောင်းနေရင် လဲခိုင်းတော့ အဲဒီလိုခေါ်ကြတာပေါ့ကွာ။ ဟား..ဟား ဒါက အသေးအဖွဲ့ရှိသေးတယ်။ အရာရာကို ဉာဏ်နဲ့ယှဉ်ပြီး သတိထားမှ တော်ရုံကျတာ မောင်ရေ” ဟု ပြောကြားခဲ့ဖူးပါသည်။

စာရေးသူသည် သဘင်ပညာရှင်မိတ်ဆွေနှင့် လမ်းခွဲပြီးနောက် နေအိမ်သို့ ရောက်ရှိသောအခါ နဖူးပေါ်လက်တင်၍ ဝန်ဋီကာကို အတွေးနယ်ချဲ့ပြီး စဉ်းစားနေမိ၏။ ဝန်ကြီးကောင်းတို့မည်သည် ဤလိုပုဂ္ဂိုလ်မျိုးပါဟု စံပြုနိုင်လောက်သော ကုန်းဘောင်ခေတ် မင်းတရားကြီးလက်ထက်မှ ပခန်းမင်းကြီးဟုတွင်သော ဝန်ကြီးဦးရန်ဝေးကို သတိရမိ၏။ ပဒေသရာဇ်ခေတ်ဝန်ကြီးတစ်ပါး၏ ဘဝမှာ နေ့စဉ် သုသာန်သို့ မျက်စောင်းထိုးနေသော ဘဝဟုဆိုရလောက်အောင် စေတစ်လုံးပိုင်ရှင် သက်ဦးဆံပိုင်ဘုရင်၏ ရွှေမျက်နှာတော်ကို ကြည့်၍ ခစားနေရသော ဘဝဖြစ်၏။ သို့သော် ပခန်းမင်းကြီး ဦးရန်ဝေးကား ဘုရင်နှင့် ရင်းနှီးသော မင်းဆရာဘဝမှ ဝန်ကြီးအဖြစ် မြှောက်စားခံရသူဖြစ်သော်ငြားလည်း ဘုရင့်အကြိုက် အမြဲဆောင်တတ်သည့် ဆန္ဒဂတိနှင့် ဘယာဂတိကင်းရှင်းပြီး အမှန်တရားအလိုသို့သာ သတ္တိရှိရှိလိုက်ပါလျှောက်ထားဝံ့သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဝန်ကြီးဦးရန်ဝေး၏ လစာစရိတ် ခွဲဝေသုံးစွဲပုံမှာ စံထားလောက်၏။ လခတော်ငွေ ၂၀၀၀ ကျပ် ရရှိသည်ကို ဝန်ကတော်သို့ ၁၀၀၀ ပေးပြီး မိမိအတွက် ၅၀၀ နှင့် ငယ်သားများအတွက် ၅၀၀ ခွဲဝေသုံးစွဲခဲ့လေ၏။ မိမိ၏ သန့်ရှင်းသော လခတော်ဝင်ငွေမှ ငယ်သားများအား အပြတ်ပေး၏။ ဝန်ကတော်ထံမှတစ်ဆင့် တောင်းပြီး အလီလီပေးခြင်းဖြင့် ဇယားမရှုပ်စေရန် ကင်းကင်းရှင်းရှင်းသီးသန့်ခွဲပြီး တိုက်ရိုက်သတ်မှတ်ပေးကမ်းပုံမှာ ယခုခေတ်ဝန်ကြီးများ စံနမူနာယူထိုက်သည်ထင်၏။

လက်အောက်ငယ်သားများ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်မှာလည်း အလွန်ပြောင်မြောက်လှ၏။ တစ်ခါသော် ဦးရန်ဝေးသည် ကျောက်တော်ကြီး ဘုရားပွဲတော်သို့သွားရာ လမ်းတွင် ဝန်ကတော်တစ်ယောက်သည် ခြောက်စထောင် လှည်းယာဉ်ကြော့နှင့် ရွှေထီးဆောင်းပြီး အဆောင်ကိုင်များ ဝန်းရံကာ တခမ်းတနားသွားလာနေသည်ကို တွေ့ရလေ၏။

စာမျက်နှာ(၃၂) သို့

# Business

7 DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014





*သီလဝါအများပိုင်ကုမ္ပဏီ အစုရှယ်ယာရောင်းချခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ* ဓာတ်ပုံ – ကျော်ဇင်သန်း

# အောင်မြင်သောအများပိုင်ကုမ္ပဏီ ဘယ်လိုထူထောင်မလဲ

**ပြည်သိမ်း**

မြန်မာနိုင်ငံတွင် အများပိုင်ကုမ္ပဏီတစ်ရာကျော်အထိရှိလာသော်လည်း အများပြည်သူ စိတ်ချယုံကြည်ရပြီး အစုရှယ်ယာများကို ရောင်းချ၍လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီပေါင်း ၁၀ ခု ပင်မပြည့်ကြောင်းတာဝန်ရှိသူများကပြောသည်။

မြန်မာနိုင်ငံတွင် တိကျသေချာမှုမရှိဘဲ နိုင်ငံခေါင်းဆောင်တစ်ဦး၏ တိုက်တွန်းမှုဖြင့် ခေတ်အလိုက်စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လေ့ရှိသည်။ ဖက်စပ်ခေတ်၊ သမဝါယမခေတ်၊ ရေနက်ကွင်းခေတ်နှင့် မကြာမီမှ လူအများကြုံခဲ့ရသည့်အထူးပြုကုမ္ပဏီခေတ်စသည်ဖြင့် ဖြစ်သည်။ သို့သော် ထိုလုပ်ငန်းများမှာအစိုးရပြောင်းလျှင်ကွယ်ပျောက်သွားပြီး နောက်တစ်မျိုး အသစ်ပေါ်လာတတ်သည်။ အစိုးရသစ်လက်ထက်တွင် ပြည်တွင်းရှိ ကုမ္ပဏီကြီးများ သာမက တိုင်းနှင့် ပြည်နယ်များတွင်လည်း အများပိုင်ကုမ္ပဏီများကို ပိုမိုဖွဲ့စည်းလာသည်။

"ဒီမှာ စနစ်တကျလုပ်နေတဲ့ အများပိုင်ကုမ္ပဏီက ငါးခု၊ ခြောက်ခုလောက်ပဲရှိတယ်။ သူတို့ကတော့ စနစ်တကျလုပ်နေတာပါ"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးကပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အများပိုင်ကုမ္ပဏီမှာ ၂၀၁၄ မေလကုန်ထိ ၁၂၉ ခုရှိသည်။ အများပိုင်ကုမ္ပဏီတစ်ခုကို ခွင့်ပြုရာတွင် ဦးစွာ အစုရှင်ဒါရိုက်တာ အနည်းဆုံးခုနစ်ဦးရှိရမည်။ ထို့အပြင် မတည်ရင်းနှီးငွေအနည်းဆုံး ကျပ်သိန်း ၅၀၀ ရှိရမည်ဖြစ်ပြီး ကနဦးထည့်ဝင်ငွေကျပ်သိန်း ၅၀ ရှိရန်လိုသည်။ မိမိလုပ်ကိုင်လိုသည့် လုပ်ငန်းအမျိုးအစားကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

လက်ရှိအများပိုင်ကုမ္ပဏီများတွင် ပွင့်လင်းမြင်သာမှုအရှိဆုံးဟု သတင်းကောင်းထွက်နေသော သီလဝါအများပိုင်ကုမ္ပဏီဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက မှတ်ချက်ပြုသည်။ ထို့အပြင် FMI ကုမ္ပဏီ၊ သစ်တောဖက်စပ်၊ အိုးအိမ်အများပိုင်ကုမ္ပဏီ၊ မြန်မာ့လယ်ယာစီးပွားအများပိုင်ကုမ္ပဏီများသည်လည်း ခိုင်မာမှုရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က မှတ်ချက်ပြုသည်။

ခိုင်မာသည့် အများပိုင်ကုမ္ပဏီများထည့်ဝင်ထားသည့် ငွေကြေးမှာအများပြည်သူ၏အစုရှယ်ယာများဖြစ်ရမည်ဖြစ်ပြီး လုပ်ကိုင်နေသော လုပ်ငန်းများအောင်မြင်ရန်လိုကာ ကုမ္ပဏီနှင့်ပတ်သက်သော အကြောင်းအရာများကို အများပြည်သူအလွယ်တကူသိရှိ


**စာမျက်နှာ A6 ››**


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၅ | ၉၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၅ | ၇၇၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၁ | ၁၃၂၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၅၅ | ၂၉. ၇၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၅ | ကျပ် |

၂၀၁၄ ဇွန် ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၅၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃၂၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၄၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၄၉၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉.၁၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၁၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၁၉.၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၁၁၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၄၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၈၀၈.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၆၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၄၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၂၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၇၁၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၇၅၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၉၂၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၄၃၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၃ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၅၂.၅၀ |
| ရေနံစိမ်း | စည် | ၁၀၈.၇၆ |
| ငွေ | အောင်စ | ၁၈.၉၆ |
| ကြေးနီ | ပေါင် | ၃.၀၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၇၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇွန် ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။






PYI HTUN AUNG TRADING CO.,LTD
BRIDGESTONE တာယာမိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်
Bridgestone Truck & Bus Tire တစ်လုံးဝယ်ယူပြီး . . .
ဆီဖြည့်ကဒ် နှင့် T-Shirt တစ်ထည်
ထုတ်ယူပါ။
BB DE 437
UNIVERSAL
T-Shirt
(15000)
PROMOTION (10.5.2014-30.6.2014)
BRIDGESTONE
PROMOTION
အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း ၀၉ ၄၂၁၁၀ ၃၀၈၈
Promotion တွင်ပါဝင်သော Tire များ
SULP
8.25-20 / 9.00-20
10.00-20 / 11.00-20
G - 611
11.00 R20
295/80 R22.5
M - 840
10.00 R20
R - 150
12 R22.5
295 / 80 R22.5
L - 317
10.00 R20
11.00 R20
G - 580 II
12.00 R20
L - 301
10.00 R20
11.00 R20
Universal တာယာအရောင်းဆိုင်များ
UNIVERSAL (260)
01 2304116
UNIVERSAL
09 73143283
Universal (1)
3 12
09 73142042

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014



# အိန္ဒိယစီးပွားရေး ပြန်လည်တိုးတက်ရေး နည်းလမ်းများ

ကြည်နေဝင်းမင်း



REUTERS

အိန္ဒိယနိုင်ငံသည် သမိုင်းဝင် ပါလီမန်ရွေးကောက်ပွဲကို မြင်တွေ့ခဲ့ရပြီး ပထမဆုံးအကြိမ်အဖြစ် ဘာရာတီယာဂျာနာတာပါတီ (BJP)ကအစဥ်အလာအင်အားကြီးကွန်ဂရက်ပါတီကို အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ဝန်ကြီးချုပ်မိုဒီမှာလည်း ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မဟာမိတ်နိုင်ငံရေးဓားစာခံလုပ်မှုမှကင်းလွတ်သော အစိုးရအဖွဲ့ကိုဦးဆောင်ခွင့်ရခဲ့သည်။ ဝန်ကြီးချုပ်နာရန်ဒရာမိုဒီအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်ကာလက ကတိပြုထားခဲ့သလို ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် လူတိုင်းအတွက်သာယာဝပြောမှုကို မည်သို့ဖော်ဆောင်မည်နည်း။

အိန္ဒိယအစိုးရအနေဖြင့် ပထမဆုံးလုပ်သင့်သည်မှာ နိုင်ငံစီးပွားရေးကို ကျဥ်းကျပ်စေပြီး စနစ်မှန်သောဖွံ့ဖြိုးတိုးတက်မှု၏ထက်ဝက်သာတိုးတက်မှုဖြစ်စေသော ပိတ်ဆို့ထားမှုများကို ဖယ်ရှားရမည်ဖြစ်သည်။ ယင်းအတွက် လက်တွေ့သမားသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတစ်ဦးခန့်အပ်ရန်လိုအပ်ပါလိမ့်မည်။ ထိုပုဂ္ဂိုလ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်ကို တရားမျှတစွာချိန်ညှိပေးရပါလိမ့်မည်။

ထို့အပြင် အိန္ဒိယနိုင်ငံအနေဖြင့် ဥပဒေနှင့်အညီချမှတ်သောဆုံးဖြတ်ချက်များ အားလုံးကို အကြောက်အရွံ့မရှိ ဆက်လက်လုပ်ကိုင်ရေးဗျူရိုကရေစီအုပ်ချုပ်သူများအား အာမခံချက်ပေးရေးဖြစ်သည်။ အကယ်၍ လိုအပ်ပါက ရိုးသားသောအရာရှိများကိုအကာအကွယ်ပေးရေးနှင့် မရိုးသားသူများအားဖမ်းဆီးရေးနှင့် သက်ဆိုင်ရာဥပဒေများကိုပြင်ဆင်ရပါမည်။ တစ်ချိန်တည်းမှာပင် အလုပ်လုပ်ရန် ပျက်ကွက်သောဗျူရိုကရက်များအား ကာဆီးကာဆီးလုပ်ခြင်းမှာ ပြစ်ဒဏ်ကိုဖိတ်ခေါ်ရာရောက်မည်ဟု သတိပေးထားရပါမည်။

မစ္စတာမိုဒီအနေဖြင့် ၎င်းတို့၏ပြည်နယ်များ အလျင်အမြန်တိုးတက်သည်ကိုမြင်တွေ့လိုသော ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပူးပေါင်းလုပ်ဆောင်မှုများကို ဆက်လက်တွန်းအားပေးရပါမည်။ အရေးပါသောစီမံကိန်းကြီးများကို ပြည်နယ်နှင့်ဗဟိုအစိုးရတွင် အပြိုင်ရွေ့လျားနိုင်ရေးစနစ်တစ်ခု ထူထောင်ရပါမည်။ ဖွံ့ဖြိုးတိုးတက်ရေးစိတ်ဝင်စားသော ပြည်နယ်ဝန်ကြီးချုပ်များအား ချီးမြှောက်ရပါမည်။ အပြစ်ပေးရန်မဟုတ်ပါ။

ချက်ချင်းလက်ငင်းအနေဖြင့် အိန္ဒိယအစိုးရက လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အပြည့်အဝမလည်ပတ်နိုင်လောက်အောင် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့မှု လျော့နည်းစေသောအတားအဆီးများကိုဖယ်ရှားပစ်ရလိမ့်မည်။ ယင်းအတွက် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းသို့ ခေတ်မီနည်းလမ်းများဖြင့် ကစားသမားများခေါ်သွင်းရန် လိုအပ်ပါလိမ့်မည်။ ဓာတ်ငွေ့ထုတ်လုပ်မှုကိုနောက် ပြန်ဆွဲထားသော ဈေးနှုန်းသတ်မှတ်ရေး အငြင်းပွားမှုကိုလည်း အလျင်အမြန်ဖြေရှင်းရပါမည်။

၂၀၁၄–၁၅ အတွက် ဘတ်ဂျက်ကို ဇူလိုင်အစောပိုင်းတွင် ပါလီမန်သို့တင်ပြရန်ရှိရာ ယင်းမှာ စီးပွားရေးနှင့်ပတ်သက်၍ လမ်းကြောင်းသစ်သွားရန်ရည်ရွယ်ကြောင်း အစိုးရကရဲရဲရင့်ရင့်ကြေညာရန်အချိန်ကောင်းဖြစ်သည်။ ယင်းဘတ်ဂျက်မှာပင် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်းအခွန်စံနှုန်းသတ်မှတ်ကောက်ခံရေးကို ၂ နှစ်အတွင်းပြီးစီးရေးနှင့် တိုက်ရိုက်အခွန်ဥပဒေသများ တစ်နှစ်အတွင်းအပြီးရေးဆွဲရေးကို အာရုံစိုက်သင့်ပါသည်။

အစိုးရအနေဖြင့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ တည်ဆောက်မှုအရှိန်မြှင့်တင်ခြင်းကို ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည်။ ပထမဆုံးလုပ်ရမည့် အလုပ်မှာ လက်ရှိခေတ်နောက်ပြန်ဆွဲနေသော မြေယာရယူရေးဥပဒေကိုပြင်ဆင်မှုလုပ်ရန်လိုအပ်ပါသည်။

ယခုဘတ်ဂျက်မှာပင် အစိုးရဘဏ်လုပ်ငန်းပြန်ကောင်းရန် လုပ်ငန်းစဥ်စတင်သင့်ပါသည်။ အစိုးရဘဏ်များ၏ ပြန်လည်ဖွဲ့စည်းထားသောချေးငွေနှင့်လည်ပတ်မှုမရှိသောချေးငွေများ ပမာဏမှာ လက်ရှိတွင် ၁၀ ရာခိုင်နှုန်းအထိရှိနေရာ ဘဏ်များ၏ချေးငွေသစ်ထုတ်ပေးနိုင်စွမ်းကို ထိခိုက်ပါသည်။ ယင်းအတွက်သွက်လက်မြန်ဆန်စွာတိုးမြှင့်ရေးအတွက် အစိုးရက အခွင့်အရေးယူသင့်ပါသည်။ ဘဏ်များအား ငွေများပြန်လည်ဖြည့်တင်းပေးခြင်းကိုသာ အားကိုးနေမည့်အစား အစိုးရ၏လက်ရှိထည့်ဝင်ထားမှု ၅၁ ရာခိုင်နှုန်းကို လျှော့ချ၍ ဈေးကွက်များမှ ငွေပင်ငွေရင်းရှာဖွေရန် ဘဏ်များကိုခွင့်ပြုပေးသင့်သည်။ ထို့အပြင် အားနည်းသောဘဏ်များကို အိန္ဒိယအစိုးရဘဏ် (SBI) နှင့်ပေါင်းစည်းခြင်းထက် အခြားအားကောင်းသောဘဏ်များနှင့် ပေါင်းခိုင်းသင့်သည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဘဏ်လုပ်ငန်းတွင်တောင့်တင်းခိုင်မာမှုနှင့်ယှဥ်ပြိုင်မှုကိုအားပေးနိုင်သည်။ ယခုလောလောဆယ် ဘဏ်လုပ်ငန်းကဏ္ဍမှာ ဘဏ်ကြီးတစ်ခုဖြစ်သော SBI နှင့်အခြား ဘဏ်အသေးအမွှားလေးများဖြင့် မွစာကျဲနေသည်။

ယခုဘတ်ဂျက်မှာပင် အစိုးရအနေဖြင့် ပြည်နယ်များအား ဘဏ္ဍာရေးနှင့်လွတ်လပ်ခွင့်ပိုမိုပေးအပ်သင့်သည်။ ဘဏ္ဍာရေးလွပ်လပ်ခွင့်ပိုပေးခြင်းဖြင့်ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ စသဖြင့်ကျယ်ပြန့်သောခေါင်းစဥ်များအောက်တွင် ဗဟိုကထောက်ပံ့ပေးထားသောအစီအစဥ်များကိုလျှော့ချခြင်း၊ ပိုမိုခိုင်မာအောင်လုပ်ခြင်းများလုပ်ဆောင်နိုင်သည်။ ပြည်နယ်များအနေဖြင့် ဒေသတွင်းလိုအပ်ချက်နှင့်အညီ အစီအစဥ်တစ်ခုနှင့်တစ်ခုကြား ရန်ပုံငွေများပြောင်းရွှေ့သုံးစွဲနိုင်ရန်လည်းခွင့်ပြုသင့်သည်။ ဥပဒေပြဌာန်းခွင့်နေရာလွတ်အတွက်မူ အချိန်တစ်ရပ်သတ်မှတ်၍ သမ္မတ၏သဘောတူညီမှုလိုအပ်မည်ဖြစ်သည်။

အလယ်အလတ်ကာလတစ်ရပ်အတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်မှုနည်း၊ လုပ်အားအဓိကထားသော အဝတ်အထည်၊ ဖိနပ်နှင့် အီလက်ထရွန်နစ်ပစ္စည်းတပ်ဆင်ထုတ်လုပ်ခြင်းကဲ့သို့သောလုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံစေရန် အစိုးရကလိုအပ်သောပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင် ပေးရုံမှလွဲ၍ တခြားရွေးချယ်စရာမရှိပေ။

အဝတ်အထည်နှင့် ဖိနပ်စသောလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားတင်ပို့မှုမှာ တရုတ်နိုင်ငံ၏ဆယ်ပုံတစ်ပုံသာရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထက်ပင် လျော့နည်းနေသည်ကိုကြည့်လျှင် ယင်းနယ်ပယ်သည် အိန္ဒိယနိုင်ငံ၏ စွမ်းရည်ညံ့ဖျင်းမှုကိုပြသနေသည်။

လုပ်ခဈေးနှုန်းများမြင့်တက်လာ၍ တရုတ်နိုင်ငံကယင်းလုပ်ငန်းများကိုစွန့်ခွာလာချိန်တွင် အဆိုပါလုပ်ငန်းများမှာ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ရောက်ရှိသွားသော်လည်း အိန္ဒိယနိုင်ငံသို့ရောက်ရှိမလာပေ။ အလုပ်သမားဥပဒေများကိုလည်း ပြုပြင်ရန်လိုအပ်သည်။

မိုဒီအစိုးရအနေဖြင့်အလုပ်သမားများကိုအကာအကွယ်ပေးရေးနှင့် အလုပ်အကိုင်နေရာအမြောက်အမြားဖန်တီးပေးရေးအတွက် ချိန်ခွင်လျှာညီမျှရေးပိုမိုလုပ်ဆောင်သွားရမည်ဖြစ်သည်။

*—Ref: How Narendra Modi can revive Inclia's economy*


## 7DAY BOOK REVIEW




### မပြောမဖြစ်လို့ ပြောဖြစ်နေရတဲ့ စကားတွေ ထင်လင်းဦး(wisdom Villa)

“မြန်မာနိုင်ငံကို ဤအခြေအနေသို့ဆိုက်ရောက်ရန် လုပ်ဆောင်ခဲ့သူများသည် မြန်မာ့နိုင်ငံရေးလောကတွင် ရှိနေကြပါသေးသည်။ နိုင်ငံရပ်ခြားသို့ ပြောင်းမသွားကြပါ။ ဘဝတစ်ပါးသို့လည်း ပြောင်းမသွားကြပါ။ နှစ်ပေါင်း ၂၀ကျော်မျှကာလအတွင်း နိုင်ငံတော်ကို မည်သို့မျှကောင်းအောင် မလုပ်နိုင်ခဲ့သူများသည် ယခုလည်း ဆက်လက်လုပ်ဆောင်နေကြဆဲ၊ လုပ်ဆောင်ခွင့်များရနေကြဆဲဆိုသည်မှာ အတော်ပင်မှားယွင်းနေသည့် ကိစ္စတစ်ခုဖြစ်ပါသည်။ ပို၍ မှားယွင်းသည်မှာ အတိတ်က မှားယွင်းခဲ့သည်များကို ဝန်မခံကြဘဲ ထိုအမှားများကိုပင် ကာကွယ်ပေးနေကြရခြင်း ဖြစ်ပါသည်။ ထိုအမှားများကို အကာအကွယ်ပေးရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ခုတုံးလုပ်ထားခြင်းမှာကား အမှားတကာ့ အမှားဆုံးဖြစ်ပါသည်”ဟူသော ရဲရင့် ပြတ်သားစွာ ဆောင်းပါးများကို ရေးသားလေ့ရှိသူ ထင်လင်းဦး (Wis–dom Villa) ၏ ဆောင်းပါးများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။

“သူ့ဆောင်းပါးတိုင်းလိုလို အချက်အလက်ပြည့်စုံတယ်။ အကိုးအကား နှံ့စပ်တယ်။ ဦးတည်ချက်လေးနက်တယ်၊ သုံးသပ်ချက် ခိုင်မာတယ်။ ကောက်ချက်ထက် မြက်တယ်။ နည်းနည်းဖြည့်ပြောရရင် သူ့ဆောင်းပါးတွေမှာ ကဗျာ ရှိတယ်။ စာပေရှိတယ်၊ သမိုင်းရှိတယ်”ဟု ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အမှာစာ ချီးမြှင့်ခဲ့သည့် စာရေးသူ၏ ဆောင်းပါးများကို ဖတ်ရှုရင်း နိုင်ငံ၏ မျက်မှောက်ရေးရာတို့ကို သိရှိနိုင်ပါလိမ့်မည်။ ဥတ္တရလမင်းစာပေမှ ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




### မဟာရန်ကုန် အနားသတ်မျဉ်းများရဲ့ ဒိုင်ယာရီ (သော်ဇင်အုန်း)

ရန်ကုန်သည် မြန်မာနိုင်ငံ၏ဝိညာဉ်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏မြို့တော်အဖြစ်မှ သိမ်းပိုက်ခံလိုက်ရသော်လည်း ရန်ကုန်ကား သူ့ကိုချစ်သူတို့၏ နှလုံးသားတွင်တော့ ထာဝရမြို့တော် ဖြစ်နေပါလိမ့်မည်။ တဖြည်းဖြည်းကြီးမားလာသော ခန္ဓာကိုယ်ကြီးကို သယ်ယူရင်း ရန်ကုန်က မီဂါစီးတီးအဖြစ်သို့ လျှောက်လှမ်း နေလေသည်။ သို့သော်လည်း ရန်ကုန်တွင် ဒဏ်ရာများစွာရှိ၏။ အနာတရများရှိ၏။

ထိုရန်ကုန်ကိုပင် စာရေးသူ သော်ဇင်အုန်းက အနားသတ်မျဉ်းများ ရေးဆွဲလိုက်သောအခါ ရန်ကုန်သည် ရုပ်လုံးကြွလာလေ သည်။ ရန်ကုန်၏ ဒဏ်ရာ၊ ဒဏ်ချက်များက ဟိုနေရာ၊ ဒီနေရာမှ ပေါ်လာ၏။

“ယာဉ်အို ယာဉ်ဟောင်းတွေ အပ်နှံပြီးကားသစ်တွေ တင်သွင်း ခွင့်ရပြီဆိုတော့ ပြည်သူတွေ အထူးသဖြင့် နေ့စဉ်ဘတ်စ်ကားနဲ့ သွားလာနေကြတဲ့ ပြည်သူတွေ ပျော်ခဲ့ကြပါတယ်။ သူတို့ပျော်တာက ကားသစ်တွေကို ဝယ်စီးနိုင်လို့ မဟုတ်ပါဘူး။ သူတို့တွေ ကားသစ်အသာထား ပါပစ်ကြေး တောင်မှ မတတ်နိုင်ပါ။ ဒါဆို သူတို့ဘာကို ပျော်ကြတာလဲ။ စစ်ကျန်ဘတ်စ်ကား အိုအိုကြီးတွေ မစီးရတော့ဘူးပေါ့။ ခဏခဏ မှောက်တတ်တဲ့ဒိုင်နာတွေမစီးရတော့ဘူးပေါ့။ ခေါင်းထောင်အောင် လူတင်တဲ့ဟိုင်းလတ်တွေ မစီးရတော့ဘူးပေါ့။ ထိုင်ခုံ ဆယ်ခုံလောက်ပဲထားပြီး လူတွေကို ငါးပိသိပ်သလို “ရတယ်၊ တက် တက်၊ ဆင်းမြန်မြန်ဆင်း”တွေ မကြုံရတော့ဘူးပေါ့” ဟူသော မဟာရန်ကုန် အနားသတ် အက်ဆေးများကို စုစည်းကာ Glo Bal Peace Group က ထုတ်ဝေပြီး တန်ဖိုး ၁၃၀၀ ကျပ်ဖြစ်သည်။

## Knowledge ဗဟုသုတ

### နို့မှုန့်တွေ ဘယ်အချိန်ကပေါ်လာခဲ့သလဲ

မာကိုပိုလိုက ရေးသားမှတ်တမ်းတင်ဖူးသည်မှာ မွန်ဂိုဘုရင် ကူဗလိုင်ခန်၏ တာတာတပ်ဖွဲ့ဝင်များသည် မလိုင်ဖယ်ထားသောနို့ကို နေပူရှိန်ဖြင့် အခြောက်ခံထားကာ နို့မှုန့်များအဖြစ် အသုံးပြုခဲ့ကြဖူးသည်ဆိုသည်။ ပထမဆုံးသော ခေတ်သစ်နို့မှုန့်ထုတ်လုပ်နည်းကို ၁၈၀၂တွင် တီထွင်သူမှာ ရုရှားပညာရှင် အိုစစ်ကရီချက်ဇ်စကီးဖြစ်သည်။ နို့မှုန့်ကို ပထမဆုံးစီးပွား ဖြစ်ထုတ်လုပ်ရောင်းချမှုကို ရုရှားဓာတုဗေဒပညာရှင် အမ်၊ ဒီရာချော့ဖ် က ၁၈၃၂ တွင် စတင်ခဲ့သည်။ ၁၈၅၅ တွင်တော့ တီ၊ အက်စ်၊ ဂရင်းမ် ဝိတ်ဒ်ဆိုသူက နို့မှုန့်ထုတ်လုပ်နည်းကို မူပိုင်ခွင့်မှတ်ပုံတင်ခဲ့သည်။ နို့မှုန့် များကို မလိုင်နှင့်အဆီဖယ်ထုတ်၍ အပူပေးအခြောက်ခံကာ ထုတ်လုပ် နည်းနှင့် နို့တွင်ပါဝင်သော အာဟာရဓာတ်များကို ထိန်းသိမ်းနိုင်ရန် အေးခဲစေပြီး ထုတ်လုပ်သည့်နည်းဟူ၍ နည်းအမျိုးမျိုးရှိသည်။ *Ref:Wiki*






### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ပတ်ဝန်းကျင်နှင့် ပဋိပက္ခဖြစ်မည်။ ရန်မနာလိုအတိုက်အခံပြုသူများနှင့်ကြုံမည်။ အခက်အခဲများနှင့်ထိပ်တိုက်တွေ့မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများအဆင်ပြေမည်။ ဆုံးဖြတ်ချက်မှားတတ်သည်။ ညှိနှိုင်းတိုင်ပင်ပြီးမှဆောင်ရွက်ပါ။ စာရွက်စာတမ်း၊ စာရင်းဇယားအမှားများကိုလက်ခံလက်မှတ်ရေးထိုးခြင်းကြုံတတ်သည်။ တွဲဖက်လုပ်သူ၏မရိုးမသားပြုခြင်းကြောင့် စိတ်သောကရောက်ရမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ရန်အားလုံးကိုရင်ဆိုင်ပြီး တိုးတက်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ကာလအတန်ကြာခက်ခဲနေသည်များ အဆင်ပြေအောင်ဆောင်ရွက်နိုင်မည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ အကူအညီရမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများသတိနှင့်ဆောင်ရွက်ပါ။ အကြီးအကဲများကဖြစ်စေ၊ အတွေ့အကြုံရှိသူကဖြစ်စေတားမြစ်သည့်ကြားမှ ဇွတ်တိုးလုပ်၍အန္တရာယ်တွေ့တတ်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကာလအတန်ကြာဆောင်ရွက်ထားသည့်ကိစ္စများကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းမှ ထင်ရှားသောတက်လမ်းရမည်။ ကိုယ်ပိုင်အစွမ်းအစများပေါ်လွင်ထင်ရှားမည်။ ရုတ်တရက် ခရီးသွားရမည်။ အညှံ့အဆိုးအပြိုင်အဆိုင်များကြားမှ တိုးတက်မှုရှာရမည်။ သုံးသပ်မှုမှားယွင်းခြင်းကြောင့် အကြောင်းအရာအချို့ကိုနှစ်ကြိမ်မကပြန်လုပ်ရမည်။ အပျောက်အရှမ်းများတတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အရာရာကောင်းသောဦးတည်ချက်ဘက်သို့ ပြောင်းလဲဖြစ်ထွန်းမည်။ ပြဿနာပဋိပက္ခအနည်းငယ်ရှိလင့်ကစား အားလုံးကိုကျော်လွှား၍ မိမိအလိုရှိသလောက်ဆောင်ရွက်နိုင်မည်။ ရည်မှန်းချက်သစ်နှင့် ဆောင်ရွက်တိုးတက်နေမည်။ ဆောင်ရွက်နေသောလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် အလုံးစုံအောင်မြင်မည်။ ဖန်တီးမှုအားကောင်းမည်။ နဂါးရုပ်များလက်ဆောင်ပေးလိမ့်မည်။ ဦးခေါင်းကိုက်ခဲခြင်းကြုံမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ခရီးကိစ္စအဆင်ပြေမည်။ အပြောင်းအလဲနှင့် တက်လမ်းရမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ သူတစ်ပါးနှင့်မတူသောရှုထောင့်မှလုပ်ကိုင်၍ တက်လမ်းများရမည်။ မြေကိစ္စ၊ နေရာထိုင်ခင်းကိစ္စစကားပြောဆိုမှုများ၌ ပါဝင်ပတ်သက်ရခြင်းရှိမည်။ ရပ်တန့်ထားသောကိစ္စများ ပြန်လည်ဆောင်ရွက်ရမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများ ထူးထူးခြားခြားဆောင်ရွက်နိုင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အရာရာအဆင်ပြေ၍ အလိုရှိသလောက်ထွန်းထွန်းပေါက်ပေါက်နှင့်ဆောင်ရွက်အောင်မြင်မည်။ ဆောင်ရွက်၍ ဖရိုဖရဲဖြစ်နေသောကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ကိုယ်တိုင်ဖြေရှင်းနိုင်ခြင်း၊ကူညီသူပေါ်ပေါက်၍ ဖြေရှင်းနိုင်ခြင်းရှိမည်။ ငွေကြေးကိစ္စများတွင် အထူးကောင်းမည်။ လုပ်ငန်းရှာ၊ လုပ်ငန်းလျှောက်ခြင်း ကူညီသူပေါ်ခြင်းရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

ယှဉ်ပြိုင်မှုများအောင်မြင်မည်။ အတတ်ပညာကိုအသုံးချ၍ အဆင့်ဆင့်အောင်မြင်မည်။ ရန်အတိုက်အခံများကိုကျော်လွှားနိုင်မည်။ အကုန်အကျများမည်။ တစ်ခုထက်မကသောလုပ်ငန်းများကိုလုပ်၍ တစ်ပြိုင်နက်တည်းတက်လမ်းရမည်။ ပညာအတတ်နှင့်ပတ်သက်၍ ကံအထူးမြင့်မည်။ စာမေးပွဲဖြေဆိုရန်ရှိက အထွတ်အထိပ်မှအောင်မြင်မည်။ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်ဖြင့်လုပ်ကိုင်အောင်မြင်ခြင်းရှိမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

ပြဿနာများ၊ အခက်အခဲများဝန်းရံနေမည်။ ရန်များမည်။မနာလိုသူပေါမည်။ စိတ်ရှုပ်ရမည်။ အနီးကပ်လူဒုက္ခပေးမည်။ သူတစ်ပါးကိုယုံကြည်လွဲအပ်ပြီးလုပ်သောကိစ္စမှ ပြဿနာများဖြစ်ပေါ်နိုင်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများကို သတိနှင့်ဆောင်ရွက်ရမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ ရင်းနှီးမြှုပ်နှံမှုမှန်သမျှ ရှောင်ပါ။ ငွေကြေးအပေးအယူကိစ္စအငြင်းပွားရတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အရာရာအဆင်ပြေမည်။ အနှောင့်အယှက်အားလုံးကိုကျော်လွှား၍ အဆင့်မြင့်တိုးတက်မှုရမည်။ အပြိုင်အဆိုင်များကိုကျော်လွှားနိုင်မည်။ ဝင်ငွေဥစ္စာတိုးပွားမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ ရန်ပဋိပက္ခအေးငြိမ်းမည်။ တွက်ဆထားခြင်းမရှိဘဲ ပရမ်းပတာလုပ်သောကိစ္စများပင်လျှင် ကောင်းသောအကျိုးဆက်ရမည်။ အထောက်အကူပေးနိုင်သူများ နားလည်မှုရှိသူများနှင့်ကြုံတွေ့မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ခရီးကိစ္စအဆင်ပြေမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ရန်အားလုံးကိုကျော်လွှားပြီး အောင်မြင်မှုအဆင့်ဆင့်ရမည်။ ရပ်ဝေးနှင့်ဆက်သွယ်၍ ထူးခြားသောအကျိုးဆက်ရမည်။ ပစ္စည်းအပျောက်အရှများတတ်သည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ ငွေချေးကဆုံးမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ။ အိမ်ခြံမြေကိစ္စစကားပြောရမည်။ စကားအောင်မြင်မည်။ ဆွေမျိုးများဒုက္ခပေးမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အရာရာအဆင်ပြေ၍ ဆောင်ရွက်သမျှတိုးတက်မည်။ အခက်အခဲအားလုံးကိုကျော်ဖြတ်မည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စမှ အနှောင့်အယှက်များပေါ်ထွန်းမည်။ လုပ်ငန်းတိုးတက်မည်။ စီးပွားတက်မည်။ ဥစ္စာတိုးမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ရာထူးအဆင့်တက်မည်။ မြှုပ်နှံသောငွေကြေးများမှ ကောင်းသောအကျိုးအမြတ်ရမည်။ လက်ရှိချစ်သူထက်သာသူ၏မေတ္တာကမ်းလှမ်းမှုကြုံရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

မတော်တဆထိခိုက်မှုများသတိရှိပါ။ ရန်မနာလိုမှုများနှင့် အပြိုင်အဆိုင်များကို ထိပ်တိုက်တွေ့ရမည်။ ပြဿနာများမည်။ လူယုံဒုက္ခပေးမည်။ ကြိုတင်တွက်ဆ၍မရ။ အနှောင့်အယှက်ပြုသူများ၊ ပြက်ရယ်ပြုသူများ၊ ချိုးနှိမ်ဝေဖန်သူများကြားမှ လိုရာဆောင်ရွက်ရမည်။ ကြန့်ကြာခြင်းများ၊ အလွဲလွဲအချော်ချော်ဖြစ်ခြင်းများကြုံပြီးမှ အရာရာအဆင်ပြေမည်။ လွယ်လင့်တကူဖြစ်သည်ဟူ၍မရှိ။


# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၈၇)

### အလျားလိုက်

၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး
၈။ ယောက်ျားဖောက်ပြန်လျှင် မိန်းမဘက်ကတောင်းဆိုနိုင်သောကိစ္စ
၉။ အသစ်ဖော်ထုတ်မည့်အရာ
၁၀။ စွန့်စားမှုများ ပေါများသောနေရာ
၁၁။ ဆေးတောင့်ပုံကင်မရာ
၁၂။ ရန်ကုန်တွင် လူငယ်အများစု စိတ်ဝင်စားသောအစီအစဉ်

### ဒေါင်လိုက်

၁။ အလုပ်လျှော့မည့်ဂျာမနီကုမ္ပဏီ
၂။ ရိုမေးနီးယားနိုင်ငံ၏မြို့တော်
၃။ ဒုတိယထင်မြင်ချက်
၅။ အမျိုးသမီးများ လုပ်ကိုင်လာသောအလုပ်
၆။ ကောင်းကင်ရထားလိုင်း ဖွင့်သောနိုင်ငံ
၇။ ၁၉ ကြိမ်မြောက် အာဏာသိမ်းသောနိုင်ငံ




**Smart Dictionary ကံထူးသူ**

၁။ မေဇင်ထွန်း၊ ၅/ငဇန(နိုင်)၀၆၅၇၅၇ သမ၀ါယမတက္ကသိုလ်၊ စစ်ကိုင်းမြို့။

**ကျန်အဖြေမှန်သူများ**

၂။ ဆုမြတ်ရွှေရည်၊၁၂/ဗတတ(နိုင်)၁၇၆၀၈၈
၃။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀

**ပဟေဠိ အမှတ်စဉ်(၂၈၆)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ(၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၃–၆–၂၀၁၄ သောကြာနေ့၊ မွန်းလွဲ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုံထူးသူ



**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**ပြုပြင်ပေးသည်**

ကွန်ပျူတာ အိမ်အရောက် ပြုပြင်ပေးသည်။

ဖုန်း–၀၉–၂၅၀၂၃၂၄၄၆၊ ၇၃၀၁၂၄၆၉

**ရောင်းမည်**

ကမာရွတ်၊ လှည်းတန်းလမ်းဆုံအနီး၊ ပေ(၅၀)လမ်း၊ ပေ(၁၂ခွဲ×၅၀)၊ အခန်းနှစ်ခန်းဖွဲ့ပြီး၊ ထပ်ခိုးပါ၊ လျှာထိုးကြမ်းခင်း၊ သံပန်းတပ်၊ 5F၊ သိန်း(၃၈၀)။

ဖုန်း–၀၉–၂၅၀၀၇၄၉၄၃

**Study and Guide အိမ်လိုက်သင်သည်**

တက္ကသိုလ်ဝင်တန်း တစ်ဘာသာချင်း သီးသန့်၊ ဘာသာစုံ Study and Guide အိမ်လိုက်သင်သည်။ အိမ်ဝိုင်းများ သီးသန့် မေးခွန်းဟောင်းနှင့်တကွ လိုက်သင်ပေးသည်။

ဖုန်း–၀၉–၄၂၂၂၀၅၇၉၈

**ရောင်းမည်**

သမာဓိလမ်းသွယ်၊ ပေ (၁၃×၄၅)၊ ၅လွှာ၊ သိန်း(၁၈၀)၊ ၄လွှာ၊ သိန်း(၂၀၀)၊ မှန်ခန်း၊ သိန်း(၂၅၀)။

ဖုန်း–၀၉–၄၂၀၀၇၆၅၂၂

**အိမ်ခြံရောင်းမည်**

ကိုယ်တိုင်ရောင်းမည်။ ပေ(၂၅×၅၀)၊ ကြွေပြားပြည့်ခင်း၊ မြေပို ပေ(၂၀)ပါ၊ သဃ်န်းကျွန်းမြို့နယ်၊ ဈေး၊ ကျောင်းနီး၊ ဘ၀မြင့်မှတ်တိုင်အနီး။

ဖုန်း–၀၉–၅၇၉၂၀၅

**ရောင်းမည်**

ပေ(၂၅×၆၀)၊ ငါးလွှာတိုက်ခန်း၊ ကျိုက္ကဆံလမ်းမပေါ်၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ အိပ်ခန်း(၂)ခန်း၊ Aircon (၂)လုံးပါ၊ အမြန်ရောင်းမည်။

ဖုန်း–၀၉–၅၄၁၇၆၅၈

**ရောင်းမည်**

ရွှေပေါက်ကံစက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်အတွက် ပေ(၁၀၀×၃၀၀)၊ (မြေကွက်သီးသန့်)၊ အုတ်တံတိုင်းပတ်လည်ခင်းပြီး၊ သိန်း–၄,၅၀၀။

ဖုန်း–၀၉–၂၅၀၂၀၄၃၀၄

**ရောင်းမည်**

မြောက်ဥက္ကလာ၊ သုဓမ္မာလမ်းမကြီးပေါ်၊ ထောင့်ကွက်၊ ပေ(၂၂×၆၀)၊ ရေ၊ မီး၊ (ဂရန်မူလပိုင်ရှင်)၊ အဆင့်မြင့်ပြင်ဆင်ပြီး ဆိုင်ခန်းပါ၊ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်၊ တည်းခိုခန်းဖွင့်နိုင်။ သိန်း–၅,၅၀၀

ဖုန်း–၀၉–၂၅၀၂၀၄၃၀၄

**ရောင်းမည်**

မြောက်ဥက္ကလာ၊ ၆ ကွေ့အနီး၊ ပေ(၃၀×၆၀)၊ ရေ၊ မီး၊ (ဂရန်မူလပိုင်ရှင်)၊ တစ်ထပ်ပျဉ်ထောင်၊ အုတ်တံတိုင်းခတ်ပြီး၊ တည်းခိုခန်းဖွင့်နိုင်၊ လမ်းမကြီး၊ ကားဂိတ်နီး။ သိန်း–၁,၃၀၀

ဖုန်း–၀၉–၂၅၀၂၀၄၃၀၄

**သင်ကြားပေးသည်**

Grade I to VI အထိ အင်္ဂလိပ်နှင့် သင်္ချာကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးသည်။ တစ်လလျှင် နှစ်သောင်းကျပ်သာ။

ဖုန်း–၀၉ ၄၂၁၁၀၉၇၇၈

**သင်ကြားပေးသည်**

ပဉ္စမတန်းမှ စ၍ ၁၀ တန်းအထိ အိမ်အရောက် Study Gudie သင်ကြားပေးသည်။ ဖုန်း–၀၉ ၄၅၀၀၆၀၅၅၄

**သင်ကြားပေးသည်**

၃ တန်းမှ ၈ တန်းထိ အင်္ဂလိပ်စာ အားနည်းသူများကို အိမ်အရောက်အထူးသင်ကြားပေးသည်။ သင်္ချာ၊ အင်္ဂလိပ်စာ အိမ်အရောက်သင်သည်။

ဖုန်း–၀၉ ၂၅၆၃၁၃၉၁၇

**သင်ကြားပေးသည်**

Android Phone Software Service ရက်တိုသင်ကြားပေးသည်။ လိုအပ်သော Firmware and Data များပေးမည်။ အမှန်တကယ်ပြုပြင်တတ်စေရန် အာမခံဖြင့် သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၂၀၁၀၂၀၃၀

**သင်ကြားပေးသည်**

Building M&E Projects များကို Auto CAD (or) Revit MEP Software ဖြင့် Singapore Projects များဖြင့် သင်ကြားပေးသည်။

ဖုန်း–၀၉ ၅၁၆၇၀၉၂

**စိတ်ဓာတ်ခွန်အားပေးသည်**

စိတ်ဓာတ်ကျဆင်းနေသော ဘ၀မျှော်လင့်ချက်မဲ့နေသော လူငယ်များ စိတ်ဓာတ်ခွန်အားရှိလာစေရမည်။

ဆက်သွယ်ရန်–

ဖုန်း–၀၁ ၂၂၇၃၉၉

**ဆက်သွယ်ပါ**

ရုံးခန်းငှားရန် ရှာနေသော ကုမ္ပဏီများဆက်သွယ်ပါ။ အကျိုးဆောင်ခပေးရန်မလို။ ဖုန်း–၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**

ဖုန်းလိုင်း (ADSL အင်တာနက်လိုင်းပါ) ရောင်းရန်ရှိပါသည်။ တာမွေမြို့နယ်အတွင်း–၆၅၀၀၀၀ ကျပ်။

ဖုန်း–၀၉ ၅၁၆၈၇၆၂

**ရောင်းမည်**

Choyang/Migun အပူပေးကျန်းမာရေးအကြောလျှော့စက်။

ဖုန်း–၀၉ ၅၅၀၄၂၈၅

**ငှားမည်**

မြေညီထပ်၊ ပေ (၂၅×၅၀)၊ တပင်ရွှေထီးလမ်းကျယ်၊ ဘုရင့်နောင် (KBZ ဘဏ်အနီး)၊ ငှားမည်။

ဖုန်း–၀၉ ၄၄၈၀၁၃၉၃၈

**ရောင်းမည်**

သမိုင်းခုံးကျော်တံတားအဆင်း၊ တရုတ်ဘုံကျောင်းအနီး၊ ပထမထပ်(မှန်ခန်းအပေါ်)၊ အသင့်နေနိုင်၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး။

ဖုန်း–၀၉ ၄၄၈၀၁၃၉၃၈

**ရောင်းမည်**

(၁၂×၅၀၊ ပထမထပ်၊ လေးထောင့်ကန် (၁) လမ်းနှင့် ရိပ်သာလမ်းထောင့်၊ သဃ်န်းကျွန်းမြို့နယ်၊ အခန်း ၂ ခန်းဖွဲ့၊ မျက်နှာကျက်၊ ကြွေပြားခင်း၊ အသင့်နေ၊ သိန်း (၃၁၀)။

ဖုန်း–၀၉ ၄၃၁၇၃၇၈၇

**ရောင်းမည်**

မှော်ဘီမြို့၊ ဝါးနက်ချောင်းကျေးရွာ၊ ကျောက်ပြားစက်ရုံအနီး၊ ဥယျာဉ်ခြံမြေလေးကေ၊ တစ်ကေ (၃၅) သိန်းညှိနှိုင်း။

ဖုန်း–၀၉ ၅၃၂၂၁၆၆

**ဘာသာပြန်သည်**

စီးပွားရေး လုပ်ငန်းသုံး အင်္ဂလိပ်စာ အထွေထွေအင်္ဂလိပ်စာ၊ ကျောင်းသားများအတွက် ဘာသာပြန်ပေးသည်။

ဖုန်း–၀၉ ၄၃၂၀၀၉၂

**အထူးဆောင်ရွက်ပေးသည်**

IT Solution မည်သည့်နေရာ၊ မည်သည့်အဖွဲ့အစည်းအတွက်မဆို Computer, Network, Server, CCTV & Other Security အစရှိသော System များကို အထူးဆောင်ရွက်ပေးနေပါသည်။

ဖုန်း–၀၉ ၃၀၂၀၀၆၈၄

**အိမ်မှုထိန်းဝန်ဆောင်မှု**

အချိန်ပိုင်း(သို့) လပြတ်နဲ့ အိမ်မှုထိန်းဝန်ဆောင်မှုပေးနေတဲ့ "စင်ဒရဲလား"ကိုသာ ဖုန်းဆက်လိုက်ပါ။

ဖုန်း–၀၉ ၄၂၀၀၆၉၁၅၃

**သင်ကြားပေးသည်**

English Speaking သီးသန့်အိမ်လိုက်သင်သည်။ ၁၀ တန်းအောင်ပြီးသူများအား နိုင်ငံခြားတွင် နှစ်ကြာမြင့်စွာ နေခဲ့ပြီး နိုင်ငံခြားသွားသင်တန်းသားများစွာ လေ့ကျင့်ပေးခဲ့သူ Chief Engineer ကိုယ်တိုင် သင်ပေးမည်။

ဖုန်း–၀၉ ၇၃၀၃၈၈၁၀

**သင်ကြားပေးသည်**

သူငယ်တန်းမှ ရှစ်တန်းအထိ စာသင်/စာကျက်(Home Special Guide) အိမ်အရောက် ဘွဲ့ရဆရာ၊ ဆရာမများ ကိုယ်တိုင်သင်ကြားပေးနေသည်။

ဖုန်း–၀၉ ၄၂၁၁၁၀၄၉၄

**ဆရာမစုမွန် MSc(Chemistry)**

ဓာတု၊ ရူပ၊ ဇီဝ(Special Guide)။ သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၀၁၆၄၀၃၃၉

**Project များ လက်ခံသည်**

အိမ်သုံး၊ ရုံးသုံးလုပ်ငန်းသုံး Software များကို Professional ကျကျရေးပေးသည်။ Mobile App များ ကျောင်းသား Project များလက်ခံသည်။

ဖုန်း–၀၉ ၂၅၄၀၆၅၇၉၇

**ကုသပေးမည်**

ကင်ဆာရောဂါကြောက်စရာမလိုပါ။ (ကင်ဆာဆိုတာ မြစ်ပွားနာ) ဖုန်းဆက်ကာ ဆွေးနွေးပါ။ ပျောက်ကင်းသွားအောင် ကုပေးမှာ။ ဆရာဦးကံရွှေ

ဖုန်း–၀၉ ၂၅၀၈၅၅၂၆၄

**သင်တန်းသူခေါ်ယူခြင်း**

အမျိုးသမီးများ အလှအပဘာသာရပ် (၈) မျိုးလုံးဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူသင်ကြားပေးသည်။ ဆုလဲ့(အမျိုးသမီးသီးသန့်) Hair & Beauty Spa

ဖုန်း–၀၉ ၅၀၇၈၅၀၅

**အခြေခံ Music သင်တန်း**

Rhythm, Bass, Lead, Keyboard, Drum, တစ်ဦးချင်း အတတ်သင်သည်။ အဆိုဝါသနာပါသူများအတွက်လည်း ဂစ်တာနှင့် တွဲဖက်၍သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၂၁၁၅၆၀၇၀

**ငှားလိုသည်**

ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်လမ်းမ၊ မြေညီထပ်တိုက်ခန်း၊ ဖုန်းဆိုင်ဖွင့်ရန်အမြန်ငှားလိုပါသည်။

ဖုန်း–၀၉ ၃၁၂၈၄၇၆၃

**ရောင်းမည်**

အိမ်မွေး(အလှမွေးခွေးများ) ရောင်းသည်။

ဖုန်း–၀၉ ၅၄၀၁၂၉၀

7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဆန္ဒပြတောင်သူများ စုပေါင်းလက်မှတ်ထိုး

**လင်းသက်နိုင်**

**အောင်လံ၊ ဇွန်-၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံကပစ (၁၅) တည်ဆောက်ရန် သိမ်းယူထားသည့်လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ကျေးရွာ ၁၃ ရွာမှ တောင်သူတစ်ရာခန့်သည် ဇွန်လ ၆ ရက် က အောင်လံမြို့၌ ဆန္ဒပြအပြီးတွင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့သွားရောက်ကာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် ဆန္ဒပြု လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

“ဒါကြီးက ပြင်ကိုပြင်ရမှာ။ ဒီပုဒ်မ ၄၃၆ ကိုပြင်နိုင်ပါမှ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ဘဝအတွက် အာမခံချက်ပေးနိုင်မယ့် ဥပဒေတွေကို ပြင်ဆင်နိုင်မယ်။ ဖြည့်စွက်နိုင်မယ်။ ပြဋ္ဌာန်းနိုင်မယ်။ ဒါကြောင့် တောင်သူတွေ တော်တော်များများလည်း ဆုံတုန်းက တစ်ခါတည်း လက်မှတ်လာထိုးလိုက်တာပါ” ဟု ဆန္ဒဖော်ထုတ်မှု ဦးဆောင်သူတစ်ဦးဖြစ်ပြီး တောင်သူလယ်သမားနှင့် မြေယာလုပ်သားများ သမဂ္ဂဥက္ကဋ္ဌကိုသန်းစိုးက ပြောသည်။

ပြင်ဆင်ရေးလာရောက်ရေးထိုးမှုနှင့် ပတ်သက်၍ ဆန္ဒပြပွဲတွင် လိုက်ပါခဲ့သူ တစ်ဦးဖြစ်သူ အောင်မြေကုန်းကျေးရွာနေ အသက်ခြောက်ဆယ့်ငါးနှစ်အရွယ် တောင်သူတစ်ဦးကလည်း “ဘာပုဒ်မလည်းတော့ သေချာမသိပါဘူး။ ဒါပေမဲ့ ကောင်းတာလုပ်တာပဲလို့ မြင်တယ်။ ဒေါ်စုကိုလည်း သမ္မတဖြစ်စေချင်တယ်။ တောသူတောင်သားဘဝ ကောင်းအောင်သူပဲ လုပ်ပေးမှာ။ ခုကြည့်ပါလား ငါတို့မှာ လက်ရှိကနေ လက်မဲ့ဖြစ်တယ်။ ကိုယ့်အခင်းကိုယ်တောင် ပိုက်ဆံပေး ပြန်လုပ်ရတဲ့ဘဝရောက်ကုန်တာ”ဟု ပြောကြားသည်။

ပုဒ်မ ၄၃၆ ပြင်ဆင်ရေးကို ဆန္ဒပြ တောင်သူအားလုံးနီးပါး လက်မှတ်ထိုးခဲ့ပြီး လက်မှတ်ပေါင်းတစ်ရာဝန်းကျင်ခန့် ရှိမည်ဟု အောင်လံမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌဦးအောင်ထူးမြင့်က ပြောသည်။

## JOKE

### ဉာဏ်ကောင်းဆေး

ဆယ်နှစ်အရွယ်ယောကျ်ားလေးနှစ်ဦးတောလမ်းတစ်ခုကိုဖြတ်၍ ကျောင်းသွားနေစဉ် လမ်းဘေး၌ ယုန်ချေးများမြင်တွေ့ကြသည်။ “အဲဒါဘာအလုံးလေးတွေလဲကွ”ဟု ကလေးငယ်တစ်ဦးက မေးသည်။ နောက်ကလေးငယ်က “အဲဒါဉာဏ်ကောင်းတဲ့ ဆေးလုံးလေးတွေကွ။ အဲဒီအလုံးလေးတွေ စားရင် ဉာဏ်ကောင်းလာတယ်”ဟုပြောသည်။ ပထမကလေးငယ်ကယုန်ချေးလုံးလေးများကို ကောက်စားကြည့်ပြီး “ဟာ . . . ချေးစားရသလိုပဲကွ”ဟု ပြောရာ ဒုတိယကလေးငယ်က “ကြည့်စမ်း . . . ချက်ချင်းကို မင်းဉာဏ်ကောင်းလာပြီ”ဟု ပြောလေ၏။

### တပ်သားသစ်

ရေတပ်သို့ ဝင်ရောက်ရန် ကြံ့ခိုင်မှုစစ်ဆေးခြင်းခံယူပြီးနောက် ဆေးစစ်သူဆရာဝန်က ဂျွန်အား“ရေတပ်ထဲကို ဘာဖြစ်လို့ဝင်ချင်တာလဲ ကလေး”ဟု မေးမြန်းရာ ဂျွန်က “ကျွန်တော့်အဖေက ရေတပ်ထဲဝင်တာ ကောင်းတယ်လို့ ပြောလို့ပါ ဆရာ”ဟု ပြန်ဖြေသည်။

“ဩော် . . .ဒါနဲ့ မင်းအဖေက ဘာလုပ်လဲ”ဟု ဆရာဝန်က မေးသည်။

“အဖေက ကြည်းတပ်ထဲမှာပါ ဆရာ”ဟု ဂျွန်ကပြန်ဖြေသည်။

**စာမျက်နှာ(၂၃) မှ**

# ကျိုင်းကောင် မြန်မာပြည်

အဓိကအကြောင်းရင်းကတော့ မိမိနိုင်ငံဖွံ့ဖြိုး တိုးတက်မှုတစ်ခုတည်းကိုသာ ဦး စားပေးပြီး ကျိုင်းကောင်ကို အာသာငမ်းငမ်းနဲ့ တစ်စီဖွဲ့ယူနေတဲ့ နိုင်ငံကြီးများနဲ့ အိမ်ခံအုပ်ချုပ်သူ အာဏာရှင်များကြောင့် ဖြစ်ပါတယ်။

ခြုံ၍ပြောရပါက မြန်မာနိုင်ငံဟာလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးနေသည့် အထဲတွင် စာရင်းဝင်နေပါပြီ။ မြန်မာပြည်ဟာ လူသားရင်းမြစ်မတိုးတက်မခိုင်မာသေးတဲ့အတွက် ရှိထားနှင့်သော သဘာဝအရင်းအမြစ်များကို အကျိုးရှိအောင် စီမံခန့်ခွဲနိုင်စွမ်းလည်း မရှိပါ။ တစ်ချိန်တည်းမှာလည်း အာဏာရှင်များရဲ့ အုပ်ချုပ်မှုအောက်မှာ နေထိုင်ခဲ့ပါတယ်။ အခုလည်း အရပ်သားအစိုးရလို့ ဆိုပေမယ့် နိုင်ငံတော်က အရင်းအမြစ်တွေကို နိုင်ငံသားတို့ ခံစား၊ စံစားခွင့်ရနေပြီလား။ မေးရမယ့် မေးခွန်းဖြစ်ပါတယ်။ အာဏာရှင်တို့မည်သည် လူသားရင်းမြစ်တိုးတက်ခိုင်ခံ့ဖို့ထက် သူတို့အာဏာခိုင်ခံ့ဖို့အတွက်သာ ဦးစားပေးသော သူများဖြစ်ပါတယ်။

ဘေးနိုင်ငံတွေစီးပွားရေးတိုးတက်လာတာနဲ့ အမျှ မြန်မာပြည်မှာ သဘာဝအရင်းအမြစ်များ လျော့ပါးလာတာကို ရင်ဆိုင်နေရပါတယ်။ မြန်မာနိုင်ငံကတော့ စီးပွားရေးမတိုးတက်တဲ့အပြင်ရှိထားတဲ့ သဘာဝအရင်းအမြစ်များကိုပါ သူတစ်ပါးလက်ထဲ ဝကွက်အပ်နေပါတယ်။ ဂန္ဒီကြီးပြောထားသလို တစ်စစီဖွဲ့ယူခံရတဲ့ ကျိုင်းကောင်လို အဖြစ်မျိုးရင်ဆိုင်နေရတယ်လို့ ဆိုရင်လည်း မမှားပါ။ ရှိထားတဲ့ သဘာဝအရင်းအမြစ်များ ကုန်ခန်းသွားစေတဲ့ ဖွံ့ဖြိုးတိုးတက်မှုမျိုးဟာ လူသားမျိုးနွယ်တို့အတွက် ရေရှည်တွင် အကျိုးမရှိပါကြောင်း။

**စာမျက်နှာ(၂၆) မှ**

# ဦးရန်ဝေးလို ဝန်ကြီးများ အလိုရှိသည်

ဦးရန်ဝေးက မိမိလှည်းသမားအား ထိုဝန်ကတော်ကို ကြိမ်လုံးဖြင့် ဆင်းရိုက်စေခဲ့ရာ အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။ မင်းတုန်းမင်းကြီးထံသို့ ထိုသတင်းပေါက်ကြားပြီး ညီလာခံတွင် အဘယ်ကြောင့် ဤသို့ဆုံးမရကြောင်း မေးတော်မူရာ ဦးရန်ဝေးက “ဤဝန်ကတော်အား ဆင်းရဲသားများက မြင်လျှင် သူ့လင်သည် တံစိုးလက်ဆောင်ရ၍ ဤသို့ ကြီးကျယ်ခမ်းနားစွာ သွားလာနိုင်သည်ဟု ထင်မှတ်ကြလိမ့်မည်။ သူ့လင်ကို ချီးမြှောက်သော ရိက္ခာထက် အဆမတန်အောင် စိတ်ကြီးဝင်ကာ သွားလာနေသဖြင့် ရိုက်ရပါကြောင်း” လျှောက်ထားလေ၏။ ယခုခေတ်တွင် စိန်နားကပ်များ၊ စိန်လက်ကောက်များ၊ စိန်လည်တုန်များ ဝင်းဝင်းလျှံလက် အလွန်ပင် ဆင်မြန်းရက်သော ဝန်ကတော်များသတိပြုမှတ်သား စရာကောင်းလှပေ၏။

ဦးရန်ဝေးသည် ရရှိသောလစာတော်နှင့် မလောက်သဖြင့် အကျပ်အတည်းကြုံသောအခါ လာဘ်မစားဘဲ ဘုရင်ပိုင်ရွှေချောင်းကို ခပ်ပြောင်ပြောင် ယူသုံးပုံမှာလည်း မှတ်သားထိုက်လှ၏။ သူ၏နှမ ဒေါ်နီသည် မုဆိုးမဖြစ်ပြီး အလွန်ပင် ဆင်းရဲနွမ်းပါး၏။ မောင်ကြီးထံ လာရောက်ခိုလှုံသော နှမဖြစ်သူအား ထောက်ပံ့ရန် နည်းလမ်းရှာရင်း ရွှေပန်းထိမ်တော်သားများထံ ရောက်သွားခဲ့၏။ ဘုရင့်သမီး ပုခက်တော် စီခြယ်ရာမှ ပိုလျှံနေသော ၄၅ ကျပ်သားရွှေတုံးတစ်ခုကို တွေ့ရှိပြီး “နန်းတော်ကမေးလျှင် ငါယူသွားသည်ပြောလိုက်” ဟု မှာထားကာ ယူသွားခဲ့၏။ နေအိမ်သို့ရောက်သောအခါ နှမဖြစ်သူ မယ်နီကို ပေးလိုက်၏။ နောက်တစ်နေ့တွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က လာရောက်မေးမြန်းရာ “မောင်လှိုင်၊ ငါရွှေတုံးကိုယူတာ မှန်ပါသည်။ ငါ့မှာ ဆင်းရဲသော နှမတစ်ယောက်ကို ထောက်ပံ့ရန်တာဝန်ရှိနေသည်။ ငါရရှိသည့် ရိက္ခာတော်က လောက်ငရုံပဲရှိပြီး တံစိုးလက်ဆောင်လည်း ငါဘယ်တော့မှ မယူခဲ့ပါ။ ဒါကြောင့် ခိုးချင်းခိုးလျှင် ငါ့အရှင်သခင်ရဲ့ ပစ္စည်းပဲ ခိုးမည်။ နောင်ဘဝမှာ အရှင်သခင်အိမ်မှာ ခွေးပဲဖြစ်ရဖြစ်ရ မြတ်တယ်လို့ အောက်မေ့ပြီး ငါယူခဲ့သည်” ဟု ပြောကြားလိုက်၏။ မင်းတုန်းမင်းကြီး ကြားသိတော်မူသောအခါ ဦးရန်ဝေး၏ စိတ်ထားကို သဘောကျနှစ်ခြိုက်တော်မူပြီး ရွှေတုံးကို ငွေတစ်ထောင်ပေး၍ ရွေးတော်မူစေခဲ့လေ၏။

ဦးရန်ဝေး၏ နိုင်ငံရေးအမြင်ကျယ်မှုနှင့် ပြတ်ပြတ်သားသား ဆောင်ရွက်တတ်မှုကိုလည်း သာဓကပြပါဦးမည်။ ကရင်နီနယ် (ယခုကယားပြည်နယ်) စော်ဘွားက မိမိ၏ ပိုင်နက်ကို မင်းတုန်းမင်းက သိမ်းပိုက်တော်မူရန် လျှောက်တင်ချက်ကို သဘောတူ၍ သိမ်းယူရန် အမိန့်တော်ကို လွှတ်တော်သို့ပို့၏။ ဦးရန်ဝေးက “မင်းတို့ဘုရင် တောင်နားမလည်၊ မြောက်နားမလည်နှင့် ဤအမိန့်မျိုးထုတ်ရသလား” ဟုဆိုကာ အမိန့်တော်ကို ဆွဲဆုတ်ပစ်လိုက်၏။ မင်းတုန်းမင်းကြီးသည် ငါ့အမိန့်ကို အဘယ်ကြောင့် ဖျက်ရသနည်း” ဟု မေးမြန်းရာ ဦးရန်ဝေးက “ ဤအရာသည် ဘုရင်၏ အလုပ်မဟုတ်၊ လွှတ်တော်ဝန်ကြီးများသို့ ဘုရင်က မေးသင့်သည် ၊ ကရင်နီနယ်ကို သိမ်းလျှင် ယိုးဒယားနယ်စပ် ဖြစ်သွားလိမ့်မည်။ အောက်ပြည်မှ ကုလားဖြူများကလည်း ထကြွမည်။ လွှတ်တော်ကို မတိုင်ပင်ဘဲ အရမ်းအမိန့်ထုတ်ပြန်လျှင် လွှတ်တော်ကို အဘယ်ကြောင့် ထားသနည်း” ဟု ရဲရဲဝံ့ဝံ့ ပြန်လည် လျှောက်တင်၏။ ထိုအချိန်က ကရင်နီနယ်သည် ယိုးဒယားနှင့်လည်းကောင်း၊ အင်္ဂလိပ်သိမ်းထားသော အောက်မြန်မာပြည်နှင့်လည်းကောင်း နယ်နိမိတ်ချင်း ထိစပ်နေ၏။ သို့ဖြစ်၍ ကြားနယ်မြေ (Buffer State) အဖြစ်ရှိလျှင် အင်အားကြီးသော နိုင်ငံများတိုက်ရိုက်ထိပါးမှု နည်းပါးစေမည်ဖြစ်၏။ ဦးရန်ဝေးသည် ဤအမြင်ဖြင့် ကရင်နီနယ်မြေ ဆက်သမှုကို ပယ်လိုက်ခြင်း ဖြစ်ရာ ၎င်း၏ နိုင်ငံရေး အမြင်ကျယ် မှုကို ခန့်မှန်းသိရှိနိုင်ပေသည်။ ထို့အပြင် လွှတ်တော်ကိုကျော်၍ ဘုရင်က အမိန့်ထုတ်သည်ကို လည်း ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ဝံ့သော သတ္တိရှိသူ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အတုယူထိုက်သော ပုဂ္ဂိုလ်တစ်ဦးဟု ဆိုရမည်ဖြစ်ပေသည်။

အထက်ပါအတိုင်း ရဲရဲဝံ့ဝံ့ လျှောက်ထားခဲ့သော အခြားသာဓကတစ်ရပ်လည်း ရှိသေး၏။ တစ်ခါသော် ဝန်စုမှူးစုတို့သည် မယားအမြောင်ထားသည့်အတွက် ရိက္ခာတော်ငွေနှင့် မလုံလောက်သည်ကို မင်းတုန်းမင်းကြီး ကြားသိတော်မူ၍ သားမယားတစ်ယောက်ထက် ပိုမယူရန်ဥပဒေ လုပ်လိုသော ဆန္ဒဖြစ်၏။ ဦးရန်ဝေးနှင့် တိုင်ပင်ရာ ဝမ်းမြောက်စွာ ထောက်ခံရုံမျှမက ရှင်ဘုရင်ကိုပါ ဤဥပဒေဘောင်အတွင်း နေတော်မူစေလျှင်များစွာသင့်လျော်ကြောင်း လျှောက်ထားရာ မင်းတရားကြီး ဆိတ်ဆိတ်နေတော်မူကြောင်း သိရှိရလေ၏။

ဘုရင့်အမိန့်ကို ဆုပ်ကိုင်ပြီး ပြည်သူများအား သိမ်းကျုံးဖျက်ဆီးခြင်းကြောင့် များစွာသော ပြည်သူတို့၏ မိသားစုများ ပူဆွေးသောကရောက်ခဲ့ကြရသည့် အဖြစ်ဆိုးမှ ဦးရန်ဝေးက သတ္တိရှိရှိ ကယ်တင်ခဲ့သည့် သာဓကတစ်ခုလည်း ရှိခဲ့ပြန်၏။ မြင်ကွန်းမြင်းခုံတိုင်အရေးတွင် ပါဝင်သူများကို သူပုန်အဖြစ် ဖမ်းဆီးပြီး လွှတ်တော်သို့ ပို့ရမည်ဟု ဘုရင့်အမိန့်တော်ရှိခဲ့သည်ကို အခွင့်ကောင်းယူ၍ အဝေးမြို့ဝန်၊ မြို့သူကြီးများက သူတို့မလိုလားသူများအား သူပုန်အဖြစ် ရောနှောပို့ကြခြင်းကြောင့် ထောင်နှင့်မဆံ့အောင်ဖြစ်ခဲ့လေ၏။ ဦးရန်ဝေးက “နောက်ထပ် သူပုန် မဖမ်းစေနှင့်” ဟု အမိန့်ထုတ်လိုက်ရာ ဘုရင်နှင့် ထိပ်တိုက် တွေ့လေ၏။ ဘုရင်က အမေးတော်ရှိသောအခါ သူပုန်များသည် ဘုရင့်သားတော်များဖြစ်၍ ငယ်သားများကနီးရာစားကိုကြောက်ကြရမြဲဖြစ်ခြင်းကြောင့်သာ လိုက်ပါကြရခြင်းဖြစ်၏။ သားသမီးမကောင်း မိဘခေါင်းဖြစ်သည်။ အဝေးမြို့ဝန်များက ရာထူးစည်းစိမ်တိုးရေးကို မျှော်ကိုးပြီးမိမိနှင့်မသင့်လျော် သူကို သူပုန်အဖြစ် ဆွဲထည့်နေသည်ကို နန်းတော်ထဲက ဘုရင်မသိကြောင်း ရဲရဲဝံ့ဝံ့ လျှောက်ထားခဲ့လေ၏။ မင်းတုန်းမင်းကြီးမှာလည်း ‘မိဘခေါင်း’ ဆိုသည့်အတိုင်း သူ့ဘက်အမှုပတ်လာမည်ကို ရိပ်မိ၍ ငြိမ်နေခဲ့သည်ထင်၏။

န.အ.ဖ လက်ထက်က အကောက်ခွန်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအား အရေးယူစဉ်က တပ်ကြပ်ကြီးအဆင့်ကိုပါ ဝီစကီပုလင်းပါသော ဆွဲခြင်းကို လက်ခံသဖြင့် ပုလင်းတစ်လုံး ၂၀,၀၀၀ ကျပ်၊ တစ်နှစ် ငါးခြင်းနှုန်းဖြင့် ၁၀ နှစ်ဆိုလျှင် ခြင်း ၅၀၊ ငွေဆယ်သိန်းလာဘ်စားသည်ဆိုပြီး အရေးယူကြောင်း ကြားသိခဲ့ရာ ဦးရန်ဝေးရှိလျှင်ကောင်းမည်၊ တပည့်မကောင်း ဆရာ့ခေါင်း ဟု ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရဲရဲဝံ့ဝံ့ ထောက်ပြမှာဖြစ်၍ အောက်ခြေဝန်ထမ်းများ သက်သာရာရနိုင်မည်ဟု စာရေးသူက တွေးခဲ့မိပါသည်။

မည်သို့ဆိုစေ ဒီမိုကရေစီခေတ်ကာလတွင် ဦးရန်ဝေးထက်ပိုပြီး သတ္တိရှိသော ဝန်ကြီးများ အမြောက်အမြား ပေါ်ပေါက်စေချင်ပါသည်။ နောက်ဆုံး သူ့ထက် မပိုလျှင်နေပါစေ၊ သူ့လောက်သတ္တိမရှိလျှင်လည်း နေပါစေ။ သူ့လောက်နီးပါးသတ္တိရှိကြလျှင် တော်ပါပြီဟု ဆန္ဒပြုမိပါသတည်း။

# Environment

7 DAY NEWS JOURNAL

Vol.13, No.14 • JUNE 11 , 2014





## အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်သည့်စနစ် နာရေးအသင်း စတင်လုပ်ဆောင်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဇွန်-၇**

အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ခြင်းကို လူထုကြားပျံ့နှံ့စေရန် နာရေးကူညီမှုအသင်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ရန် လူထုကိုပညာပေးခြင်း၊ အမှိုက်ပုံးများ ချထားခြင်း၊ အမှိုက်သိမ်းဆည်းခြင်း စသည့် လုပ်ငန်းများကိုယင်းအသင်းတည်ရှိရာ မြောက်ဒဂုံ (၄၂)ရပ်ကွက်တွင် စတင်ဆောင်ရွက်မည်ဟု နာရေးကူညီမှုအသင်းမှ အုပ်ချုပ်ရေးမှူး ဒေါ်ရောမောင်မောင်က ပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဒဂုံ (၄၂)ရပ်ကွက်ရှိ ဇော်ဂျီလမ်းတစ်လျှောက်တွင် အမှိုက်စို၊ အမှိုက်ခြောက်နှင့် ပြန်သုံးနိုင်သော အမှိုက်များကို ခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများကို ဇွန်လ ၈ ရက်တွင် စတင်ချပေးသွားမည်ဖြစ်ပြီး ထွက်ရှိသည့်အမှိုက်များကိုလည်း နာရေးကူညီမှုအသင်းမှ ပုံမှန်သိမ်းဆည်း၍ အမှိုက်ပုံသို့ စွန့်ပစ်ပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

“စည်ပင်ကလည်းလုပ်တော့ လုပ်ပေမယ့် မနိုင်ဘူး။ အဲဒီအတွက် နာရေးကူညီမှုအသင်းက ဝိုင်းကူတဲ့အနေနဲ့ လုပ်တာ။ အိမ်တွေကိုလည်း တစ်အိမ်တက်တစ်အိမ်ဆင်း အမှိုက်ကိုစနစ်တကျ ခွဲခြားစွန့်ပစ်ဖို့ စည်းရုံးတာတွေလည်း လုပ်နေတယ်”ဟု ဒေါ်ရောမောင်မောင်က ပြောသည်။

ထိုသို့ခွဲခြားစွန့်ပစ်ထားသည့် အမှိုက်သိမ်းဆည်းရာတွင်လည်း အသင်းပိုင်ကားများနှင့် သိမ်းဆည်းပေးသွားမည်ဖြစ်ပြီးလိုအပ်သည့် အမှိုက်သိမ်းကားများ၊ အမှိုက်ပုံးများကိုလည်း အသင်းမှ ထပ်မံဝယ်ယူသွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားစွန့်ပစ်ခြင်းကို လူထု၏စိတ်ပါဝင်စားမှုပေါ်မူတည်၍ အခြားမြို့နယ်၊ ရပ်ကွက်များတွင်ပါ ဆက်လက်လုပ်ဆောင်သွားမည်ဟု သတင်းရရှိသည်။

နာရေးကူညီမှုအသင်းသည် ၂၀၁၃ မေလ ၁၁ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ပန်းဆိုးတန်းဆိပ်ကမ်း ဧရိယာအတွင်းတွင် အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းတစ်လျှောက် အမှိုက်ကောက်ရန် လုပ်ဆောင်နေစဉ် ရန်ကုန်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၏တားမြစ်ခြင်းခံခဲ့ရသည်။

# တွင်းတောင်ဒေသ စိမ်းပြာရေညှိ ပြန်လည်အထွက်များရေး အဖြေရှာ

**မျိုးမင်းဦး**

**ရန်ကုန်၊ ဇွန်-၇**

တွင်းတောင် ဒေသတွင် ဂေဟစနစ်များ ပျက်စီးသွားပြီး ရေချိုများဝင်ရောက်သဖြင့် စိမ်းပြာရေညှိအထွက်နှုန်းသိသာစွာ လျော့ကျသွားခြင်းကို ပြန်လည်အထွက်များလာစေရန် ပညာရှင်များ ဝိုင်းဝန်း အဖြေရှာလျက်ရှိကြောင်း သတင်းရရှိသည်။

တွင်းတောင် ဂေဟစနစ်ကို အဓိက ပျက်စီးစေခဲ့သည့် ကန်အတွင်း ရောက်ရှိပေါက်ပွားနေသော ငါးများကို စီမံချက်ချရှင်းလင်းဖယ်ရှားရန်၊ မြစ်ရေတင် စီမံကိန်းမှ ရေများစိမ့်ဝင်ခြင်း မရှိအောင် ကာကွယ်ပြီး တွင်းတောင်အင်းပတ်ဝန်းကျင်တွင် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရေးတို့ကိုဝိုင်းဝန်းဆွေးနွေးအဖြေရှာခဲ့ကြကြောင်း မုံရွာတက္ကသိုလ်ဘူမိဗေဒဌာန ပါမောက္ခဒေါက်တာ ဇော်မြင့်နီက ပြောကြားသည်။

မြန်မာနိုင်ငံ၏ စိမ်းပြာရေညှိအဓိကထွက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်မှ စိမ်းပြာရေညှိအထွက်နှုန်းမှာ ယခုနှစ်ပိုင်းအတွင်း ထွက်ရှိနှုန်းသိသာစွာ လျော့နည်းသွားသဖြင့် ပြန်လည်ရှင်သန်ဖြစ်ထွန်းရေးအတွက် ပညာရှင်များအဖြေရှာသည့် ဆွေးနွေးပွဲအား မေလ ၅ ရက်နေ့လယ် ၁ နာရီအချိန် စက်မှုဝန်ကြီးဌာနရုံးအမှတ် (၃၀) နေပြည်တော် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲတွင် မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့မှ တွင်းတောင်အင်း၏ ပညာရပ်ဆိုင်ရာတွေ့ရှိချက်များနှင့် သုံးသပ်တင်ပြချက်များ တင်ပြခြင်း၊ စစ်ကိုင်းဇွန် ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လီမိတက်မှ ဒေါက်တာ မင်းသိန်းမှ တွင်းတောင် စပီရူလိုင်းနား စိမ်းပြာရေညှိပျောက်ကွယ်ခြင်း၏ အကြောင်းရင်းများနှင့် ပြန်လည်ထိန်းသိမ်းထုတ်လုပ်နိုင်ရေးခေါင်းစဉ်ဖြင့် တင်ပြခဲ့ပြီး ပညာရှင်များမှ တူညီသောအဖြေတစ်ခုရရှိရေးအတွက် အကြံပြုတင်ပြဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တွင်းတောင်အင်းသည် အရှေ့မြောက် – အနောက်တောင် ၁၃ မိုင်ခန့်ရှည်လျားသော တွင်းတောင်တန်းတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ချင်းတွင်းမြစ်ဘက်တွင် တွင်း၀ ၂ ခု၊ ချင်းတွင်းမြစ်၏ အနောက်ဘက်တွင် တွင်း၀ ၇ ခုရှိသည်။

တွင်းတောင်မီးတောင် ဖြစ်စဉ်တွင် လွန်ခဲ့သော နှစ်သန်း ၀ ဒသမ ၄၄၁၂ (လွန်ခဲ့သော နှစ်ပေါင်းလေးသိန်းကျော်ခန့်) က ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်များအရ သိရှိရသည်။

တွင်းတောင် အင်းအတွင်း စပီရူလိုင်းနား ပေါက်ပွားနေမှုကို သိရှိနိုင်ရန် နေရာအသီးသီးမှ ရေနမူနာယူ ဆောင်ခြင်း၊ စပီရူလိုင်းနားအပင်များကို စားသုံးသော ငါးများနှင့် တွင်းပိုးများရှိ၊ မရှိ ကြည့်ရှုလေ့ လာခြင်း၊ တွင်းတောင်အင်းပတ်ဝန်းကျင်သဘာဝပေါက်ပင်နှင့်စိုက်ပျိုးပင်များတွင် ရေစုပ်အားနှင့် ပင်ငွေ့ပျံနှုန်းကောင်းသော အပင်များရှိ၊မရှိ ကြည့်ရှုလေ့လာခြင်းစသည့် လုပ်ငန်းများအားမုံရွာတက္ကသိုလ်ဘူမိဗေဒဌာန၊ ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာန၊ ဓာတုဗေဒဌာနတို့မှ ပညာရှင်များ သွားရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။


JOURNEYS Adventure Travel

PEAK

Journeys Adventure Travel, a leading Adventure Company incorporated in Myanmar is seeking following candidates to meet with significant growth within the company and transformation to meet the needs of a global business.

**Deputy Sales and Marketing Manager (1) Post**

**Candidate must be:-**

- Passionate about travel, personable, dynamic and self-motivated.
- Strong English in writing and spoken skills.
- Computer literate (Word/Excel/Email) is vital.
- Work experience within travel industry including managing contracts and preparing quotations.
- Excellent organizational skills with the ability to prioritize and manage own workload.

**Deputy Operations Manager (2) Post**

**Candidate must be:-**

- Extensive travel experience in the region and a passion for travel
- Middle level operational management experience, ideally over multiple locations or being a local citizen
- Travel industry work experience (preferably as tourist guide)
- Deep understanding of the qualities that make a great group leader
- Ability to manage and develop a large group of employees
- Excellent communication (verbal & written), coaching and delegation skills
- A workable knowledge of Microsoft Word and Excel software

**Accountant (1) Post**

**Candidate must be:-**

- Possess minimum business commerce or LCCI level 3 equal of qualification
- Up to 3 years of working experience in accounting (preferably in hotel and tourism field)
- Computer literate (Word/Excel/Email) and hands on experience with accounting software
- Experience and knowledge of complex accounting packages
- Practical general finance and accounting experience in a similar industry
- Strong written and verbal communication skills
- High level of knowledge of Excel spreadsheets

*Interested applicants please send your CV not later then June 15th 2-14 to hr@journeysadventuretravel.com (or) contact via phone at 656307 or 09420257195*





Tourism
7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# အမျိုးသားပြတိုက်တွင် ရိုးရာယဉ်ကျေးမှုဖျော်ဖြေရေး အစီအစဉ်များ ပြသနိုင်ရန်စီစဉ်

ခန့်ထက်

ရန်ကုန်၊ ဇွန်-၇

အမျိုးသားပြတိုက်တွင်ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှုဖျော်ဖြေရေးအစီအစဉ်များကိုလာမည့်ခရီးသွားရာသီတွင်ထည့်သွင်းနိုင်ရန်စီစဉ်နေကြောင်းသိရသည်။

ရန်ကုန်ရှိ အမျိုးသားပြတိုက်တွင် မြန်မာ့ရိုးရာ အကများ၊ မြန်မာ့ တူရိယာတီးခတ်မှုများ၊ ရုပ်သေးအက၊ ဆိုင်းဝိုင်းများ၊ တစ်ခန်းရပ်ပြဇာတ်များ စသော မြန်မာ့ ရိုးရာယဉ်ကျေးမှုများ အစီအစဉ်များကို ထည့်သွင်းပြသနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု အမျိုးသားပြတိုက်ညွှန်ကြားရေးမှူး ဦးငွေထွန်းမြင့်က ပြောသည်။

"အခု အဲဒီအစီအစဉ်တွေကို ထည့်သွင်းသွားဖို့အတွက် ဒီမှာရှိတဲ့ ခန်းမကျယ်ကြီးကို အသံစနစ်တွေ မီးစနစ်တွေကိုပြင်ဆင်ပြီးတဲ့အနေအထားပါ။ ပရိသတ်တွေအတွက် ထိုင်ခုံတွေဖြည့်ဖို့ရှိသေးတယ်"ဟု ညွှန်ကြားရေးမှူးဦးငွေထွန်းမြင့်က လက်ရှိပြင်ဆင်နေသော အခြေအနေကိုပြောသည်။

ယင်းသို့ အမျိုးသားပြတိုက်တွင် နိုင်ငံခြားဧည့်သည်များကို ဆွဲ ဆောင်နိုင်ရန်အတွက်ဖျော်ဖြေရေးအစီအစဉ်များကို အနုပညာတက္ကသိုလ်မှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟုသိရသည်။

"ပြတိုက်မှာ ပြသထားတဲ့မြန်မာ့တူရိယာတွေကိုလည်း ပြပွဲတွေမှာ တီးခတ်မှာဖြစ်တာမို့ ဒါတွေကို ဒီလိုတီးခတ်ပါလားဆိုတာကို နိုင်ငံခြားသားတွေလက်တွေ့ လေ့လာနိုင်ဖို့ကိုလည်း ရည်ရွယ်ပါတယ်"ဟု ဦးငွေထွန်းမြင့်ကပြောသည်။

လက်ရှိတွင် ပြပွဲများ ပြသရန်အတွက် ရက်နှင့်အချိန်များကို သတ်မှတ်ထားခြင်းမရှိသေးသော်လည်း ပြပွဲများကို အခမဲ့ကြည့်ရှုနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ယခုနှစ် ဇန်နဝါရီမှ မေလကုန်အထိ ငါးလအတွင်းအမျိုးသားပြတိုက်သို့ နိုင်ငံခြားသားခရီးသည်အဝင်မှာ ၁၈၀၀၀ နီးပါးရှိနေပြီး ပြည်တွင်းမှ လာရောက်လေ့လာသူများမှာ ၁၉၀၀၀ကျော်ရှိနေကြောင်း ပြတိုက်၏ ဧည့်သည်အဝင်စာရင်းများအရသိရသည်။

ပြတိုက်သို့လာရောက် လေ့လာသောနိုင်ငံခြားသားဧည့်သည်အများစုမှာ ဥရောပတိုက်သားများဖြစ်ကြပြီး ပြည်တွင်းမှ ကျောင်းသား၊ကျောင်းသူများအများဆုံးလာရောက်ကြသည်ဟု ပြတိုက်ညွှန်ကြားရေးမှူးကပြောသည်။



*ပြည်လမ်းရှိ အမျိုးသားပြတိုက်* ဓာတ်ပုံ – နစ်ကီ

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး လုပ်ဆောင်မည်

ခန့်ထက်

ရန်ကုန်၊ ဇွန်-၇

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက်လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

"အဓိကကတော့ အဲဒီဒေသကိုသဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ဖို့အတွက် ခရီးသွားလုပ်ငန်းရှင်တွေစုပေါင်းပြီးလေ့လာဖို့ပြင်ဆင်နေပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနောင်နောင်ဟန်က ပြောသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံလူမျိုးများအကြောင်းနှင့် ကမ္ဘာလှည့်ခရီးသည်များသွားရောက်လည်ပတ်နိုင်မည့်နေရာများ ဖွံ့ဖြိုးတိုးတက်ရန် ဒေသခံများနှင့်ညှိနှိုင်းပြီးဆောင်ရွက်သွားမည်ဟု ဦးနောင်နောင်ဟန်က ပြောသည်။

"ဒီလိုမျိုးခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာမယ်ဆိုရင်တော့အဲဒီဒေသကလူတွေအတွက် အခွင့်အလမ်းတွေပိုလာနိုင်တာပေါ့"ဟု ၎င်းကသုံးသပ်သည်။

ယင်းဒေသတွင် ဓနု၊ ပအိုဝ်း၊ ပလောင်လူမျိုးများနေထိုင်ကြပြီး ကမ္ဘာလှည့်ခရီးသည်များအတွက် ယင်းဒေသတွင် တောတွင်းလမ်းလျှောက် ခရီးစဉ်များ၊ သဘာဝအခြေခံများကို လေ့လာနိုင်မည့် ခရီးစဉ်များဆောင်ရွက်နိုင်သည်ဟု ရှမ်းပြည်နယ်တောင်ပိုင်းဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးရန်နိုင်ကပြောသည်။

"အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒေသခံတွေကိုလည်းခရီးသွား လုပ်ငန်းနဲ့ပတ်သက်တဲ့အသိပညာဗဟုသုတရရှိစေရေးအတွက်ကိုပါ တစ်ပါတည်းပူးတွဲဆောင်ရွက်သင့်တယ်"ဟု ၎င်းကသုံးသပ်ပြောသည်။

လက်ရှိတွင် ယင်းဒေသသို့ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုသည် ယခင်နှစ်များထက် မြင့်တက်နေပြီး အများစုမှာ ပင်းတယသို့ နေချင်းပြန်သွားရောက်ကြသည်ဟု ဦးရန်နိုင်က ပြောကြားသည်။










31 နှစ်









Woman of The Week



အာဏာ










CRONY
HACKER



7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# ''ကျောင်းသားတွေအားလုံးက သူတို့အသက်တွေကို စွန့်လွှတ်ဖို့ အသင့်ဖြစ်ခဲ့တယ်''

## တီအန်မင် ဒီမိုကရေစီလှုပ်ရှားမှုခေါင်းဆောင် ဝူရာကိုင်ရှီနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

လွန်ခဲ့တဲ့ ၂၅ နှစ် ဇွန်လ ၄ ရက်ဟာ ပိုလန်မှာ တစ်ပါတီကွန်မြူနစ်စနစ်အုပ်စိုးမှုအပြီး ပထမဆုံးအကြိမ် လွတ်လပ်တဲ့ပါလီမန်ရွေးကောက်ပွဲတွေမှာ ပြည်သူတွေမဲပေးခဲ့တဲ့နေ့ဖြစ်သလို ကမ္ဘာတစ်ခြမ်းက တရုတ်ပြည်မှာတော့ တီအန်မင်ရင်ပြင်မှာ ခုနစ်ပတ်ကြာအောင် သပိတ်စခန်းချနေရာယူပြီး ဆန္ဒပြပွဲတွေလုပ်နေတဲ့ တရုတ်တက္ကသိုလ်ကျောင်းသားတွေကို စစ်တပ်က အကြမ်းဖက်သတ်ဖြတ်ခဲ့ပြီး လူရာနဲ့၊ ထောင်နဲ့ချီ သုတ်သင်ခံရတဲ့ဖြစ် ရပ်ဆိုးကြီးဖြစ်ခဲ့တဲ့နေ့လည်းဖြစ် ပါတယ်။

တရုတ်အစိုးရဟာ ယခုနှစ်ထဲမှာတော့ တီအန်မင် အရေးအခင်း (၂၅)နှစ်ပြည့်နီးလာတဲ့ကာလမှာ နိုင်ငံတွင်း တက်ကြွလှုပ်ရှားသူတွေကို ထိန်းသိမ်းခြင်း၊ တီအန်မင် လှုပ်ရှားမှုဆိုင်ရာ အမှတ်တရအရေးအသား၊ ရုပ်ပုံ၊ ညွှန်းဆိုချက်မှန်သမျှကို ပြည်တွင်းမှာ လူထုမမြင်ရအောင် အင်တာနက်ပေါ်မှာပါဆင်ဆာဖြတ်တောက်ခြင်းများပြုလုပ်ခဲ့တယ်။ နှစ်ပတ်လည်နေ့မတိုင်မီကတည်းကလည်း ဘေဂျင်းမြို့တော်မှာ လုံခြုံရေးအင်အားတွေထောင်ချီချထားခဲ့ပြီးအခြေအနေကို ထိန်းချုပ်ထားခဲ့တာတွေ့ရပါတယ်။ ဒါပေမဲ့ ကမ္ဘာ့သတင်းမီဒီယာကြီးတွေကတော့ဒီလှုပ်ရှားမှုနှစ်ပတ်လည်ကို အသားပေးဖော်ပြခဲ့တာတွေ့ရပြီး ကမ္ဘာ့ပြည်သူတွေကို ဒီလှုပ်ရှားမှုကိုမမေ့အောင်နှိုးဆွနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် မြို့တော်ဘေဂျင်းမှာတင်မက နိုင်ငံတစ်ဝန်း မြို့ကြီးလေးရာခန့်ကိုပါ ကူးစက်ခဲ့တဲ့ တရုတ်ဒီမိုကရေစီလှုပ်ရှားမှုတစ်ရပ်ရဲ့ သမိုင်းစာမျက်နှာတွေကို စီအင်န်အင်န်သတင်းမှ ခရစ်ကျမ်းအမန်ပူရ်က ထိုစဉ်က တီအန်မင်လှုပ်ရှားမှု ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အော်ကတ်ဒ်ကဒိုလတ်ခေါ်ဝူရာကိုင်ရှီနဲ့ ဆက်သွယ်မေးမြန်းထားတာတွေကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါတယ်။ ဝူရာကိုင်ရှီဟာ ဘေဂျင်းနော်မယ်တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး ကျောင်းသားများရဲ့ ၁၉၈၉ ဆန္ဒပြပွဲတွေမှာ ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်ကာ ဘေဂျင်းလွတ်လပ်သော ကျောင်းသားသမဂ္ဂရဲ့ ဥက္ကဋ္ဌအဖြစ်လည်း ပါဝင်ခဲ့သူဖြစ်ပါတယ်။ လှုပ်ရှားမှုကို ဖိနှိပ်



ဖြိုခွဲခံရပြီးနောက် သူဟာ ဟောင်ကောင်ကို တိမ်းရှောင်ခိုလှုံခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်၊ ဒိုမီနီကန် တက္ကသိုလ်တို့မှာ ပညာသင်ကြားခဲ့ပါတယ်။ တိုင်ပေမှာ ယနေ့အထိ အခြေချ နေထိုင်ခဲ့နေဆဲဖြစ်ပါတယ်။

**အဲဒီ (၁၉၈၉ ဇွန်လ ၄ ရက်)ညကနေ ရှင်ဘာများပြန်မှတ်မိနေသေးလဲ။ ရှင်က ဆန္ဒပြခေါင်းဆောင်တွေထဲက တစ်ဦးဖြစ်ခဲ့တယ်ဆိုတော့ သိပါရစေ။**

ဟုတ်ကဲ့။ အဲဒီညဟာ အမှတ်တရသီတင်းပတ်ခုနစ်ပတ်ကို လွန်မြောက်ပြီးခဲ့တဲ့နောက် အလွန့်အလွန်ကို အမှတ်ရစရာညတစ်ညဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ဘေဂျင်းရဲ့လမ်းတွေကို စီးနင်းနေရာယူထားခဲ့တယ်။ တီအန်မင်ရင်ပြင်ကို ခုနစ်ပတ်ကြာအောင် စခန်းချနေရာယူထားခဲ့တယ်။ တရုတ်ကဗျာဆရာတစ်ဦးက အဲဒါကိုရေးခဲ့တယ်။ "သူတို့ပြောကြတယ်။ ကျောင်းသားတွေဟာ ဘုရားသခင်ကို နေရာရွှေ့လိုက်ပြီ။ ဒါပေမဲ့ ဧကရာဇ်ကြီးကို နေရာမရွှေ့နိုင်ခဲ့ဘူး"တဲ့။

**အဲဒီစိတ်တုန်လှုပ်စရာကောင်းတဲ့ညထဲကနေ ဘာတွေများမှတ်မိသေးလဲရှင့်။ သူတို့က တစ်ကမ္ဘာလုံးကို တိုက်ရိုက်လွှင့်နေတဲ့ ကျွန်မတို့ စီအင်န်အင်န်သတင်းထုတ်လွှင့်ချက်ကို ပိတ်မပစ်လိုက်ခင် အချိန်အထိပေါ့။**

သေနတ်သံတွေ မကြားရမချင်းတော့ ဒါဟာ အောင်မြင်မှု၊ စစ်မှန်တဲ့ ဖြစ်နိုင်ခြေလို့ ထင်ခဲ့ရတယ်။ ကျွန်တော်ဖြိုခွင်းခံရမယ့်ပုံစံတစ်မျိုးမျိုးကိုတော့ မျှော်လင့်ထားခဲ့ပြီးသားပါ။ ကျွန်တော်တို့ လူထုလှုပ်ရှားမှုအတွက် ကြီးမားတဲ့ပန်းတိုင်က ဖိအားပေးဖို့နဲ့ ကိုယ့်ရန်သူကို မှန်ကန်တဲ့ရွေးချယ်မှု လုပ်နိုင်ဖို့ မျှော်လင့်ခဲ့တာပါ။ ကျွန်တော်တို့ ကျည်ဆန်အစစ်တွေကိုလုံးဝကို မျှော်လင့်မထားမိခဲ့ဘူး။ ဒီတော့ ရင်ပြင်ထဲကို သတင်းတွေရောက်လာပြီးတချို့လူတွေလည်း ဝင်လာတဲ့စစ်တပ်တွေကိုတားရင်း သေလုမြောပါး ဖြစ်ကုန်ကြပြီ။ သွေးမြေကျမှုတွေဖြစ်လာပြီလို့ဆိုကြတော့ အဲဒီအချိန်ရင်ပြင်ထဲမှာ အလွန်အမင်းစိတ်လှုပ်ရှားစရာကောင်းတဲ့အခြေအနေဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ ရှိနေတဲ့ကျောင်းသားတွေအားလုံးက အသင့်ပဲ။ သူတို့အသက်တွေကို စွန့်လွှတ်ဖို့အသင့်ဖြစ်ခဲ့ပါတယ်။

**ရှင်ဟာ အဲဒီအချိန်ကတည်းက ပြည်ပြေးတစ်ဦး ဖြစ်ခဲ့တယ်နော်။ တရုတ်အစိုးရက တီအန်မင်ဖြိုခွဲမှုကိုလုပ်ပြီးချိန်မှာ သူတို့အလိုအရှိဆုံးလူတွေစာရင်းမှာလည်း ရှင်နံပါတ်နှစ်ဖြစ်ခဲ့တယ်။ ပြီးတော့ ရှင့်အနေနဲ့လည်း ကိုယ့်မိဘတွေကို တွေ့နိုင်စွမ်းမရှိတော့ဘူး။ အကြိမ်ကြိမ်တော့ ကြိုးစားကြည့်ခဲ့သေးတယ်မဟုတ်လား။**

ပြည်ပြေးလုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်က မိခင်နိုင်ငံတရုတ်ပြည်ကြီးကနေ ထောင်အချခံရမှာ ရှောင်နိုင်ဖို့ထွက်ပြေးလွတ်မြောက်ခြင်းပေါ့။ ဒါပေမဲ့ ပြည်ပြေးဘဝရောက်ရတာ သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာတဲ့အခါ ကျွန်တော်ထောင်ထဲရောက်သွားရင်တောင်မှ ကျွန်တော့်ရဲ့ သက်ကြီးရွယ်အိုမိဘတွေကို သွားတွေ့မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

**ဒီတော့ ရှင်နိုင်ငံထဲကို ဘယ်လိုပြန်ဝင်ဖို့ ကြိုးစားခဲ့လဲ။ သူတို့ကရော ရှင်ကြိုးစားတော့ ဘာပြောခဲ့ကြလဲ။**

သူတို့ငြင်းခဲ့ကြတယ်။ ကျွန်တော့်ကို ပြည်မကြီးထဲပြန်ဝင်ဖို့၊ ပြန်လွှဲပြောင်းပေးဖို့ တောင်းဆိုသမျှကို ငြင်းခဲ့တယ်။ သူတို့က အသံတိတ်နေဖို့ပဲ ဆုံးဖြတ်ခဲ့ကြပါတယ်။

**တရုတ်နိုင်ငံရဲ့ စိတ်ပိုင်းအခြေအနေကိုရော ရှင့်ကို ကျွန်မမေးလို့ရမလားရှင့်။ လွန်ခဲ့တဲ့ (၂၅)နှစ်ကလို ရှင့်အရွယ်ရောက်နေတဲ့ ကနေ့ခေတ်လူငယ်တွေဟာ "တင့်ကားရှေ့ကလူ" (Tank Man)ဓာတ်ပုံကိုတောင် မမှတ်မိကြတော့ပါဘူး။ (မှတ်ချက်-ထိုပုံမှာ တရုတ်စစ်တပ်တင့်ကားများ ချီတက်လာချိန်တွင် တင့်ကားများရှေ့၌ အသေခံ၍ ရဲဝံ့စွာမကြောက်မရွံ့ရပ်နေသော ဆန္ဒပြသမားတစ်ဦး၏ တီအန်မင်လှုပ်ရှားမှု ကမ္ဘာကျော်ဓာတ်ပုံတစ်ပုံဖြစ်ပါသည်။) ဓာတ်ပုံကိုရိုက်ခဲ့တဲ့ ဂျာနယ်လစ်လွီဆာလင်းမ်ဟာ ဒီပုံကို လူတွေကိုပြခဲ့တယ်။ ဒါပေမဲ့ လူငယ်တိုင်းနီးပါးလောက်က ဒါကို ဘာဆိုတာမသိကြတော့ဘူး။ ဒါကိုရှင် ရှင်းပြနိုင်မလား။**

ဟုတ်ကဲ့။ လူငယ်တော်တော်များများက ဒါကို မသိကြပါဘူး။ တရုတ်အစိုးရဟာ မီဒီယာကိုထိန်းချုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ပုံနှိပ်ထုတ်ဝေမှုတွေ အကုန်လုံးနဲ့ အင်တာနက်ကိုပါ ထိန်းချုပ်နေခဲ့ပါတယ်။ ဒါပေမဲ့ ဒါကိုသိတဲ့လူငယ်တွေလည်း တော်တော်များများရှိပါတယ်။ သူတို့ကတော့ ဒီလိုသိအောင်လုပ်တာကို နံရံကိုကျော်တက်ခြင်းလို့ သုံးနှုန်းခေါ်ဝေါ်ပါလိမ့်မယ်။ တရုတ်အစိုးရက သတင်းစီးဆင်းမှုကို ထိန်းချုပ်ထားတဲ့ အလွန်ကြီးမားတဲ့ နံရံကြီးတစ်ခုရှိပါတယ်။ ပြီးတော့ တရုတ်ပြည်သူတွေဟာလည်း ဒီနံရံကို ဘယ်လိုကျော်တက်ရမလဲ သိနေကြပါပြီ။ သူတို့ ကျွန်တော့်ကို ဆက်သွယ်ဖို့ ကြိုးစားကြတယ်။ ဒီတော့ ပြည်သူအများကြီးဟာ အစိုးရရဲ့ လုပ်ရပ်ကိုအန်တုဖို့နဲ့ တကယ်ဖြစ်နေတာတွေကို သိနားလည်ဖို့ ကြိုးစားနေကြပါပြီ။




**လူတော်တော်များများက တီအန်မင်မှာဖြစ်ခဲ့တာဟာ တရုတ်ပြည်ရဲ့ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို သတ်လိုက်တာပဲလို့ ဖော်ပြကြတယ်။ လွန်ခဲ့တဲ့ (၂၅)နှစ်ကလည်း အခြေအနေက အရမ်းဆိုးရွားခဲ့တာ အထင်အရှားပါပဲ။ ဒါပေမဲ့ ရှင့်အနေနဲ့ တီအန်မင်ဖြစ်ပြီးကတည်းက တရုတ်မှာ အနည်းဆုံးတော့ အရင်လိုမျိုး ၇၅ ရာခိုင်နှုန်းလောက်ကမတူတော့ဘဲ ပြောင်းလဲသွား၊ အောင်မြင်သွားခဲ့တယ်လို့ရော ထင်ပါသလား။ ကွန်မြူနစ်ဝါဒကလည်း လွန်ခဲ့တဲ့ (၂၅)နှစ်ကလိုမဟုတ်တော့ဘူးလေ။ တရုတ်ဟာလည်း ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာနေပြီလေ။ တရုတ်တစ်ပြည်လုံးမှာလည်း ရှင်သိတဲ့အတိုင်း တစ်နေ့ကို အကြိမ်ဒါဇင်နဲ့ချီပြီး အစိုးရကို တော်လှန်နေတာ။ မြို့တွေ၊ ရွာတွေမှာဖြစ်ဖြစ် အွန်လိုင်းမှာဖြစ်ဖြစ် အစိုးရအရာရှိတွေရဲ့ အကျင့်ပျက်ခြစားမှုတွေကို ကန့်ကွက်နေကြတာပဲမှတ်လား။ ဒီတော့ ပြောင်းပြန်ယူဆကြည့်တဲ့နည်းနဲ့ဆို ရှင်တို့ (ဆန္ဒပြခဲ့တာ)တကယ်ရောအောင်မြင်ခဲ့တယ်လို့ မထင်မိဘူးလား။**

၁၉၈၉ ကျောင်းသားလှုပ်ရှားမှုဟာ အောင်မြင်လုနီးပါးလှုပ်ရှားမှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ပိုလန်ပုံစံကို ကျွန်တော်တို့လိုက်လုပ်ခဲ့ကြတယ်။ အဲဒီတုန်းက ပိုလန်မှာ အလုပ်သမားတွေက လုပ်သားထုသွေးစည်းရေးသမဂ္ဂကိုတည်ထောင်ပြီး အစိုးရကို ဖိအားပေးခဲ့တယ်။ သူတို့က ကွန်မြူနစ်အာဏာရှင်စနစ်ကို ဖိအားပေးခဲ့ပြီး သူတို့ဖိအားကလည်း အလုပ်ဖြစ်ခဲ့တယ်။ ပါတီစုံစနစ်၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲကို အဲဒီဇွန်လ ၄ ရက် ၁၉၈၉ မှာပဲ လုပ်နိုင်ခဲ့ကြတယ်။ ဒီတော့ တရုတ်ပြည်မှာလည်း ဘာလို့အဲဒီလိုမဖြစ်နိုင်ရမှာလဲပေါ့။

ဒါက စစ်မှန်တဲ့ဖြစ်နိုင်ခြေလို့ ကျွန်တော်တို့ထင်မှတ်ခဲ့ကြတယ်။ ပြီးတော့ အဲဒီတုန်းက တရုတ်ပြည်ဟာ ကျောင်းသားတွေကို အချိန်နည်းနည်းပဲပေးလိုက်ရင် ကျွန်တော်တို့လိုချင်ခဲ့တာ လွတ်လပ်တဲ့ဆွေးနွေးမှုနဲ့ ပြည်သူ့အသံတွေကို ကြားနိုင်စေဖို့၊ ရှင်သန်စေဖို့ပဲ ဖြစ်မှာပါ။

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014



**ဒီနှစ်ပတ်လည် မရောက်ခင်မှာ တရုတ်ပြည်သူတွေက အင်တာဗျူးတွေမှာပြောကြားတာကတော့ သူတို့လိုချင်တာတည်ငြိမ်မှုဖြစ်ပြီး နိုင်ငံရေးအကျပ်အတည်းတွေ မဟုတ်ဘူး။ စီးပွားရေးတိုးတက်မှုပဲတဲ့။ တစ်နည်းဆိုရရင် လူငယ်မျိုးဆက်သစ်ဟာ အာရှကျားကြီးတစ်ကောင် ဖြစ်လာတဲ့နိုင်ငံမှာ အကျိုးဖြစ်ထွန်းနေကြပြီပေါ့လေ။ သူတို့ကို ရှင်ဘာများပြောမလဲ။**

ဟုတ်ကဲ့။ ဒီမှာပေးချင်တဲ့ မက်ဆေ့ချ်သတင်းစကားကတော့ ကျွန်တော်ဘာမှ မပြောနိုင်ဘူးဆိုတာပါပဲ။ ကျွန်တော်တို့အသံတွေက ပိတ်ပင်ခံထားရတယ်။ ဒီတော့ သူတို့ ဒါတွေပဲပြောနေတာပါ။ ဒါတွေဟာ တစ်ပုံစံတည်းဖြစ်နေတဲ့ စိတ်ကူးအကြံဉာဏ်တွေပါ။

ကျွန်တော်သူတို့နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး အကြာကြီးငြင်းခုံဆွေးနွေးချင်တာပါ။ တရုတ်ကွန်မြူနစ်ပါတီက ဒီမိုကရေစီစနစ်ဟာ နိုင်ငံကို ဝရုန်းသုန်းကားအခြေအနေတွေပဲ သယ်ဆောင်လာလိမ့်မယ်လို့ ပြောတာမျိုး၊ ယဉ်ကျေးမှုတော်လှန်ရေးအကြောင်းပြောတာမျိုးတွေကို ပြောလာရင် ကွန်မြူနစ်ပါတီက ခင်ဗျားတို့ကို လိမ်နေပြီလို့ ငြင်းချင်တာပါ။ တစ်ပါတီအာဏာရှင်စနစ်က ယဉ်ကျေးမှုတော်လှန်ရေးကိုဖြစ်စေခဲ့တာ၊ ဝရုန်းသုန်းကားအခြေအနေတွေကို ဖြစ်စေခဲ့တာပါ။ ကျွန်တော်သိတဲ့ ဒီမိုကရေစီနိုင်ငံအားလုံးတော်တော်လေးတည်ငြိမ်ပါတယ်။ ဒီတော့ တရုတ်ပြည်သူတွေ ရင်ဆိုင်နိုင်မှာမဟုတ်ဘူးလို့ပြောတာ ကွန်မြူနစ်ပါတီက လိမ်နေတာပါ။ ဒါပေမဲ့ တကယ့်ပြဿနာက ကျွန်တော်ဒါတွေကို တရုတ်ပြည်သူတွေကို ပြောလို့မရတာပဲဗျာ။

**ဒီတော့ ကမ္ဘာကို ရှင်ဘာများပြောချင်ပါသလဲ။ သူတို့ကလည်း တိန်အန်မင်နှိပ်ကွပ်မှုကြောင့် တစ်ပုံစံတည်းခံစားခဲ့ရပြီး တရုတ်အစိုးရအပေါ်လည်း ပိတ်ပင်ခဲ့၊ တင်းမာခဲ့တာကို ဘာများပြောချင်ပါသလဲ။ အခုတော့ ပြောင်းလဲခဲ့ပြီ။ တရုတ်ဟာလည်း နိုင်ငံတကာရဲ့ အဓိကမဟာမိတ်နိုင်ငံကြီးဖြစ်လာပြီမဟုတ်လား။ ကမ္ဘာကြီးကို ဘာများပြောချင်ပါသလဲ။**

ကမ္ဘာကြီးက တရုတ်ကို မတင်းမာခဲ့ပါဘူး။ အမှန်က အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေက အထူးသဖြင့် အမေရိကန်ပြည်ထောင်စုဟာ အလျှော့ပေးတဲ့ပေါ်လစီ ကျင့်သုံးခဲ့တာပါပဲ။ အမေရိကန်နဲ့ အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေက တရုတ်အစိုးရကို အိုကေ။ ကျွန်တော်တို့တော့ ခင်ဗျားတို့ဘာသာ ဒီမိုကရေစီဖြစ်ဖြစ်၊ မဖြစ်ဖြစ် စိတ်မဝင်စားဘူး။ ကျွန်တော်တို့ လိုချင်တာက ခင်ဗျားတို့ရဲ့ ကမ္ဘာ့အင်ဂျင်စွမ်းရည်ပဲလို့ မက်ဆေ့ချ်ပေးနေခဲ့တာပါ။ သူတို့ဆီကနေ ဘေဂျင်းကို ကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့လာတိုင်း သူတို့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုမေးမယ်။ ဘာလို့လဲဆိုတော့ နောက်ကွယ်က သူတို့နိုင်ငံက ဖိအားရှိနေလို့ပဲ။ ဒါပေမဲ့ ကုန်သွယ်ရေးအဖွဲ့က အဖြေပေးမှာကို စောင့်နေမှာမဟုတ်သလို ခင်ဗျားအဖြေကိုလည်း သူတို့လုပ်နေတဲ့ ကုန်သွယ်ရေးနဲ့ ချိတ်ဆက်မှာမဟုတ်ဘူး။ ဒီတော့ သူတို့က တရုတ်အစိုးရကို အခြေခံအားဖြင့်တော့ ငါတို့အဲဒီကိစ္စကို ဂရုမစိုက်ပါဘူးလို့ မှားယွင်းတဲ့မက်ဆေ့ချ်ပေးနေတာပဲပေါ့။ လုပ်သာလုပ်၊ မင်းအတိုက်အခံတွေကို ဖိသာဖိနှိပ်လို့ပြောနေတာမျိုး။ ဒီတော့ ဒီနေ့ကာလမှာ ကမ္ဘာကြီးကိုနည်းနည်းစိတ်ပျက်တယ်လို့ ခံစားမိသလားလို့ ခင်ဗျားမေးနေတာဟာ တရုတ်နဲ့ပတ်သက်လို့ သူတို့ဘာမှ မသိဘူးဆိုတာပဲ။ ခင်ဗျားမေးနေတာလည်း ဒါပါပဲ။

*—Ref: Tiananmen Protest Leader "Wu'er Kaixi interview,CNN:4th June.*

# Leader's Profile

# မာလာဝီသမ္မတသစ် ပီတာမူသာရီကာ

**ရဲမင်း**



အာသာပီတာမူသာရီကာသည် နိုင်ငံရေးသမား၊ ပညာရေး ကျွမ်းကျင်သူနှင့် ရှေ့နေတစ်ဦးဖြစ်ပြီး မာလာဝီနိုင်ငံ၏ ပဉ္စမမြောက် သမ္မတအဖြစ် ၂၀၁၄ မေလ ၃၁ ရက်တွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

မစ္စတာ မူသာရီကာသည် နိုင်ငံတကာ တရားရေးနယ်ပယ်၌ နိုင်ငံပေါင်းစုံတွင် လုပ်ကိုင်ခဲ့သည်။

နိုင်ငံတကာစီးပွားရေးဥပဒေ၊ နိုင်ငံတကာဥပဒေနှင့် အခြေခံဥပဒေဆိုင်ရာတို့တွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

မူသာရီကာသည် ၎င်း၏ အစ်ကိုဖြစ်သူ သမ္မတဘင်ဂူးဝါမူသာရီကာအား တရားဝင်မဟုတ်သော်လည်း ပုံမှန်အကြံပေးအဖြစ် လုပ်ကိုင်ခဲ့သည်။

အထူးသဖြင့် ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးမူဝါဒများတွင် ၂၀၁၂ ခုနှစ် သမ္မတဘင်ဂူး သေဆုံးချိန်အထိ အကြံပေးခဲ့သည်။

မူသာရီကာသည် တရားရေးဝန်ကြီးနှင့် နောက်ပိုင်းတွင် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း ၂၀၁၁ မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ယူခဲ့သည်။

မူသာရီကာသည် ၁၉၆၅ တွင် လန်ဒန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ယေးလ်တက္ကသိုလ်မှလည်း ဥပဒေဘွဲ့များ ထပ်မံရရှိခဲ့သည်။

ယင်းနောက် တန်ဇန်နီးယား၊ အီသီယိုးပီးယား၊ ယူဂန်ဒါနှင့် အမေရိကန်နိုင်ငံရှိတက္ကသိုလ်များတွင် ပါမောက္ခအဖြစ် စာသင်ကြားခဲ့သည်။ အမေရိကန်နှင့် အာဖရိက ဥပဒေဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်လုပ်ကိုင်ခဲ့သည်။

၁၉၉၅ တွင် သမ္မတ အာဏာပါဝါများကို ကန့်သတ်ရေး အပြင်းအထန် ငြင်းခုံခဲ့သူ မူသာရီကာသည် ၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲ မဲဆွယ်ချိန်မှစ၍ အစ်ကိုဖြစ်သူ သမ္မတဘင်ဂူး အတွက် အကြံပေးအဖြစ် ပါဝင်ကူညီခဲ့သည်။

မူသာရီကာသည် မာလာဝီနိုင်ငံ ဒီမိုကရက်တစ်တိုးတက်ရေးပါတီ(DPP)၏ ပါတီဝင်တစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ် မေလတွင် မာလာဝီ ပါလီမန်သို့ ရွေးကောက်တင်မြှောက် ခံခဲ့ရသည်။

ယင်းနောက်တွင် အစ်ကိုဖြစ်သူ သမ္မတဘင်ဂူး၏ အစိုးရအဖွဲ့တွင် ဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ဒုတိယသမ္မတ ဂျွိုက်စ်ဘန်ဒါထက် ဦးစားပေး၍ ညီဖြစ်သူ မူသာရီကာကို ပါတီခေါင်းဆောင်အဖြစ် ခန့်အပ်ရေး သမ္မတ၏ အစီအစဉ်ကြောင့် တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

ဒုတိယသမ္မတ ဂျွိုက်စ်ဘန်ဒါမှာ နောက်ပိုင်းတွင် DPP ပါတီမှ ထုတ်ပယ်ခံခဲ့ရပြီး ၎င်း၏ကိုယ်ပိုင်ပါတီဖြစ်သော ပြည်သူ့ပါတီကို တည်ထောင်ခဲ့သည်။

၂၀၁၂ ဧပြီလတွင် အစ်ကိုဖြစ်သူ သမ္မတဘင်ဂူး နှလုံးရောဂါဖြစ်နေချိန်တွင်လည်း မူသာရီကာက အခြေခံဥပဒေဆိုင်ရာ အာဏာသိမ်းမှု ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲခံရပြီး နာမည်ပျက်ခဲ့သည်။

၂၀၁၄ ရွေးကောက်ပွဲတွင်မူ ပီတာမူသာရီကာသည် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၁၄ ခုနှစ် မေလ ၃၁ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ *—Ref: Wikipedia*

## မြောက်အမေရိကမှ ကားအစီးရေတစ်သိန်းကျော် ဂျီအမ်ကုမ္ပဏီ ထပ်မံရုပ်သိမ်း

**နယူးယောက်၊ ဇွန်-၇**

အမေရိကန်ကားထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သော General Motors (GM)ကုမ္ပဏီသည် မြောက်အမေရိကရှိ ကားအစီးရေ ၁၀၆,၀၀၀ ခန့်ကို ထပ်မံရုပ်သိမ်းကြောင်း ဇွန်လ ၆ ရက်တွင် ကြေညာသည်။

ယင်းကုမ္ပဏီသည် လူသေမှု ၁၃ မှုနှင့် ဆက်စပ်နေသော ကားစက်နှိုးသည့် ခလုတ်များ ချို့ယွင်းသည့်ပြဿနာကိုအစီရင်ခံမှုနှောင့်နှေး၍မကြာသေးမီကကန်ဒေါ်လာ ၃၅သန်းဒဏ်ရိုက်ခံရပြီးတင်းကျပ်သော စုံစမ်းစစ်ဆေးမှုများကို ရင်ဆိုင်နေရသည်။

GM ကုမ္ပဏီသည် ၂၀၁၂ မော်ဒယ် Buick Verano၊ Chev–rolet Camaro၊ Cruze နှင့် Sonic ကား ၃၁,၅၂၀ ကို လေအိတ်မပွင့်သည့်ပြဿနာဖြင့် ပြန်လည်သိမ်းဆည်းနေသည်။

ကားလေအိတ် မပွင့်သည့် ပြဿနာနှင့် ဆက်စပ်သော ယာဉ်တိုက်မှုတစ်ခုကို ကုမ္ပဏီက သတိပြုမိ၍ ကားများကို ပြန်လည်စစ်ဆေးရန် သိမ်းဆည်းခြင်းဖြစ်သည်ဟု ပြောသည်။

ထို့အပြင် ၂၀၁၄ မော်ဒယ် Chevrolet Silverado LD၊ GMC Sierra LD နှင့် အခြားသော ယာဉ်များအပါအဝင် ကားအစီးရေ ၅၇,၅၁၂ စီးကို ကားဘော့စ်ရေဒီယိုပြဿနာကြောင့် ပြန်လည်သိမ်းဆည်းနေသည်ဟု GM ကုမ္ပဏီက ပြောသည်။

GM ကုမ္ပဏီသည် ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ကားစက်နှိုးသည့် ခလုတ်ချို့ယွင်းသည့် ပြဿနာကို လျစ်လျူထားခဲ့ပြီးနောက် ပြီးခဲ့သည့်ဖေဖော်ဝါရီမှစ၍ ကားသန်းပေါင်းများစွာကို ပြန်သိမ်းလျက်ရှိသည်။

ကားစက်နှိုးသည့် ခလုတ်ပြဿနာနှင့်ပတ်သက်၍ ဝန်ထမ်း ၁၅ ဦးကို အလုပ်မှ ထုတ်ပယ်လိုက်သည်ဟု GM ကုမ္ပဏီ အလုပ်အမှုဆောင်အရာရှိ မစ္စစ်မာရီဘာရာက ဇွန်လ ၅ ရက်တွင် ပြောကြားသည်။

*—Ref: AFP*

## ယီမင်နိုင်ငံကမ်းလွန်တွင် ရွှေ့ပြောင်းနေထိုင်သူများ လှေနစ်မြုပ်၍ လူ ၆၀ ကျော် သေဆုံး

**ဂျီနီဗာ၊ ဇွန်-၇**

ယီမင်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပွားခဲ့သော ပြီးခဲ့သည့်သီတင်းပတ်ကုန် လှေနစ်မြုပ်မှု၌ အာဖရိကရွှေ့ပြောင်းနေထိုင်သူ အနည်းဆုံး ၆၀ ဦးနှင့် ယီမင် လှေသမားနှစ်ဦးတို့ သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂက ဇွန်လ ၆ ရက်တွင် ပြောသည်။

၂၀၁၄ ပထမလေးလတွင် ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည် ၁၆,၅၀၀ တို့သည် အရှေ့အလယ်ပိုင်းတွင် ပိုမိုကောင်းမွန်သော ဘဝကို ပေးနိုင်သည်ဟု ၎င်းတို့ ယူဆထားသော ယီမင်နိုင်ငံတွင်းသို့ ရောက်ရှိရန် အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီတို့ကို ဖြတ်ကျော် လာရောက်ခဲ့ကြသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)က ပြောသည်။

"သတင်းတွေ စုဆောင်းနေဆဲပါ။ ဒါပေမဲ့ ဆိုမာလီယာနဲ့ အီသီယိုးပီးယားနိုင်ငံက လူ ၆၀ နဲ့ ယီမင်လှေသမားနှစ်ဦးကို သယ်ဆောင်လာတဲ့ လှေဟာ ပြီးခဲ့တဲ့စနေနေ့က ပင်လယ်နီမှာ နစ်မြုပ်သွားခဲ့တယ်"ဟု UNHCR ပြောရေးဆိုခွင့်ရ အက်ဒရိန်းအက်ဒ်ဝဲ့ဒ်က ဂျီနီဗာအစည်းအဝေးပွဲတွင် ပြောသည်။

ဒေသခံ ပြည်သူများသည် ယီမင်ကမ်းလွန်ပင်လယ်ပြင်အနီး၌ လှေတိမ်းမှောက်ခဲ့ပြီး သောင်လာတင်သော အလောင်းများကို မြေမြှုပ်ခဲ့သည်ဟု ၎င်းကပြောသည်။

"ပင်လယ်နီနဲ့ အေဒင်ပင်လယ်ကွေ့ကနေတစ်ဆင့် ယီမင်နိုင်ငံအတွင်း ဝင်ရောက်ဖို့ ကြိုးပမ်းတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ ဒုက္ခသည်တွေအတွက် တစ်ကြိမ်တည်း သေဆုံးမှုအများဆုံး ဖြစ်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်အတွင်း ယီမင်နိုင်ငံသို့ ရေကြောင်းမှတစ်ဆင့် ဝင်ရောက်ရန် ကြိုးပမ်းသူများတွင် သေဆုံးသူစုစုပေါင်း အနည်းဆုံး ၁၂၁ ဦးရှိသည်ဟု အက်ဒ်ဝဲ့ဒ်က ပြောသည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

## ဖိလစ်ပိုင်နိုင်ငံတွင် ကျေးလက်ဒေသ မြို့တော်ဝန်တစ်ဦး လုပ်ကြံခံရ

**မနီလာ၊ ဇွန်-၇**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၏ မြောက်ဘက် ကျေးလက်မြို့တစ်မြို့ဖြစ်သည့် အာဘစ်တွန်ဒိုမှ မြို့တော်ဝန် အာနက်စတိုဘယ်လိုလောင်သည် မြို့အတွင်း လမ်းလျှောက်ထွက်နေစဉ် ဗင်ကားတစ်စီးဖြင့် ရောက်လာသောလက်နက်ကိုင်လူတစ်စုက ပစ်ခတ်လုပ်ကြံခဲ့ရာ ၎င်းနှင့်အတူ လုံခြုံရေးတစ်ဦး၊ အနီးမှ ဖြတ်သွားသူတစ်ဦးတို့ သေဆုံးခဲ့သည်။

မြို့လယ်ကောင်တွင် နေ့လယ်ကြောင်တောင် ဖြစ်ပွားခဲ့သည့် ထိုလုပ်ကြံမှု၌ သေနတ်သမားများမှာ ကားကို မောင်းပြေးသွားပြီးနောက် အနီးရှိ မြို့တစ်မြို့တွင် ကားကိုစွန့်ပစ်ကာ ထွက်ခွာသွားခဲ့သည်ဟု ဆိုသည်။

လုပ်ကြံခံရသည့်မြို့တော်ဝန်မှာ သမ္မတအကွီနို၏ အာဏာရပါတီမှဖြစ်ပြီး တိုက်ခိုက်မှုနောက်ကွယ်တွင် မည်သည့်ရည်ရွယ်ချက်ရှိကြောင်း မသိရသေးဟု ရဲတပ်ဖွဲ့က ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နယ်ဘက်များ၌ ဒေသခံအာဏာပိုင်များမှာ ပြိုင်ဘက်များ၏ လုပ်ကြံသတ်ဖြတ်မှုများ ခံရလေ့ရှိပြီး ကွန်မြူနစ်သူပုန်များ၏ ပစ်မှတ်ထား တိုက်ခိုက်မှုကိုလည်း တစ်ခါတစ်ရံ ခံရလေ့ရှိသည်။

ယခုဖြစ်စဉ်တွင် သေဆုံးသူမြို့တော်ဝန်မှာ လုပ်ကြံမခံရမီက အသက်အန္တရာယ်ပေးမည်ဟု ခြိမ်းခြောက်ခံရခြင်းများ ရှိ၊ မရှိ ရဲတပ်ဖွဲ့က ပြောနိုင်ခြင်းမရှိသေးကြောင်း ဆိုသည်။

—*Ref: New Strait Times*

## အာဖဂန်နစ္စတန်သမ္မတလောင်းကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှု လုံခြုံရေးကောင်စီရှုတ်ချ

**ကုလသမဂ္ဂ၊ ဇွန်-၇**

အာဖဂန်နစ္စတန်သမ္မတရာထူးအတွက် တစ်ပြေးနေသူ အဗ္ဗဒူလာ အဗ္ဗဒူလာကို ဇွန်လ ၆ ရက်က လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှုအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချလိုက်ပြီး အစိုးရသစ်သို့ စနစ်တကျ အသွင်ကူးပြောင်းရန် တိုက်တွန်းလိုက်သည်။

ကဘူးလ်မြို့တွင် မဲဆွယ်စည်းရုံးနေသည့် အဗ္ဗဒူလာ၏ ယာဉ်တန်းကို ဗုံးနှစ်လုံးပေါက်ကွဲထိမှန်စဉ် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုမှ ၎င်းလွတ်မြောက်သွားခဲ့သော်လည်း အနည်းဆုံးလူခြောက်ဦး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်သမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ကို လာမည့်သီတင်းပတ်တွင် ကျင်းပမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်များအတွက် ၎င်းတို့၏ ထောက်ခံမှုကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက ထောက်ပြပြီး သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အတွက် မျှော်လင့်ထားကာ အစိုးရသစ်အဖြစ် စနစ်တကျ အသွင်ကူးပြောင်းရေး ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းကြောင်း လုံခြုံရေးကောင်စီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အရပ်သားများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ရွေးကောက်ပွဲ တာဝန်ရှိသူများ၊ ဝင်ရောက်ယှဉ်ပြိုင်သူများ (သို့မဟုတ်) အဆောက်အအုံများကို ပစ်မှတ်ထားခြင်းဖြင့် ရွေးကောက်ပွဲများကို နှောင့်ယှက်ရန် ကြိုးပမ်းမှုများအား လုံခြုံရေးကောင်စီက ရှုတ်ချလိုက်သည်။

အာဖဂန်နစ္စတန်အစိုးရနှင့် ပြည်သူများ၊ နိုင်ငံတကာအသိုင်းအဝိုင်းက ထောက်ခံသောအာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်ချမ်းရေး၊ ဒီမိုကရေစီစနစ်နှင့် တည်ငြိမ်အေးချမ်းမှုဆီသို့ အာဖဂန်နစ္စတန်နိုင်ငံ ဦးဆောင်လျှောက်လှမ်းနေသော လမ်းကြောင်းကို မည်သည့်အကြမ်းဖက်မှုလုပ်ရပ်ကမှ ပြောင်းပြန်မလုပ်နိုင်ဟု လုံခြုံရေးကောင်စီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

—*Ref: AFP*




## ပါကစ္စတန်တွင် လူကြိုက်များသည့် ရော့ခ်ဂီတအဖွဲ့နှင့် အခြားအဖွဲ့များ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာများ ပိတ်ပင်ခံရ

**ကဘူးလ်၊ ဇွန်-၇**

အာဖဂန်နစ္စတန်နိုင်ငံမှ လစ်ဘရယ်ဝါဒီများဖြစ်ပြီးတာလီဘန်များကို ဝေဖန်လေ့ရှိသော ရော့ခ်ဂီတအဖွဲ့တစ်ခု၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့် အခြားလူကြိုက်များသော စာမျက်နှာများသည် အစိုးရ၏ တောင်းဆိုမှုကြောင့် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ဝက်ဘ်ဆိုက် တာဝန်ရှိသူများက ပိတ်ပင်ခဲ့ရာ တက်ကြွလှုပ်ရှားသူများနှင့် ဆင်ဆာဖြတ်တောက်မှု ဆန့်ကျင်သူများကြား ဝေဖန်မှုများ ပြင်းထန်ခဲ့သည်။

အဆိုပါရော့ခ်အဖွဲ့မှာ Laal (Red) အမည်ရအဖွဲ့ဖြစ်ပြီး ၎င်းတို့တွင် တိုးတက်သည့် နိုင်ငံရေးအမြင်ရှိသောကြောင့် လူသိများသည်။

၎င်းတို့ဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ Like ပြုလုပ်ထားသူ လေးသိန်းကျော်ရှိပြီး စာမျက်နှာတွင် ဣတ္ထိယဝါဒမှသည် နိုင်ငံရေးတွင် စစ်တပ်က ပါဝင်မှုအထိ ဆွေးနွေးလေ့ရှိကြသည်။

၎င်းစာမျက်နှာမှာ ဗုဒ္ဓဟူးနေ့ကပင် ပိတ်ခဲ့ခြင်းဖြစ်သည်။ အခြားစာမျက်နှာများမှာ “Taliban are oppressors”ဟု အမည်တပ်ထားသည့် တာလီဘန်ဆန့်ကျင်ရေးအဖွဲ့တစ်ခုနှင့် Pakistani.meem ဟုအမည်ရသည့် ဒီမိုကရေစီလိုလားပြီး ဘာသာရေးကို အလေးမထားသည့် အဖွဲ့တစ်ဖွဲ့၏ စာမျက်နှာများဖြစ်သည်။

Laal အဖွဲ့၏ လိဒ်ဂစ်တာသမား တိုင်မာရာမန်ကလည်း ၎င်းတို့အဖွဲ့ စာမျက်နှာကို ဖေ့စ်ဘွတ်ခ်က ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ပိတ်ခဲ့ကြောင်းဆိုသည်။

ဖေ့စ်ဘွတ်ခ်ပြောခွင့်ရအမျိုးသမီးကလည်း ထိုသို့ ပိတ်ပစ်ခဲ့ခြင်းကို အတည်ပြုခဲ့ပြီး ဝက်ဘ်ဆိုက်တွင်ပါဝင်သော အကြောင်းအရာများမှာ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများကို ချိုးဖောက်သည်ဟု ယူဆခံရပြီး အစိုးရက အကြောင်းကြားပါက ပိတ်ပစ်ရခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းအား ရှင်းပြသည်။

ဖေ့စ်ဘွတ်ခ်သည် ၂၀၁၃ ဇူလိုင်မှ ဒီဇင်ဘာလအတွင်းကလည်း ပါကစ္စတန်အစိုးရ၏ တောင်းဆိုမှုကြောင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာ ၁၆၂ ခုကို ပြည်တွင်း၌ ကြည့်မရအောင် ကန့်သတ်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော် ပါကစ္စတန်လှုပ်ရှားတက်ကြွသူများနှင့် လူ့အခွင့်အရေးကာကွယ်မှုအဖွဲ့များကမူ ယခုလုပ်ရပ်မှာ နိုင်ငံတွင်း၌ လွတ်လပ်စွာ ပြောဆိုခွင့်များကို သတ်ဖြတ်ခြင်းသာဖြစ်ကြောင်း ဆိုခဲ့သည်။

—*Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.13, No.14 • JUNE 11 , 2014



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဖျော်ဖြေပွဲတွေ ဆက်မယ့် အိုင်စီ

**ဖွဲ့ညဏ်**

**ရန်ကုန်၊ ဇွန်-၇**

အိုင်းရင်းခရော့စ်အဖွဲ့ အနေဖြင့် ဇွန်လတွင် မြစ်ကြီးနားနှင့် ရန်ကုန်မြို့များ၌ ဖျော်ဖြေပွဲများကျင်းပရန် အစီအစဉ်ရှိပြီး ယခုလမှစ၍ ဖျော်ဖြေပွဲများဆက်တိုက်ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း ပုဂံအင်တာတိန်းမန့်မှ ဈေးကွက်မန်နေဂျာကိုညီကပြောသည်။

"ဒီလထဲမှာ နှစ်ပွဲရှိတယ်။ ၁၄ ရက်နေ့မြစ်ကြီးနားမှာ ဖျော်ဖြေပါမယ်။ နောက်ပြီး ၂၉ ရက်နေ့မှာတော့ ရန်ကုန်မှာ ဖျော်ဖြေဖို့အစီအစဉ်ရှိပါတယ်။ နေရာကတော့ မသေချာသေးဘူး"ဟု ၎င်းကပြောသည်။

ယင်းဖျော်ဖြေပွဲများတွင ်ညွှန့်သည်အဆိုရှင်မပါဝင်ဘဲ အိုင်းရင်းခရော့စ်အဖွဲ့၏ ပင်တိုင်အဆိုရှင်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့သာ ပါဝင်မည်ဖြစ်ပြီး ရန်ကုန်ပရိသတ်နှင့် မဆုံတွေ့သည်မှာ နှစ်လခန့်ကြာပြီဖြစ်ကြောင်း ကိုညီကပြောသည်။

ထို့အပြင် ဇူလိုင်လထဲတွင်လည်း အိုင်းရင်းခရော့စ်အဖွဲ့၏ ဖျော်ဖြေပွဲများကို ရန်ကုန်နှင့်မန္တလေးမြို့ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းကပြောသည်။

"ဇွန်၊ ဇူလိုင်၊ ဩဂုတ်ပွဲတွေကတော့ တောက်လျှောက်ပဲ။ တစ်လကို နှစ်ပွဲ၊ သုံးပွဲလောက်ရှိတယ်။ အောက်တိုဘာမှာတော့အများဆုံးပဲ"ဟု ကိုညီကပြောသည်။

## "ခုပြမယ့် မှတ်တမ်းရုပ်ရှင်တွေကြည့်ပြီး ပြန်သွားရင် စိတ်ဗလာချည်းပြန်သွားရမှာ မဟုတ်ဘူး"

**ဒါရိုက်တာမင်းထင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း**

**ဖွဲ့ညဏ်**

**ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ဇွန်လ ၁၉ရက်တွင် ဆုပေးပွဲကျင်းပမည့် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဇွန်လတတိယပတ်တွင် ဒုတိယအကြိမ်ကျင်းပမည်ဖြစ်သည်။ လူ့အခွင့်အရေးဆိုသည်မှာ လူတိုင်း တန်ဖိုးတန်းတူရရှိသည့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း သိရှိစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်ပွဲတော်ကျင်းပချိန်တွင်လည်း အောင်ဆန်းစုကြည်ဆုပါဝင်နေသောကြောင့် ၎င်း၏ မွေးနေ့တွင် ဆုပေးပွဲကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည့် ရုပ်ရှင်ပွဲတော်စီစဉ်သူ ဒါရိုက်တာမင်းထင်ကိုကိုကြီးအား ရုပ်ရှင်ပွဲတော်နှင့်ပတ်သက်သည့် အကြောင်းအရာများ အပါအဝင် အနုပညာလှုပ်ရှားမှုများအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မကြာခင်ရက်ပိုင်းအတွင်းမှာ ကျင်းပတော့မယ့် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်အကြောင်းအရင်ဆုံးပြောပြပေးပါလား။**

ဒါက နှစ်စဉ်ကျင်းပသွားဖို့ရှိတဲ့ရုပ်ရှင်ပွဲတော်တစ်ခုပါ။ မနှစ်က ပြည်တွင်း၊ နိုင်ငံတကာဆိုပြီး Competition နှစ်ခုပဲပါတယ်။ အခုနှစ်မှာကျတော့ ပြည်တွင်း၊ နိုင်ငံတကာနဲ့ အာဆီယံဆိုပြီး သုံးခုဖြစ်သွားတယ်။ ပြိုင်ပွဲဝင် ရုပ်ရှင်တွေ အနေနဲ့လည်း ပြည်တွင်းရော နိုင်ငံတကာရော ဇာတ်ကားတွေ ပိုများလာတယ်။

**ပြီးခဲ့တဲ့နှစ်က ချီးမြှင့်တဲ့ဆုတွေအပြင် ဒီနှစ်မှာဆုတွေလည်း တိုးပေးမယ်ဆိုတော့ ဆုဘယ်နှဆုထိပေးဖို့ စီစဉ်ထားလဲ။**

ပထမအကြိမ်တုန်းက ပြည်တွင်းနဲ့ ပြည်ပအောင်ဆန်းစုကြည်ဆုက နှစ်ဆု၊ မင်းကိုနိုင်ဆု၊ မတ် ၁၃ ဆု၊

စာမျက်နှာ ၄၁ »



ဓာတ်ပုံ-နစ်ကီ



7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014



# ဆိုးလ်မြို့တွင် လီဆောင်းဂီအမည်ဖြင့် သစ်တောပြုလုပ်

**ဆိုးလ်၊ ဇွန်-၇**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသား လီဆောင်းဂီ၏ ပရိသတ်များသည် ဆိုးလ်မြို့တွင် လီဆောင်းဂီအမည်ဖြင့် သစ်တောပြုလုပ်ပေးနေကြောင်း Tree Planet အဖွဲ့က ပြောသည်။

ယင်းအစီအစဉ်ကို ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ အမေရိကန်၊ ထိုင်း၊ တူရကီ၊ အီကွေဒေါ အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ လီဆောင်းဂီ၏ ပရိသတ်များက ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပရိသတ်များသည် မေလလယ်မှစ၍ ယင်းအစီအစဉ်အတွက် သီတင်းပတ်နှစ်ပတ်ကြာ ရန်ပုံငွေရှာဖွေခဲ့ကြပြီး ကိုရီးယားဝမ် ၁၀ သန်းကျော် ရရှိခဲ့သည်။

လီဆောင်းဂီသစ်တောကို ဆိုးလ်မြို့တွင် ပြုလုပ်မည်ဖြစ်ပြီး အစီအစဉ်များကိုမြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့် လက်တွဲလုပ်ဆောင်သွားမည်ဟု သိရသည်။

“လီဆောင်းဂီသစ်တောက သူ့ပရိသတ်တွေအတွက်သာမက သစ်တောနားမှာနေထိုင်တဲ့ လူတွေအတွက်ပါ တကယ့်နားခိုစရာနေရာတစ်ခု ဖြစ်လာပါလိမ့်မယ်” ဟု Tree Planet အဖွဲ့က ပြောသည်။

ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များသည် လီဆောင်းဂီ၏ချစ်သူ Grils’ Generation အဖွဲ့ဝင် ယွန်အာ အသက် (၂၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မေလ ၃၀ ရက်က ယွန်အာသစ်တော ကိုဖန်တီးပေးခဲ့ကြသည်။ *STAR N*

## တိုင်းမ်မဂ္ဂဇင်းက ဖော်ပြသော ၂၀၁၄ အကောင်းဆုံးတေးသီချင်း ၂၅ ပုဒ်

**နယူးယောက်၊ ဇွန်-၇**

အမေရိကန် Time မဂ္ဂဇင်းဝက်ဘ် ဆိုက်သည် ၂၀၁၄ ခုနှစ်အကောင်းဆုံးတေးသီချင်း ၂၅ ပုဒ်မ ‘25 Best Songs of 2014 (so far)’ စာရင်းကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

၂၀၁၄ နှစ်ဝက်သို့ ရောက်ရှိလာချိန်တွင် မဂ္ဂဇင်းတာဝန်ခံအချို့သည် ပြီးခဲ့သည့် ခြောက်လတွင်း နှစ်သက်စရာ အကောင်းဆုံးသီချင်းများဟု ၎င်းတို့ယူဆသော သီချင်းစာရင်းကို ပြုစုခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်။

- အရီယာနာ ဂရန်ဒီ (Problem)
- ဆမ်စမစ် (Stay With Me)
- အယ်လီအိုတ်စ် (Catch)
- Mo (Don’t Wanna Dance)
- Future Islands (Seasons – Waiting on You)
- ရီတာအော်ရာ (I will Never Let You Down)
- ဘက်ခ် (Blue Moon)
- စိန့်ဗင်းဆင့် (Digital Withness)
- Royskopp & Robyn (Do It Again)
- Sun Kil Moon (Carissa)
- တက်ဗ်လို (Stay High)
- Chromeo (Jealuos – I Ain’t with It)
- မစ်ဂဲလ် (Simplethings)
- Girls’ Genration (Mr. Mr.)
- မာရီယာ ကာရေး (Make It Look Good)
- စီယာ (Chandelier)
- မိုက်ကယ်ဂျက်ဆင် (Lover Never Felt So Good)
- Against Me ! (Transgender Dysphoria Blues)
- The Pains of Being Pure at Heart (Kelly)
- Schoolboy Q (Break The Bank)
- Real Estate (Talking Backwards)
- လစ်ကီလီ (No Rest for the Wicked)
- တော့ဒ်တာဂျီ (Delorean Dynamite)
- အင်ဒီယာနာ (Solo Dancing)
- Future (Move That Dope)






စာ(၃၉)မှ

# ဒါရိုက်တာမင်းထင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း

ချက်နိုင်ငံနဲ့ နော်ဝေးနိုင်ငံ ကပေးတဲ့ ဆုတစ်ဆုစီနဲ့ နိုင်ငံတကာဒိုင်လူကြီးတွေက ရွေးပေးတဲ့ဆုတစ်ဆု စုစုပေါင်း ခုနစ်ဆုပေးခဲ့တယ်။ ခုနှစ်က Competition သုံးခုဖြစ်တဲ့အတွက် အောင်ဆန်းစုကြည်ဆုက သုံးဆုဖြစ်မယ်။ မင်းကိုနိုင်ဆု၊ မတ် ၁၃ ဆု၊ နော်ဝေးနိုင်ငံကပေးတဲ့ဆု၊ နောက်ပြီး ဒီမှာဖွင့်ထားတဲ့ ကျောင်းမှာ သင်တန်းပေးထားတဲ့ ကျောင်းသားတွေရဲ့ ဇာတ်ကားငါးကားကနေ တစ်ဆုရွေးပေးမယ်။ နောက်ထပ်တိုးတဲ့ဆုကတော့ ဘဘဦးဝင်းတင်ကို ဦးညွှတ်ဂုဏ်ပြုတဲ့အနေနဲ့ ဟံသာဝတီ ဦးဝင်းတင်ဆုက တစ်ဆုဆိုတော့ စုစုပေါင်း ရှစ်ဆုပေးမယ်။ ဆုတစ်ဆုချင်းစီအတွက်ကိုလည်း ဂျူရီအဖွဲ့တွေ ဖွဲ့ပေးထားတယ်။

**ပြီးခဲ့တဲ့နှစ်က ခရီးသွားရုပ်ရှင်ပွဲတော်အနေနဲ့ တစ်နိုင်ငံလုံးကို လှည့်ပြီး ပြသခဲ့တာဆိုတော့ ဒီနှစ်ကော ဘာတွေ လုပ်ဖို့စီစဉ်ထားလဲ။**

၂၀၁၃ မှာတုန်းကရန်ကုန်မှာပြပြီး ဆုရဇာတ်ကားတွေကို ခရီးသွားရုပ်ရှင်ပွဲတော်အနေနဲ့ဩဂုတ်လကစပြီး ၂၀၁၄ မတ်လအထိ နေပြည်တော်အပါအဝင် မြို့ကြီး ၁၃ မြို့မှာ ပြုလုပ်ခဲ့တယ်။ ဒီနှစ်မှာလည်း ခရီးသွားရုပ်ရှင်ပွဲတော်လည်း ကျင်းပဖို့ရှိတယ်။ အဲဒီအပြင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂနဲ့ ပူးပေါင်းပြီး တက္ကသိုလ်တွေထဲမှာပါ ရုပ်ရှင်ပွဲတော်တွေ ကျင်းပဖို့ သဘောတူညီမှုတော့ ရထားပြီ။ ဖြစ်နိုင်မယ်ဆိုရင် ဇူလိုင်လဆန်းလောက်ဖြစ်မယ်။ ပထမဆုံးပွဲအနေနဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ထဲမှာ ကျင်းပဖို့တော့ မျှော်လင့်ရတာပဲ။

Documentary **တွေ၊ ဇာတ်လမ်းတိုတွေကို မြန်မာနိုင်ငံမှာ စိတ်ဝင်စားမှု နည်းနေသေးတာဆိုတော့ ပထမအကြိမ်ရုပ်ရှင်ပွဲတော်ကိုပရိသတ်တွေ စိတ်ဝင်စားမှုရှိခဲ့လား။**

ရှေ့မှာ လုပ်ခဲ့တဲ့ရုပ်ရှင်ပွဲတော်မှာ လာကြည့်တဲ့လူအရေအတွက်ကို ကြည့်ပြီး သာမန်အားဖြင့် မှတ်တမ်းရုပ်ရှင်တွေကို ပရိသတ်တွေစိတ်မဝင်စားနိုင်လောက်ဘူးလို့ ယူဆထားတာ။ ဒါပေမဲ့ မနှစ်က ကျင်းပတဲ့ ရုပ်ရှင်ပွဲတော်မှာ ပရိသတ်တွေလာကြည့်တဲ့ နှုန်းက အစ်ကိုတို့ ခန့်မှန်းထားတဲ့ အတိုင်းအတာထက် အများကြီးပိုခဲ့တယ်။ မှတ်မှတ်ရရအနေနဲ့ဆိုရင် ပြီးခဲ့တဲ့နှစ်က ရုပ်ရှင်ပွဲတော်လုပ်တဲ့ နောက်ဆုံးရက်၊ နောက်ဆုံးပွဲကို Junction Square မှာသွားကြည့်ခဲ့တယ်။အဲဒီနောက်ဆုံးပွဲစဉ် ည ၁၂ နာရီထိုးခါနီးအချိန်မှာတောင် လူတွေစိတ်မဝင်စားဘူးလို့ထင်ထားတဲ့ ရုပ်ရှင်တွေကို ပရိသတ်တွေထိုင်ကြည့်နေခဲ့ကြတယ်။ ဒါကလည်း လူ့အခွင့်အရေးနဲ့ ဆက်စပ်မယ်လို့ထင်တယ်။ နယ်တွေမှာပြခဲ့တဲ့ပွဲတွေမှာလည်း ပဲခူးမှာ သုံးပွဲပြတာ သုံးပွဲလုံးလူအပြည့်အလျှံအားပေးခဲ့ကြတယ်။ ခရီးသွားရုပ်ရှင်ပွဲတော်မှာတော့ ပဲခူးက ပရိသတ်အများဆုံးပဲ။

**ပထမအကြိမ်ရုပ်ရှင်ပွဲတော်ကလည်း အောင်မြင်ခဲ့တာဆိုတော့ ဒီနှစ်ရုပ်ရှင်ပွဲတော်အပေါ်မှာကော ဘယ်လောက်မျှော်လင့်ထားလဲ။**

ရုပ်ရှင်ပွဲတော်ရဲ့ အောင်မြင်မှုကို တိုင်းတာတာက လူတွေဘယ်လောက်စိတ်ဝင်တစားလာကြည့်တယ်ဆိုတာပဲ။ မှန်တာပြောရရင် ပြီးခဲ့တဲ့နှစ်က စိုးရိမ်ခဲ့တယ်။ ဒါပေမဲ့ အစ်ကိုတို့ ခန့်မှန်းထားတဲ့လူဦးရေထက် များခဲ့တယ်။ အဲဒီအတွက် ဒုတိယနှစ်လုပ်တဲ့ အချိန်မှာ ပိုပြီးတာဝန်ကြီးတယ်။ ပိုပြီးလည်း သတိထားရတယ်။ ဒါပေမဲ့ ကျေနပ်မှုရှိတာက အရင်နှစ်ကဆိုရင် ပြည်တွင်းမှတ်တမ်းရုပ်ရှင်က ငါးကားပဲရှိတယ်။ အဲဒီထဲက ဖြစ်ညှစ်ပြီး ရွေးခဲ့ရတယ်။ ဒီနှစ်ပြည်တွင်းမှတ်တမ်းရုပ်ရှင် ၁၅ ကား၊ မနှစ်ကကားတွေထက်လည်း ပိုကောင်းတယ်။ နောက်ပြီး ပြီးခဲ့တဲ့ နှစ်အတွေ့အကြုံအရ ဘယ်လိုကားမျိုးကို လူတွေကြိုက်တယ်ဆိုတာကတစ်နှစ်စာ အတွေ့အကြုံရခဲ့ပြီးပြီဆိုတော့ ဒီနှစ်ပရိုဂရမ်က ပြီးခဲ့တဲ့နှစ်ထက်ကောင်းမယ်လို့ယုံကြည်တယ်။လူတွေလည်းပိုပြီးနှစ်သက်ကြလိမ့်မယ်။

**ဒါရိုက်တာ တစ်ယောက်အနေနဲ့ဆိုရင် ဗီဒီယို၊ ရုပ်ရှင်တွေ ထက်မှတ်တမ်းရုပ်ရှင်ရိုက်တာက ပရိသတ်ကို မက်ဆေ့ချ်ပေးတဲ့အခါ ဘာတွေအားသာမယ်လို့ ထင်ပါသလဲ။**

Feature Flim နဲ့ Documentary တော့မတူဘူးပေါ့။ Feature Flim ကလည်း စိတ်တွေထိခိုက်အောင် (သို့) အသိဉာဏ်တစ်ခုခုရသွားစေအောင် လုပ်နိုင်တဲ့ အရည်အသွေးတွေရှိပါတယ်။ ရုပ်ရှင်ရဲ့ ပင်ကိုအရည်အသွေးမှာ ဒါတွေရှိပါတယ်။ ဒါပေမဲ့ ဖန်တီးတဲ့ သူက ဘယ်လောက်လုပ်နိုင်တယ်ဆိုတဲ့ အပေါ်မှာတော့ မူတည်တယ်။ မှတ်တမ်းရုပ်ရှင်မှာတော့ အဲဒီ Level ကပို ပြီးတော့ မြင့်နေလိမ့်မယ်လို့ယုံကြည်တယ်။ Feature Flim ဆိုရင် ကြည့်တဲ့လူက ဒါဟာဖန်တီးထားတယ်ဆိုတာ မသိစိတ်ထဲမှာရှိနေတယ်။ မှတ်တမ်းရုပ်ရှင်မှာကျတော့ ဖန်တီးထားတာတွေ မပါတော့ဘူး။ ဒါက တကယ်ဖြစ်ပျက်ခဲ့တဲ့ဟာဆိုတဲ့ အသိစိတ်တစ်ခုကို အပြည့်အဝပေးနိုင်တယ်။ အဲဒီအတွက် စိတ်ခံစားမှုအနေနဲ့လည်း ပိုပြီး မြင့်အောင်ပေးနိုင်လိမ့်မယ်။ အသိဉာဏ်တစ်ခုခုရရှိဖို့ဆိုရင်လည်း ပေးနိုင်တဲ့အဆင့်ကပိုပြီး မြင့်လိမ့်မယ်။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့** Documentary **ကိုလည်း ရိုက်ကူးနေတာဆိုတော့ ဘယ်လောက်အတိုင်းအတာထိ ပြီးစီးသွားပြီလဲ။**

အဲဒီ Documentary က production stage မှာပဲရှိပါသေးတယ်။ အမေစုကလည်း တော်တော်ကို မအားတာလေ။ သူ့မှာက အချိန်တော်တော်ရှားပါတယ်။ အမေစုရဲ့ အင်တာဗျူးတွေရဖို့စောင့်နေရတယ်။ အစပိုင်းမှာတော့ အင်တာဗျူးနှစ်ခါရထားတယ်။ အမေစုရဲ့ ဘဝတစ်ခုလုံး နဲ့ပတ်သက်ပြီး အခြေခံမှာဆို တော့လိုချင်တဲ့ အင်တာဗျူးကာလကနည်းနည်းများတယ်။ အဲဒါကြောင့်စောင့်နေရတာ။

**ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးမှာလည်း ကိုယ်တိုင်ပါဝင်ခဲ့တာဆိုတော့ အဲဒီရုပ်ရှင်နဲ့ပတ်သက်ပြီး ပြောပြပေးပါလား။ အဲဒီရုပ်ရှင်ကို ၂၀၁၅ မှစပြီး ရိုက်တော့မယ်ဆိုတဲ့ သတင်းကရော အမှန်ပဲလား။**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ကို ၂၀၁၂ ဖေဖော်ဝါရီ ၁၃ ဗိုလ်ချုပ်မွေးနေ့မှာ စခဲ့တာ။ သုံးနှစ်အတွင်းမှာ ရုပ်ရှင်ရိုက်ဖြစ်ပြီး ၂၀၁၅ မှာ ရုပ်ရှင်ပြဖြစ်လိမ့်မယ်လို့ဆန္ဒရှိခဲ့ကြတာ။ ကိုယ်ကတော့အဲဒီအချိန်ကတည်းက ဒီကိစ္စကဖြစ်နိုင်ခြေနည်းတဲ့ ကိစ္စလို့တွက်ဆထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့ နှစ် ၂၀၁၃ နိုဝင်ဘာကတည်းက ဇာတ်ညွှန်းပြီးထားပြီ။ အင်္ဂလိပ်ဘာသာပြန်တဲ့အဆင့်ထိပြီးထားပြီးသား။ ကိုယ်တို့လက်ထဲမှာ ဇာတ်ညွှန်းအဆင့်သင့်ဖြစ်နေတာက ရှစ်လလောက်ရှိပြီ။ ရိုက်မယ်ဆိုရင် ရိုက်လို့ရတယ်။ ဒါပေမယ့် ရှေ့မှာရှိထားပြီးသားရုပ်ရှင်မျိုးပဲဖြစ်လိမ့်မယ်။ ကိုယ်တို့ဖြစ်စေချင်တာက အဲဒီအရည်အသွေးမဟုတ်ဘူး။ အဲဒါကြောင့် ရုပ်ရှင်တစ်ကားလုံးကို နိုင်ငံတကာမှာပြသနိုင်တဲ့ အရည်အသွေးမျိုး Manamage လုပ်နိုင်တဲ့ Producer တစ်ယောက်ရှာနေတုန်းပဲ။ ၂၀၁၅ ကိစ္စကလည်း ၂၀၁၅ မှာ ဒီရုပ်ရှင်ကို ပြသရမယ်ဆိုတာအထိတော့ မဟုတ်တော့ဘူး။ အဲဒါကို အမေစုကိုယ်တိုင်လည်း သဘောတူလိုက်ပြီ။ ၂၀၁၅ က ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့ဖြစ်တဲ့အတွက် အဲဒီနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့နဲ့ ပတ်သက်တဲ့ Activity တွေအများကြီးရှိလိမ့်မယ်။ အဲဒီအထဲမှာ ရုပ်ရှင်စတင်ရိုက်ကူးရေးဆိုတာလည်း ပါကောင်းပါလိမ့်မယ်။


**အစ်ကို့အားပေးနေတဲ့ ပရိသတ်တွေနဲ့ ရုပ်ရှင်ပွဲတော်ကိုလာကြည့်မယ့်ပရိသတ်တွေအတွက် အမှတ်တရစကားလေးပြောပေးပါလား။**

ကမ္ဘာမှာ မှတ်တမ်းရုပ်ရှင်ကို ပိုက်ဆံပေးပြီးကြည့်လာအောင် လူတွေကြိုးစားနေကြပြီ။ ခုဒီမှာက ပိုက်ဆံအကုန်အကျတွေခံပြီး အခမဲ့ကြည့်အောင် ကြိုးစားနေတယ်။ ခုပြမယ့်မှတ်တမ်းရုပ်ရှင်တွေကို ကြည့်ပြီးပြန်သွားရင် စိတ်ဗလာချည်းပြန်သွားရမှာမဟုတ်ဘူး။ တစ်ခုခုရသွားလိမ့်မယ်။ အဲဒါကြောင့် နိုင်ငံတကာနဲ့ ပြည်တွင်းက မှတ်တမ်းရုပ်ရှင်တွေကို လာပြီးကြည့်စေချင်တယ်။

**ကျေးဇူးတင်ပါတယ်**

Cummins DKSH

**CAREER OPPORTUNITY (For Local Services Only)**


**We empower you to grow.**

DKSH is the leading Market Expansion Services provider with a focus on Asia. DKSH helps other companies and brands to actively grow their business in new or existing markets. Publicly listed on the SIX Swiss Exchange since March 2012, DKSH is a global company headquartered in Zurich. With 680 business locations in 35 countries – 660 of them in Asia – and 26,300 specialized staff, DKSH generated net sales of CHF 8.8 billion in 2012. The company offers a tailor-made, integrated portfolio of sourcing, marketing, sales, distribution, and after-sales services. It provides business partners with expertise as well as on-the-ground logistics based on a comprehensive network of unique size and depth.

Our success is based on our employees' dedication and passion for their work. We are looking to fill immediately the positions of Cummins Ltd:

1. **Position** : **Parts Leader (Yangon)**
**Role summary**
- Management all " Cummins " Spare parts operation in Myanmar.
- To achieve annual performance in line with yearly set budget figure.
- Building network with key account customers and overseas all marketing and sales function for spares.
- Liaise with overseas principal for parts availability, planning, ordering and distribute to end user.
- Control inventory and proper keeping at ware house.

**Skill Set**
- B.E ( Mech ) or AGTI ( MP )
- At least 3 years of experience in related industry
- To mobile and travel across Myanmar

2. **Position** : **Inventory Controller ( Myeik )**
**Role summary**
- Ensure all stock items in proper warehousing and order with area requirement
- Obtain maximum parts availability and reinforce in counter sales
- Responsible to achieve the parts sales target
- Make strong hold relationship with fleet own customers.

**Skill Set**
- AGTI ( MP ) or BSC
- At least 2 years of experience in related field
- Able to read / interpret parts manual and online usage as well
- Work Station in Myeik

3. **Position** : **Finance Manager (Yangon)**
**Role summary**
- Responsible for all general accounting , budgeting, financial controls, and costs for Cummins DKSH Myanmar Branch works with Cummins DKSH Thailand.
- Manage all accounting practices for the Distribution, conducts the Annual Operating Plan ( AOP ), and forecast processes for the Distribution.
- Works with the Business Unit Controller to apply consistent accounting practices to the Distributor, participates in the business as a member of the Distributor leadership team.
- Manages the monthly and quarterly financial reporting process for the Distributor , including general ledger and subsidiary financial ledgers.
- Develops and presents reports and analyses to the Branch Manager.
- Provides business support for the plant in terms of product costing, accounts receivable, inventory control and payroll.

**Skill Set**
- B Com ( AA ), CPA is preferable.
- College, University , or equivalent degree in Accounting, Finance or Business Administration required.
- Certified Public Accountant, Certified Management Accountant, Chartered Accountant or similar certification preferred.
- Significant experience required, including managerial and budgetary experience in a small operations manufacturing environment.

**For all above positions, we are looking for a person who has/is good command of English, proficient computer literacy, good communication skills, team player, enthusiastic, flexible, self-motivated and ability to work with minimum supervision.**

**To Apply:**
Interested applicants are welcomed to submit a current resume or curriculum vitae that provides the qualifications, experiences with recent color passport sized photograph and copies of the testimonials to the address below. **Please mark applied position in CV.**

I. Human Resources Department
DKSH Services Ltd., Myanmar.
No. 013, Thitsar Road,
Yankin Township, Yangon.
Phone +95 1 565-270, -271, -272
(OR)

II Alternatively, application can be submitted to via E-mail – dkshmm.hr@dksh.com

III Closing date: June 25, 2014 (5:30pm). **(Early application is encouraged as those positions are urgently required and DKSH reserves the right to carry out interview process as soon as appointable persons are identified)**

"We regret that only short-listed applicants will be contacted"

Sports
7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014


# ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် အားကစားဝန်ကြီး ခေတ္တတာဝန်ယူ

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဇွန်-၉**

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇနုတ်ထွက်သွားပြီးနောက် ဥက္ကဋ္ဌနေရာအတွက် တာဝန်ယူမည့်သူမရှိသေး၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ခေတ္တတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ဦးတေဇက ၂၀၀၄ ခုနှစ်မှစတင် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဥက္ကဋ္ဌတာဝန်မှ အနားယူခဲ့သည်။

"အခုချိန်ထိတော့ ဥက္ကဋ္ဌနေရာကို မရွေးရသေးဘူး။ ဝန်ကြီးက ဥက္ကဋ္ဌနေရာယူတယ်ဆိုတာကလည်း ယာယီသဘောပါ။ ဥက္ကဋ္ဌနေရာနဲ့ သင့်တော်တဲ့သူတွေ့ရင် ပြန်ပြီးလွှဲပြောင်းပေးမှာပါ"ဟု မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်ကပြောသည်။

ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့်သူသည် ငွေကြေးစိုက်ထုတ်ပြီး တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်၍ ငွေကြေးအင်အားတောင့်တင်းသူများကို ရွေးချယ်ရန်ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခုရရှိခဲ့ပြီး တားမြစ်ဆေးသုံးစွဲမှုကြောင့် ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော စောမာလာနွယ်၏ ရွှေတံဆိပ်ဆုကို ပြန်လည်သိမ်းယူခြင်း ခံခဲ့ရသောကြောင့် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်လေးခုသာ ရရှိခဲ့သည်။

ဦးတေဇသည် ပြေးခုန်ပစ်အဖွဲ့ချုပ်တွင် ကိုးနှစ်ကြာတာဝန်ယူခဲ့ပြီးနောက် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးချိန်တွင် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ကြောင်းအကြောင်းစာပေးပို့ထားသော်လည်း အားကစားဝန်ကြီးဌာနမှ ပြန်လည်အကြောင်းကြားခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

"ဥက္ကဋ္ဌရာထူးက နုတ်ထွက်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ပေမယ့် အားကစားဝန်ကြီးဌာနက အကြောင်းပြန်တာမရှိသေးဘူး။ ဝန်ကြီးဌာနဘက်က အသိအမှတ်မပြုသေးပေမယ့် ဦးတေဇဘက်ကတော့ ဆက်မလုပ်တော့ဘူး"ဟု ထူးဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့သည် လာမည့် ၂၀၁၄ အောက်တိုဘာတွင် ကိုရီးယားနိုင်ငံအင်ချွန်းမြို့တွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ၌ အားကစားဝန်ကြီး ဦးတင့်ဆန်းက ဥက္ကဋ္ဌရာထူးဖြင့် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိသူများကိုသာ ရွေးချယ်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လက်ရွေးစင်အမျိုးသမီးအသင်း ခြေစမ်းပွဲကစားရန် ပြည်ပအသင်းများအား ဖိတ်ကြားထား

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၉**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ပြည်ပအသင်းများကို ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံတွင်လာမည့် ဩဂုတ်လအတွင်း ကျင်းပမည့် ၂၀၁၄ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းကစားရန် ဩစတြေးလျ၊ ဂျပန်၊ တရုတ်ယူ-၁၉ အမျိုးသမီးအသင်းများအား ဖိတ်ကြားထားကြောင်း မြန်မာအသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

"အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ မြန်မာအမျိုးသမီးအသင်းနဲ့ ခြေစမ်းပွဲကစားဖို့ ဩစတြေးလျ၊ ဂျပန်၊ တရုတ်ယူ-၁၉ အမျိုးသမီးအသင်းတွေကို ဖိတ်ကြားထားပါတယ်။ တကယ်လို့ လူငယ်အမျိုးသမီးလက်ရွေးစင်အသင်းတွေကို စေလွှတ်ဖို့ အဆင်မပြေဘူးဆိုရင်လည်း သင့်တော်မယ့်ကလပ်အသင်းတစ်သင်းစေလွှတ်ဖို့ ကမ်းလှမ်းထားပါတယ်။ အကြောင်းပြန်ကြားချက်တော့ မသိရသေးပါဘူး"ဟု မြန်မာအသင်းတာဝန်ရှိသူကပြောသည်။

အာဆီယံပြိုင်ပွဲအတွက် ရည်ရွယ်၍ ပဏာမလက်ရွေးစင်အမျိုးသမီးအသင်းအား ဇွန်လပထမပတ်အတွင်းက ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဇွန်လ ၉ ရက်တွင် လေ့ကျင့်မှုများစတင်ပြုလုပ်ခဲ့သည်။ ပဏာမလက်ရွေးစင်အမျိုးသမီးအသင်း၌ ပြီးခဲ့သည့် အာရှဖလားပြိုင်ပွဲဝင်အသင်းကို အခြေခံထားပြီး ယူ-၁၉ အသင်းမှ ကစားသမားခုနစ်ဦးလည်း ပါဝင်ခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ၂၀၁၄ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုခွဲခြားမှုများပြုလုပ်ရခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် မရဖူးသေးသော်လည်း ပြီးခဲ့သည့် ၂၀၀၄၊ ၂၀၀၇ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုများဆွတ်ခူးနိုင်ခဲ့သည်။



*မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း*

ရန်ကုန်၌ ကျင်းပခဲ့သည့် ၂၀၁၃ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင်မူ ဂျပန်ယူ-၂၃ အမျိုးသမီးအသင်းက ဗိုလ်စွဲခဲ့ပြီး အိမ်ရှင်မြန်မာအမျိုးသမီးအသင်းမှာ စတုတ္ထနေရာ၌သာရပ်တည်နိုင်ခဲ့သည်။ ၂၀၁၄ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား နည်းပြချုပ် ကူမာဒါက ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။





The Coca-Cola Promotion
For The FIFA World Cup™ မှ
အထူးပြုလုပ်ထားသော
ဆုမဲများ ရယူလိုက်ပါ
BRASIL
FIFA WORLD CUP
Brasil
1. အစုသောက်
Coca-Cola Sprite Max+ plus
500mL, 425mL and 330mL
2. အဖုံးထဲကိုကြည့်
BOL
UMB
3. ဆုရဖို့ အခွင့်အရေးရှိသည်
| code | UMB | CUP | BOL | FRE |
|---|---|---|---|---|
| prize | Umbrella | Contour Glass | Coca-Cola Ball | Free Coca-Cola |
၂၀၁၄ စက်တင်ဘာ ၃၀ အထိသာ၊ အသေးစိတ်အချက်အလက်များကို
https://www.facebook.com/CocaColaMyanmar တွင်ကြည့်ရှုနိုင်ပါသည်၊
*အထူးသတ်မှတ်ထားသော သံဘူးများနှင့် အဖုံးအဝါများတွင်သာ၊
2014 FIFA WORLD CUP™ နှင့်တရားဝင်ပူးပေါင်းဆောင်ရွက်သည့် Coca-Cola
COCA-COLA and The Red Disk are registered trademarks of The Coca-Cola Company. © 2014 The Coca-Cola Company.

7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# သမိုင်းတစ်လျှောက်မှာ တန်ဖိုးအကြီးဆုံးဖြစ်လာမယ့် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလား

ဒီရက်ပိုင်းအတွင်း စတင်တော့မယ့် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ သမိုင်းတစ်လျှောက်မှာ ငွေကြေးကိန်းဂဏန်းတွေအရ တန်ဖိုးအကြီးဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် စံချိန်တင်လာနိုင်တော့မှာပါ။ ပွဲစဉ်ပေါင်း ၆၄ ပွဲအတွက် လက်မှတ်ပေါင်း သုံးသန်းကျော်ကို ရောင်းချပေးသွားမှာဖြစ်ပြီး မေလကုန်ပိုင်းမှာ လက်မှတ်တွေအကုန်လုံး ရောင်းကုန်လုနီးပါး ဖြစ်ခဲ့ပါပြီ။ "ဘဏ္ဍာရေးအောင်မြင်မှုကျွန်တော်တို့ ရခဲ့ပါတယ်။ လက်မှတ်ရောင်းချရမှု အောင်မြင်တာလည်းဖြစ်ခဲ့တယ်။ တစ်ခါမှ ဒီလောက်လက်မှတ်တွေအများကြီး ကျွန်တော်တို့ ရောင်းချခဲ့ရခြင်း မရှိပါဘူး" လို့လည်း ဖီဖာအထွေထွေ အတွင်းရေးမှူး ဂျေရုမ်းဗယ်လီက ပြောခဲ့တယ်။ ဒါကြောင့် ကိန်းဂဏန်းတွေနဲ့ ကမ္ဘာ့ဖလားကို တွက်ပြလိုက်ရင် ဒီပြိုင်ပွဲကြီးရဲ့ ဘဏ္ဍာရေးတန်ဖိုးကို သဘောပေါက်နိုင်လောက်မယ် ထင်ပါတယ်။

**ဒေါ်လာ ၁၄ ဘီလီယံ**

ကမ္ဘာ့လူကြည့်အများဆုံး အားကစားပြိုင်ပွဲကြီးတစ်ရပ်ဖြစ်တဲ့ ဒီကမ္ဘာ့ဖလားကို ကျင်းပနိုင်ဖို့ ဘရာဇီးအစိုးရဟာ အားကစားကွင်း ၁၂ ကွင်းကို ပြန်လည်ပြင်ဆင်မွမ်းမံတာ၊ ဖက်ဒရယ်အဆင့်နဲ့ ပြည်နယ်အဆင့် လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံကို အဆင့်မြှင့်တည်ဆောက်တာ၊ ပြိုင်ပွဲဝင်မယ့် ဘောလုံးအသင်း ၃၂ သင်းနဲ့ လာရောက်ဖို့ မျှော်မှန်းထားတဲ့ ဧည့်သည်ခြောက်သိန်းခန့်အတွက်ပါ လုံခြုံရေးပေးနိုင်ဖို့တွေ အပါအဝင် စုစုပေါင်းကုန်ကျမယ်လို့ မှန်းထားတဲ့ စရိတ်ပါ။ ဘရာဇီးဟာ အခုလိုပြိုင်ပွဲအတွက် ငွေတွေအများကြီး သုံးစွဲထားခဲ့ရတာမို့လည်း လူထုကြားမှာ ဒီငွေတွေကို ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ သယ်ယူပို့ဆောင်ရေးတွေမှာပါ ပိုကောင်းအောင် မသုံးစွဲရကောင်းလားဆိုပြီး ဒေါသထွက် ဆန္ဒပြမှုတွေကို ပြီးခဲ့တဲ့နှစ် တိုက်ကြီးများဖလားပြိုင်ပွဲမှာကတည်းက ရင်ဆိုင်ခဲ့ရတာပါ။

**ဒေါ်လာ နှစ်ဘီလီယံ**

ဖီဖာဟာ ပြိုင်ပွဲအတွက် ဒေသခံပြိုင်ပွဲကျင်းပရေး ကော်မတီတွေအတွက် ကုန်ကျစရိတ်အပါအဝင် စုစုပေါင်း ဒေါ်လာ နှစ်ဘီလီယံ သုံးစွဲဖို့ ခန့်မှန်းထားတယ်။ ဇူလိုင် ၁၃ ဗိုလ်လုပွဲမှာ အိမ်ရှင်ဘရာဇီးတို့ ဗိုလ်စွဲသွားခဲ့ရင်တောင် ကျန်နိုင်ငံအသင်း ၃၁ နိုင်ငံ အတွက် ဆုကြေးရန်ပုံငွေခွဲပေးဖို့ကဖီဖာလက်ထဲမှာဒေါ်လာ၃၂၃သန်း ရှိပါသေးတယ်။ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ဖီဖာဆီက ပြိုင်ပွဲပြင်ဆင်မှုအတွက် ဒေါ်လာ ၄၈ သန်း ရထားတယ်။ ဒေါ်လာ သန်း ၇၀ ကလက်ရွေးစင်ရွေးချယ်ခံရတဲ့ (အများအားဖြင့် ဥရောပ) ကလပ်တွေဆီကို ပေးထားပါတယ်။ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့အသင်းက ဒေါ်လာ ၃၅ သန်းကို ဆုကြေးအဖြစ် ရပါမယ်။

**ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ**

ရုပ်သံလွှင့်လုပ်ငန်းတွေနဲ့ စပွန်ဆာကုမ္ပဏီတွေက ဖီဖာရဲ့ ဝင်ငွေ ဒေါ်လာ ၄ ဘီလီယံက အများစုမှာ ပါဝင်နေပါတယ်။ အခုပမာဏ ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကို ဥရောပ ရုပ်သံလုပ်ငန်းတွေက ကမ္ဘာ့ဖလားထုတ်လွှင့်မှု မူပိုင်ခွင့်ကြေးတွေအတွက် ပေးထားတာပါ။

**ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံ**

Adidas ၊ Coca-Cola ၊ Emirates ၊ Hyundai ၊ Sony၊ Visa စတဲ့ ကုမ္ပဏီကြီးတွေက ဖီဖာရဲ့ ပါတနာကုမ္ပဏီကြီးတွေဖြစ်ပါတယ်။ သူတို့က ဖီဖာကို နှစ်စဉ်ပေးနေတဲ့ ငွေစုစုပေါင်း ဒေါ်လာ ၁၇၇ ဒသမ ၁၂၄ သန်း ရှိပါတယ်။ ဒီပမာဏက လေးနှစ်တာအတွက်ပေးမှာဖြစ်လို့ စုစုပေါင်း ဒေါ်လာ ၇၀၈ ဒသမ ၅ သန်း ရှိပါမယ်။ ဒုတိယအဆင့် ပါတနာကုမ္ပဏီရှစ်ခုဖြစ်တဲ့ Budweiser, Castrol, Continental, Johnson & Johnson, McDonalds, Moy Park, Oi, Yingli တို့ကလည်း စုစုပေါင်း ဒေါ်လာ ၅၂၄ သန်း ပေးပါတယ်။ ဘရာဇီး ပြည်တွင်းစပွန်ဆာကုမ္ပဏီတွေဆီကလည်း ၂၀၁၁-၁၃ သုံးနှစ်တာဘဏ္ဍာရေးအစီရင်ခံစာတွေအရ ဒေါ်လာ သန်း ၁၂၀ ရပါသေးတယ်။

**ဒေါ်လာ ၂၂၆ ဒသမ ၁ သန်း**

ဖီဖာက ဘရာဇီးကမ္ဘာ့ဖလားကျင်းပရေးကော်မတီအတွက် ဒေါ်လာ ၂၂၁ ဒသမ ၆ သန်း ပေးထားပြီးသားပါ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအတွက် ပြိုင်ပွဲကို ရိုက်ကူးထုတ်လွှင့်ခိုက်မှာ လျှပ်စစ်မီးသုံးဖို့ မီးစက်တွေအတွက် ဒေါ်လာ သန်း ၂၀ နီးပါး ပေးထားတယ်။

**လူဦးရေ ၅၃၉ ဒသမ ၉ သန်း**

ပြီးခဲ့တဲ့ ၂၀၁၀ တောင်အာဖရိက ဖလားဗိုလ်လုပွဲ စပိန်-နယ်သာလန်ပွဲကို ကမ္ဘာတစ်ဝန်း ပရိသတ်ဦးရေ ၅၃၀ ဒသမ ၉ သန်း ရုပ်သံက ကြည့်ခဲ့တယ်။ လူသန်းကိုးရာကျော်လောက်ကလည်း အိမ်မှာနေရင်း ပြိုင်ပွဲကို တစ်မိနစ်လောက် ကြည့်ဖြစ်ခဲ့တာ ရှိတယ်။

**ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ**

ဖီဖာရဲ့ ရန်ပုံငွေက ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိပါတယ်။ ကမ္ဘာ့ဖလားအပြင် အမျိုးသမီးကမ္ဘာ့ဖလားနဲ့ အခြားပြိုင်ပွဲအမျိုးမျိုးကို ကျင်းပနိုင်ဖို့အတွက် စုဆောင်းထားတာပါ။

**၇၅ ရာခိုင်နှုန်း**

ဖီဖာက သူ့ရဲ့ဘောလုံးကရတဲ့ အမြတ်အစွန်းဝင်ငွေက ၇၅ ရာခိုင်နှုန်းကို ပြန်လည်ရင်းနှီးမြှုပ်နှံသွားမှာပါ။ အဲဒီငွေတွေကို အဖွဲ့ဝင်နိုင်ငံတွေက ဘောလုံးအဖွဲ့ချုပ်ပေါင်း ၂၀၉ ခုအတွက် အာမခံထောက်ပံ့ငွေဒေါ်လာ နှစ်သိန်းခွဲစီ ပြန်ခွဲပေးပါတယ်။ တိုက်ကြီးခြောက်တိုက်ခွဲထားတဲ့ အဖွဲ့ချုပ်တွေက ဒေါ်လာ ၂ ဒသမ ၅ သန်းစီရပါမယ်။ ဒေါ်လာ ၂၇ သန်းကိုတော့ ၂၀၁၃ ခုနှစ်အတွင်း ဘောလုံးဖွံ့ဖြိုးရေးစီမံချက်တွေဖြစ်တဲ့ ကွင်းတွေဆောက်ပေးတာ၊ လေ့ကျင့်ရေးစင်တာတွေ တည်ထောင်ပေးတာတွေမှာ သုံးခဲ့ပါတယ်။ အမှုဆောင်အရာရှိတွေကို ဆုကြေးပေးတာတွေမှာ ဒေါ်လာ ၂၇ သန်း သုံးခဲ့တယ်။ ဖီဖာဝန်ထမ်း စုစုပေါင်း ၄၅၀ အတွက် ပေးတဲ့လစာငွေနဲ့ ကုန်ကျစရိတ်တွေက ဒေါ်လာ ၁၀၂ သန်း ရှိခဲ့ပါတယ်။

**ဒေါ်လာ ငါးဘီလီယံ**

ဖီဖာက လက်ရှိအသုံးစရိတ်ရော၊ အနာဂတ်မှာသုံးမယ့် စရိတ်တွေအတွက်ပါ ပြန်ထေမိနိုင်ပါသေးတယ်။ လာမယ့် ၂၀၁၈ နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွေအတွက် အခြားရုပ်သံ ကုမ္ပဏီတွေအပါအဝင် Fox နဲ့ Al-Jazeera တို့ကို ရုပ်သံထုတ်လွှင့်ခွင့် မူပိုင်ခွင့်ရောင်းထားတာတွေ၊ အက်ဒီးဒက်စ်နဲ့ ကိုကာကိုလာတို့လို ပါတနာကုမ္ပဏီကြီးတွေဆီကနေ ကျိန်းသေပေါက်ရလာဦးမယ့် ပိုက်ဆံတွေနဲ့ လာမယ့် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားမှာ ဒီငွေဒေါ်လာ ငါးဘီလီယံလောက်ကို သုံးစွဲသွားဦးမှာဖြစ်ပါတယ်။

*—Ref: FIFA 2014 Brazil World Sup set to be most financially lucrative tournament ever*




# အကျဉ်းသားလဲလှယ်မှုမှာ အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေး တစ်စိတ်တစ်ပိုင်းဟု အိုဘားမားပြော

**ဝါရှင်တန်၊ ဇွန်-၇**

တာလီဘန်အကျဉ်းသားငါးဦး လွှတ်ပေးလိုက်ခြင်းမှာ အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲကို အရှိန်လျှော့ခြင်း အကျိုးဆက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ကန်သမ္မတအိုဘားမားက NBC သတင်းဌာနနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြောကြားလိုက်ပြီး တပ်ကြပ်ကြီး ဘိုးဘာ့ဂ်ဒါလ် လွတ်မြောက်စေခဲ့သည့် အကျဉ်းသားလဲလှယ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ၎င်းက ထပ်မံကာကွယ်ပြောဆိုလိုက်သည်။

"ခင်ဗျားတို့ မိတ်ဆွေတွေနဲ့ ခင်ဗျားတို့ အကျဉ်းသားလဲလှယ်တာ မဟုတ်ဘူး။ ရန်သူတွေနဲ့ အကျဉ်းသားလဲလှယ်တာ။ စစ်ပွဲတစ်ပွဲအဆုံးသတ်ဖို့ စပ်ကူးမပ်ကူးကာလမှာ ကိုယ့်ဘက်က မယုံကြည်တဲ့လူတွေကို ပြစ်ဒဏ်ချလို့မရဘဲ လွှတ်ပေးရတဲ့အချိန်တွေလည်း ရှိမယ်ဆိုတာကို ကျွန်တော်တို့ သိထားဖို့ အရမ်းအရေးကြီးပါတယ်"ဟု အိုဘားမားကပြောသည်။


*တာလီဘန်တို့နှင့်အလဲအလှယ်လုပ်ပြီးနောက် ပြန်မလွတ်မီ အာဖဂန်နယ်စပ်၌ စောင့်ဆိုင်းနေသော အမေရိကန်တပ်ကြပ်ကြီး ဘိုဝီဘာ့ဂ်ဒါးလ်ကို တွေ့ရစဉ်*
AL–EMARA VIA REUTERS TV

ဂွါတာနာမိုအကျဉ်းထောင်တွင်ဖမ်းဆီးထားသောတာလီဘန်ထိပ်တန်းအကျဉ်းသားငါးဦးနှင့် ငါးနှစ်ကြာ ဖမ်းဆီးခံထားရသည့် တပ်ကြပ်ကြီးဘာ့ဂ်ဒါလ်တို့ လဲလှယ်မှုကို အမေရိကန်လွှတ်တော်နှစ်ရပ်လုံးက ပြင်းထန်စွာ တုံ့ပြန်ခဲ့သည်။

မိမိတို့နိုင်ငံ၏ ဝတ်စုံဝတ်ထားသူတစ်ဦး ဖမ်းဆီးခံထားရချိန်တွင် ၎င်းတို့ကို အိမ်သို့ပြန်ခေါ်ရန် အရာအားလုံး လုပ်ပေးရမည်ဆိုသော စည်းမျဉ်းတစ်ရပ်၊ မူဝါဒတစ်ရပ်ရှိသည်ဟု အိုဘားမားက ပြောသည်။

၎င်းတို့ ဖမ်းဆီးခံရသည့် အခြေအနေ မည်သို့ပင်ဖြစ်နေစေကာမူ ၎င်းတို့ကို အိမ်သို့ပြန်ခေါ်ရန် မိမိတို့တာဝန်ဖြစ်သည်ဟု အိုဘားမားက ပြောသည်။ *—Ref: AP*



7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# အက်ပဲလ်က လစဉ် စမတ်နာရီ သုံးသန်းမှ ငါးသန်းအထိ ထုတ်လုပ်ပြီး အောက်တိုဘာတွင် ရောင်းမည်ဟုဆို

**ဆန်ဖရန်စစ္စကို၊ ဇွန်-၇**

အက်ပဲလ်ကုမ္ပဏီ၏ ကနဦးထုတ်လုပ်မှုများအတွင်း တစ်လလျှင် စမတ်လက်ပတ်နာရီပေါင်း သုံးသန်းမှ ငါးသန်းအထိ ထုတ်လုပ်ရန် ရည်ရွယ်ပြီး ယခုနှစ် အောက်တိုဘာအတွင်း ရောင်းချရန် ပြင်ဆင်နေကြောင်း ယင်းကိစ္စနှင့် ရင်းနှီးသည့် သတင်းရင်းမြစ်များနှင့် မည်သူမည်ဝါ ခွဲခြားဖော်ပြမထားသော ပစ္စည်းအစိတ်အပိုင်း တင်သွင်းသူများကို ကိုးကား၍ Nikkei သတင်းဌာနက ကြေညာသည်။

အသေးစိတ် ကဏ္ဍများကို အပြီးသတ်နေဆဲ ဖြစ်သော်လည်း အိပ်စက်စဉ် ကယ်လိုရီသုံးစွဲမှုနှင့် သွေးထဲတွင် ဂလူးကို့စ်ပါဝင်မှု ကျန်းမာရေးအချက်အလက်များကို စုဆောင်းပေးမည့် အာရုံခံကိရိယာနှင့် OLED မျက်နှာပြင် ကွေးပါဝင်သော အားကစားသုံး စမတ်လက်ပတ်များ ဖြစ်ဖွယ်ရှိသည်ဟု လုပ်ငန်းနယ်ပယ်ဆိုင်ရာ သတင်းရင်းမြစ်များကို ကိုးကား၍ ဂျပန်သတင်းဌာနက ကြေညာသည်။



ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်သော Galaxy Gear နာရီများ ထွက်ရှိပြီးနောက် အက်ပဲလ်ကုမ္ပဏီက စမတ်နာရီတစ်မျိုးမျိုး ထုတ်လုပ်မည်ဟု အများက မျှော်လင့်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အက်ပဲလ်ကုမ္ပဏီက ယခုနှစ်အတွင်း ထုတ်ကုန်သစ်တစ်မျိုး ထုတ်ဖော်ပြသမည်ဟု မျှော်လင့်ထားကြောင်း ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

၂၀၁၄ ခုနှစ်အတွင်း ထုတ်ကုန်သစ်များ ထွက်ရှိမည်ဟု အက်ပဲလ်ကုမ္ပဏီ အမှုဆောင်အရာရှိ တင်မ်ကွတ်ကလည်း ကတိပြုထားသည်။

ဂျပန်သတင်းဌာန၏ ဖော်ပြချက်နှင့် ပတ်သက်၍ အက်ပဲလ်ကုမ္ပဏီက မှတ်ချက်ပြုရန် ငြင်းဆိုသည်။ *—Ref: Reuters*

နောက်ကျောဖုံး မှ

## ၆၃ ဦးမြောက် အမေရိကန်မယ်ဖြစ်လာသည့် နီဗာဒါးမယ်နီယာဆန်ချက်ဇ်

ခါးပတ်နက်အဆင့်-၄ (လေးတန်) ပိုင်ရှင် မစ္စစ်နီယာဆန်ချက်ဇ်က ကောလိပ်ကျောင်းများတွင် မုဒိမ်းမှုပြဿနာကို တိုက်ဖျက်ရန် နည်းလမ်းတစ်ခုအဖြစ် အမျိုးသမီးများ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ရမည်ဟု ပြောသည်။

လာ့စ်ဗီးဂတ်စ်မြို့မှ အသက် (၂၄)နှစ်အရွယ် မစ္စစ်နီယာဆန်ချက်ဇ်က ယင်းကိစ္စကို လူအများ သတိပြုလာစေရန် အလွန်အရေးကြီးသည်ဟု ပြောသည်။

ဇွန်လ ၈ ရက်ညတွင် ကျင်းပသော (၆၃)ကြိမ်မြောက် အမေရိကန်မယ်ပြိုင်ပွဲ၌ မစ္စစ်ဆန်ချက်ဇ်သည် ပြည်နယ်အားလုံးမှ ပြိုင်ပွဲဝင် ၅၀ ဦးကို ကျော်ဖြတ်ကာ ပထမရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဒုတိယရရှိသူမှာ မြောက်ဒါကိုတာမယ် အော်ဒရာမာရီဖြစ်သည်။

ယခုနှစ်နှောင်းပိုင်းတွင်ကျင်းပမည့် မယ်စကြာဝဠာပြိုင်ပွဲတွင် မစ္စစ်ဆန်ချက်ဇ်သည် အမေရိကန်နိုင်ငံ ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမေရိကန်မယ်ပြိုင်ပွဲ၏ ဒိုင်ဖြစ်သည့် မင်းသားဘရစ်ဝီလီနှင့် မင်းသမီးဒမ်မီမိုးတို့၏ သမီးဖြစ်သူ ရူမာဝီလီ၏ မေးခွန်းကို မစ္စစ်ဆန်ချက်ဇ်က အထက်ပါကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံရှိ ဘွဲ့မရသေးသော တက္ကသိုလ်ကျောင်းသူများ၏ ၁၉ ရာခိုင်နှုန်းမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသားကောင်များ ဖြစ်ကြသည်ဟု မစ္စစ်ဝီလီက ပြောကြားပြီး ယင်းပြဿနာနှင့် ပတ်သက်၍ မည်သို့ပြုလုပ်သင့်သနည်းဟု မစ္စစ်ဆန်ချက်ဇ်ကို မေးမြန်းခဲ့သည်။

မစ္စစ်ဆန်ချက်ဇ်သည် တိုက်ကွမ်ဒိုပညာကို အသက်(၈)နှစ်အရွယ်တွင် စတင်သင်ယူခဲ့သူဖြစ်သည်။

၎င်းသည် ငယ်ရွယ်စဉ်က အမျိုးသမီးစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်ခဲ့ဖူးပြီး ယခုအခါ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာများတွင် စေတနာ့ဝန်ထမ်းလုပ်အားပေးနေ၍ ကလေးငယ်များအား လူစိမ်းများ၏ အန္တရာယ်နှင့် ပတ်သက်၍ သင်ကြားပေးနေကာ လူအများအား ကိုယ်ခံပညာသင်ပေးနေသည်။

*—Ref: AP*





7 DAY DAILY
ရ ရက် နေ့စဉ်သတင်းစာ
INSIGHT, IN DEPTH & INDEPENDENCE

**သတင်းစာလက်ဖွေ့အရောင်းဝန်ထမ်းအလိုရှိသည်**

7Day Daily သည် နေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာတစ်စောင် ဖြစ်ပါသည်။ သတင်းစာအရောင်းမြှင့်တင်ရန်အတွက် အချိန်ပိုင်းလက်ဖွေ့အရောင်းဝန်ထမ်းများ အလိုရှိသည်။ အခြေခံလစာနှင့်အတူ ထိုက်တန်သော ကော်မရှင်ပေးမည်။ ခရီးစရိတ်ပါပေးမည်။

**လက်ဖွေ့အရောင်းဝန်ထမ်း ကျား (၁၀)ဦး**

- အသက်(၁၇)နှစ်မှ (၄၀)နှစ်အတွင်းရှိရမည်။
- ရန်ကုန်မြို့ လူစည်ကားရာ လမ်းဆုံ၊ မီးပွိုင့်များတွင် ရောင်းချရမည်။
- ကျန်းမာရေးကောင်း၍ သွက်လက်ဖျတ်လတ်ရမည်။
- အလုပ်ချိန် - မနက်(၆)နာရီမှ (၁၀း၃၀)နာရီအထိသာ။

စမ်းချောင်းတွင်းကုန်း၊ အင်းစိန်ဖော်ဘွားကြီးကုန်း၊ ဆူးလေ အနီးတဝိုက်နေထိုင်သူများ ဦးစားပေးမည်။ အခြားမြို့နယ်များမှလည်း စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်သည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ပထမထပ် ၊ တိုက် (E)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၂၈၈၇, ၅၁၃၅၁၅-၅၁၉

7DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014


# မွတ်စလင်ဘရားသားဟုဒ် ထောက်ခံသူ ၁၀ ဦးကို အီဂျစ်သေဒဏ်ချမှတ်

**ကိုင်ရို၊ ဇွန်-၇**

မတရားအသင်းအဖြစ် ကြေညာထားသော မွတ်စလင်ဘရားသားဟုဒ်အဖွဲ့ ထောက်ခံသူ ၁၀ ဦးကို အီဂျစ်တရားရုံးတစ်ရုံးက ၎င်းတို့၏မျက်ကွယ်တွင် သေဒဏ်အမိန့်ချမှတ်လိုက်သည်။

သို့သော် ၎င်းတို့၏ အမှုတွဲမှာပင် ပါဝင်သည့် မွတ်စလင်ဘရားသားဟုဒ်အဖွဲ့ ခေါင်းဆောင်နှင့် ထိပ်တန်းအဖွဲ့ဝင်များအပေါ် အမိန့်ချမှတ်ခြင်းကိုမူ ရွှေ့ဆိုင်းထားလိုက်သည်။

သေဒဏ်ချမှတ်ခံခဲ့ရသူများမှာ ပြီးခဲ့သည့်ဇူလိုင်က သမ္မတ မိုဟာမက်မော်စီကို စစ်ဘက်က ဖြုတ်ချလိုက်ပြီးနောက် ဖြစ်ပေါ်သော ကန့်ကွက်မှုများအတွင်း ကိုင်ရိုမြို့မြောက်ဘက်မှ လမ်းမကြီးကို ပိတ်ဆို့ထားခြင်း၊ အကြမ်းဖက်မှု လှုံ့ဆော်ခြင်း စွဲချက်များတွင် ပြစ်မှုထင်ရှားခဲ့သည်။

မော်စီ ဖြုတ်ချခံရပြီးနောက် ဘရားသားဟုဒ်အဖွဲ့ကို နှိမ်နင်းချိန်တွင် ၎င်းတို့ ၁၀ ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။



MOHAMED ABD EL GHANY/REUTERS

*ကိုင်ရိုမြို့တွင် တရားခွင်အတွင်း ကြွေးကြော်သံများအော်ဟစ်နေသော မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ ခေါင်းဆောင် မိုဟာမက်ဘတ်ဒီကိုတွေ့ရစဉ်*

အီဂျစ်နိုင်ငံတွင် တရားရုံးသေဒဏ်ချမှတ်မှုများကို နိုင်ငံ၏ အမြင့်ဆုံးဘာသာရေးအာဏာပိုင်ထံ တင်ပြပြီးမှသာ အကောင်အထည်ဖော်ခြင်းဖြစ်သည်။

တရားရုံး၏ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သည်။

ယခုအမှုတွဲတွင် တရားခံ ၃၈ ဦး ပါဝင်ပြီး ၎င်းတို့ထဲတွင် ဝါရင့်အဖွဲ့ဝင်များဖြစ်သော မိုဟာမက်ဘာဒီနှင့် မိုဟာမက်အယ်လ်ဘယ်တာဂျီတို့လည်း ပါဝင်သည်။

မိုဟာမက်ဘာဒီမှာ ယမန်နှစ်ကပင် လူ ၆၈၃ ဦး သေဒဏ်ချမှတ်ခံရသည့်အထဲတွင် ပါဝင်ခဲ့သည်။

—*Ref: Reuters*

# စီးပွားရေး ပြဿနာများကြောင့် ဘရာဇီးသမ္မတ လူထုထောက်ခံမှုကျဆင်း

**ဘရာစီးလီးယား၊ ဇွန်-၇**

ယခုနောက်ဆုံး ထုတ်ပြန်လိုက်သော စစ်တမ်းတစ်ခုအရ ဘရာဇီးနိုင်ငံ၏ စီးပွားရေးယိမ်းယိုင်နေမှုကြောင့် ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်မှာ မဲဆန္ဒရှင်များကြား ထောက်ခံမှု လျော့နည်းကျဆင်းလာသည်။

မစ္စစ်ရူးဆက်ဖ်မှာ ဒုတိယအကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရရန် အခြေအနေကောင်းနေဆဲ ဖြစ်သော်လည်း ၎င်းအပေါ် ထောက်ခံမှုမှာ ပြီးခဲ့သည့်လက ၃၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃၄ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။

ဖေဖော်ဝါရီမှစ၍ ရေတွက်လျှင် ၎င်းအပေါ် လူထုထောက်ခံမှု ၁၀ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီဖြစ်သည်။

လက်ဝဲယိမ်း မစ္စစ်ရူးဆက်ဖ်မှာ အနီးဆုံးပြိုင်ဘက် အက်စီယိုနီဗက်စ်ထက် အသာရနေဆဲဖြစ်သည်။

သို့သော် ၎င်းတို့နှစ်ဦးကြား ထောက်ခံမှုကွာဟခြင်းမှာ ကျဉ်းမြောင်းလာနေသည်။

ယခုတစ်ကြိမ် စစ်တမ်းတွင် ဘရာဇီးဆိုရှယ်ဒီမိုကရေစီပါတီ ခေါင်းဆောင် အက်စီယိုနီဗက်စ်အပေါ် ထောက်ခံမှုမှာ ၁၉ ရာခိုင်နှုန်းအထိ ရှိသည်။

၎င်းတို့၏နောက် တတိယနေရာ လိုက်နေသူမှာ ဘရာဇီးဆိုရှယ်လစ်ပါတီမှ သမ္မတကိုယ်စားလှယ်လောင်းအက်ကွာဒိုဆန်းတို့စ်ဖြစ်ပြီး ၇ ရာခိုင်နှုန်း ထောက်ခံမှုရရှိထားသည်။

ဘရာဇီးသမ္မတ ရွေးကောက်ပွဲကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

—*Ref: Reuters*

# လှုပ်ရှားမှုကို အာရုံခံနိုင်သည့် 3D သင်ပုန်းကွန်ပျူတာ ထုတ်လုပ်ရန် ဂူးဂဲလ်ကြိုးပမ်းနေ

**ဆန်ဖရန်စစ္စကို၊ ဇွန်-၇**

Project Tango ဟု အမည်ပေးထားသော ကြိုးပမ်းမှုတစ်ခုအတွင်း 3D ပါဝင်ပြီး လှုပ်ရှားမှုကို အာရုံခံနိုင်သည့် သင်ပုန်းကွန်ပျူတာတစ်မျိုး ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း ဂူးဂဲလ်ကုမ္ပဏီက ပြောသည်။

Project Tango ၏ ရည်မှန်းချက်မှာ လှုပ်ရှားမှုနှင့် နေရာတို့ကို လူသားစွမ်းရည်ကဲ့သို့ နားလည်နိုင်သည့် မိုဘိုင်းပစ္စည်းများ ထုတ်လုပ်ရန်ဖြစ်ကြောင်း Project Tango အဖွဲ့ဝင် ဂျွန်နီလီက ပြောသည်။

နည်းပညာကို ထူးခြားသော မိုဘိုင်းပစ္စည်းတွင် ထည့်သွင်းရန် အာရုံစိုက်ကာ စက်ရုပ်နှင့် ကွန်ပျူတာဆိုင်ရာ ဆယ်စုနှစ် နောက်ဆုံးပေါ် လေ့လာတွေ့ရှိမှုအပေါ် အကောင်အထည်ဖော် တည်ဆောက်ရန် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ကိုးနိုင်ငံမှ လုပ်ဖော်ကိုင်ဖက်များ၊ သုတေသန ဓာတ်ခွဲခန်းများ၊ တက္ကသိုလ်များနှင့် တွဲဖက် လုပ်ကိုင်နေကြောင်း ဂျွန်နီလီက ပြောသည်။

ယင်းသင်ပုန်းကွန်ပျူတာအားသုံးဖက်ဖြင့် လှုပ်ရှားမှုအပြည့် ခြေရာခံနိုင်ရန်နှင့် အနီးအနားရှိ အရာဝတ္ထုများ၏ မျက်နှာပြင်ကို မှတ်မိစေရန် ရည်ရွယ်ထားကြောင်း ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

ဇွန်လ ၁၈ ရက်တွင် ကျင်းပမည့် နည်းပညာပြပွဲတစ်ခု၌ ပစ္စည်းသစ်တစ်ခုခု ပြသသွားမည်ဟု Amazon.com ကုမ္ပဏီတည်ထောင်သူ ဂျက်ဖ်ဆီးဇော့က ကြေညာလိုက်ပြီး တစ်ရက်အကြာတွင် ဂူးဂဲလ်ကုမ္ပဏီက ယင်းအစီအစဉ်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

Amazon ကုမ္ပဏီက ၎င်းတို့၏ ဖောက်သည်များကို ဆက်ထိန်းထားရန် ကူညီမည့် Kindle သင်ပုန်းကွန်ပျူတာများအနက် အကောင်းဆုံး သင်ပုန်းကွန်ပျူတာတစ်မျိုးကို ထုတ်လုပ်ရန်ရှိသည်ဟု လေ့လာသူများ ပြောကြားနေသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

Amazon သည် ဂူးဂဲလ်နှင့် အက်ပဲလ်တို့နှင့် ယှဉ်ပြိုင်ရန် ဈေးသက်သာသော သင်ပုန်းကွန်ပျူတာများ ရောင်းချခြင်းကြောင့် လူသိများသည်။

—*Ref: AFP*



PAUL HACKETT/REUTERS

*လန်ဒန်ရှိ ဗြိတိန်ဘဏ္ဍာရေးဌာနတွင် သတင်းစာရှင်းလင်းပွဲအတွက် ပြင်ဆင်နေသော အိုင်အမ်အက်ဖ်အကြီးအကဲ ခရစ္စတင်းလာဂတ်*

# ဥရောပကော်မရှင်ဥက္ကဋ္ဌနေရာ ယှဉ်ပြိုင်မည်မဟုတ်ဟု အိုင်အမ်အက်ဖ်အကြီးအကဲပြောကြား

**ဘရပ်ဆဲလ်၊ ဇွန်-၇**

ဥရောပကော်မရှင်ဥက္ကဋ္ဌသစ် နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အကြီးအကဲ မစ္စစ်ခရစ္စတင်းလာဂတ်က ပြောကြားလိုက်သည်။

ကမ္ဘာ့ ဘဏ္ဍာရေးစောင့်ကြည့်ရေးအဖွဲ့ (IMF)၏ ငါးနှစ်သက်တမ်းအပြည့် တာဝန်ထမ်းဆောင်သွားရန် ရည်ရွယ်ထားသည်ဟုလည်း မစ္စစ်လာဂတ်က ပြောကြားသည်။

"ကျွန်မ အီးစီဥက္ကဋ္ဌနေရာ ဝင်ပြိုင်မှာ မဟုတ်ပါဘူး။ ကျွန်မမှာ အလုပ်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဥရောပ ကော်မရှင်ဥက္ကဋ္ဌနေရာကို လွှဲပြောင်းရယူရေးကိစ္စကို ဂျာမနီအဓိပတိ မစ္စစ်အန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ ဟော်လန်ဒီတို့ကြား ဆွေးနွေးခဲ့ကြသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

ဗြိတိန်နိုင်ငံကလည်း အီးစီဥက္ကဋ္ဌနေရာ ထိပ်ဆုံးမှ ရေပန်းစားသူ ဂျင်မ်ကလော့ဒ်ဂျန်ကာကို ဆန့်ကျင်သည်ဟု ရှင်းလင်းစွာပြောကြားထားသည်။

ဥရောပ ကော်မရှင်(EC) လက်ရှိဥက္ကဋ္ဌ ဟိုဆေးမယ်နျူရယ်ဘာရိုဆိုသည် အောက်တိုဘာလတွင် ရာထူးမှ ဆင်းပေးပါက အီးစီကို ဦးဆောင်သွားရန် စဉ်းစားသွားမည်လားဟု သတင်းစာရှင်းလင်းပွဲတစ်ခု၌ မေးမြန်းရာ အိုင်အမ်အက်ဖ်ဥက္ကဋ္ဌ ရာထူးကို သက်တမ်းပြည့် တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ထားသည်ဟု မစ္စစ်လာဂတ်က ပြောသည်။

အိုင်အမ်အက်ဖ်ရာထူးသက်တမ်းမှာ ၂၀၁၆ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

—*Ref: BBC*

7 DAY NEWS JOURNAL

# International

Vol.13, No.14 • JUNE 11 , 2014

## ထီးနန်းမစွန့်မီ နောက်ဆုံးစစ်ရေးပြပွဲသို့ စပိန်ဘုရင်တက်ရောက်

**မက်ဒရစ်၊ ဇွန်-၉**

စပိန်ဘုရင် ဟွမ်ကားလို့စ်သည် သားဖြစ်သူအား ထီးနန်းမလွှဲအပ်မီ နောက်ဆုံးစစ်ရေးပြပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံအတွက် တာဝန်ထမ်းဆောင် ကွယ်လွန်ခဲ့သူများအား ဂုဏ်ပြုသော တပ်မတော်နေ့အခမ်းအနားတွင် မင်းသားဖိလစ်သည် ဖခင်ဘုရင်ကြီးနှင့်အတူ လိုက်ပါလာခဲ့သည်။

စပိန်တပ်မတော်နေ့ ဇွန်လ ၈ ရက်ကပင် နိုင်ငံသားအများစုသည် ဘုရင်စနစ် ဆက်လက်ထားရှိသင့်၊ မထားရှိသင့်ကိစ္စနှင့် ပတ်သက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်လိုသည်ဟု လူထုစစ်တမ်းသစ်တစ်ရပ်၌ ဖော်ပြသည်။

စစ်တမ်းတွင် ပါဝင်ဖြေကြားခဲ့သူ ၆၂ ရာခိုင်နှုန်းက ဘုရင်စနစ်နှင့် ပတ်သက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်လိုသည်ဟု ပြောကြားကြောင်း Metroscopia စစ်တမ်းက လေ့လာတွေ့ရှိခဲ့သည်။

လူအများစုသည် ဘုရင်ကြီး ထီးနန်းစွန့်ခြင်းကို ထောက်ခံကြောင်းနှင့် ယင်းမှာစိတ်ကူးအကြံဉာဏ်သစ် ရှိသူများအတွက် လမ်းဖွင့်ပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်ဟု စစ်တမ်းက ဖော်ပြသည်။ စည်းမျဉ်းခံဘုရင်စနစ်မှ သမ္မတနိုင်ငံစနစ်သို့ပြောင်းလဲရေးအစိုးရအနေဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပစေလိုသည်ဟု ဇွန်လ ၇ ရက်တွင် စပိန်နိုင်ငံ မြို့ကြီးပေါင်း ၄၀ ၌ လူထောင်ပေါင်းများစွာက တောင်းဆိုခဲ့ကြသည်။

ယင်းစစ်တမ်းကိုဇွန်လ၈ရက်တွင် စပိန်သတင်းစာ El Pais ၌ ဖော်ပြခဲ့ပြီး စစ်တမ်းသည် အသက် (၁၈)နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူ ၁,၀၀၀ ကို ဇွန်လ ၄ ရက်နှင့်၅ရက်တွင်ဖုန်းဖြင့်မေးမြန်းမှုအပေါ် အခြေခံထားသည်။

—Ref: AP



KAI PFAFFENBACH/REUTERS

*ဇွန်လ ၉ ရက်က ဆော်ပိုလိုမြို့ မြေအောက်ရထားအလုပ်သမားများ၏ ပဉ္စမမြောက်နေ့ဆန္ဒပြပွဲအတွင်း အနောရီဆာမြေအောက်ရထားဘူတာရုံတွင် ဝတ်စုံပြည့်ဖြင့် စောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်*

## ကမ္ဘာ့ဖလားနီးလာချိန်တွင် ဆော်ပေါ်လိုရထားလုပ်သားများ ဆက်လက်ဆန္ဒပြမည်

**ဆော်ပေါ်လို၊ ဇွန်-၉**

အလုပ်သမားများအလုပ်ပြန်ဆင်းကြရန် အလုပ်သမားတရားရုံး၏ ဆုံးဖြတ်ချက် ထွက်ပေါ်ခဲ့သော်လည်း အချိန်အကန့်အသတ်မရှိ ဆက်လက်ဆန္ဒပြ သပိတ်မှောက်ရန် ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ ဆော်ပေါ်လိုမှ ရထားအလုပ်သမားများက မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

အလုပ်သမား သမဂ္ဂများက ၎င်းတို့၏ အာဏာပါဝါကို အလွဲသုံးစား လုပ်ခဲ့ကြသည်ဟု တရားရုံးက ပြောကြားသည်။

ဆော်ပေါ်လိုပြည်နယ်အုပ်ချုပ်ရေးမှူးဂါရယ်လ်ဒိုအက်မင်ကလည်း အလုပ်လာမဆင်းသော အလုပ်သမားများကို ထုတ်ပယ်ပစ်မည်ဟု ပြောသည်။

မြို့ပတ်ရထား ဘူတာရုံများကို လွန်ခဲ့သည့်လေးရက်က စတင်ပိတ်ထားခဲ့ချိန်မှစ၍ ဆော်ပေါ်လိုမြို့တွင် ကြီးမားသော ကားကျပ်တောက်မှုများဖြစ်ပေါ်နေခဲ့သည်။

ဆော်ပေါ်လိုမြို့တွင် ဇွန်လ ၁၂ ရက် ကမ္ဘာ့ဖလားဖွင့်ပွဲ ကျင်းပရန် ပြင်ဆင်နေကြစဉ် ယခု အလုပ်သမားအငြင်းပွားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ရထားလုပ်သားများကလစာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် တောင်းဆိုနေကြပြီး နိုင်ငံပိုင် ရထားကုမ္ပဏီက ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်ပေးမည်ဟု သဘောတူထားသည်။

၎င်းတို့၏ တောင်းဆိုချက်များ ရရှိပါက သပိတ်လှန်ပေးမည်ဟု ရထားကုမ္ပဏီနှင့် ညှိနှိုင်းနေသော အလုပ်သမားသမဂ္ဂနှစ်ဖွဲ့က ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဖလားအတွက် ငွေမြောက်မြားစွာ သုံးစွဲခဲ့သေကြောင့် လူအများအပြားဒေါသထွက်ကာစိတ်ပျက်မှုများ ရှိနေသည်။ —Ref: BBC



*၂၀၁၄ အမေရိကန်မယ်ပြိုင်ပွဲတွင် အနိုင်ရပြီးနောက် နီဗားဒါးမယ် နီယာဆန်ချက်ဇ်ကို တွေ့ရစဉ်* ADREES LATIF/REUTERS

## ၆၃ ဦးမြောက် အမေရိကန်မယ် ဖြစ်လာသည့် နီဗာဒါးမယ် နီယာဆန်ချက်ဇ်

**ဘာတန်ရော့ချ်၊ ဇွန်-၉**

အမေရိကန်မယ်သရဖူကို အသစ်စက်စက် ရယူထားသည့် တိုက်ကွန်ဒို

**စာမျက်နှာ ၄၆ ››**

## နစ်ဆန်းကုမ္ပဏီ ဒုတိယမြောက် လျှပ်စစ်ကား ရောင်းမည်

**ယိုကိုဟားမား၊ ဇွန်-၉**

လွန်ခဲ့သည့်သုံးနှစ်က ပထမဆုံး ထုတ်ဖော်ပြသခဲ့သော လျှပ်စစ်ကားများကို မျှော်မှန်းထားသည်ထက် ဈေးကွက်လက်ခံမှု နည်းပါးခဲ့သော်လည်း ယခုလအတွင်း ဒုတိယမြောက် အလုံးစုံလျှပ်စစ်စွမ်းအင်သုံးကားကို စတင်ရောင်းချသွားမည်ဟု ဂျပန်နိုင်ငံမှ နစ်ဆန်းကားကုမ္ပဏီက ပြောကြားသည်။

e–NV200 ဟု အမည်ပေးထားသောဗင်ကားသစ်ကိုဥရောပတွင် ယခုလအတွင်း စတင်ရောင်းချမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၌ အောက်တိုဘာတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ကားကုမ္ပဏီကြီး နစ်ဆန်းက ပြောကြားသည်။



BLOOMBERG

ယင်းမှာ ၂၀၁၇ ခုနှစ် မတ်လအရောက်တွင် ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိသော လျှပ်စစ်ကား လေးစီး ရောင်းချသွားရန် စီစဉ်ထားခြင်းမှ ဒုတိယမြောက် ရောင်းချသောကား ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာက နစ်ဆန်းက စတင်ဖော်ထုတ်ခဲ့သော Leaf ကားငယ်လေးမှာ တဖြည်းဖြည်းချင်း ရောင်းအားတိုးတက်လာခဲ့သော်လည်း နစ်ဆန်းအမှုဆောင်အရာရှိချုပ် ကားလို့စ်ဂိုဆင် မျှော်မှန်းထားသလောက် ရောင်းအားမကောင်းပေ။

သုံးစွဲသူများမှာ ကား၏ခရီးဝေးအရှည်သွားလာနိုင်မှု အကန့်အသတ်ရှိခြင်းနှင့် ပြန်လည်အားဖြည့်နိုင်သောနေရာ ရှားပါးခြင်းတို့အပေါ် စိုးရိမ်ပူပန်မှုများ ရှိနေသည်။ —Ref: Reuters




Ensure Life
ပြည့်စုံမျှတ နေ့စဉ်အာဟာရ Ensure Life
COMPLETE AND BALANCED NUTRITION
Ensure Life မှာ အသားဓါတ်၊ ကဆီဓါတ် နှင့် အဆီဓါတ် ဗီတာမင်၊ သတ္တုဓါတ်များ ပြည့်စုံမျှတစွာ ပါဝင်ပါတယ်။
Omega 3,6,9 တို့ အချိုးကျစွာ ပါဝင်သောကြောင့် နှလုံးနှင့် သွေးကြောကျန်းမာရေးကို အထောက်အကူဖြစ်စေပါသည်။
အရိုးများ သန်မာစေဖို့ Calcium၊ Vit D3 နှင့် Vit K တို့ ပါဝင်ပါတယ်။
FOS နှင့် Inulin ကဲ့သို့ အမျှင်ဓာတ်များ ပါဝင်သောကြောင့် အစာချေစနစ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။
no.1
Adult Nutrition Brand From USA
Distributed By
Pahtama Group
Careline 01-562200
Abbott
Nutrition


ရွှေဖူးရှိထီးများသည် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာပါသည်။ ခိုင်ခန့်လှပ ထပ်ရပ်သော ရွှေဖူးရှိထီးများကို သုံးစွဲပါ။
ထီးအော်ဒါအမျိုးမျိုးကို အချိန်တိကျ မှန်ကန်စွာ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။
ရွှေဖူးရှိထီးအမျိုးမျိုးတွင် လူကြီးမင်းတို့၏ ထုတ်ကုန်အမှတ်တံဆိပ် (Logo) များကို ဒီဇိုင်းစုံပြီး အရောင်အမျိုးအစားစုံလင်စွာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါပြီ။
ဂေါက်ရိုက် ထီးအမျိုးမျိုးနှင့် ရတနာသံသာထီးများ လက်လီ/လက်ကားရရှိပါသည်။
ရွှေဖူးရှိထီးစက်ရုံ အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝင်ရောက်ဖြန့်ချိရေးဆိုင် တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၄၅၃
ရွှေဖူးရှိစတိုး အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၁
K&K စတိုး အမှတ်(၄၅/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ရွှေဖူးရှိစတိုး ဝင်ရုံး အမှတ်(၄၉၂/၄၉၄)၊ လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၃၇၈၀
ရွှေဖူးရှိစတိုး ဆိုင်ခွဲ (၁) အမှတ်(၁-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ငံခြားလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆၆
ရွှေဖူးရှိစတိုး ဆိုင်ခွဲ (၂) အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား၊ ဝံကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၇၄၁၊ ၀၂ - ၇၆၇၄၂
ရွှေဖူးရှိစတိုး ဆိုင်ခွဲ (၃) အမှတ်(၁၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၄၅၅၉၊ ၀၂ - ၆၈၇၂၃

7 DAY NEWS JOURNAL
Vol.13, No.14 • JUNE 11 , 2014

# အင်းဝမြို့ဟောင်းသွားတောလား

ဖိုးစမ်းချောင်း (GG)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တောင်ဘက်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်အတွင်းတည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်းလေးရာခန့်အတွင်း မင်းနေပြည်တော်လေးကြိမ်ဖြစ်ခဲ့သော အင်းဝ၊ ရတနာပူရ၊ ရွှေဝမြို့ကြီးဟု မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သည့် ရှေးဟောင်းမြို့ကြီးကို လာရောက်လည်ပတ်မည့်ဧည့်သည်တစ်ဦးအနေဖြင့် ပထမဆုံးကြုံတွေ့ရမည်မှာ အင်းဝမြို့ဟောင်းကြီး၏ ကြီးမားခံ့ထည်စွာကျန်ရှိနေသေးသော်လည်း သစ်ပင်၊ နွယ်ပင်များလွှမ်းခြုံခံနေရသည့် မြို့ရိုးကြီးဖြစ်သည်။ သို့သော် ကျုံးကြီးမှာမူ ရေများခန်းခြောက်လျက် သစ်ပင်ချုံပုတ်များပြားစွာပေါက်ရောက်နေသည်ကို တွေ့မြင်ရပေမည်




*အင်းဝမြို့ရိုးအတွင်းပြန်လည်တူးဖော်နေသော အတွင်းကျုံး*

အင်းဝယဉ်ကျေးမှုနယ်မြေတွင် မယ်နုအုတ်ကျောင်း၊ နန်းမြင့်မျှော်စင်စသည်တို့မှာ ပြည်တွင်းဧည့်သည်များကြား လွန်စွာထင်ရှားလှသော်လည်း အင်းဝမြို့ဟောင်းတွင် တိမ်မြုပ်နေသည့်သမိုင်းဝင်နေရာများစွာကျန်ရှိပါသေးသည်။ ဥပမာ အင်းဝမြို့တွင်း၊ ဟံသာဝတီရပ်ကွက်၊ မဟာမြတ်မုနိဘုရားကြီး အနောက်ဘက်တွင် ဘကြီးတော်ဘုရားလက်ထက်၌ တည်ဆောက်ခဲ့သည့် လေးထပ်အုတ်ပြာသာဒ်ကြီး၌ ရှေးမူမပျက်ကျန်ရှိနေသေးသည့် ဘီလူးပန်းဆွဲလက်ရာများမှာလည်း လွန်စွာလှပပြီး နှစ်ပေါင်းများစွာ မိုးဒဏ်လေဒဏ်ခံခဲ့ရသည့် ရှေးဟောင်းအရောင်အသွေးနှင့် ပြန်လည်ပြုပြင်ထားသည့် ခေတ်သစ်အရောင်အသွေးတို့ ပေါင်းဆုံထားသောကြောင့် ကြည့်ရသည်မှာမျက်စိပသာဒရှိလှသည်။ မြန်မာ့ဗိသုကာလက်ရာကိုစိတ်ဝင်စားသည့် ကမ္ဘာလှည့်ခရီးသွားများ မပျက်မကွက်ဝင်ရောက်လေ့လာသည့်နေရာတစ်ခုလည်းဖြစ်သည်။




**နန်းမတော်မယ်နု အုတ်ကျောင်းတော်ကြီး**



*အင်းဝမြို့တွင် ဟံသာဝတီရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီး အနောက်ဘက်ရှိ လေးထပ်အုတ်ပြာသဒ်ကြီး*

ဘကြီးတော်ဘုရားလက်ထက်တွင်ဗားကရာကျောင်းတော်ကြီးတည်ဆောက်ထားသည်ဟု ရှေး/သုဌာနက အသိပေးဆိုင်းဘုတ်တွင်ရေးသားထားသော်လည်း အင်းဝဒေသခံသမိုင်းသုတေသီများက ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာများကို အကဲဖြတ်ပါက ဗားကရာကျောင်းကြီးတည်ဆောက်ခဲ့သည်မှာ ဘကြီးတော်ဘုရားလက်ထက်တွင်မဖြစ်နိုင်ဘဲ ညောင်ရမ်းခေတ်နှောင်း၊ ကုန်းဘောင်ခေတ်ဦး လက်ရာသာဖြစ်ရမည်ဟုပြောဆိုမှုများရှိသည်။ မည်သို့ဆိုစေ နာမည်ကျော် ဗားကရာကျောင်းတော်ကြီးကို အညာဒေသသင်္ကေတဖြစ်သော ထန်းပင်များလွှမ်းခြုံလျက်တွေ့နိုင်ပါသည်။



ဗားကရာကျောင်းတော်ကြီး



*ဆင်ကျုံးခံတပ်အတွင်းရှိ ရှေးဟောင်းအမြောက်ကြီးနှစ်လက်*

ဆင်ကျုံးခံတပ်ကို မြန်မာသက္ကရာဇ်၁၂၃၆ ခုနှစ်၊ မင်းတုန်းမင်းကြီးလက်ထက်၌ အိမ်ရှေ့စံကနောင်မင်းသားကြီး၊ ကင်းဝန်မင်းကြီး၊ ယောမင်းကြီးဦးဘိုးလှိုင်တို့၏စီမံမှုဖြင့် အီတလီလူမျိုးကွန်မိုတိုက ဦးဆောင်ကြီးကြပ်တည်ဆောက်ခဲ့သည်ဟု အခိုင်အမာဖော်ပြထားသော်လည်း ကနောင်မင်းသားကြီးမှာ ၁၂၂၈ ခုမြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင် ကျဆုံးခဲ့ပြီဖြစ်သောကြောင့် ကနောင်မင်းသားကြီး ကျဆုံးအပြီး ရှစ်နှစ်အကြာမှ တည်ဆောက်ခဲ့သောကြောင့် သမိုင်းသုတေသီများကြား ဝိဝါဒကွဲပြားနေသည်။ ယခုအခါ ဆင်ကျုံးခံတပ်အတွင်းရှိ ရှေးဟောင်းအမြောက်ကြီးနှစ်လက်မှာလည်း ပြည်တွင်း ဧည့်သည်များကောင်းမှုဖြင့် ရောင်စုံခြယ်သနေသည်ကိုပုံပါအတိုင်း တွေ့မြင်နိုင်သည်။



ဘုရားကျောင်းတော်ကြီး တောင်ဘက်ရှိ ညောင်ရမ်းခေတ် လက်ရာများဖြစ်သော ကိုးဆူတန်း၊ ခြောက်ဆူတန်း၊ တဝဂူအစရှိသည့်နေရာများမှာလည်း အင်းဝသို့ရောက်လျှင် သွားရောက်လေ့လာသင့်သောနေရာများဖြစ်သည်။ ကိုးဆူတန်းဘုရားစေတီအများစုမှာ အကောင်းပကတိနီးပါး ကျန်ရှိသေးသော်လည်း ခြောက်ဆူတန်းဘုရားစေတီများမှာမူ ချုံနွယ်များလွှမ်းခြုံလျက်ရှိပြီး သွားလာရခက်ခဲပေသည်။



အင်းဝမြို့ဟောင်း၊ တောင်ဘလူရပ်ရှိဂူစေတီအမှတ်–၂၃၄ အတွင်း တွေ့မြင်ရသည့်ညောင်ရမ်းခေတ်နံရံဆေးရေးပန်းချီများ၊ အပေါ်ပိုင်းရှိရဟန္တာများ၏ နံရံဆေးရေးလက်ရာမှာ ညောင်ရမ်းခေတ်လက်ရာဖြစ်ပြီး အောက်ပိုင်းရှင် ရှုခင်းပန်းချီများမှာ ယခုခေတ်တွင်မှ ဖြည့်စွက်ရေးဆွဲထားခြင်းဖြစ်သည်။



အရှေ့ဘက်တွင် ဒုဋ္ဌဝတီမြစ်နှင့် မြောက်ဘက်တွင် ဧရာဝတီမြစ်တို့ရှိသောကြောင့် အင်းဝမြို့တွင် နှစ်စဉ်မြစ်ရေတိုက်စားမှုဒဏ်ခံနေရပြီး ရှမ်းစု၊ မုန့်တီစုစသည့် အင်းဝမြို့ရှေးရပ်ကွက်များတွင်တည်ရှိသော ဘုရားစေတီများမှာ မြစ်ထဲသို့ပါသွားပြီဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုကိုမြတ်နိုးသူများက ရေကာတာများအမြန်တည်ဆောက်သင့်ကြောင်း အကြံပြုပြောဆိုထောက်ပြမှုများ ရှိနေပြီး မြစ်ကမ်းပါးများလည်း ပြိုကောင်းတုန်းသာဖြစ်သည်။



**အင်းဝမြို့ဟောင်း မြောက်မျက်နှာရှိ တံခါးနှစ်ခုအနက် အနောက်ဘက်တံခါး**

တံခါးဝနှစ်ခုစလုံးမှာ လူနေအိမ်များ၊ စိုက်ခင်းများကြားတွင် ရောက်နေသည်။



*ဇေယျပဋ္ဌတံတားကြီး၏ အပေါ်မုခ်ဦးတစ်ခု ကားတိုက်မှုကြောင့်ပြုတ်ကျပျက်စီးနေသည်ကိုတွေ့ရစဉ်*

**ဇေယျပဋ္ဌတံတားကြီး**

ယဉ်ကျေးမှုနယ်မြေအတွင်း သုံးတန်အထက်ကားများသွားလာခြင်းမပြုရဟု ရှေး/သုဌာနက ညွှန်ကြားချက်ထုတ်ထားသည်။ သို့သော်လည်း ယင်းညွှန်ကြားချက် လိုက်နာသူနည်းလှသည်။ ပထမ အင်းဝခေတ်မင်းခေါင်ကြီးလက်ထက်ကစတင်တည်ဆောက်ခဲ့ပြီး ကုန်းဘောင်ခေတ်တွင် နန်းမတော်မယ်နု၏မောင်ဖြစ်သူ စလင်းမင်းသားကြီးဦးအိုက ပြန်လည်ပြုပြင်ထားသည်။ ယနေ့အချိန်ထိ တံတားအရှည်တစ်မိုင်ကျော်ရှိကာ နှစ်၂၀၀ ဝန်းကျင်သက်တမ်းရှိသော နာမည်ကျော်ဇေယျပဋ္ဌတံတားကြီးမှ နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေသည့် ခြောက်ဘီး၊ ဆယ့်နှစ်ဘီးအစရှိသောကျောက်မီးသွေးကားများ၊ တံတားဦးဘက်တွင် ဒေသခံတောင်သူများထံမှ မြေနေရာငှားရမ်းကာ ဖရဲသီးအကြီးအကျယ်စိုက်ပျိုးထားပြီး အင်းဝ–တံတားဦးမှ မူဆယ်သို့ ဖရဲသီးများတင်ဆောင်ပို့နေသည့် တရုတ်လူမျိုးပိုင် ဖရဲသီးကားကြီးများကောင်းမှုဖြင့် ဇေယျပဋ္ဌတံတားကြီးမှာ ခံနိုင်ရည်များလျော့နည်းပြီး ယိုယွင်းပျက်စီးစပြုနေပြီဖြစ်သည်။ ထို့ပြင် ကုန်တင်ကားကြီးများ မဆင်မခြင်မောင်းနှင်မှုကြောင့် တံတားမုခ်ဦးများကျိုးကျပျက်စီးခဲ့ရသကဲ့သို့ တံတားအစွန်းများလည်း ပျက်စီးမှုကြုံတွေ့နေရပြီဖြစ်သည်။



**ညောင်ရမ်းခေတ်လက်ရာ ရှေးဟောင်းစေတီတစ်ဆူကို တွေ့ရစဉ်**

အင်းဝမြို့၊ သူဌေးတန်းကွက်သစ်အရပ်ရှိ ညောင်ရမ်းခေတ်လက်ရာမဉ္ဇူမာန်အောင်ဘုရားအား အလှူရှင်များကပြန်လည်ပြုပြင်ထားသည်ကိုတွေ့ရစဉ်။ အပေါ်ဖောင်းရစ်လက်ရာမှာ ညောင်ရမ်းခေတ်လက်ရာမဟုတ်ဘဲ ပုဂံခေတ်ပုံစံဖြစ်သွားသည်ဟု သမိုင်းသုတေသီများကဝေဖန်ကြသည်။

အင်းဝမြို့ဟောင်းသည် မြန်မာ့သမိုင်းတွင် အရေးပါသောနေရာမှ ကပြအသုံးတော်ခံခဲ့သော ရှေးဟောင်းမြို့တော်ကြီးတစ်ခုဖြစ်သည်။ ယနေ့အချိန်ထိမဖော်ထုတ်ရသေးသော သမိုင်းဝင်နေရာမြောက်မြားစွာ တည်ရှိနေသည့် ယဉ်ကျေးမှု အမွေအနှစ်နေရာကြီးတစ်ခုဖြစ်သည်။ အပူအပင်မထားတတ်ဘဲ ဘဝကိုအေးအေးသက်သာဖြတ်သန်းနေကြသော ဒေသခံမျိုးဆက်သစ်များကြားတွင် ရှေးဟောင်းအမွေအနှစ်များကို တန်ဖိုးထားတတ်မှုလည်း သိသိသာသာလျော့နည်းလာသည်ကိုမှုဝမ်းနည်းဖွယ် မြင်တွေ့ရသည်။ သမိုင်းတန်ဖိုးကြီးမားလှသည့် ရှေးဟောင်းအမွေအနှစ်များ လုံးဝပျက်စီးပျက်သုဉ်းမသွားခင် တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများပူးပေါင်း၍ အချိန်မီပြုပြင်ထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒပြုရင်း။ ။

7 Day News Journal
Vol.13, No.14 • JUNE 11 , 2014

# နဂါးနှင့်အပြိုင် ကကြိုးညှိရမည့်အချိန်

**မောင်တာ၊ အေးမွန်ရာပြည့်**

“အနောက်သို့ ခရီးသွားခြင်း” တရုတ်ရုပ်သံဇာတ်လမ်းတွဲမှ မြန်မာပရိသတ်အသည်းစွဲ မျောက်မင်း ဂူခုန်းသည်ပြီးခဲ့သည့် မေလအတွင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ မျောက်မင်းဂူခုန်းအဖြစ် သရုပ်ဆောင်ခဲ့သည့် တရုတ်မင်းသားလျူချီယိုလစ်တန်ကတရုတ်–အာဆီယံစင်တာ၏ စီစဉ်မှုဖြင့် တရုတ် – မြန်မာ ချစ်ကြည်ရေးနှင့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအတွက် မြန်မာနိုင်ငံ၏ မြို့ကြီးလေးမြို့သို့လာရောက်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းခရီးစဉ်သည် ဗီယက်နမ်နိုင်ငံတွင် တရုတ်ဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပွားနေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

ဂူခုန်းနှင့် မန္တလေးမြို့ခံများ တွေ့ဆုံသည့်ပွဲတွင် တရုတ်–အာဆီယံစင်တာ အတွင်းရေးမှူးချုပ် မစ္စတာမမင်ကျန်းက ‘တရုတ်–မြန်မာ ချစ်ကြည်ရေး’ ‘ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး’ ဆိုသည့် စကားကို ဆယ်ကြိမ်ထက်မနည်း သုံးနှုန်းသွားပြီး ခရီးစဉ်ကြောင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ကြောင်းပြောဆိုသွားခဲ့ပါသည်။

“မြန်မာနိုင်ငံခရီးစဉ်၊ အထူးသဖြင့်မန္တလေးမြို့ခရီးစဉ်ဟာ ကျွန်တော်တို့ရဲ့ ချစ်ကြည်ရေးကိုပိုပြီး တိုးမြှင့်စေတယ်”ဟု မစ္စတာမမင်ကျန်းက မေလ ၂၄ ရက် တွေ့ဆုံပွဲတွင် ပြောသည်။ ထိုသို့ပြောကြားမှုများသည် ဗီယက်နမ်နိုင်ငံကဲ့သို့ မြန်မာနိုင်ငံတွင်း တရုတ်ဆန့်ကျင်မှုများ ဖြစ်လာမည်ကို မလိုလားကြောင်း တရုတ်တို့က အခိုင်အမာသက်သေပြခြင်းပင် ဖြစ်သည်ဟု မန္တလေးမြို့ခံများက ယူဆသည်။

ဂူခုန်းမင်းသားမှာ မြန်မာသို့ ပထမဆုံးလာရောက်သော မြန်မာကြိုက်မင်းသားမဟုတ်ပါ။ သူ့အရင် နာမည်ကြီးမင်းသား ဂျက်ကီချန်းလည်းလာရောက်ခဲ့သည်။ နှစ်ပိုင်းအတွင်း တရုတ်တို့၏ မြန်မာအပေါ် မူဝါဒပြောင်းလဲမှု၏ ပြကွက်အချို့လည်းဖြစ်သည်။

၂၀၁၁ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပြည်သူများကန့်ကွက်၍ဒေါ်လာသုံးဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို သမ္မတဦးသိန်းစိန်က ရပ်ဆိုင်းခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံပေါ် ပြုမူဆက်ဆံမှုများမှာလည်း များစွာပြောင်းလဲသွားခဲ့သည်ဟု ပြည်တွင်း၊ ပြည်ပလေ့လာစောင့်ကြည့်သူများကသုံးသပ်ကြသည်။ နှစ် ၂၀ ကျော်ကြာ မြန်မာနိုင်ငံကိုအသာစီးမှ ဆက်ဆံခဲ့သော တရုတ်အစိုးရသည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပြီး စီးပွားရေးတံခါး ဖွင့်လိုက်ချိန်တွင် အမေရိကန် အပါအဝင် အနောက်နိုင်ငံများနှင့်မြန်မာဆက်ဆံရေး ပိုကောင်းလာပြီးနောက် ၎င်း၏မြန်မာနိုင်ငံအပေါ် ဆက်ဆံသည့် မူဝါဒပြောင်းလဲလာခြင်းဖြစ်သည်။




*ဂူခုန်းမင်းသား မြန်မာပရိသတ်များနှင့် တွေ့ဆုံစဉ်ဖျော်ဖြေမှု*

ဓာတ်ပုံ–ကျော်ဇင်သန်း

ယခင် အစိုးရချင်း ပြေလည်အောင်ဆက်ဆံသည့် မူကိုသုံးကာ မြန်မာစစ်အစိုးရထံမှ နိုင်ငံ၏အဖိုးတန်သဘာဝသယံဇာတများ၊လျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ရေးအကြီးစားစီမံကိန်းကြီးများကိုပေါပေါချောင်ချောင်ရယူခဲ့သော တရုတ်အစိုးရသည် လက်ရှိအချိန်တွင်တော့ မြန်မာနှင့်ဆက်ဆံရေးကို ပုံစံပြောင်း ချဉ်းကပ်လာသည်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(သီပေါ)က ပြောသည်။

“သူတို့က ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်ရင် အရေးကြီးတဲ့အိမ်နီးချင်းနိုင်ငံ ဖြစ်တယ်ဆိုတာကို သဘောပေါက်ထားပုံ ရပါတယ်။ ပြောင်းလဲပြီးတော့ လူထုနဲ့ တော်တော်လေးကို နီးကပ်ဆက်ဆံလာမယ့်သဘောမှာ ရှိတယ်”ဟု ဦးရဲထွန်းကပြောသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ စတင်ကာ ဆက်တိုက်ဝင်ရောက်နေထိုင်လာခဲ့သော တရုတ်လူမျိုးများသည် မန္တလေးမြို့၏ အဓိကစီးပွားရေးလုပ်ငန်းများအားလုံးနီးပါးကို ချုပ်ကိုင်ထားကြသည်။ ၎င်းတို့၏ အခြားသူများအပေါ် လေးစားမှုမရှိဘဲ မထီမဲ့မြင်ပြုခြင်းနှင့် ပိုင်စိုးပိုင်နင်းပြုမှုများသည် မန္တလေးမြို့ခံအများစု ၎င်းတို့အပေါ် မနှစ်မြို့မှုကိုဖြစ်စေသည်။တရုတ်လူမျိုးများစွာရှိပြီး တည်နေရာအရ အရေးပါသောကြောင့် မန္တလေးမှာ တရုတ်နိုင်ငံအတွက်များစွာအရေးကြီးနေသည်။

နိုင်ငံတစ်ဝန်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုအများစုမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဆိုးရွားစွာဖြစ်ပေါ်စေပြီး မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော တရုတ်ကုမ္ပဏီအများစုသည်လည်း ဒေသခံများ၏ဘဝရပ်တည်မှုနှင့် ဆန္ဒသဘောထားကို အလေးထားမှု အားနည်းခဲ့သည်။ ထို့အတွက် မြစ်ဆုံဆည်စီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် လက်ပံတောင်းတောင် စီမံကိန်းကဲ့သို့သော တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအများစုမှာ ဒေသခံလူထု၏ ကန့်ကွက်မှုများဖြင့် ကြုံတွေ့ရသည်။ မြန်မာနိုင်ငံအတွင်း တရုတ်တို့၏ပုံရိပ်မှေးမှိန်လာနေပြီးဒေသခံများ၏ ငြိုငြင်မှုများ ကြုံတွေ့လာနေရရာ တရုတ်–မြန်မာချစ်ကြည်ရေးအတွက် တရုတ်တို့က အချိန်မီပြန်လည်ကြိုးစားလာခြင်းဖြစ်သည်။

“တရုတ်အစိုးရအနေနဲ့အရင်က အစိုးရချင်းဆက်ဆံရေးကို အသားပေးခဲ့ပေမယ့် အခုတော့ ပြည်သူချင်းဆက်ဆံရေးကို ပိုမိုအသားပေး ဖော်ဆောင်လာတာ တွေ့ရပါတယ်။ အရင်က တရုတ်ကွန်မြူနစ်ပါတီဟာ ပြည်ခိုင်ဖြိုးအသင်းနဲ့ပဲ ဆက်ဆံတဲ့ပုံစံကနေ အခု ဒီချုပ်အပါအဝင် ပါတီအများစုနဲ့ ဆက်ဆံတဲ့ပုံစံကို ပြောင်းလာတာ တွေ့ရပါတယ်”ဟု မြန်မာ့နိုင်ငံရေး စောင့်ကြည့်လေ့လာသူ ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

“တရုတ်နိုင်ငံက ပိုမိုပြောင်းလွယ်ပြင်လွယ်တဲ့၊ လိုက်လျောညီထွေရှိတဲ့ လမ်းစဉ်၊ ချဉ်းကပ်ပုံအသစ်တွေနဲ့ မြန်မာနိုင်ငံကိုထိတွေ့လာတယ်လို့ မြင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်ယဉ်ကျေးမှုအဖွဲ့များစွာသည် ၂၀၁၁ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ ဆက်တိုက်လာရောက်ခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးရေး၊ တရုတ်မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ မင်းသားဂျက်လီ ဖွဲ့စည်းထားသော ကိုယ်ခံပညာသင်ကြားသည့် အဖွဲ့များမှာ မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းအချို့တွင် အခမဲ့ လာရောက်သင်ကြားပေးရန် စီစဉ်နေသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ တရုတ်–မြန်မာချစ်ကြည်ရေးအသင်းများ ပူးပေါင်းကာ ရန်ကုန်မြို့ အနီးတစ်ဝိုက်ရှိ ဆင်းရဲနွမ်းပါးသော အဆင့်(E)သတ်မှတ်ခံထားရသည့် အိမ်ထောင်စုများအား ထောက်ပံ့ကူညီမှုများ ပေးရန်လည်း စီစဉ်နေသည်။ ယခုနှစ်အတွင်း တရုတ်ပြည်အား နားလည်စေရေး(Understanding China) အစီအစဉ်ဖြင့် လူကြီးလူငယ်ဟူ၍ ကဏ္ဍနှစ်ခုခွဲကာ မြန်မာများကို တရုတ်ပြည်သို့ လေ့လာရေးခရီးပို့ဆောင်ခြင်း၊ အမ်ဘီအေကျောင်းသားများအား လူငယ်ခေါင်းဆောင် အစီအစဉ်ဖြင့် တရုတ်နိုင်ငံသို့ လေ့လာရေးစေလွှတ်ခြင်းများအဆက်မပြတ်ပြုလုပ်လာနေသည်။၎င်းတို့မှာ တရုတ်–မြန်မာ ချစ်ကြည်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေခြင်းများဖြစ်သည်ဟု မြန်မာ–တရုတ် ချစ်ကြည်ရေးအသင်း တာဝန်ရှိသူများကပြောသည်။

ထို့အပြင် သတိထားကြည့်လျှင် တရုတ်တို့၏ သံတမန်ဆက်ဆံရေးသစ်မှာ မန္တလေးမြို့ကို ဗဟိုပြုနေသည်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်သည့်အတွက် နှစ်နိုင်ငံယဉ်ကျေးမှုချင်း ဖလှယ်ခြင်းဖြင့် နားလည်မှုရရှိရန် ကြိုးစားနေခြင်းဖြစ်ကြောင်း မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန် မစ္စတာဝမ်ယုကပြောသည်။

လွှတ်တော်များပေါ်လာပြီးနောက်တွင် တရုတ်နိုင်ငံရှိ တက္ကသိုလ်များမှ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ချစ်ကြည်ရေးအသင်းများစွာသည်လည်း မြန်မာနိုင်ငံလွှတ်တော်သို့ ဆက်တိုက်လာရောက်လေ့လာပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံများ မည်သို့ သဘောထားရှိသည်ကို မေးမြန်းလေ့လာကြသည်ဟုလွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

ဒီမိုကရေစီနိုင်ငံများနှင့် ပေါင်းသင်းဆက်ဆံရသည့် အတွေ့အကြုံရှိသော တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကိုလည်း ကမ္ဘာတစ်ဝန်းရှိ အခြားဒီမိုကရေစီနိုင်ငံများအား ဆက်ဆံသည့်နည်းတူ ပိုမိုလေးစားမှုရှိစွာ ဆက်ဆံလာခြင်းဖြစ်နိုင်သည်ဟု သုံးသပ်သူများရှိသည်။

ယခင် မြန်မာအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ပြည်မအစိုးရကြီးမှ တိုက်ရိုက်ကိုင်တွယ် လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ယူနန်ပြည်နယ်အစိုးရကသာ ကိုင်တွယ်နေခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက ပြောသည်။ ယူနန်အစိုးရ၏ အကြံပြုချက်များပေါ် မူတည်ကာ လုပ်ဆောင်နေရာမှ လာမည့်နှစ်များအတွင်း မြန်မာ့အရေးနှင့်ပတ်သက်၍ တရုတ်ပြည်မကြီးအစိုးရက တိုက်ရိုက်ကိုင်တွယ် လုပ်ဆောင်တော့မည်ဖြစ်ရာ ၎င်းသည်ပင် တရုတ်–မြန်မာ ဆက်ဆံရေးပြောင်းလဲမှုဖြစ်ကြောင်း တရုတ်နိုင်ငံသို့မကြာသေးမီက သွားရောက်ခဲ့သူ ဦးဖြိုးမင်းသိန်းကပြောသည်။

တရုတ်က ယခုကဲ့သို့ မြန်မာအပေါ် မူဝါဒပြောင်းချဉ်းကပ်လာခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ တရုတ်လူမျိုးများနှင့် တရုတ်အကျိုးစီးပွားကို ကာကွယ်လိုရင်းဖြစ်နိုင်သည်ဟု ဝေဖန်သုံးသပ်မှုများလည်း ရှိသည်။

“တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် ချဉ်းကပ်တဲ့ပုံစံ အတန်အသင့်ပြောင်းလဲလာတာကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ မြန်မာနိုင်ငံနဲ့ အမေရိကန် ပြည်ထောင်စုအကြား ဆက်ဆံရေးတွေကြောင့် အဓိကပြောင်းလဲလာတာလို့ ထင်ပါတယ်”ဟု ဒေါက်တာရန်မျိုးသိမ်းကပြောသည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီရေးတောင်းဆိုဆန္ဒပြသူများအား အကြမ်းဖက် ဖြိုခွဲခဲ့ပြီးနောက်ပိုင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ ဖိအားပေးမှုကို ရင်ဆိုင်ခဲ့ရပြီး အထီးကျန်ဖြစ်သွားခဲ့သော မြန်မာစစ်အစိုးရကို တရုတ်အစိုးရက ထောက်ခံအားပေးခဲ့သည်။ စစ်အစိုးရအတွက် စစ်လက်နက်များ ထောက်ပံ့ပေးခဲ့သလို မြန်မာနှင့်

ပိုမိုရင်းနှီးစွာ အနီးကပ်ဆက်ဆံမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ၂၀၀၆ ခုနှစ်တွင် မြန်မာစစ်အစိုးရအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးယူရန်စီစဉ်ခဲ့ရာတရုတ်ကဗီတိုအာဏာသုံးကာပယ်ချခဲ့သည်။ ထို့အတွက် မြန်မာနိုင်ငံမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များ ဝယ်ယူခွင့်ရခဲ့ပြီး ရေဝတီနှင့် သံလွင်မြစ်ပေါ်တွင် အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးများ လုပ်ပိုင်ခွင့်များကိုလည်း ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံအတွက် အရေးကြီးဆုံးဖြစ်သည့် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကိုပင် မြန်မာအစိုးရထံမှ ရရှိခဲ့သည်။

တရုတ်အစိုးရသည် မြန်မာနိုင်ငံ ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ရွှေလီမြို့ကိုဖြတ်ကာ ယူနန်ပြည်နယ်အတွင်းပိုင်းထိ စုစုပေါင်း ကီလိုမီတာ ၂,၅၂၀ ရှည်သည့် တရုတ်–မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကိုလည်းတည်ဆောက်ခွင့်ရရှိခဲ့သည်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အကုန်ကျခံတည်ဆောက်ခဲ့သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သည် ပြီးခဲ့သည့် ၂၀၁၃ နှစ်လယ်ပိုင်းမှ စတင်အသုံးပြုနေပြီဖြစ်သည်။ နှစ်စဉ် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၂ ဘီလီယံ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ၎င်းသည် တရုတ်နိုင်ငံ တင်သွင်းနေရသော ဓာတ်ငွေ့စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းအထိ ရှိသည်ဟု ပိုက်လိုင်းစီမံကိန်း လုပ်ကိုင်ခဲ့သော တရုတ်ကုမ္ပဏီCNPCကထုတ်ပြန်ထားသည်။ ယင်းပိုက်လိုင်းမှ ရရှိမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကြောင့် တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ်ကျောက်မီးသွေး တန်ချိန် သန်း ၃၀ ကျော် အသုံးပြုမှု လျှော့ချနိုင်မည်ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ပမာဏ တန်ချိန် ၅၃ သန်း နှစ်စဉ် လျှော့ချသွားနိုင်မည်ဟု ဆိုသည်။

ယင်းပိုက်လိုင်းနှင့်အပြိုင် ကျောက်ဖြူ–ကူမင်း ရထားလမ်း စီမံကိန်းကိုလည်း ဖောက်လုပ်ရန် စီစဉ်နေပြီး လာမည့် ၂၀၁၅ ခုနှစ်တွင် အပြီးဖောက်လုပ်ရန် တရုတ်–မြန်မာ အစိုးရတာဝန်ရှိသူများ ညှိနှိုင်းသဘောတူထားသည်။တရုတ်နိုင်ငံသည် ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းမြို့များတွင် အခြေစိုက်ဖော်ဆောင်ခဲ့ရာမှ လက်ရှိအချိန်တွင် နိုင်ငံ၏ မြောက်ဘက်ပိုင်းဒေသများသို့ ဦးတည်လာတော့မည်ဖြစ်ရာ ကျောက်ဖြူ–ကူမင်းရထားလမ်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် ယူနန်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် အလွန်အထောက်အကူပြုမည်ဖြစ်သည်။

ထိုသို့ မြန်မာစစ်အစိုးရထံမှ ပြိုင်ဘက်မရှိ အခွင့်ထူးများရရှိခဲ့သော်လည်း လက်ရှိမြန်မာနိုင်ငံ နိုင်ငံရေးအပြောင်းအလဲနှင့် တံခါးဖွင့်စီးပွားရေးစနစ် ကျင့်သုံးလာမှုတွင် တရုတ်အစိုးရအတွက် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာပြီဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အာရှ–ပစိဖိတ် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအလေးထားလုပ်ဆောင်လာသလို မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် အမေရိကန်နှင့် မြန်မာ နှစ်နိုင်ငံအကြား သံတမန်ရေးဆိုင်ရာ တိုးတက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အလားအလာတို့အပြင် စစ်ရေးအရပါ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်တည်လာနေမှုများက တရုတ်နိုင်ငံအတွက် စိုးရိမ်မှုဖြစ်စေသည်။ အနောက်ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများလည်း မြန်မာနိုင်ငံသို့ ဝင်ရောက်နေရာ ၎င်းက တရုတ်အစိုးရအနေဖြင့် မြန်မာနှင့် ပြေလည်အောင် ဆက်ဆံရေးအတွက် တွန်းအားပေးသကဲ့သို့ဖြစ်စေသည်။ တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံအား အနောက်အုပ်စုလိုလားသည့် နိုင်ငံတစ်ခုဖြစ်စေလိုသော သဘောမရှိဟု လေ့လာသူများက ဆိုသည်။

တရုတ်၏ နှစ်နိုင်ငံချစ်ကြည်ရေး ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင်းရှိ ၎င်း၏ စီးပွားရေး၊ လူမှုရေးများ အရှိန်လျော့ကျမသွားစေရန် ပိုမိုအားစိုက် လုပ်ဆောင်လာခြင်း ဖြစ်နိုင်ကြောင်း မြန်မာ–တရုတ် ချစ်ကြည်ရေးအသင်း (မန္တလေး) ဥက္ကဋ္ဌ မန္တလေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဦးပိုမြင့်က သုံးသပ်သည်။

အိန္ဒိယသမုဒ္ဒရာ၏ ကမ်းရိုးတန်းနိုင်ငံတစ်ခုဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းများရှိသော မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အိမ်နီးချင်းနိုင်ငံတစ်ခုထက် ပိုမိုသည့် အရေးပါမှုများရှိနေသည်။ တရုတ်နိုင်ငံသည် ပထဝီအနေအထားအရ အမေရိကန်ကဲ့သို့ ပစိဖိတ်နှင့် အတ္တလန်တိတ်သမုဒ္ဒရာ ပင်လယ်ထွက်ပေါက်နှစ်ခုရှိသည့် နိုင်ငံမဟုတ်ပေ။ ထို့အတွက် တရုတ်သည် မြန်မာထံမှ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ရယူလိုသည်။ ထို့ကြောင့် ယခုကဲ့သို့ ပြောင်းလဲချဉ်းကပ်လာခြင်း ဖြစ်နိုင်သည်ဟု လေ့လာသူများက ဆိုသည်။

အစိုးရသစ် တက်လာပြီး တစ်နှစ်မပြည့်မီမှာပင် ယခင်စစ်အစိုးရ လက်ထက်က သဘောတူညီမှုရခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ လက်တွေ့လုပ်ဆောင်နေသည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံတန် ရေဝတီမြစ်ဆုံဆည် စီမံကိန်းကို လူထုကန့်ကွက်သည့်အတွက် ၎င်း၏ သက်တမ်းအတွင်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က ကြေညာခဲ့သည်။ ယင်းမှာ တရုတ်နိုင်ငံအတွက် သတိပေးမှုဖြစ်ခဲ့ပြီး တရုတ်က သူ၏ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို မြစ်ဆုံဆည် စီမံကိန်းကဲ့သို့ အဖြစ်မခံပါ။

ထို့အပြင် တရုတ်နိုင်ငံ၏ အဓိကပို့ကုန်၊ သွင်းကုန် လမ်းကြောင်းများသည် ပစိဖိတ်သမုဒ္ဒရာတွင် ရှိနေသည်။ ပစိဖိတ်ဒေသကိုအမေရိကန်ကချုပ်ကိုင်ထားရာ တရုတ်နိုင်ငံအတွက် အခြားဒုတိယ ပင်လယ်ထွက်ပေါက် လိုအပ်နေသည်။ ဒုတိယပင်လယ်ထွက်ပေါက်ကို ရှာသည့်အခါ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ရှိသည့် မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရတရုတ်အတွက်အရေးပါလာခြင်းဖြစ်ကြောင်း စာရေးဆရာဦးကျော်ဝင်းက သုံးသပ်ပြောကြားထားသည်။

တရုတ်နိုင်ငံ၏ ရေနံတင်သွင်းမှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကိုအမေရိကန်ရေတပ်ကထိန်းချုပ်နိုင်စွမ်းရှိသည့် မလေးရှားနှင့် ဆူမတြားကျွန်းကြားရှိ မလက္ကာရေလက်ကြားကိုဖြတ်ကာ အသုံးပြုနေရသည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ခြိမ်းခြောက်မှု အန္တရာယ်ရှိလာနိုင်သော မလက္ကာရေလက်ကြားကို ရှောင်လွှဲလိုနေသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းသည်တရုတ်နိုင်ငံ၏မလက္ကာရေလက်ကြား အကျပ်အတည်းကို ပြေလည်စေနိုင်မည် ဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသမှသင်္ဘောများဖြင့်တင်ဆောင်လာသောရေနံများကို ရခိုင်ကမ်းရိုးတန်းမှတစ်ဆင့် မြန်မာပြည်ကိုဖြတ်ကာ ပိုက်လိုင်းတစ်လျှောက် တင်ပို့မည်ဆိုလျှင်တရုတ်နိုင်ငံအတွက်မလက္ကာရေလက်ကြားကို မှီခိုရမှု သုံးပုံတစ်ပုံခန့် လျော့ကျသွားနိုင်ကြောင်း ဖိုင်နယ်ရှယ်တိုင်းမ်သတင်းစာ၏ အာရှအယ်ဒီတာ ဒေးဗစ်ပေးလင်းက သုံးသပ်သည်။

၂၁ ရာစု ပထဝီဝင်နိုင်ငံရေးအရ အိန္ဒိယသမုဒ္ဒရာသည် ကမ္ဘာလုံးဆိုင်ရာ အားပြိုင်မှုများ၏ ဗဟိုချက်ဖြစ်လာနေသည်။အမေရိကန်နိုင်ငံသည် အာရှ–ပစိဖိတ်ဒေသနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနေသည်။ ယင်းမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်လာစေရေး ကြိုးပမ်းနေသည့် တရုတ်အတွက် အဓိကစိန်ခေါ်မှုပင်ဖြစ်သည်ဟု အမေရိကန်မှ ဩဇာကြီးမားသည့် ပညာရှင်၊ စာရေးဆရာ ရောဘတ်ကတ်ပလန်က သုံးသပ်သည်။

ကမ္ဘာ့တတိယအကြီးဆုံး ရေပြင်ဖြစ်သော အိန္ဒိယသမုဒ္ဒရာတွင် တည်ရှိနိုင်ရေး တရုတ်တို့ စွမ်းဆောင်မှုသာ ယင်းအချက်က တရုတ်တို့ ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံ ဖြစ်လာမည်လား (သို့မဟုတ်) ပစိဖိတ်သမုဒ္ဒရာနှင့်သာ ထိတွေ့နေရသည့် ဒေသတွင်း အင်အားကြီးနိုင်ငံ အဆင့်ဖြင့်သာ ရှိနေမလားဆိုသည်ကို ဆုံးဖြတ်လိမ့်မယ်ဟု ရောဘတ်ကတ်ပလန်က ၎င်း၏ခန့်မှန်းမှုကို Foreign Affairs မဂ္ဂဇင်းတွင် "၂၁ ရာစုအတွက် ဗဟိုချက်နေရာ၊ အိန္ဒိယသမုဒ္ဒရာထဲမှာ ကစားရမည့် ပါဝါ" "Center Stage for the 21st Century: Power Plays in the Indian Ocean"ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည်။

ကမ္ဘာ့တွေးခေါ်ပညာရှင် ၁၀၀ဦးစာရင်းတွင်ပါဝင်ပြီးအစိုးရအဖွဲ့၏ အကြံပေးဖြစ်သူ ဦးသန့်မြင့်ဦးက သူ၏ တရုတ်နှင့် အိန္ဒိယဆုံမှတ် (Where China Meet India)စာအုပ်တွင် ပထဝီအနေအထားအရ မြန်မာနိုင်ငံ၏ တည်ရှိမှုသည် တရုတ်နိုင်ငံအတွက် အထူးအရေးပါပြီး တရုတ်တို့၏ ပင်လယ်နှစ်ခုမူဝါဒအတွက် မြန်မာသည် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ရေးသားထားသည်။ တရုတ်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းနှင့် ဝေးကွာသော ကုန်းတွင်းပိုင်းဒေသများရှိ ပြည်နယ်များ ကုန်စည်ဆက်သွယ်ပို့ဆောင်နိုင်ရန်၊ ယူနန်ပြည်နယ်နှင့် တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းဒေသများ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသည် တရုတ်တို့အတွက် အထူးအရေးပါသည့် မဟာဗျူဟာသော့ချက်ဖြစ်သည်ဟုကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးကဆိုသည်။

ထိုသို့ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အရေးပါမှုများကြောင့် တရုတ်တို့ဘက်မှ မူဝါဒပြောင်းချဉ်းကပ်လာရာ မြန်မာနိုင်ငံအနေဖြင့်လည်းပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်မခံဘဲ နှစ်နိုင်ငံဆက်ဆံရေး ပြေလည်စွာ ဆက်ဆံရန် လိုအပ်နေပြီဖြစ်သည်။

ယခင်စစ်အစိုးရလက်ထက်တွင် ကုလသမဂ္ဂ၏ ဖိအားပေးမှုမှ လွတ်မြောက်ရန်တရုတ်နိုင်ငံ၏ ဗီတိုအာဏာကို အားကိုးခဲ့ရပြီး ထို့အတွက် တရုတ်တို့လိုချင်သော အခွင့်အလမ်းများကို ခပ်လွယ်လွယ်နှင့် ခပ်ချောင်ချောင် ပေးအပ်ခဲ့ရသည်။ လက်ရှိအချိန်တွင် ဒီမိုကရေစီနိုင်ငံ ဖြစ်လာပြီဖြစ်သည့်အတွက် တရုတ်တို့လိုချင်သော အခွင့်အရေးများကိုခပ်တင်းတင်းခပ်မာမာဖြင့် ဈေးကြီးကြီးကိုင်ကာ မြန်မာနိုင်ငံ ပြည်သူလူထုအကျိုးရှိအောင် တောင်းဆိုလို့ရလာနိုင်သည်ဟု ဦးရဲထွန်းကပြောသည်။

"Win–Win System ပေါ့။ နှစ်နိုင်ငံအတွက် အကျိုးရှိအောင် ဆက်ဆံသင့်တယ်"ဟု ဦးရဲထွန်းကပြောသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သလို မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားသည့် နိုင်ငံလည်းဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွင်း တရုတ်–မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရှိခဲ့ပြီး လက်ရှိအချိန်ထိ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော် တရုတ်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည်။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်အများစုမှာလည်းတရုတ်နိုင်ငံသို့သာ အဓိကတင်ပို့ရောင်းချနေရဆဲဖြစ်ပြီး တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့်စီးပွားရေးတွင်မြန်မာနိုင်ငံအနေဖြင့် တရုတ်ကို ပစ်ပယ်၍မရသေးဟု လေ့လာသူများက ပြောသည်။

"တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေးဟာ မဟာဗျူဟာမြောက် အရေးကြီးပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ဗျူဟာမြောက်အိမ်နီးချင်းနိုင်ငံပါ"ဟု ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ပြောင်းလဲဆက်ဆံလာမှုများသည် မြန်မာအားအနောက်အုပ်စုဘက်မပါသွားစေရေးထက် အနောက်နိုင်ငံများနှင့် အကျိုးစီးပွားခွဲဝေရယူရန်ပိုမိုဦးစားပေးစဉ်းစားလိမ့်မည်ဟု ဒေါက်တာရန်မျိုးသိမ်းက မှတ်ချက်ပြုသည်။

"မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေး ဖြစ်စဉ်ကိုကြည့်ရင် တရုတ်နိုင်ငံဟာ အမေရိကန်ပြည်ထောင်စုထက် ပိုအရေးကြီးပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံပြီး ကိုယ့်အမျိုးသားအကျိုးစီးပွားအတွက် အလုပ်လုပ်နိုင်ဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံကြီး ဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး ပြေလည်ကောင်းမွန်ရန် ကြိုးစားဖို့ လိုအပ်ကြောင်း မကြာခဏပြောလေ့ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်က ပထဝီဝင်အနေအထားအရ ဖြစ်တည်နေပြီးဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများကိုကိုယ်လိုချင်သည့်နိုင်ငံရွေးချယ်၍ ရနိုင်မည်မဟုတ်ဘဲ ၎င်းတို့နှင့် အဆင်ပြေကောင်းမွန်သည့် ဆက်ဆံရေးရှိရန် ကြိုးစားဖို့လိုသည်ဟုပြီးခဲ့သောမတ်လက ပြင်ဦးလွင်မြို့တွင် အထက်မြန်မာပြည် စာရေးဆရာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

"ကျွန်မတို့ဟာ ဒီခေတ် ဒီအခါမှာ လက်တွေ့ကျကျ တစ်ကမ္ဘာလုံးနဲ့ အဆင်ပြေအောင်နေရမယ်။ အထူးသဖြင့် ကျွန်မတို့ အိမ်နီးနားချင်းတွေနဲ့ အဆင်ပြေအောင်နေဖို့ လိုပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအပေါ် ထိခိုက်စေမည့် ကိစ္စရပ်များအား လုပ်ဆောင်မည် မဟုတ်ကြောင်း ယနေ့အချိန်တွင် မြန်မာနိုင်ငံအား တရုတ်နိုင်ငံမှပေးနေသည့် ကူညီမှုများမှာလည်း စေတနာအရင်းခံ သက်သက်ဖြင့် ပေးခြင်းသာဖြစ်ပြီး အတိတ်ကာလက ဖြစ်ခဲ့သည့် မြန်မာ–တရုတ် ပဋိပက္ခမျိုး ထပ်မံဖြစ်ပေါ်လာမည် မဟုတ်ကြောင်း မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် မစ္စကျင်းယိလင်းကတော့ ဆိုပါသည်။

မြန်မာနိုင်ငံတွင် စစ်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ၊ ဒီမိုကရေစီအစိုးရ အုပ်ချုပ်သည်ဖြစ်စေ တရုတ်နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ဘဲ မြန်မာပြည်သူပြည်သားများ ရွေးချယ်သော တက်လာမည့် အစိုးရတိုင်းကို ပြည်သူများ၏ အစိုးရဟု ယူဆပြီး ဆက်ဆံသွားမည်ဖြစ်ကြောင်း မစ္စကျင်းယိလင်းက ဆိုသည်။

မြန်မာ–တရုတ် နယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တည်ရှိရာနေရာများသည် ယနေ့အချိန်ထိ မငြိမ်းချမ်းသေးပါ။ ကချင်လွတ်မြောက်ရေးတပ်မတော်၊ 'ဝ'အမျိုးသားတပ်မတော်တို့ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးသည်လည်း မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထူးခြားစွာ သက်ရောက်မှု ရှိနေသည်။

မြန်မာ–တရုတ် နယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဖြစ်ပွားနေသော ပဋိပက္ခပြေလည်ရန် တရုတ်၏ အခန်းကဏ္ဍများစွာအရေးကြီးသည်။ အစိုးရနှင့်ရော နယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်များကိုပါ တရုတ်က များစွာဩဇာသက်ရောက်သည်ဟု လေ့လာသူများက ဆိုသည်။

တရုတ်အတွက် မြန်မာနိုင်ငံမှာ အရေးကြီးသလို မြန်မာအတွက်လည်း တရုတ်က အရေးကြီးနေသည်။ ထို့ကြောင့် တရုတ်တို့က ၎င်းတို့ နိုင်ငံခြားရေးမူဝါဒကို နှစ်ပိုင်းအတွင်း ပြောင်းလဲနေသည်။

ဂျက်ကီချန်း၊ ဂူခုန်း စသော မြန်မာအကြိုက် မင်းသားများ တစ်ယောက်ပြီးတစ်ယောက် လာနေခြင်းမှာလည်း သံတမန်ဆက်ဆံရေး ဗျူဟာပြောင်းလဲမှု၏ ရလဒ်ဖြစ်သည်။

"နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားပေါ်မှာ အခြေခံပြီး လူထုကို အခြေပြုတဲ့ ဒီမိုကရေစီစံချိန်စံနှုန်းမီတဲ့ တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကိုင်တွယ်သင့်တယ်လို့ ထင်တယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက တိုက်တွန်းသည်။ ။

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

၁၉၈၈ ခုနှစ်တစ်ဝိုက်သည် ထိုင်းငါးဖမ်းလုပ်ငန်းအတွက် ရွှေခေတ်ဖြစ်ခဲ့သည်။ ဗမာ့ရေပိုင်နက်မှာ ငါးခိုးဖမ်းရာတွင် မွန်ဗမာလှေလုပ်သားများကိုအမှီပြု၍ ထိုင်းသူဌေးတို့ ငါးဖမ်းလှေတစ်စီးပိုင်ရာမှ ဆယ်စီး၊ ဆယ့်ငါးစီးပိုင်ကုန်ကြသည်။ ဗမာ့ရေပြင်တွင် ဝါးလပ်ဝါးတန်းငါးဖမ်းလှေများ ပိုက်တစ်ချက်နှစ်ချက်ဆွဲရုံမျှဖြင့် လှေတစ်စီးစာ ငါးအပြည့်ရကြသည်ဟုပင်ကြားခဲ့ဖူးသည်။ ဝင်ငွေကောင်းသော မွန်ဗမာငါးဖမ်းအလုပ်သမားများသည် အာစီယံကို ဘဝအမောဖြေဆေးအဖြစ် ဖန်တီးသုံးစွဲကြဟန်ရှိသည်။ အာစီယံဖျော်စပ်ရာတွင် ဘိုင်ကထော့ (ဘိန်းစာရွက်)၊ ရာကစ်အိုင်ခေါ် ထိုင်းနိုင်ငံလုပ်ချောင်းဆိုးပျောက်ဆေးတစ်မျိုးနှင့် ကော်ဖီမစ်တို့ရောစပ်ကျိုချက်ရ၏။ မွန်ဗမာတို့ထံမှ အတုမြင်အတတ်သင်သည့် ထိုင်းလူမျိုးတို့ကား ကော်ဖီမှုန့်နေရာတွင် ကုတ်(COKE)ဖျော်ရည်ကို အစားထိုးသုံးစွဲလာကြသည်။ ကော်ဖီသည် ညဘက်တွင် အလွယ်တကူအိပ်မပျော်သောကြောင့်ဟု ဆိုသည်။

ဘိန်းစာရွက်သည် ထိုင်းနိုင်ငံတောင်ပိုင်းနေရာအနှံ့တွင် အလေ့ကျပေါက်သည့် အပင်တစ်မျိုးဖြစ်သော်ငြား ယခုမျက်မှောက်ကာလတွင် မွန်ဗမာများ၊ မြန်မာပြည်သို့သယ်ဆောင် စိုက်ပျိုးမှုကြောင့် အချို့သော မွန်ပြည်နယ်ကျေးရွာများတွင် ဘိုင်ကထော့ပင်များရှိနေပြီဟု ဆို၏။ ဘိုင်ကထော့ကို သရက်ပင် ပိန္နဲပင်တို့ကဲ့သို့ပင်စည်ကြီးသည့် သစ်ပင်ကြီးများတွင် ကပ်လျက်စိုက်ပျိုးကာ အဆိုပါအပင်ကြီးများပေါ်သို့ နွယ်တက်စေခြင်းဖြင့် အများမမြင်သာအောင် စိုက်ပျိုးလေ့ရှိသည်ဟုပါ သိရပြန်သည်။ စင်စစ် ဘိုင်ကထော့ရွက်ကို ထိုင်းလူမျိုးသက်ကြီးရွယ်အိုများက သွေးတိုး၊ ဆီးချိုကောင်းသည်ဟူသော ဆေးဖက်ဝင်အပင်တစ်မျိုးအဖြစ် ရှေးမြန်မာများ ဆေးရွက်ကြီးငုံသကဲ့သို့ ငုံလေ့ရှိကြသည်။ ကျွန်တော် ယိုးဒယားသို့ရောက်စက ဘိုင်ကထော့ရွက်ကို ကိုယ်တိုင်မြည်းစမ်းဝါးကြည့်ဖူးရာ အရသာမှာ အတန်ငယ်ခါးသက်သက်ဖြစ်၍ အတန်ကြာသော် ရီဝေဝေခံစားချက်ပေါ်လာသည်။ ဘိန်းစာရွက်အကြောင်း ခေါင်းထဲရောက်နေသော ကျွန်တော်သည် အလီမောင်မောင်ကို တီးခေါက်ကြည့်မိပြန်သည်။

"အလီရေ၊ အခုလောလောဆယ် ဘိန်းစာရွက်နဲ့ အာစီယံ ဘယ်ဈေးပေါက်နေတုံးကွ"

"ဟာ.. ဦးကလည်း ကျွန်တော့်ကို ဘိန်းစားထင်နေပြီလားမသိဘူး။ အခုဘိန်းစာရွက် တစ်ကီလိုကို ထိုင်းဘတ်ထောင့်နှစ်ရာလောက်ပေါက်ဈေးရှိတယ်။ လက်လီဆိုရင်တော့ ထောင့်ခြောက်ရာလောက်ပေါ့။ ဟိုအရင်တုန်းကတော့ တစ်ကီလိုကို ဝယ်ဈေးဘတ်ကိုးရာလောက်ပဲရှိတာ။ ရောင်းဈေးကတော့ ဝယ်သူကိုလိုက်ပြီး အမျိုးမျိုးကွဲပြားတာပါပဲ။ ကျိုပြီးသား အာစီယံကတော့ အမ်မလွှိုင်းဟာဆစ် (M150) တစ်ပုလင်းစာကို ဆယ်ဘတ်ဦးရ"

"ဒါနဲ့ ကိုယ်ကြားဖူး သလောက် အာစီယံထဲမှာ ခြင်ဆေးခွေနဲ့ အမွှေးတိုင်အမှုန့်တွေရောပြီး ဖျော်ကြတယ်ဆို"

"အလကားပါဦးရာ။ ဘိန်းစာရွက်က ဖူးခက်မှာ ဒီလောက်ပေါနေတာ။ ဝယ်ရခက်တယ်ဆိုတာ ထိုင်းရဲတွေအဖမ်းအဆီးများလို့ဦးရ။ တစ်ခုတော့ရှိတယ်။ အာစီယံသောက်နေကျလူတချို့က အချိန်မီသူလိုတဲ့ကိုယ်တာအတိုင်း အာစီယံအလွယ်တကူရှာမရတဲ့အခါ ယင်းကိုက်ပြီးတွေ့ရာအမှုန့်လျှောက်ထည့်ကြတာတော့ ဖြစ်နိုင်တယ်။ ထိုင်းဥပဒေမှာ ဘိုင်ကထော့ဟာ ခြွင်းချက်ရှိတယ်ဦးရ။ ထိုင်းအိမ်တွေမှာ တစ်အိမ်တစ်ပင်စိုက်ခွင့်ရှိတယ်လို့တောင် ကျွန်တော်ကြားဖူးတယ်။ ထိုင်း၊ မလေးရှားနယ်စပ် ယာလာ၊ ပတ်တနီ၊ ဆွန်ခလာလိုမြို့တွေမှာ ဆိုင်တွေပေါ်တောင် တင်ရောင်းကြတယ်။ နောက်ပိုင်းတော့ မွန်ဗမာတွေသုံးတာများလာပြီး ဥပဒေတင်းကျပ်လာတာ။ အခုဆိုဖူးခက်က မွန်ဗမာတွေရဲ့ အလှူမင်္ဂလာဆောင်ပွဲတိုင်းလိုလိုမှာ အာစီယံနဲ့ ဧည့်ခံကြတာဆိုတော့ ထိုင်းပုလိပ်တွေငွေညှစ်လို့ ပိုကောင်းတာပေါ့"အလီမောင်မောင်ကား စကားပြောမပြတ်သလို အလုပ်ကိုလက် နှင့်မပြတ်။ သွပ်ပြားအသစ်ကို မီးဖိုအောက်ခံသစ်သားစားပွဲနှင့် တဒုန်းဒုန်းထုကာကပ်ရင်း သံချက်စွဲနေသည်။

"ဒါနဲ့အလီ ရင်းရင်းနှီးနှီးပဲမေးရဦးမယ်။ မင်းဟိုတစ်လောက ဘိန်းစာရွက်မှုနဲ့ အချုပ်ကျသေးတယ်ဆို"

"ဟုတ်တယ်ဦးရ။ ဒီကောင်တွေကျွန်တော်ဘိန်းစာရွက်ရောင်းနေတာ သိသိချည်းပဲ။ ဝထစ်ရပ်ကွက်က ထိုင်းပုလိပ်တွေထဲမှာ ကျွန်တော်မသိတဲ့သူတစ်ယောက်မှ မရှိဘူး။ ဒီကောင်တွေ ကျွန်တော့်ကို ဘေးမဲ့ပေးထားတာ။ အဲဒီနေ့က လာဖမ်းတဲ့ရဲတွေဟာ စမ်မကောင်းအပိုင်ကတဲ့။ အမှုမဖြစ်အောင်ဘတ်နှစ်သောင်းတောင်းတာမို့ ကျွန်တော်လည်းပေးစရာမရှိတော့ ဖူးခက်အချုပ်ထဲမှာ နှစ်လလောက်ကြာတယ်။ ပြီးတော့ ရနောင်းဘက်မှာ ကျွန်တော့်ကို သွားသွန်တယ်။ အခုကျွန်တော့်ဘာသာ ဘတ်စ်ကားနဲ့ဖူးခက်ကို ပြန်တက်လာတာ တစ်လကျော်ပဲရှိသေးတယ်။ အခုတော့ ဘိန်းစာရွက်ရောင်းတဲ့အလုပ်ကို မလုပ်တော့ဘူးဦးရာ။ ကျွန်တော့်လုပ်ပုံက စီးပွားဖြစ်လည်းမဟုတ်၊ သူငယ်ချင်းအသိမိတ်ဆွေတွေများနေတော့ ပေးလားဝါးလားဘဝနဲ့နာမည်ပျက်နေတာ။ ကျွန်တော့်သမီးကြီးတောင် ဆယ်တန်းရောက်နေပြီ။ အငယ်ကောင်က အခုမှ သူငယ်တန်းစတက်မှာဆိုတော့ မိန်းမကလည်း ဆူလှပြီ။ မလုပ်တော့ပါဘူးဦးရာ။ ကျွန်တော်လုပ်တာက အပျော်လုပ်သလိုဖြစ်နေတယ်"

"မလုပ်တော့ရင်ကောင်းတာပေါ့ကွာ။ မင်းညီညီနိုင်တို့ကို အားကျစမ်းပါ"

"အာ.. ဦးကလည်း ညီညီနိုင်နဲ့ ကျွန်တော် သူငယ်ချင်းအရင်းဗျ။ သူက ကံကောင်းတဲ့သူစာရင်းမှာ ပါတယ်လို့ပြောလို့ရတယ်"

ညီညီနိုင်အကြောင်း ကျွန်တော်စကားစလိုက်သည့်အခါ သူ့မျက်နှာသိသိသာသာပြောင်းလဲသွားသည်။ ညီညီနိုင်ကား ရန်ကုန်ဇာတိဟုဆိုသည်။ လက်ရှိအချိန်တွင် ညီညီနိုင်သည် ဖူးခက်ရှိအကြီးဆုံးဆောက်လုပ်ရေးလုပ်ငန်းခွင်ဖြစ်သော ဖန်နဆွန် (FAN–ASON)ကုမ္ပဏီကြီးတွင် ဗမာအလုပ်သမားရှာဖွေပေးသည့် အလုပ်သမားခေါင်းဆောင် ဖြစ်နေပြီး စီးပွားရေးအထိုက်အလျောက်ချောင်လည်ကာ ဗမာအလုပ် သမားအသိုင်းအဝိုင်းကြားမှာ လူတစ်လုံးသူတစ်လုံးဖြစ်နေသူ တည်း။ ညီညီနိုင်သည် အလီမောင်မောင်နှင့် အသက်မတိမ်းမယိမ်း၊ အရပ်အမောင်းကောင်း၍ ကိုယ်လုံးကိုယ်ထည်တောင့်တင်းသည်။ သို့သော် သူ့ရှေ့သွားသုံးချောင်းခန့်မှာ ပလတ်စတစ်သွားတုတွေစိုက်ထားသည်။ သူစကားပြောသည့်အခါ သူ့အသံသည် မသဲကွဲ၊ မပီသ၊ ရှဲရှဲ၊ ရှဲရှဲနှင့် ဘဲဂတ်သံထွက်နေသည်။ ထိုသို့ဖြစ်ရခြင်း၏ နောက်ကြောင်းဇာတ်လမ်းကို အလီမောင်မောင်က အောက်ပါအတိုင်း ဆိုသည်။

"တကယ်တော့ညီညီနိုင်ဟာ ကျွန်တော်တို့လို အလုပ်ကြမ်းသမားဘဝကလာတာပါပဲ။ သူက စိတ်တော့ဆတ်တယ်။ ရောက်ခါစတုန်းက တလတ်ဆွတ် (ဖူးခက်မြို့မဈေး)မှာ ကုန်စိမ်းလှည်းတွန်းတာဦးရ။ ကျွန်တော်တို့နဲ့အတူ ကြုံရာကျပန်းလုပ်နေခဲ့တာပါပဲ။ တစ်နေ့ လတ်ဆွတ်ထဲမှာ ဗမာအလုပ်သမားတွေ အလုပ်ပါးတဲ့အချိန် ဖဲဝိုင်းထောင်ပြီး ဖဲရိုက်ကြတုန်း ညီညီနိုင်နဲ့ ဖဲဝိုင်းထဲက မွန်ဗမာတစ်ယောက်အလျော်အစားကိစ္စစကားများကြရင်း ညီညီနိုင်က ခါးကြားမှာပါလာတဲ့ဓားနဲ့ ထထိုးလိုက်တာ အူပွင့်သွားတယ်။ သွေးအိုင်ထဲကနေ ဇွတ်အတင်းပွေ့ချီပြီး ဝါချီလတ်ဆေးရုံကို အချိန်မီပို့နိုင်လို့ အသက်တော့မသေပါဘူး။ ဒါပေမဲ့ နောက်နှစ်ရက်လောက်ကြာတော့ ဓားထိုးခံရတဲ့ မွန်ဗမာအုပ်စုထဲကကောင်တွေနဲ့ ညီညီနိုင်၊ ဖယ်အုံကန်ဆိပ်ကမ်းဘက်မှာဆုံမိကြပြီး ညီညီနိုင်ကို လက်စားချေအပြတ်ရှင်းတော့တာပဲဦးရ။ မျက်နှာကို တုတ်နဲ့ဖြတ်ရိုက်၊ ဓားနဲ့အချက်ပေါင်းများစွာထိုး၊ လည်ပင်းကို ပြတ်လုပြတ်ခင်လှီးပြီး လှေပျက်တစ်စီးပေါ်မှာထားရစ်ခဲ့တာပဲ။ ညီညီနိုင်ကံကြီးတယ်၊ ကံကောင်းတယ်ဆိုတာ အဲဒါကိုပြောတာ။ အသက်ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတဲ့ ညီညီနိုင်ကို ဗမာလှေသမားတချို့ကတွေ့ပြီး ဝါချီလတ်ဆေးရုံပို့ပြန်ရော။ ဒီမှာတင် ညီညီနိုင်ဟာ သူ့ဓားနဲ့ထိုးခဲ့တဲ့ လူနဲ့ ခုတင်ချင်းဘေးကပ်ပြီးကျနေပြန်ရောတဲ့။ အချိန်မီခွဲစိတ်ကုသနိုင်တာကြောင့် ညီညီနိုင်အသက်မသေပေမယ့်သွားလေးငါးချောင်းကျွတ်ထွက်ကုန်တယ်။ လည်ချောင်းကအသံအိုးပျက်စီးသွားပြီး စကားပြောရင်မပီတော့ဘူးပေါ့ဦးရာ။ အဲဒီရန်ကြွေးက အဲဒီမှာတင် ဇာတ်လမ်းမဆုံးဘူး။ ညီညီနိုင်ဆေးရုံကဆင်းလာတော့ သူ့ကိုလုပ်ခဲ့တဲ့ကောင်တွေကို လက်စားပြန်ချေပြီး အပျောက်ရှင်းပြန်သတဲ့။ ခေါင်းရေကိုယ်ပါတစ်စစီခုတ်ဖြတ်ပြီး မျောက်စာကျွေးလိုက်တယ်လို့သူပြောဖူးတာပဲ။ ခက်တာက မျောက်က လူသားစား၊ မစားတော့ ကျွန်တော်မသိဘူး"

ညီညီနိုင်ကား ကျွန်တော်နှင့် အတော်ရင်းနှီးသူဖြစ်၍ ကျွန်တော်မသိသေးသော ညီညီနိုင့်ဇာတ်လမ်းကို ကျွန်တောင်ဆက်၍ နားစွင့်နေမိသည်။ အလီမောင်မောင်ကားမီးဖိုချောင်ပြင်ဆင်မှုကိုလက်စသိမ်းကာ အိမ်မကြီးအဝင် တံခါးကို သော့အိမ်အသစ်လဲရန် ပြင်ဆင်နေရင်း သူ့စကားကို ဆက်ပြန်သည်။

"နောက်ပိုင်းတော့ ညီညီနိုင်လည်း ပင်နာဆွန်နဲ့ချိတ်မိပြီး အလုပ်သမားခေါင်းဆောင်ဖြစ်လာတယ်။ သူက လုပ်ရဲကိုင်ရဲ လက်ရဲဇက်ရဲမို့ အလုပ်သမားတွေအပေါ် ဩဇာညောင်းတာကြောင့် တဖြည်းဖြည်း အဆင်ပြေလာတာပေါ့။ ဦးစဉ်းစားကြည့်လေ၊ အလုပ်သမားတစ်ယောက်ရဲ့နေ့တွက်ခကနေ ဘတ်သုံးဆယ်ဖြတ်တယ်ဆိုတော့ အလုပ်သမားငါးဆယ်ရှိရင် သူ့ တစ်နေ့ဝင်ငွေက ဘတ်ထောင့်ငါးရာ၊ အလုပ်သမားတစ်ရာရှိရင် ဘတ်သုံးထောင်ပေါ့။ ကျွန်တော်ကတော့သူ့ကိုအားမကျပါဘူး။ မွန်ဗမာအချင်းချင်း ခေါင်းပုံဖြတ်သလိုမျိုးလုပ်စားရတာကို ကျွန်တော်မလုပ်ချင်ဘူး။ ဒါကြောင့်လည်း ကျွန်တော်မကြီးပွားတာပေါ့။ "အလီမောင်မောင်ကားအတန်းပညာဟုတ်ဟုတ်ပြားပြားမတတ်မြောက်ခဲ့သော်လည်း စာဖတ်သည့်အလေ့အထတော့ရှိဟန်တူသည်။ သူက ကျွန်တော့်စာအုပ်စင်ပေါ်မှ ကျော်သူ၏ "သမ္မတကြီးဖြစ်ချင်တယ်"ဟူသော စာအုပ်ကိုလှမ်းကြည့်ရင်း မှတ်ချက်ပြုသည်။

"ဒီလူမဆိုးဘူးဦးရ၊ ပိုက်ဆံရှိတယ်။ အောင်မြင်နေတဲ့ရုပ်ရှင်မင်းသား၊ သူ့လိုလုပ်နိုင်တဲ့ လူမျိုးသိပ်ရှားတယ်။ ဦးသန်းရွှေနဲ့တော့ တခြားစီပဲ"

"ဘာတွေရှားနေတာတုံး၊ ဘာတွေခြားနေတာတုံး မောင်မောင်ရ"

ထိုစဉ် အသံရောလူပါရုတ်ခြည်းပေါ်လာသူကား ကိုသက်ခိုင်ဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၂၇ မှ

# အောင်မြင်သောအများပိုင်ကုမ္ပဏီ ဘယ်လိုထူထောင်မလဲ

နိုင်ရန် ဝက်ဘ်ဆိုက်များရှိရမည်။ ယင်းဝက်ဘ်ဆိုက်ပေါ်တွင်လည်း ကုမ္ပဏီရှေ့လုပ်ငန်းစဉ်၊ လက်ရှိလုပ်ကိုင်နေရသည့်အခြေအနေ၊ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ထားပုံတို့ကို အများပြည်သူလေ့လာနိုင်ရန်ဖော်ပြထားရမည်ဟု မြန်မာ့စီးပွားရေးတာဝန်ယူမှုဆိုင်ရာ အထောက်အကူပြုဌာန(MCRB) မှဒါရိုက်တာဗစ်ကီဘိုးမင်းကပြောကြားသည်။

အများပိုင်ကုမ္ပဏီများမှာ ပုဂ္ဂလိကကုမ္ပဏီကဲ့သို့ လုပ်ငန်းများဖုံးကွယ်မထားရဘဲ ကုမ္ပဏီဖွဲ့စည်းပြီး တစ်နှစ်လျှင် အမြတ်ဝေစုမည်မျှရသည်၊ အခွန်မည်သို့ဆောင်ထားသည်စသော အချက်အလက်တို့ကို ရှယ်ယာရှင်များသာမက အများပြည်သူအားချပြရန် လိုအပ်သည်။ FMI အများပိုင်ကုမ္ပဏီသည် နှစ်စဉ်အစုရှယ်ယာရှင်များအား အမြတ်ဝေစုခွဲဝေပွဲများကိုလည်း စနစ်တကျပုံမှန်ကျင်းပပေးသည်။

"အများပိုင်ဆိုတာပြည်သူအများပါဖို့လိုတယ်။ ဆိုက်ကားသမားရော၊ ဈေးရောင်းသူရောအားလုံးပါဝင်နိုင်ရမယ်"ဟု ရခိုင်ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီမှ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဦးဇော်အေးမောင်ကပြောကြားသည်။

အများပိုင်ကုမ္ပဏီအချို့ မအောင်မြင်ရခြင်းမှာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ လုပ်ငန်းမအောင်မြင်ခြင်းသာမက ကုမ္ပဏီဖွဲ့စည်းပြီး အများပြည်သူကို ရှယ်ယာမရောင်းဘဲ စတင်တည်ထောင်သူဌေး လေး၊ ငါးဦးကသာ ကုမ္ပဏီ၏ အစုရှယ်ယာများပြန်ဝယ်သည့်လက်ဝါးကြီးအုပ်လုပ်ငန်းများလုပ်ကိုင်နေခြင်းမှာလည်း အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။ ထို့အပြင်ကုမ္ပဏီများအပေါ် လူထုယုံကြည်မှုနည်းပါးခြင်းမှာလည်း အချက်တစ်ချက် ဖြစ်သည်။

ပြည်ပနိုင်ငံများတွင် အများပိုင်ကုမ္ပဏီများသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုကို အောင်မြင်အောင် လုပ်ကိုင်ပြီးမှ အများပြည်သူကို ရှယ်ယာထည့်ဝင်နိုင်ရန်၊ စတော့ဈေးကွက်တင်နိုင်ရန်အတွက် အများပိုင်ကုမ္ပဏီအဖြစ်ပြောင်းလဲဖွဲ့စည်းလေ့ရှိသည်။ မြန်မာနိုင်ငံရှိ ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီအများစုမှာ ကုမ္ပဏီဖွဲ့စည်းပြီးမှသာ လုပ်ငန်းကိုရွေးချယ်ခြင်းမျိုးဖြစ်နေခြင်းကြောင့် နိုင်ငံတကာပုံစံနှင့် ပြည်တွင်းပုံစံသည်လုံးလုံးမတူကြောင်း မြန်မာ့လယ်ယာစီးပွားအများပိုင်ကုမ္ပဏီ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းကပြော သည်။

"လူထုက ကုမ္ပဏီတွေအပေါ်နဂိုကမှ ယုံကြည်မှုအားနည်းနေတာ၊ စနစ်တကျမလုပ်နိုင်ရင် ယှဉ်နိုင်ဖို့ ခက်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

အောင်မြင်သော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ရန်မှာ ကုမ္ပဏီကို သုံးနှစ်မှ ငါးနှစ်အတွင်း အချိန်ယူအမြတ်ရအောင် လုပ်နိုင်ရန်လိုသည်။ ထိုကဲ့သို့အောင်မြင်မှုရပြီး လုပ်ငန်းစီမံကိန်းများကိုလည်း အများပြည်သူသိအောင်ချပြရန် လိုအပ်ကြောင်း စီးပွားရေးပညာရှင် ဦးလှမောင်ကပြောကြားသည်။

မြန်မာ့စီးပွားရေးတွင် ထင်ရှားသော လုပ်ငန်း ၆၀ ကိုလေ့လာရာ ကုမ္ပဏီ ၃၄ ခုခန့်သာ ဝက်ဘ်ဆိုက်များရှိသည်။ ဝက်ဘ်ဆိုက်ရှိသော ကုမ္ပဏီများထဲတွင် ၁၀ ရာခိုင်နှုန်းခန့်သာ ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံနှင့် ပတ်သက်၍ ဝက်ဘ်ဆိုက်တွင် အသေးစိတ်ဖော်ပြထားကြောင်း မြန်မာ့စီးပွားရေးတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန(MCRB) ၏ စစ်တမ်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် အများပိုင်ကုမ္ပဏီများ အပါအဝင် မြန်မာကုမ္ပဏီအများစုမှာ အင်တာနက်အသုံးပြုမှုနည်းနေသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အစိုးရကလုပ်ငန်းတစ်ခုကိုအကောင်အထည်ဖော်တိုင်း ကြိုတင်နေရာယူထားမှုများစွာရှိခဲ့သည်။ ယခုလည်း အများပိုင်ကုမ္ပဏီများ အပြိုင်အဆိုင်ဖွဲ့စည်းတည်ထောင်မှုသည် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ခြင်းထက် အခွင့်အရေးကြိုတင်ရယူထားမှုများဖြစ်နေကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသော လုပ်ငန်းရှင်ဦးမျိုးသူရအေးက ပြောကြားသည်။

"ပြေးပွဲလိုပေါ့အချိန်တန်ရင် အဖြေပေါ်မှာပဲ"ဟု ဦးမျိုးသူရအေးက အများပိုင်ကုမ္ပဏီများနှင့် ပတ်သက်၍ မှတ်ချက်ချသည်။

အများပိုင်ကုမ္ပဏီအများကို ပြည်သူများ မသိခြင်းကြောင့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် စတော့ဈေးကွက်တွင် ကုမ္ပဏီ ငါးခုဖြင့် သာစတင်ရန် ဘဏ္ဍာအခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းကပြောကြားသည်။

နိုင်ငံတော်သမ္မတအပါအဝင် အစိုးရဝန်ကြီးများ တိုက်တွန်းမှုကြောင့် ဖွဲ့စည်းပြီးနေရာယူထားသော အများပိုင်ကုမ္ပဏီများသည် ပွင့်လင်းမြင်သာပြီး အမှန်တကယ်မလုပ်နိုင်ပါက အများပြည်သူက ယုံကြည်မှုနည်းလာမည်ကို သတိပြုသင့်ကြောင်း စီးပွားရေးပညာရှင်အချို့ကပြောကြားသည်။

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ရာထူးတိုးပြောင်းရွှေ့မှု မူဝါဒများ ဆရာ ဆရာမများအား ပထမဆုံးအကြိမ်အသိပေး

ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်ဆရာ၊ ဆရာမများ ရာထူးတိုးပြောင်းရွှေ့ရေးဆောင်ရွက်ရာတွင် ကျင့်သုံးသော မူဝါဒများကို ဆရာ၊ ဆရာမများအား ပထမဆုံးအကြိမ်ချပြ၍ သဘောထားဆန္ဒတောင်းခံခဲ့သည်။တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်များရှိ ဆရာ၊ ဆရာမများ၏ နေရာအပြောင်းအရွှေ့နှင့် ရာထူးတိုးအတွက်အငြင်းပွားမှုများဖြစ်ပေါ်ပြီးနောက် ရာထူးတိုးပြောင်းရွှေ့မှုဆိုင်ရာမူဝါဒများကို ဆရာ၊ ဆရာမများအား အသိပေးရှင်းလင်းကြောင်းအဆင့်မြင့်ပညာရေးဦးစီးဌာန (အောက်မြန်မာပြည်)က အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ပညာရေးဝန်ကြီး အသစ်လက်ထက်တွင် ရာထူးတိုးနှင့် နေရာအပြောင်းအရွှေ့များ ကြန့်ကြာနေမှုအပေါ် ဆရာ၊ ဆရာမများ မကျေနပ်ဖြစ်မှု မြင့်တက်နေပြီး နှစ်ပတ်အတွင်း ရာထူးတိုးနှင့် နေရာအပြောင်းအရွှေ့ ကြိုတင်ကြေညာနိုင်ရန် ကြိုးပမ်းနေသည် ဟုဆိုသည်။

## ချင်းနှင့် ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက်ကျဆင်း

၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးပြည်နယ်နှစ်ခုဖြစ်သော ချင်းနှင့် ရခိုင်ပြည်နယ်တို့၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းထက်ဝက်ကျော်ကျဆင်းသွားခဲ့သည်။ ယခင်နှစ်က ချင်းပြည်နယ်တွင် အောင်ချက် ၁၆ ဒသမ ၅၂ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၈ ရာခိုင်နှုန်းကျော်သာရှိသည်။ ယခင်နှစ်က ရခိုင်ပြည်နယ်တွင် အောင်ချက် ၂၁ ရာခိုင်နှုန်းကျော်ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၈ ရာခိုင်နှုန်းကျော်သို့ ကျဆင်းသွားသည်။ မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်း ပထမနေရာ၌ဆက်လက်ရပ်တည်နေပြီး ရန်ကုန်တိုင်းဒေသကြီးသည် ယခင်နှစ်ထက် အောင်ချက်ရာခိုင်နှုန်း မြင့်တက်၍ မန္တလေးတိုင်းဒေသကြီးက အောင်ချက်ရာခိုင်နှုန်းကျဆင်းခဲ့သည်။

## သီလဝါအထူးစီးပွားရေးဇုန်တွင် အမေရိကန် ပထမဆုံးရင်းနှီးမြှုပ်နှံ

သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမဆုံးစတင်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအဖြစ် အမေရိကန်နိုင်ငံအခြေစိုက် Ball ကုမ္ပဏီက ဇွန်လ ၆ ရက်တွင် မြန်မာ–ဂျပန်နှစ်ဖက်တာဝန်ရှိသူများနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ Ball Corpora–tion ကုမ္ပဏီသည် သံထည်သတ္တုပစ္စည်းများထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ မြေ ၁၂ ဧက ကျော်(ငါးဟက်တာခန့်) တွင်ထုတ်ကုန်လုပ်ငန်းများလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုဌားရမ်းခဲ့ခြင်းဖြစ်သည်။

## ရွှံ့မီးတောင်တွေ့၍ ကျောက်ဖြူအထူး စီးပွားရေးဇုန် နေရာပြောင်းရွှေ့မည်

ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်မည့်နေရာအနီးတွင် ရွှံ့မီးတောင်ရှိနေ၍ ပြောင်းရွှေ့အကောင်အထည်ဖော်မည်ဖြစ်သည်။ မူလအကောင်အထည်ဖော်မည့်နေရာနှင့် နှစ်မီတာအကွာအဝေးတွင်ရွှံ့မီးတောင်တွေ့ရှိသည်ဟု စင်ကာပူအခြေစိုက်အကြံပေးကုမ္ပဏီ CPG ၏ စစ်ဆေးတွေ့ရှိချက်ကြောင့် နေရာပြောင်းရွှေ့သွားခြင်းဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန် လျာထားသည်ဟု အစိုးရက ၂၀၁၃ ခုနှစ်က သတင်းထုတ်ပြန်ထားသည်။

## သမ္မတဦးသိန်းစိန် ဒုတိယသက်တမ်း ထမ်းဆောင်ရန် ကေအင်န်ယူအကြံပြု

ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌအပါအဝင် ဗဟိုကော်မတီဝင်များနှင့် နိုင်ငံတော်သမ္မတတို့ ဇွန်လ ၄ ရက်က တွေ့ဆုံစဉ် သမ္မတဦးသိန်းစိန်အား ဒုတိယသက်တမ်းထမ်းဆောင်ရန် အကြံပြုခဲ့ကြောင်း KNU ဗဟိုကော်မတီဝင်ဖဒိုမန်းငြိမ်းမောင်က ပြောသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို သမ္မတကြီးက စတင်ဖော်ဆောင်ခြင်းဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စလယ်ဆုံး သမ္မတကြီးက အသိဆုံးဖြစ်၍ သမ္မတကြီးက ဒုတိယသက်တမ်းဆက်ပြီး ခေါင်းဆောင်ပါက ငြိမ်းချမ်းရေးမလွဲမသွေရရှိမည်ဟု ယုံကြည်သည့်အတွက် အကြံပြုခြင်းဖြစ်သည်ဟုဆိုသည်။




ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

## ကချင်စစ်ပွဲသုံးနှစ်ပြည့် နှစ်ပတ်လည် ဆုတောင်းပွဲနှင့် ဆန္ဒဖော်ထုတ်ပွဲများပြုလုပ်

သုံးနှစ်ပြည့်တစ်ကျော့ပြန်ကချင်စစ်ပွဲရပ်တန့်ရေးဆုတောင်းပွဲနှင့် ဆန္ဒဖော်ထုတ်ပွဲများကို ဇွန်လ ၇ ရက်မှစတင်၍ ပြုလုပ်ခဲ့သည်။ မဟာဗန္ဓုလပန်းခြံရှေ့၊ ပြည်သူ့ရင်ပြင်၊ အင်းလျားကန်ပေါင်တို့တွင် ငြိမ်းချမ်းရေး သီချင်းများသီဆိုခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အနုပညာဖန်တီးမှုသရုပ်ဆောင်ပြကွက်များနှင့် စစ်ပြေးဒုက္ခသည်များ၏ အတွေ့အကြုံများကို ရင်ဖွင့်ခြင်းစသည့်အစီအစဉ်များဖြင့် စစ်ပွဲရပ်တန့်ရန် တောင်းဆိုခဲ့သည်။ ကချင်စစ်ပွဲ သုံးနှစ်ပြည့်သည့် ဇွန်လ ၉ ရက်တွင်လည်း ရန်ကုန်၊ မြစ်ကြီးနားမြို့တို့အပြင် မလေးရှား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း တစ်ကျော့ပြန် စစ်ပွဲရပ်တန့်ရေးဆုတောင်းပွဲနှင့် ဆန္ဒဖော်ထုတ်ပွဲများကိုပြုလုပ်ခဲ့သည်။

## အာဇာနည်ကုန်းတွင် ဂါရဝပြုရင်း ဗုံးခွဲတိုက်ခိုက်ခံရသော တောင်ကိုရီးယား အစိုးရအဖွဲ့ဝင်များအတွက် ကျောက်တိုင်စိုက်ထူ

၁၉၈၃ ခုနှစ် အောက်တိုဘာ ၉ ရက်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လာရောက်ဂါရဝပြုစဉ် မြောက်ကိုရီးယား ဖောက်ခွဲရေးသမားတို့၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့သော တောင်ကိုရီးယားအစိုးရအဖွဲ့ဝင် ၁၇ ဦးအတွက် အောက်မေ့ဖွယ် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲကို ဇွန်လ ၆ ရက် နံနက်က အာဇာနည်ဗိမာန်၌ ပြုလုပ်ခဲ့သည်။ ယင်းကျောက်တိုက်တည်ဆောက်ရန် စီစဉ်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ မြှုပ်နှံသည့်အနီး၌ မည်သည့် အထိမ်းအမှတ်မျှမထားသင့်ကြောင်း တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်မှုအပါအဝင် ပြည်တွင်း၌ ဝေဖန်ကန့်ကွက်မှုများရှိခဲ့သည်။ အစိုးရကလည်း အာဇာနည်ဗိမာန်ပရဝဏ်အတွင်း မဟုတ်သည့်အပြင် နှစ်နိုင်ငံချစ်ကြည်ရေးအရ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

## ဗုဒ္ဓရုပ်ပွားတော်ကို မဖွယ်မရာလုပ်သည့် အမျိုးသမီး ထောင် ၂ နှစ်ချခံရ

လားရှိုးမြို့တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို မဖွယ်မရာလုပ်ခဲ့သည့် အမျိုးသမီးကို သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်မှုဖြင့် တရားစွဲဆိုကာ ၄၈ နာရီအတွင်း မြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးပြီး တရားလိုပြသက်သေများ၏ ထွက်ဆိုချက်နှင့် တရားစွဲခံရသူကိုယ်တိုင်ဝန်ခံချက်ပေးသဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်သည်။ လားရှိုးမြို့နယ်၊ ဆုံကွယ်ကျေးရွာအုပ်စု၊ စစ်မှုထမ်းဟောင်းရပ်ကွက်၌ စိတ်ရောဂါသည် အမျိုးသမီးတစ်ဦးသည် ဇွန်လ ၅ ရက် မွန်းလွဲရပ်ကွက်အတွင်း ညောင်ပင်တွင် ကိုးကွယ်ထားသည့် ဉာဏ်တော်ခြောက်လက်မခန့်ရှိသစ်သားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထဘီအတွင်းထည့်၍ ရွာစပ်လယ်ကွင်းသို့ ယူဆောင်သွားသည်ကို ဆုံကွယ်ကျေးရွာနေသူအမျိုးသမီးတစ်ဦးက တွေ့ရှိပြီး ယောက်မဖြစ်သူကို အော်ခေါ်ကာ ဗုဒ္ဓရုပ်ပွားတော်ကိုပြန်လည်လုယူခဲ့ရသည်။

## ဦးမြအေးကျန်းမာရေးအခြေအနေ မစိုးရိမ်ရတော့

၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးမြအေးသည် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ဇွန်လ ၇ ရက်က ရန်ကင်းကလေးဆေးရုံကြီး၌ ခွဲစိတ်ကုသမှုခံယူခဲ့သည်။ ခွဲစိတ်ရာတွင် ပေါင်မှ သွေးကြောများနှင့် နှလုံးသွေးကြောသုံးခုကို အစားထိုးခွဲစိတ်ခဲ့ခြင်းဖြစ်ပြီး နံရိုးများကိုပါ ဖြတ်ထုတ်၍ ရင်ဘတ်တစ်ခုလုံးဖွင့်ခွဲစိတ်ရသဖြင့် အချိန် ၆နာရီကြာမြင့်သော အကြီးစားခွဲစိတ်မှုတစ်ခုဖြစ်ခဲ့သည်။ ဇွန်လ ၈ ရက် နေ့လယ်တွင် ဦးမြအေးသည် သတိရလာပြီး စကားပြောနိုင်သည့်အတွက် ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာမရှိတော့ဟု ဆိုသည်။

## လယ်ဝေးမြို့ကို ဗဟိုပြုပြီး ငလျင်တစ်ခုလှုပ်

နေပြည်တော် လယ်ဝေးမြို့အနီးကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၃ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု ဇွန်လ ၈ ရက်ညနေက လှုပ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုမရှိသော်လည်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာန (USGS)ကမူ ရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိခဲ့ကြောင်းသတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါငလျင်သည် ရှစ်ရက်အတွင်း မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ နှစ်ကြိမ်မြောက်လှုပ်ခဲ့သည့် ငလျင်ဖြစ်ပြီး ဇွန်လ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီးတွံတေးမြို့အနီးကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခဲ့သည်။

## မိုင်းပျဉ်းလက်တက်ကျေးရွာ အင်န်အယ်လ်ဒီပါတီဥက္ကဋ္ဌ သေနတ်ဖြင့် ပစ်ခံရ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့နယ်အတွင်းရှိ သိမ်းဆည်းခံလယ်မြေများအရေး ဆောင်ရွက်ပေးနေသော မိုင်းပျဉ်းလက်တက်ကျေးရွာအင်န်အယ်လ် ဒီပါတီဒုဥက္ကဋ္ဌ ဦးစိုင်းစံထွန်းကို မေလ ၄ ရက်ညတွင် လူနှစ်ဦးက လာရောက်ဖမ်းဆီးပြီး သေနတ်ဖြင့် ပစ်သတ်၍ သေဆုံးသွားခဲ့သည်။ မေလ ၄ ရက် ည ၁၂ နာရီတွင် ရှမ်းစကားပြောသော လူနှစ်ဦးသည် ဟိုပုံးမြို့နယ်ရှိ သိမ်းဆည်းခံလယ်ယာမြေများအရေးဆောင်ရွက်ပေးနေသော မိုင်းပျဉ်းလက်တက်ကျေးရွာအင်န်အယ်လ်ဒီ ပါတီဒုဥက္ကဋ္ဌ ဦးစိုင်းစံထွန်းကိုလာရောက်ဖမ်းဆီးကာ လက်ထိတ်ခတ်၍ခေါ်ဆောင်သွားပြီးမိုင်းပျင်းလက်တက်ကျေးရွာနှင့် သုံးမိုင်ခန့်ဝေးသော နေရာတွင် ဦးစိုင်းစံထွန်း၏ ဦးခေါင်းကိုသေနတ်ဖြင့် သုံးချက်ပစ်သတ် သွားခြင်းဖြစ်သည်။ ထိုသို့သေနတ်ဖြင့် ပစ်သတ်သွားသော လူနှစ်ဦးအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူနိုင်ခြင်းမရှိသေးပေ။

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE SALES GALLERY စတင်ဖွင့်လှစ်ခြင်းနှင့်

## အဆင့်မြင့်အိမ်ယာစီမံကိန်း စတင်ရောင်းချခြင်းအခမ်းအနား




68 Residence

WE DEFINE LIFESTYLE

မေလ (၁၅)ရက်နေ့မှ ဇွန်လ (၁၅)ရက်နေ့အထိ
PREVIEW LAUNCH ကာလတွင် ဝယ်ယူအားပေးသည့်
ဧည့်သည်တော်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်

GRAND PRIZE -
KIA BRAND NEW ကားတစ်စီး

1ST PRIZE -
GIA CERTIFICATE (၁)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း

2ND PRIZE -
HONG KONG ခရီးစဉ်(၂ဦး)လေးညအိပ် ငါးရက်ခရီး

ကံထူးရှင်များအား ရွေးချယ်ခြင်းအခမ်းအနား

Date: 14th & 15th June 2014
Time: 10am to 8pm
Venue: 44/A, Sayarsan Road,
Bahan Township, Yangon

ကံထူးရှင်များရွေးချယ်ပေးမည့်နေ့ရက်နှင့် အချိန် - ၂၀၁၄ခုနှစ်၊ ဇွန်လ ၁၅ရက်၊ တနင်္ဂနွေနေ့ညနေ (၇)နာရီ



## စိတ်ပါဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလည်း လာရောက်လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်။

- ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
- တမူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး SMART ACCESS SYSTEM
- အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
- ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
- 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
- အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
- FULLY FINISHED FACILITIES

| ROOM TYPES | SQFT |
|---|---|
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |
| PENTHOUSE | 4350 - 5400 Sqft. |

### အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။

ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး မိမိကြိုက်နှစ်သက်သည့်အခန်းရွေးချယ်နိုင်ပါသည်။
7th JUNE တွင် 5%, JULY တွင် 10%, AUGUST တွင် 10% ပေးသွင်းပြီး
ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍(2%ဝန်းကျင်စီ) ပေးသွင်းရပါမည်။ နောက်ဆုံးကျန်ငွေ
5%ကို သော့အပ်ချိန်၌ အခန်းဝယ်ယူသူများမှ DEVELOPER အား ပေးသွင်းရပါမည်။

SHOWROOM :
44/A. SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.

09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060